# မြန်မာ့ရိုးရာပဋိမာသိပ္ပံပညာ
# မူဒြာများ

ရုပ်ပွါး ဆင်းတု ပန်းပု ရုပ်လုံး ရုပ်ခုံး ရုပ်ထွင်း ဆေးသွင်း

ပန်းချီစသည့်

# မြန်မာ့ရိုးရာ ပဋိမာ သိပ္ပံပညာ

ဆိုင်ရာလက်နေလက်ထား ဟန်ပန်အမူအရာခေါ်

# မုဒြာများ


ပြုစုရေးသားသူ

စဝ်ထွန်းမှတ်ဝင်း

မဟာဝိဇ္ဇာ (ရန်ကုန်)၊ မဟာဝိဇ္ဇာဂုဏ်ထူး (ဟားဗဒ်)
အထက်တန်း သုတေသန ပညာရှင်ဘွဲ့ (ဟားဗဒ်)
ညွှန်ကြားရေးမှူး၊ သုတေသနနှင့် ကျမ်းပြုဌာနခွဲ
သာသနာရေး ဦးစီးဌာန



ရန်ကုန်မြို့
၁၉၇၇-ခုနှစ်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်

သာသနာ ၂၅၂၁ ကောဇာ ၁၃၃၉ ဩဂုတ်လ ၁၉၇၇

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၁၅၁၁၂
ရက်စွဲ..........
သုတသနစာကြည့်တိုက်

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ဒုတိယ-ညွှန်ကြားရေးမှူး ဦးချစ်တင်
(မှတ်ပုံတင်အမှတ် ၀၂၂၆၂/၀၁၇၁၃)က ပုံနှိပ်ထုတ်ဝေသည်။

ရုပ်ပွါး ဆင်းတု ပန်းပု ရုပ်လုံး ရုပ်ခုံး ရုပ်ထွင်း ဆေးသွင်း ပန်းချီ စသည့်

မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာ

လက်နေ လက်ထား ဟန်ပန်အမူအရာများဆိုင်ရာ

# မုဒြာများ

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| နိဒါန်း | |
| ပဓာနရည်ရွယ်ချက်နှင့် စေတနာ .... .... .... | ၁ |
| ပထမရည်ရွယ်ချက်မှာ .... .... .... .... | ၁ |
| ဒုတိယ ရည်ရွယ်ချက်မှာ .... .... .... .... | ၂ |
| သုတေသနလုပ်ငန်း အစီအစဉ်များ— | |
| သုတေသနပြုရန် လိုအပ်နေပြီဟု ထင်မြင်ယူဆခြင်း (Need) .... .... | ၃ |
| ပြဿနာရပ်ကို ကြံဆခြင်း (Problem) .... .... .... | ၄ |
| အနုမာန ခန့်မှန်းယူဆချက် (Hypothesis) .... .... .... | ၅ |
| ခေါင်းစဉ် နယ်နိမိတ် သတ်မှတ်ခြင်း (Title and Definition) .... .... | ၆ |
| အချက်အလက် အထောက်အထားများကို ရှာဖွေစုဆောင်းခြင်း (Accumulation of Data) | ၇ |
| (က) ပြည်တွင်း သုတေသန ကွင်းဆင်းလေ့လာခြင်း .... .... | ၇ |
| (ခ) ပြည်ပ ဒေသန္တရ ကွင်းဆင်း လေ့လာခြင်း .... .... | ၉ |
| (ဂ) စာအုပ် စာတမ်းများမှ အချက်အလက် ရှာဖွေစုဆောင်းခြင်း .... | ၁၀ |
| (ဃ) ပညာရှင် ပုဂ္ဂိုလ်များထံ ချဉ်းကပ်ဆွေးနွေး လေ့လာခြင်း .... | ၁၁ |
| အချက်အလက်များကို စိစစ်ဝေဘန်၍ အဓိပ္ပါယ်ကောက်ယူခြင်း (The Critical Analysis and Interpretation) .... | ၁၂ |
| လက်တွေ့စမ်းသပ်ခြင်း စစ်ဆေးကြည့်ရှုခြင်း (Testing and Application | ၁၃ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သုတေသနနည်းနာနိသျမျှားနှင့် လုပ်နည်း လုပ်ထုံးများ | (Research Methods and Techniques) | ၁၅ |
| မြန်မာ့ရိုးရာပဋိမာသိပ္ပံပညာကျမ်း စာမူကြမ်းရေးသားခြင်း | (Outline Format of the Paper) | ၁၆ |
| မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာကျမ်း စာမူချောတင်ပြခြင်း | (Final Report) | ၁၇ |
| **မုဒြာများ (MUDRĀ)** | | |
| မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာ သမိုင်းအကျဉ်းချုပ် | | ၁၉ |
| မြန်မာ့ရိုးရာ ပဋိမာ ရုပ်ပွါးဆင်းတုတော်များဆိုင်ရာ ဝေါဟာရများ | (Iconographic Terminology) | ၂၇ |
| မုဒြာ သို့မဟုတ် ဟတ္ထခေါ် လက်ဟန်အမူအရာများ- | | ၂၉ |
| မုဒြာဟူသော ဝေါဟာရ | | ၂၉ |
| မုဒြာ လေးဆယ့်ငါးပါး | | ၃၁ |
| | -တန္တရယာနဆိုင်ရာ မုဒြာ (၁၀၈) မျိုး | ၃၁ |
| ၁။ အဉ္ဇလိမုဒြာ | (Añjali Mudrā) | ၃၄ |
| ၂။ အဒ္ဓစန္ဒြဟတ္ထ | (Ardhachandra Hasta) | ၃၅ |
| ၃။ အဘယမုဒြာ | (Abhaya Mudrā) | ၃၆ |
| ၄။ အာလိင်္ဂဟတ္ထ | (Ālinga Hasta) | ၃၈ |
| ၅။ ဥတ္တရဗောဓိမုဒြာ | (Uttarabodhi Mudrā) | ၃၉ |
| ၆။ ကစ္စဝလမ္ဗိတဟတ္ထ | (Katyavalambita Hasta) | ၄၀ |
| ၇။ ကဋကဟတ္ထ | (Kaṭaka Hasta) | ၄၁ |
| ၈။ ကဋိဟတ္ထ | (Kati Hasta) | ၄၂ |
| ၉။ ကရဏမုဒြာ | (Karaṇa Mudrā) | ၄၂ |
| ၁၀။ ကုသတိဏ ဟတ္ထ | (Kusatriṇa Hasta) | ၄၃ |
| (ကုသမုဒြာ) | (Kusa Mudrā) | ၄၃ |
| ၁၁။ ကေသမဿုပဟာနမုဒြာ | (Kesamassupahāna Mudrā) | ၄၄ |
| (ကေသဟတ္ထ) | (Kesa Hasta) | ၄၄ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁၂။ ခေပနမုဒြာ | (Kshepana Mudrā) | ၄၅ |
| ၁၃။ ဂဒါဟတ္ထ | (Gadā Hasta) | ၄၅ |
| ၁၄။ ဂဇဟတ္ထ | (Gaja Hasta) | ၄၆ |
| ၁၅။ စပေဋဒါနမုဒြာ | (Capaitadāna Mudrā) | ၄၇ |
| ၁၆။ စိန္တမုဒြာ | (Cin Mudrā) | ၄၈ |
| ၁၇။ စီဝရဟတ္ထ | (Cīvara Hasta) | ၄၉ |
| ၁၈။ ဈာနမုဒြာ | (Dhyāna Mudrā) | ၅၀ |
| ၁၉။ ဉာဏမုဒြာ | (Jñāṇa Mudrā) | ၅၁ |
| ၂၀။ တဇ္ဇနီမုဒြာ | (Tarjanī Mudrā) | ၅၂ |
| ၂၁။ တပ္ပနမုဒြာ | (Tarpaṇa Mudrā) | ၅၃ |
| ၂၂။ တဇ္ဇနီပါသဟတ္ထ | (Tarjanī Pāsa Hasta) | ၅၄ |
| ၂၃။ တိဏဟတ္ထ | (Triṇa Hasta) | |
| (တိဏကိရဏမုဒြာ) | (Triṇakīraṇa Mudrā) | ၅၄ |
| ၂၄။ တြိပဋက ဟတ္ထ | (Tripaṭaka Hasta) | ၅၅ |
| ၂၅။ တိလောကဝိဇယမုဒြာ | (Trailokyavijaya Mudrā) | ၅၆ |
| ၂၆။ ဒမရဟတ္ထ | (Damara Hasta) | ၅၇ |
| ၂၇။ ဒါနမုဒြာ | (Dāna Mudrā) | ၅၇ |
| ၂၈။ ဒဏ္ဍဟတ္ထ | (Daṇḍa Hasta) | ၅၈ |
| ၂၉။ ဓမ္မစကြာမုဒြာ | (Dharmacakra Mudrā) | ၅၉ |
| ၃၀။ နမက္ကာရမုဒြာ | (Namashkāra Mudrā) | ၆၀ |
| ၃၁။ နိဒြတဟတ္ထ | (Nidrata Hasta) | ၆၁ |
| ၃၂။ ပတ္တမုဒြာ=ပတ္တဟတ္ထ | (Patra Mudrā-Patra Hasta) | ၆၂ |
| ၃၃။ ပဒုမာဟတ္ထ | (Padma Hasta) | ၆၃ |
| ၃၄။ ပြာဋိဟာရိယမုဒြာ | (Prāṭiharya Mudrā) | ၆၄ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ၃၅။ | ပေါတ္ထကဟတ္ထ | (Pustaka Hasta) | |
| | (လဉ္စကဟတ္ထ) | (Lanchaka Hasta) | ၆၅ |
| ၃၆။ | ဗုဒ္ဓသမဏမုဒြာ | (Buddha-sramaṇa Mudrā) | ၆၆ |
| ၃၇။ | ဗျာချာနမုဒြာ | (Vyākhyāna Mudrā) | ၆၆ |
| ၃၈။ | ဘူတဒါမရ မုဒြာ | (Bhūtadāmara Mudrā) | ၆၇ |
| ၃၉။ | ဘူဖဿမုဒြာ | (Bhūsparsa Mudrā) | |
| | (ဘူမိဖဿမုဒြာ) | (Bhūmisparsa Mudrā) | ၆၈ |
| ၄၀။ | မဟာကရုဏာမုဒြာ | (Mahā karuṇā Mudrā) | ၇၀ |
| ၄၁။ | ယောဂမုဒြာ | (Yoga Mudrā) | ၇၁ |
| ၄၂။ | လလိတခေပမုဒြာ | (Lalitakshepa Mudrā) | ၇၂ |
| ၄၃။ | လောလဟတ္ထ | (Lola Hasta) | ၇၂ |
| ၄၄။ | ဝဇီရာဟုင်္ကရမုဒြာ | (Vajrāhumkara Mudrā) | ၇၃ |
| ၄၅။ | ဝန္ဒနီမုဒြာ | (Vandanī Mudrā) | ၇၄ |
| ၄၆။ | ဝရမုဒြာ (ဝရဒမုဒြာ) | Vara Mudrā-Varada Mudrā | ၇၄ |
| ၄၇။ | ဝိတက္ကမုဒြာ | (Vitarka Mudrā) | ၇၆ |
| ၄၈။ | ဝိမှယဟတ္ထ | (Vismaya Hasta) | ၇၇ |
| ၄၉။ | ဝေနာယကီမုဒြာ | (Vainayakī Mudrā) | ၇၈ |
| ၅၀။ | သန္တိဒမုဒြာ | (Shantida Mudrā) | ၇၈ |
| ၅၁။ | သန္ဒဿနမုဒြာ | (Samdarshana Mudrā) | ၇၉ |
| ၅၂။ | သဗ္ဗရာဇိန္ဒြမုဒြာ | (Sarvarājendra Mudrā) | ၈၀ |
| ၅၃။ | သမာဓိမုဒြာ | (Samādhi Mudrā) | |
| | (သမာဟိတမုဒြာ) | (Samāhita Mudrā) | ၈၀ |
| ၅၄။ | သိဟကဏ္ဏမုဒြာ | (Simhakarṇa Mudrā) | ၈၁ |
| ၅၅။ | သူစိမုဒြာ | (Sūci Mudrā) | ၈၂ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အခြားမုဒြာအထူးများ | ၈၃ |
| –အနုလမုဒြာ | ၈၃ |
| –ဝဇီရပါသမုဒြာ | ၈၄ |
| –ဝဇီရပုပ္ဖမုဒြာ | ၈၄ |
| –ဝဇီရဒီပမုဒြာ | ၈၄ |
| –ဝဇီရအင်္ကုသမုဒြာ | ၈၄ |
| –ဝဇီရနေဝေဇ္ဇမုဒြာ | ၈၄ |
| –ဝဇီရသမယမုဒြာ | ၈၅ |
| –ဝဇီရဓူမမုဒြာ | ၈၅ |
| မုဒြာဟူသော ဝေါဟာရ (နောက်ဆက်တွဲ) | ၈၆ |
| –မုဒြာအမျိုးအစားများ | ၈၇ |
| –လက်သီးဆုပ်ခြောက်မျိုး | ၈၉ |
| –လက်အုပ်ဆယ့်နှစ်မျိုး | ၉၁ |
| မုဒြာသမိုင်းလမ်းကြောင်း | ၉၃ |
| မုဒြာ၏ အနက်သဘောနှင့် အနှစ်သာရ | ၉၆ |
| မုဒြာ မူကွဲ ပုံစံကွဲများ | ၁၀၀ |
| –ဝရဒမုဒြာ၏မူကွဲ ပုံစံကွဲများ | ၁၀၀ |
| –အဘယမုဒြာ၏ မူကွဲပုံစံကွဲ အထူးများ | ၁၀၁ |
| –ဝိတက္ကမုဒြာနှင့် ဗျာချာနမုဒြာမူကွဲများ | ၁၀၃ |
| ဘူမိဖဿမုဒြာပုံစံ အမျိုးကွဲများ | ၁၀၆ |
| ဈာနမုဒြာမူကွဲ ပုံစံကွဲ အမျိုးမျိုး | ၁၀၇ |
| ဓမ္မစက္ကမုဒြာ မူကွဲ ပုံစံကွဲများ | ၁၁၀ |
| ဝဇီရမုဒြာ ဉာဏမုဒြာ မူကွဲပုံစံကွဲများ | ၁၁၁ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အဘိသေကမုဒြာ .... .... .... | ၁၁၃ |
| ဗုဒ္ဓပတ္တ မုဒြာမူကွဲများ .... .... .... | ၁၁၃ |
| ဝဇီရာဟုင်္ကာရ မုဒြာမူကွဲများ .... .... .... | ၁၁၃ |
| မရိစိမုဒြာ .... .... .... | ၁၁၄ |
| အတွင်းလက်ဆုပ်နှင့် အပြင်လက်ဆုပ်မုဒြာများ .... .... .... | ၁၁၅ |
| အဥ္ဇလိမုဒြာ ပုံစံကွဲများ .... .... .... | ၁၁၅ |
| လက်များ၏ သင်္ကေတအနက်သဘော .... .... .... | ၁၁၆ |
| နိဂုံးချုပ် .... .... .... | ၁၂၃ |
| ကျမ်းညွှန်းစာအုပ် စာတမ်းများ (အင်္ဂလိပ်ဘာသာ) ... .... .... | ၁၂၅ |
| ကျမ်းညွှန်းစာအုပ်များ (မြန်မာဘာသာ) .... ... .... | ၁၂၇ |

(၁၁) ၁၉၅၃–၅၄-ခုနှစ်များတွင် ရခိုင်တိုင်း ကျောက်ဖြူ စစ်တွေ မြို့များရှိ ကျောင်းကန်ဘုရားများမှ ရုပ်ပွါးဆင်းတုများကို သွားရောက် လေ့လာခဲ့ပါသည်။

(၁၂) ကျိုင်းတုံခရိုင် နယ်ခြားဒေသများသို့လည်း အခါကာလအားလျော်စွာ သွားရောက်၍ ရုပ်ပွါး ဆင်းတု ရုပ်လုံး ရုပ်ကြွများ ဆိုင်ရာ ဗဟုသုတများကို ရှာဖွေဆည်းပူးခဲ့ပါသည်။

(၁၃) ရန်ကုန်မြို့ မြန်မာနိုင်ငံတော်အစိုးရ ရှေးဟောင်းသုတေသနဌာနသို့ အခါအားလျော်စွာ သွားရောက်၍ ပဋိမာသိပ္ပံဆိုင်ရာ ဗဟုသုတများကို လေ့လာ ဆည်းပူးခဲ့ပါသည်။

(၁၄) အထူးအားဖြင့် ၁၉၇၅-ခုနှစ်တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ကြရသော ပုဂံညောင်ဦး ဒေသတဝိုက်ရှိ ရှေးဟောင်းဘုရား ဂူကျောင်း တန်ဆောင်း ပြာသာဒ်,ဇရပ်, သိမ်, ကန် စသည့် သာသနာ့အဆောက်အဦများကို ပြန်လည် ပြုပြင် မွမ်းမံ တည်ဆောက်ရေး စီမံကိန်းတွင် အကြံဉာဏ်ပေးပညာရှင် အဖွဲ့ဝင် တဦးအနေဖြင့် တာဝန်ဝတ္တရား အလျောက် သွားရောက် လေ့လာခွင့်ကြိမ်ဖန်များစွာ ရရှိခဲ့ပါသည်။ ဤ ၁၉၇၅-၇၆-ခုနှစ် များအတွင်း ထပ်မံ တွေ့မြင်သိရှိလေ့လာ နားလည်ခဲ့ရသောကြောင့် ပိုမိုတိကျ မှန်ကန်သော တွေးခေါ်ယူဆချက် ပဋိမာသိပ္ပံဆိုင်ရာ ဆုံးဖြတ်ချက်များကို ရင်ဝယ်ပိုက်ကာ စိစစ်ဝေဘန်နိုင်ခွင့်ကို ရရှိခဲ့ပါသည်။

ဤကား ပြည်တွင်းသုတေသန ကွင်းဆင်းလေ့လာခြင်းများ ဖြစ်ပါသည်။

(ခ) ပြည်ပဒေသတွင်ရှိ ကွင်းဆင်းလေ့လာခြင်း

ကိုယ်တိုင် ခရီးလှည့်လည်လျက် ကွင်းဆင်း လေ့လာခဲ့ရသော ပြည်ပ နိုင်ငံခြား ဒေသရပ်ရွာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်—

(၁) ၁၉၅၉-ခုနှစ်တွင် အိန္ဒိယပြည် ကာလကတ္တားမြို့နှင့် ကတ္တမန္ဒုမြို့, ကရာချိမြို့များရှိ ပြတိုက်များမှ ဗုဒ္ဓဘာသာ သာသနာရေးဆိုင်ရာ ရုပ်ပွါး ဆင်းတုတော်များကို လေ့လာခဲ့ပါသည်။

(၂) ၁၉၅၉-ခုနှစ်တွင် အီတလီပြည် ရောမမြို့ရှိ အာရှတိုက်ယဉ်ကျေးမှုဆိုင်ရာ ပြတိုက်ကြီးများမှ ရုပ်လုံး ရုပ်ကြွများ ဆေးရေးပန်းချီများကို လေ့လာခဲ့ပါသည်။

(၃) ၁၉၅၉-ခုနှစ်တွင် ပြင်သစ်ပြည် ပါရီမြို့တော်ရှိ ပြတိုက်ကြီးများသို့ သွားရောက်၍ ဗုဒ္ဓဘာသာဆိုင်ရာနှင့် မြန်မာပြည်ဆိုင်ရာ ရုပ်ပွါးဆင်းတုများကို လေ့လာခဲ့ပါသည်။

(၄) ၁၉၅၉-ခုနှစ် အင်္ဂလန်ပြည် လန်ဒန်မြို့ အောက်စ်ဖို့ဒ်မြို့, ကိန်းဘရစ်မြို့တော်များတွင် ရှိသော ပြတိုက်ကြီးများသို့ သွားရောက်၍ မြန်မာပြည်ဆိုင်ရာ ရုပ်ပွါးဆင်းတု ဆေးရေး ပန်းချီကားများကို လေ့လာမှတ်သားခဲ့ပါသည်။

(၅) ၁၉၅၉-ခုနှစ်မှ ၁၉၆၂-ခုနှစ် အထိ အမေရိကန်ပြည်ထောင်စုတွင်းရှိ ပြတိုက်ကြီးများ၌ ခင်းကျင်းပြသထားသော မြန်မာပြည်နှင့် အရှေ့ဖျား အရှေ့တောင် အာရှတိုက်များဆိုင်ရာ အနုပညာရုပ်များကိုလေလာ့ မှတ်သားခဲ့ပါသည်။

(၆) ၁၉၆၂-ခုနှစ်တွင် ဂျပန်နိုင်ငံရှိ တိုကျို, အိုဆာက, နဂိုယာ, ကျိုတို, ကျုုရှူ, အစရှိသော မြို့ကြီးများရှိ ပြတိုက်များ, ကျောင်းကန်ဘုရားများသို့ သွားရောက်၍ ရုပ်ပွါးဆင်းတုတို့ကို လက်လှမ်းမှီသ၍ လေ့လာမှတ်သား ခဲ့ပါသည်။

(၇) ၁၉၆၂-ခုနှစ်တွင် ဟောင်ကောင်ကျွန်းနှင့် ကောင်လွန်းမြို့ စသော တရုပ်ပြည်မ အရှေ့ဖျား ဒေသရုပ်ရှာများရှိ စေတီပုထိုးများမှ ရုပ်ပွါးဆင်းတုများကို လေ့လာမှတ်သား ခဲ့ပါသည်။

(၈) ၁၉၆၂-ခုနှစ်တွင် ယိုးဒယားပြည် အရပ်ရပ်ရှိ ကျောင်းကန်ဘုရား စေတီပုထိုး ပြတိုက်များမှ ရုပ်ပွါးဆင်းတု ရုပ်လုံး ရုပ်ကြွများကို အသေးစိတ် လေ့လာခဲ့ပါသည်။ ဤသို့လျှင် မြန်မာနိုင်ငံတော် ပြည်တွင်းနှင့် နိုင်ငံခြား ပြည်ပ ဒေသ အနှံ့ အပြားသို့ ကိုယ်တိုင် ကိုယ်ကျ သွားရောက်ကာ ပဋိမာသိပ္ပံဆိုင်ရာ ပညာဗဟုသုတများကို ရှာဖွေ ဆည်းပူးခဲ့ပါသည်။

## (ဂ) စာအုပ်စာတမ်းများမှ အချက်အလက် ရှာဖွေစုဆောင်းခြင်း

ထို့ပြင် ပဋိမာသိပ္ပံပညာရပ်ဆိုင်ရာ ကျမ်းဂန်စာပေများကို လက်လှမ်းမှီသရွေ့ စာကြည့်တိုက်များမှ ငှါးရမ်း ဖတ်ရှုခဲ့ပါသည်။

(၁) အင်္ဂလိပ်ဘာသာဖြင့် ရေးသားပုံနှိပ်ထားသော (အိုကိုနိုဂရပ်ဖီ) စာအုပ်များ၊

(၂) သက္ကတဘာသာဖြင့် ရေးသား ပုံနှိပ်ထားသော ပြဋိမာဝလိ–သာဓနမာလာနိပ္ဖန္နယောဂါဝလိ စသောကျမ်းများ၊

(၃) ပြင်သစ်ဘာသာဖြင့် ရေးသားပုံနှိပ်ထားသော ရုပ်ပွါးဆင်းတုဆိုင်ရာ စာအုပ်စာတမ်း ဂျာနယ် မဂ္ဂဇင်းများ၊

(၄) ဂျာမန်ဘာသာဖြင့် ရေးသား ပုံနှိပ်ထားသော ရုပ်ပွါးဆင်းတုဆိုင်ရာ စာအုပ်စာတမ်းများ၊

(၅) ဂျပန်ဘာသာဖြင့် ရေးသားပုံနှိပ်ထားသော အိုကိုနိုဂရပ်ဖီ ပညာရပ်ဆိုင်ရာ စာအုပ် စာတမ်းများ၊

---

မှီငြမ်း ကိုးကားပြုထားသော စာအုပ်စာတမ်း ဂျာနယ်မဂ္ဂဇင်းများ၏စာရင်းကို တနေရာတွင် သီးခြား ဖော်ပြထားပါသည်။

(BIBLIOGRAPHY)
Research Library Reading.
Books on Iconography

(၆) မြန်မာဘာသာဖြင့် ရေးသားပုံနှိပ်ထားသော မြန်မာ့ယဉ်ကျေးမှု အနုပညာဆိုင်ရာ စာအုပ်စာတမ်း ဂျာနယ် မဂ္ဂဇင်းများ၊

(၇) ပါဠိဘာသာဖြင့် ရေးသားထားရှိသော ပဋ္ဌိမာသိပ္ပံပညာရပ်ဆိုင်ရာ ကျမ်းများ၊

(၈) တရုပ်ဘာသာဖြင့် ရေးသားပုံနှိပ်ထားသော ဗုဒ္ဓရုပ်ပွါးဆင်းတုတော်များ အကြောင်း စာအုပ်များကို လေ့လာဖတ်ရှု၍ အချက်အလက်များကို ရနိုင်သမျှ စုဆောင်းမှတ်သားခဲ့ပါသည်။

(၉) ထိုမှတပါး ရုပ်ပွါးဆင်းတုများ၏ ဓာတ်ပုံ ပန်းချီများ ပါသည့် ရုပ်ပုံ ကက်တလောက် များ, ဓာတ်ပုံ စာအုပ်များ, ကားချပ်ကြီးများကိုလည်း ရသမျှ စုဆောင်း၍ နှိုင်းယှဉ်လေ့လာခဲ့ပါသည်။ အချက်အလက်များကိုလည်း မှတ်သားစုဆောင်း ခဲ့ပါသည်။

## (ဿ) ပညာရှင်ပုဂ္ဂိုလ်များထံ ချဉ်းကပ်ဆွေးနွေးလေ့လာခြင်း

မြန်မာနိုင်ငံ ပန်းချီ ပန်းပုကောင်စီမှ ပညာရှင်ကြီးများနှင့် ပန်းချီ ပန်းပု ပညာဖြင့် သက်မွေးဝမ်းကျောင်း ပြုနေကြသော အတတ်ပညာရှင်ကြီးများထံ ချဉ်းကပ်ဆွေးနွေးခြင်းဖြင့်လည်း အချက်အလက်များကို စုဆောင်းမှတ်သားခဲ့ပါသည်။

မြန်မာနိုင်ငံ ဂီတကောင်စီမှ သဘင်ပညာဆိုင်ရာ ပုဂ္ဂိုလ်ကြီးများနှင့်လည်း လက်နေ ကိုယ်ဟန် မျက်နှာထား စသည်များကို ဆွေးနွေး လေ့လာခဲ့ပါသည်။

မြန်မာပြည် ရာမာကရစ်ရှနာ အသင်းကြီးမှတဆင့် ဟိန္ဒူယောဂီ သူတော်စင်များထံ ချဉ်းကပ်၍ ဟတ္ထယောဂဆိုင်ရာ အာသနများအကြောင်း လေ့လာသင်ယူ၍ ကိုယ်တိုင် စမ်းသပ်အားထုတ်ကြည့်ခဲ့ပါသည်။ ကိုယ်တွေ့ ယောဂီအကျင့်စခန်းများမှ ရရှိခဲ့သော သဘောတရား အနှစ်သာရ အချက်အလက်များကို ရေးသား စုဆောင်းခဲ့ပါသည်။

ငယ်စဉ်တောင်ကျေး ကလေးဘဝမှစ၍ ပန်းတိမ်ပညာ, ပန်းချီပညာ, ပန်းပုပညာ, ပန်းတည်းပညာနှင့် ဂီတယဉ်ကျေးမှု အနုသဘင်ပညာရပ်များကို တတ်ကျွမ်းနားလည်သော ကျေးဇူးရှင် မွေးသဖခင်ကြီး (ဦးဂေါ်ရာ) ထံမှ လက်ထပ်ကိုယ်တွေ့ သင်ယူလေ့လာခဲ့ပါသည်။ ထိုဆည်းပူးခဲ့သော ပညာပါရမီကို အခြေပြု၍ ပဋိမာသိပ္ပံဆိုင်ရာ အချက်အလက်များကို ကြံဆ တွေးခေါ်ပြီးလျှင် မှတ်သား စုဆောင်းခဲ့ပါသည်။

၁၉၃၃-ခုနှစ်တွင် ရှမ်းပြည်တောင်ပိုင်း ညောင်ရွှေမြို့ နိဂြောဓာရုံ စေတီတော်၏ စိန်ဖူး ငှက်မြတ်နားမှန်ကင်းနှင့် တကွ ဌာပနာတိုက်အတွင်းမှ သတ္တဋ္ဌာန ရုပ်ပွါး ဆင်းတု ရုပ်လုံး ရုပ်ကြွများ အားလုံးသည် ဤစာရေးသူ၏ ဖခင် မိခင်တို့က ဦးစီးလုပ်ကိုင်ထားသည့် မိသားစု လက်ရာများချည်း ဖြစ်ကြပါသည်။ ငှက်မြတ်နားဆိုသည်မှာ ဟင်္သာ, လင်းမြီးဆွဲ, ကျေး, ကြက်တည်းဟူသော ငှက်မြတ်လေးကောင်စီးကြောင်းကို ကိုယ်တွေ့ ဆောင်ရွက် လုပ်ကိုင်ခဲ့ဘူးသောကြောင့် နားလည်သဘောပေါက် မှတ်သား

---

ငှက်မြတ်နား=မြီးဆွဲ၊ ဟင်္သာ၊ ကျေးဝါ ကြက်ရုပ်၊ ထုလုပ်ထွေပြား၊ ငှက်မြတ်နားနှင့် ....
(မဃဒေဝလင်္ကာ—၄၇)

လိုက်ရပါသည်။ ဤစာရေးသူ၏ လက်ရာများဖြစ်ကြသော ထိုငှက်မြတ်လေးစီးကို ယခုတိုင် တွေ့မြင်နိုင်ပါသည်။

တဖန် ၁၉၄၆-ခုနှစ်တွင် ရှမ်းပြည်တောင်ပိုင်း မိုင်းသောက်မြို့ ရွှေမုဋ္ဌော စေတီတော်အား လှူဒါန်းထားခဲ့သော ငွေပဒေသာပင်ရှိ ငွေတာအိုး ငွေညောင်ပင် ငွေသီးငွေရွက်များနှင့်ရုပ်လုံး ရုပ်ကြွ စိန့်ဖူးများကိုလည်း ဤစာရေးသူကိုယ်တိုင် ထုလုပ်စီမံခဲ့ပါသည်။ ကျေးဇူးရှင်ဖခင်ကြီးထံမှ ကိုယ်တိုင် လက်တွေ့ပညာ သင်ယူနိုင်ခဲ့ရခြင်း ဖြစ်ပေသည်။ ထိုစဉ်ကလည်း မြန်မာ့ရိုးရာ ရုပ်လုံး ရုပ်ကြွများ၏ အနှစ်သာရ သဘောတရားများနှင့်တကွ ပန်းတိမ်ပညာရပ်နှင့် ပန်းပုပညာရပ်တို့ကိုပါ လက်ထပ်သင်ယူခွင့် ရရှိနိုင်ခဲ့ပါသည်။ ယင်းစေတီတော်၏ ဘဏ္ဍာတော်တိုက်အတွင်း၌ ယခုတိုင် ကြည်ညိုနိုင်ကြပါသေးသည်။

ဆေးရေး ပန်းချီကားများနှင့် စပ်လျဉ်း၍ မန္တလေးမြို့ ပန်းချီ အနုပညာဆရာကြီး ဦးစောမောင်နှင့်တပည့် ရွှေမန်းပန်းချီဆရာ ဦးခမ်းလွန်းတို့နှင့် မကြာခဏ တွေ့ဆုံဆွေးနွေး၍ ပညာယူခဲ့ပါသည်။ မိမိကိုယ်တိုင်ရေးဆွဲတတ်ခြင်းထက် ဆရာကြီးများ ရေးဆွဲထားသော ပန်းချီကားများထံမှ ဗုဒ္ဓသာသနာရေးဆိုင်ရာနှင့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ရုပ်ပုံများ၏ အနှစ်သာရ သဘော အနက်အဓိပ္ပါယ်ကို နားလည်ရန် ဦးစားပေး လေ့လာခဲ့ခြင်း ဖြစ်ပါသည်။

အထက်၌ ဖော်ပြခဲ့သည့်အတိုင်း အချက်အလက်များကို—

ပြည်တွင်းကွင်းဆင်းလေ့လာ ခြင်းဖြင့်၎င်း,

ပြည်ပ ဒေသန္တရကွင်းဆင်း လေ့လာခြင်းဖြင့် ၎င်း,

စာအုပ်စာတမ်းများကို ဖတ်ရှုလေ့လာခြင်းအားဖြင့် ၎င်း,

အသိပညာရှင် အတတ်ပညာရှင်ပုဂ္ဂိုလ်ကြီးများထံ ချဉ်းကပ်ဆွေးနွေးခြင်းဖြင့်၎င်း,

စာတွေ့လက်တွေ့ သုတေသနပြုစုကာ ရှာဖွေစုဆောင်းခဲ့ပါသည်။

### ၆။ အချက်အလက်များကို စိစစ်ဝေဖန်၍ အဓိပ္ပါယ်ကောက်ယူခြင်း

အထက်ဖော်ပြပါအတိုင်း ပဋ္ဌိမာသိပ္ပံဆိုင်ရာ အချက်အလက်များကို နှစ်ပေါင်းများစွာ ပင်ပန်းဆင်းရဲခံကာ စုဆောင်းခဲ့ရပါသည်။ ရရှိသမျှသော အချက်အလက်များကို စာရွက်ငယ်များ, ဗလာစာအုပ်များ, ကတ်ပြားများ စသည်တို့ဖြင့် အဆင်သင့်သလို ရေးသားမှတ်ထားခဲ့ရသဖြင့် သိုမှီးသိမ်းဆည်းရာတွင် အခက်အခဲအမျိုးမျိုး တွေ့ခဲ့ရပါသည်။ သို့ဖြစ်၍ စံနစ်တကျဖြစ်စေရန် အချက်အလက်များကို မိမိရည်စူးထားသော မြန်မာ့ရိုးရာ ပဋ္ဌိမာသိပ္ပံပညာရပ်နှင့် အံဝင်ခွင်ကျ ဖြစ် မဖြစ်ကို အကြမ်းဖျင်းအားဖြင့် စိစစ်ဝေဖန်ရပါသည်။ စိတ်ကြေနပ်လောက်သော အချက်အလက်များကို ရွေးချယ်၍ (၅×၈) လက်မအရွယ် ကပ်ပြားများပေါ်သို့ စံနစ်တကျ တဆင့် ကူးယူခဲ့ပါသည်။ ထိုကပ်ပြားများကိုလည်း အက္ခရာဝလိစဉ်၍ အံဆွဲသေတ္တာကလေးဖြင့် ထည့်ထားနိုင်ခဲ့ပါသည်။

---

Personal Interview and Discussion Techniques
Local and International Survey
THE CRITICAL ANALYSIS AND INTERPRETATION OF DATA.

နှစ်ပေါင်းများစွာ စုဆောင်းလာခဲ့ရသော ခတ်ပုံကားချပ်များမှာလည်း ရာသီဥတုဒဏ်နှင့် ပိုးရွခြပုန်းတို့၏ ဖျက်ဆီးမှုကို မခံရပ်နိုင်ကြရကား ထက်ဝက်ကျော်မျှ ဟောင်းနွမ်းပျက်စီး၍ သွားခဲ့ရလေသည်။ ကျန်ရှိသော ခတ်ပုံကားချပ်များကို ဘလောက်ဆရာအား ပြသကြည့်ရာ အသုံးပြု၍ မရနိုင်လောက်အောင် ဆိုးဝါးသောအခြေအနေ ရှိနေကြောင်း ဝမ်းနည်းစွာ သိရှိရလေသည်။ သို့ဖြစ်၍ ထိုခတ်ပုံကားချပ်များကိုမူ စာအုပ်ကြီးတခုတွင် ကပ်ကာ လိုရမယ်ရ သိမ်းဆည်းထားလိုက်ရပါတော့သည်။

ပင်ရင်းရေသောက်မြစ်မှ ရရှိသောအချက်အလက်များကို ဦးစားပေး ရွေးချယ်ကာ တဆင့်ပွါးအချက်အလက်များကိုမူ လက်ခံထားသင့်မှ လက်ခံအသုံးပြုရန် လျာထားခဲ့ပါသည်။ ထို့နောက် စံနစ်တကျထားရှိပြီးသော လက်ရွေးစင်အချက်အလက်များကို သမိုင်းသုတေသနနည်းအရ ပြင်ပ ဗဟိဒ္ဓဝေဘန်နည်း, အတွင်းသရုပ် အဇ္ဈတ္တဝေဘန်နည်း, အလျားလိုက် ကန့်လန့်ဖြတ်ဝေဘန်နည်း, ဒေါင်လိုက် အတိမ်အနက်ဝေဘန်နည်းများဖြင့် တဖန် စိစစ်ကြည့်ပါသည်။

ထိုစိစစ်ပြီးအချက်အလက်များကို တခုစီ အဓိပ္ပါယ်သဘောသွား ကောက်ယူကြည့်ပါသည်။ တွေးတောကြံဆ ညှိနှိုင်းကြည့်ပါသည်။ ထို့နောက် အချက်အလက် လက်ရွေးစင်များကို စံနစ်တကျ ရွေးနောက်စီစဉ်ကာ ကျမ်းစာအုပ်တခု၏ ပုံကြမ်းကို တည်ဆောက်ကြည့်ပါသည်။

## ၇။ လက်တွေ့ စမ်းသပ်ခြင်း, စစ်ဆေးကြည့်ခြင်း

ထိုစံနစ်တကျ စိစစ်ဝေဘန်၍ အဓိပ္ပါယ်ကောက်ယူထားပြီးသော အချက်အလက်များကို စာအုပ်ပုံကြမ်းအဖြစ် တည်ဆောက်ထားခဲ့ပါသည်။

ထိုအချက်အလက်များ၏ ညွှန်ပြချက်, ဖွင့်ဆိုချက် အဓိပ္ပါယ်ကောက်ယူပုံများသည် သိပ္ပံနည်းကျဟုတ် မဟုတ် လက်တွေ့ကျင့်သုံးရာ၌ ထိရောက်အောင်မြင်မှု ရှိ မရှိ စသည်တို့ကို သိရှိနားလည်နိုင်ပါရန် လက်တွေ့ အစမ်းသဘောဖြင့် စမ်းသပ်စစ်ဆေးကြည့်ပါသည်။

(က) စာရေးသူ၏နေအိမ်တွင် ကိုးကွယ်ထားသော ဒက္ခိဏသာခါ ရုပ်ပွါးတော်ကို ရှေးဦးစွာ လေ့လာကြည့်မိပါသည်။ အာသန, မုဒြာ, ပလ္လင်္က, ဘူသန, ကေသဗန္ဓ, စီဝရ, ပဘာဝလိ, ဝါဟနစသည့် ပဋိမာသိပ္ပံဆိုင်ရာ မှတ်ကျောက်များဖြင့် တင်း၍ အကဲဖြတ်ကြည့်မိပါသည်။ ထို့နောက် ဤဆင်းတုတော်သည် သက္ကရာဇ် (၁၇၅၀) နှင့် (၁၈၀၀) ကြားတွင် ထုလုပ်ကိုးကွယ်ခဲ့ဟန်တူကြောင်း, သီဟိုဠ်လက်ရာ, သို့မဟုတ် ရှေး မြန်မာနန်းတွင်းလက်ရာဖြစ်ကြောင်း,မင်းတုန်းမင်းလက်ထက်တော်လောက်က မန္တလေး အမရပူရခေတ် လက်ရာဖြစ်ဟန်တူကြောင်းတို့ကို မိမိက ကြိုတင်ခန့်မှန်းထားခဲ့ပါသည်။ ပြီးမှ အသက်ရှစ်ဆယ်ကျော်ပြီဖြစ်သော ဖခင်ကြီးအား မေးမြန်းအစီရင်ခံကြည့်ရာတွင် မှန်ကန်ကြောင်း ဝမ်းမြောက်ဖွယ်ရာ သိရှိခဲ့ရပေသည်။ ထိုမျှမက ဒက္ခိဏသာခါ ရုပ်ပွါးတော် အစီအရင်များကိုလည်း ဖခင်ကြီးက ပြောပြသဖြင့် တတ်သိနားလည်မှုပညာလည်း တိုးခဲ့ရပြန်ပါသည်။

TESTING AND APPLICATION

(ခ) တခါက ရန်ကုန်မြို့နေ ဗိုလ်မှူးတဦး၏ အိမ်မှ ဘုရားအနေကဇာတင်ပွဲ ပင့်ဖိတ်သဖြင့် သွားရောက်ခဲ့ပါသည်။ ဗိုလ်မှူးက ထိုရုပ်ပွါးတော်၏ သမိုင်းတန်ဘိုးကို အကဲဖြတ်ပေးရန် မိမိအား မေတ္တာရပ်ခံလာပါသည်။ ထိုအခါ ယင်းရုပ်ပွါးတော်၏ ပဋိမာသိပ္ပံဆိုင်ရာ အချက်အလက် အခြေအနေ အထွေထွေ အရပ်ရပ်ကို အကဲခပ် လေ့လာခဲ့ပါသည်။ မိမိ လေ့လာစုဆောင်းထားခဲ့သော သုတေသန အချက်အလက်များ အဓိပ္ပါယ်ကောက်ယူပုံများနှင့် နှိုင်းချိန်ကြည့်ခဲ့ပါသည်။ ထို့နောက် ရုပ်ပွါးတော်သည် မြန်မာလက်ရာမဟုတ်ကြောင်း, နယ်စပ်ဒေသ တနေရာမှ ပင့်လာဟန်တူကြောင်း, အထူးသဖြင့် ရှမ်းယွန်း လက်ရာဆန်သဖြင့် ကျိုင်းတုံ တာချီလိတ်နယ်စပ်ဒေသမှ ဖြစ်နိုင်ကြောင်း, စင်စစ် လောနိုင်ငံပုံစံမျိုးဖြစ်ကြောင်း, သက္ကရာဇ် (၁၆၀၀-၁၇၀၀)လောက်တွင် ထုလုပ်ခဲ့ဟန်တူကြောင်းနှင့် သာသနမုဒြာပုံတို့၏ အနက်အဓိပ္ပါယ်တို့ကို ရှင်းလင်းပြောပြခဲ့ပါသည်။ ထိုအခါ ဗိုလ်မှူးက ရုပ်ပွါးတော်၏ နောက်ကြောဘက် နှင့် အောက်ပလ္လင်တို့ကို ဖွင့်၍ပြရာ လောဝ်ဘာသာအက္ခရာဖြင့် ဤ ရုပ်ပွါးတော်အား သာသနာတော် (၂၂၃၀)ပြည့် တပေါင်းလပြည့်နေ့တွင် ကျောင်းထိုင်ဆရာတော်....၏ ညွှန်ကြားချက်အရ ထုလုပ် ကိုးကွယ်ကြောင်း, နိရ်ဗာန်ဆုကို တောင်းကြောင်း စာတမ်းထိုးထားသည်ကို တွေ့ရသည်။ ပလ္လင်ခုံပေါ်တွင်မူကား ရှမ်းဘာသာ အက္ခရာဖြင့် လောဝ် ဆရာတော်ဘုရား ပင့်လာသောဘုရား၊ မိုင်းယန်းမြို့ (၁၂၀၇)ခုနှစ် ဟု ကဗျည်းရေးထိုးထားလေသည်။ ထိုအခါ ဗိုလ်မှူးက ဤ ရုပ်ပွါးတော်ကို ၎င်းသည် ဗိုလ်ကြီးအဆင့်ဖြင့် နယ်ခြားဒေသများ၌ စစ်မှုထမ်းစဉ်က ရှမ်းဘုန်းကြီးတပါးက ပူဇော်ကိုးကွယ်ရန် လှူအပ်ပေးလိုက်သဖြင့် ရရှိလာကြောင်း, ဤ ဘုရား၏ တန်ခိုးတော်ကြောင့် ရာထူးတိုးတက်ခြင်း ဘေးအန္တရာယ်ရောဂါ အနာကင်းခြင်းစသော ဒိဋ္ဌ မျက်မှောက်ကောင်းကျိုးချမ်းသာများကို ရရှိခဲ့ကြောင်း သို့ဖြစ်၍ ယခု အနေကဇာထပ်ကာတင်၍ ပူဇော်ရခြင်းဖြစ်ကြောင်း ပြောပြပါသည်။မိမိကြိုတင် ခန့်မှန်းထားချက်နှင့် အမှန်တရားမှာ အလွန် နီးနီးစပ်စပ်ဖြစ်သည်ကို တွေ့ရသဖြင့် ဝမ်းမြောက် ဝမ်းသာ ဖြစ်ခဲ့ရပြန်ပါသည်။

(ဂ) ၁၉၆၆-ခုနှစ်လောက်က သီဟိုဠ်နိုင်ငံမှ ရှေးဟောင်းသုတေသနမင်းကြီးတဦးသည် မြန်မာပြည်သို့ ရောက်ရှိလာခဲ့ပါသည်။ ပဲခူး ရွှေသာလျောင်း ရုပ်ပွါးတော်ကြီးနှင့် စပ်လျဉ်း၍ မြန်မာ ပညာရှင်များနှင့် ဆွေးနွေးပြောဆိုကြရာ၌ ယင်း မင်းကြီးက ဤပုံတော်သည် မဟာပရိနိဗ္ဗာန-ကုသိနာရာမပုံတော် ဖြစ်သည်ဟု မိန့်ကြားလေသည်။ ထိုအခါ ဤ စာရေးသူကဝင်၍ ဤ ပုံတော်မှာ ပရိနိဗ္ဗာန်စံပြီး ပုံ မဟုတ်ကြောင်း, မျက်လုံးတော်များ ဖွင့်ထားခြင်း, တောင်ဘက်အရပ်သို့ ဦးခေါင်းတော်လှည့်၍ အရှေ့နေထွက်ရာအရပ်သို့ မျက်နှာတော် မူထားခြင်း, လကျာ်ခြေတော်ပေါ်တွင် လက်ဝဲခြေတော်ကို အနည်းငယ်ကွေး၍ တင်ထားခြင်း, မျက်နှာတော် ရွှင်ပြုံးလျက် နေတော်မူခြင်း, လကျာ်လက်တော်ကို ခေါင်းအုံးပေါ် တင်ပြီးမှ ဦးခေါင်းတော်တင်ထားခြင်း, အထူးဝိသေသအားဖြင့် ခတ်သက် ခတ်ရှင် ကိန်းလျက် ရှိခြင်းများကြောင့်လည်းကောင်း, *အရှေ့ရွှေသာလျောင်း, တောင်ပေါင်းလောင်း,နောက်စောင်းနေရဗာ,မြောက်စောင်းကုသိန္နာ, ဤလေးဖြာ မြတ်စွာဦးခေါင်း ပြုသည်သာ* ဟူသော မြန်မာဆိုရိုးရှိခြင်း စသည်တို့ကြောင့်လည်းကောင်း၊

---

Lao characters
Shan characters

ဤအချက်များကို ထောက်ထား၍ ဤရုပ်ပွါးတော်မှာ ပေါင်းလည်းတော်ပုံ၊ သို့မဟုတ် ပေါင်းလောင်းတော်ပုံသာ ဖြစ်သင့်ကြောင်း၊ မဟာပရိနိဗ္ဗာန–ကုသိနာရာမပုံတော် မဟုတ်ပါကြောင်း ရဲဝံ့ပြတ်သားစွာ တင်ပြ ရှင်းလင်းနိုင်ခဲ့လေသည်။ ထို့နောက် လျောင်းတော်မူပုံ လေးမျိုးရှိကြောင်းကို လည်း ဆက်လက် ဆွေးနွေးခဲ့ကြပါသည်။

(ဃ) ထိုမှတပါး လုပ်သားပြည်သူများအား ဖွင့်လှစ်ခင်းကျင်း ပြသထားသော ကမ္ဘာအေး ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ပြတိုက်သို့ မကြာခဏ သွားရောက်၍ ရုပ်ပွါးဆင်းတု အမျိုးမျိုးနှင့် ၎င်းတို့၏ အကြောင်းအရာ အမည်အမျိုး ဖော်ပြထားချက်များတွင် အားနည်းချက်၊ ချွတ်ယွင်းချက်၊ လိုအပ်ချက် များကို ထောက်ပြ ကူညီ ပြုပြင်ပေးနိုင်ခဲ့ပါသည်။ အကြံကောင်း ဉာဏ်ကောင်းများလည်း ပေးနိုင်ခဲ့ ပါသည်။

ဤသို့ စသည်အားဖြင့် ကြိမ်ဖန်များစွာပင် မိမိပြုစု ရေးသားထားသော ပဋိမာ သိပ္ပံပညာ စာတမ်း မူကြမ်းကို လက်တွေ့ဘဝနှင့် ထင်ဟပ်၍ စမ်းသပ် အသုံးချကြည့်ခဲ့ရာ စိတ်ကြေနပ်လောက် အောင်ပင် အောင်မြင်မှု ရှိသည်တို့ကို တွေ့ရှိခဲ့ရလေသည်။

(င) အထူးအားဖြင့် ၁၉၇၅-ခုနှစ် ဇူလိုင်လ ၈-ရက်နေ့က တုန်လှုပ်ခဲ့သော မြေငလျင်ဒဏ် ကြောင့် ပုဂံဒေသတွင် ပြိုကျကွဲအက် ပျက်စီးခဲ့ကြရသော သာသနာရေးဆိုင်ရာ အဆောက်အဦ များကို ပြုပြင်မွမ်းမံ ထိန်းသိမ်းရန်ကိစ္စအတွက် ၁၉၇၅-ခုနှစ် ဇူလိုင်လ ၁၄-ရက်နေ့မှ အစပြု၍ မကြာ ခဏ သွားရောက်ခဲ့ကြရသော အကြံပေး ပညာရှင်များအဖွဲ့တွင် အဖွဲ့ဝင်တဦးအဖြစ် လိုက်ပါ ဆောင် ရွက်ခဲ့ရပါသည်။ ထိုစဉ်က ဘုရား၄၁ပနာ ပစ္စည်းများကိုင်၍၊ အဘိုးတန် ဘဏ္ဍာတော် ပစ္စည်းဝတ္ထု အစုစုတို့ကိုင်၍၊ အနီးကပ် ကိုယ်တိုင်ကိုယ်ကျ စံနစ်တကျ ထိတွေ့ကိုင်တွယ် လေ့လာမှတ်သားခွင့် ရခဲ့ ပါသည်။ ဤတွင် ဉာဏ်ဟောင်း အသိဟောင်းများ ပွင့်လင်းရုံမျှမက အသိဉာဏ်ဗဟုသုတများ ပိုမို သစ်ဆန်း ကျယ်ပြန့်၍ လာခဲ့ရပါသည်။ အမှန်တရား (သစ္စာ) နှင့် ပိုမိုနီးစပ်လာခဲ့သည်ဟူ၍ပင် တင်ပြ လိုပါသတည်း။

## ၈။ သုတေသနနည်းနာနိဿယများနှင့် လုပ်နည်းလုပ်ထုံးများ

ဤသုတေသနစာတမ်းကို ပြုစုရေးသားနိုင်ရန် ကြိုးပန်းအားထုတ်ရာ၌—

သရုပ်ပြ သုတေသနနည်း၊

ပေါ်လွင်ထင်ရှားသော ပါကဋလက္ခဏာ သုတေသနနည်း၊

သမိုင်း သုတေသနနည်း—

တည်းဟူသော သုတေသနနည်းကြီးများသုံးခုကို လက်ကိုင်ထား၍ ကျင့်သုံးခဲ့ပါသည်။

လုပ်ထုံး လုပ်နည်းများအနေဖြင့်—

သရုပ်ခွဲစိတ်စိစစ်ခြင်း၊

စောင့်ကြည့်လေ့လာခြင်း၊

ကွင်းဆင်းတိုင်းထွာစူးစမ်းခြင်း,

လူကိုယ်တိုင် တွေ့ဆုံမေးမြန်း ဆွေးနွေးခြင်း—

လုပ်နည်း လုပ်ဟန်များဖြင့် အချက်အလက်များကို စုဆောင်းခဲ့ပါသည်။

ထို့နောက် ရရှိခဲ့သော အချက်အလက်များသည် တခုနှင့်တခု အညမည ဥပနိဿယ အပြန်အလှန် ကျေးဇူးပြုခြင်း ရှိမရှိကိုင်း, တက္ကဗေဒ ယုတ္တိဗေဒနည်းများအရ ဆက်စပ်မှုရှိမရှိ ဟူသည်များကိုင်း စိစစ်ဝေဘန်ရွေးချယ်ခဲ့ပါသည်။

ဤသို့လျှင် သုတေသန နည်းနာနိဿယဗေဒအားလျော်စွာ စံနစ်တကျပြုစုဆောင်ရွက်ခဲ့ပါသည်။

## ၉။ မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာကျမ်း စာမူကြမ်းရေးသားခြင်း

ထို့နောက် ပုံချပန္နက်သဲရိုက်ထားသည့် မာတိကာစဉ်အပေါ် အမှီသဟဲပြု၍ ရရှိထားသော အချက်အလက်များကို သင့်လျော်ရာ စီခြယ်ထည့်သွင်းပြီးလျှင် စာမူကြမ်းတစောင်ကို လက်ရေးဖြင့် ရေးသားပြုစုခဲ့ပါသည်။

ထိုပြုစုရေးသားထားပြီးသော လက်ရေးမူကြမ်းကို အခန်းကဏ္ဍများ ခွဲခြားကာ စံနစ်တကျပြုပြင်မွမ်းမံ၍ စာပေဝါကျအထားအသို သဒ္ဒါ အလင်္ကာတို့နှင့် ညှိနှိုင်းပြင်ဆင်ပြီးလျှင် စာမူချောကို ရေးသားပြုစုနိုင်ခဲ့ပါသည်။

ဓာတ်ပုံကားများကိုမူ လက်လှမ်းမှီနိုင်သမျှ စုဆောင်းတင်ပြထား၍ အချို့ပုံများကိုမူကားတကြောင်းဆွဲပုံစံများဖြင့် ထည့်သွင်း ဖော်ပြထားပါသည်။ အချို့ပုံများကိုမူ ထင်ရှားသော စာအုပ်ကြီးများ၏ စာမျက်နှာကိုသာ ကိုးကားနိုင်ခဲ့ပါသည်။ ဤ စာတမ်း၌ ပြည့်စုံစွာ မဖော်ပြနိုင်တော့ပါ။

အက္ခရာဝလိကျမ်းညွှန်းများကို စက်တင်ပုံနှိပ်ပြီးသောအခါကျမှ သက်ဆိုင်ရာ စာမျက်နှာများနှင့် ညှိ၍ ထည့်သွင်းနိုင်မည်ဖြစ်ပါသည်။ ယခုမှာမူ ကောင်းနိုးရာရာ ဝေါဟာရများကိုသာ အက္ခရာစဉ်၍ ထားနိုင်ခဲ့ပါသည်။

သင့်လျော်ရာစာမျက်နှာ အောက်ခြေများတွင် အောက်ခြေမှတ်ချက်များ, ကျမ်းညွှန်းကိုးကားချက်များကို ထည့်သွင်း ဖော်ပြထားပါသည်။

---

RESEARCH METHODS AND TECHNIQUES

Descriptive Method
Phenomenological Method
Historical Method
Analytical Description
Observational
Survey
Interview Techniques and Discussions
Logical realisation

အချို့တီထွင်ပြန်ဆိုထားသော မြန်မာဝေါဟာရအသစ်များကို မူရင်းကျကျ နားလည်သဘော ပေါက်ကြစေရန် ရည်သန်၍ ယင်း ဝေါဟာရ၏ မူရင်း အင်္ဂလိပ်,သက္ကတ, ပါဠိ စသောစကားလုံးများ ကို ပူးတွဲဖော်ပြထားပါသည်။ မြန်မာအက္ခရာဖြင့် ဖလှယ်ထားသော အမည်များကိုလည်း အသံထွက် ပိုမိုနီးစပ် မှန်ကန်စေရန် ရည်ရွယ်၍ ရောမအက္ခရာများဖြင့် ပူးတွဲဖော်ပြထားပါသည်။

ဤသို့လျှင် ယခုတင်ပြအပ်သော မြန်မာ့ရိုးရာ ပဋိမာသိပ္ပပညာအကဲဖြတ် သုတေသနစာတမ်း ကို ရေးသားပြုစုနိုင်ခဲ့ပါသည်။ ဤစာတမ်းကို စတင်ပြုစုစဉ်က ကြိုတင်ခန့်မှန်း ရေးဆွဲထားသော စာမူ၏ မာတိကာပုံကြမ်းမှာ ဤသို့ ဖြစ်ပါသည်—

မြန်မာ့ရိုးရာ ပဋိမာသိပ္ပပညာ

၁။ နိဒါန်း၊

၂။ မြန်မာ့ရိုးရာ ရုပ်ပွါးဆင်းတုများကို လေ့လာခြင်း၊

၃။ မြန်မာပြည်တွင် ရုပ်ပွါးဆင်းတုများကို ထုလုပ်ကိုးကွယ်လာခြင်းသမိုင်း၊

၄။ မြန်မာပြည်တွင် ရုပ်လုံး ရုပ်ကြွများ ထုလုပ်ကိုးကွယ်မှု တိုးတက်ထွန်းကားလာပုံ၊

၅။ မှုဒြာ အာသနစသော ပဋိမာသိပ္ပဝေါဟာရများကို ရှင်းလင်းဖော်ပြခြင်း၊

၆။ မြန်မာပြည်နှင့် အိမ်နီးနားချင်းနိုင်ငံများရှိ ပဋိမာသိပ္ပဆိုင်ရာ ရုပ်ပွါး ရုပ်လုံး ရုပ်တုများ အကြောင်း၊

၇။ နိုင်ငံတကာယဉ်ကျေးမှုများမှလက်ခံရရှိလာသော မြန်မာညွန့်ပေါင်းလက်ရာ ရုပ်လုံးရုပ်ကြွများ၊

၈။ ပဋိမာသိပ္ပဆိုင်ရာ ရှေးကျမ်းဟောင်းကြီးများအကြောင်း၊

၉။ ကိုးကားသော ကျမ်းစာအုပ်များစာရင်း၊

၁၀။ အက္ခရာဝလိကျမ်းညွှန်း၊

၁၁။ ဓာတ်ပုံများ, တကြောင်းဆွဲပုံများ, မြေပုံများ၊

၁၂။ နိဂုံးချုပ်–ဟူ၍ ပုံကြမ်းလျာထားခဲ့ပါသည်။

သို့သော် စာမူအချောအဖြစ်သို့ ရောက်ရှိလာသောအခါ၌မူကား ပြုပြင် ပြောင်းလဲမှုအထွေ ထွေ အခြေအနေအရပ်ရပ်တို့ကြောင့် မူလလျာထားချက် ပုံစံပျောက်၍ သွားခဲ့ရပါသည်။ ဤကား သုတေသနပြုဘူးသူတိုင်း၏ ဓမ္မတာပင် ဖြစ်ပေတော့သည်။ မည်သို့ပင် ဖြစ်စေကာမူ မူလရည်ရွယ်

---

FORMAT OF THE PAPER
Index
Footnotes
References and Quotations

သတ်မှတ်ထားသော အနှစ်သာရအတွင်းသရုပ်ကို မထိခိုက်မလျော့ပါး မချွတ်ယွင်းစေရန် အထူးသတိသမ္ပဇဉ်ဉာဏ်ယှဉ်ပြီးလျှင် ပြုပြင်ရေးသားခဲ့ပါသည်။ သို့ဖြစ်၍ မူလခန့်မှန်းထားသော ကျမ်း၏ ပမာဏထက် သုံးဆမျှကြီးမားသည့် ဤ သုတေသန စာတမ်းကြီး ပြီးစီး ထွက်ပေါ်လာရခြင်းဖြစ်ပါသတည်း။

၁၉၇၇-ခုနှစ်။

စဝ်ထွန်းမှတ်ဝင်း
ညွှန်ကြားရေးမှူး (သုတေသန)
သာသနာရေးဦးစီးဌာန
ရန်ကုန်မြို့။

# မုဒြာများ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာ သမိုင်းအကျဉ်းချုပ်

မြန်မာပြည်ရှိ ရုပ်လုံး ရုပ်ကြွ ရုပ်ပွါးဆင်းတုများနှင့်တကွ ဆေးရေးပန်းချီကားများမှ လူ့ရုပ်ပုံများတွင် ဗုဒ္ဓသာသနာရေးဆိုင်ရာများသာမက ဟိန္ဒူဗြာဟ္မဏဘာသာနှင့် အခြားမထင်ရှား မသိသာနိုင်သေးသော ဘာသာဝါဒ အယူအဆ နှီးနွယ်သည့် ဟန်ပန်အနေအထားများကို တွေ့ရှိနေကြရပေသည်။

ဗုဒ္ဓသာသနာရေးဆိုင်ရာ အခန်းကဏ္ဍတွင်ပင်လည်း ထေရဝါဒဟန် သက်သက်သာမကမူ၍ မဟာယာနဂိုဏ်း, တန္တရာယာနဂိုဏ်း, မန္တရာယာနဂိုဏ်းများ၏ ဟန်ပန်အနေအထားများကိုပါ လေ့လာတွေ့ရှိနေရပေသည်။ ထေရဝါဒပိဋကတ်စာပေကျမ်းဂန် ပရိယတ္တိများတွင် ရေးသား ဖော်ပြထားချက်အထောက်အထား ပြည့်စုံခိုင်လုံစွာမရှိသော ရုပ်လုံး ရုပ်ကြွများဆိုင်ရာ မြန်မာ့ရိုးရာ ပဋိမာသိပ္ပံ ပညာရပ်သည် အခြားသော မဟာယာန, တန္တရာယာနတို့၏ လက်ရာများပင် ဖြစ်နိုင်စရာ အကြောင်းရှိနေပေသည်။

ထို့ကြောင့် ဗုဒ္ဓသာသနာဆိုင်ရာ စစ်စစ်မဟုတ်ပါက ဟိန္ဒူဗြာဟ္မဏဝါဒဆိုင်ရာ ရုပ်ထွင်း ရုပ်တုများဖြစ်နိုင်ကြောင်းကိုလည်း တွေ့ရှိရပေသည်။

တခါတရံ ဗုဒ္ဓမြတ်စွာဘုရားပုံ,ရဟန္တာသံဃာတော်များ၏ပုံသာမကမူ၍ ဗြဟ္မာသိကြား နတ်သားနတ်သမီး ဘီလူး ကုမ္ဘဏ် သားရဲ တိရစ္ဆာန်တို့၏ပုံနှင့်တကွ မနုဿလူသားများဖြစ်ကြသော မင်း ပုဏ္ဏားသူဌေး သူကြွယ် ကုန်သည် လယ်လုပ် ဆင်းရဲသားများ၏ ရုပ်လုံး ရုပ်ပွါးများကိုပါ တွေ့ရှိရပေသည်။

သို့ဖြစ်ရကား မြန်မာပြည်ရှိ ရုပ်ပွါးဆင်းတုများ၏အကြောင်းကို လေ့လာ သုတေသနပြုမည်ဆိုပါလျှင် ထိုဝတ္ထုပစ္စည်းများ၏ နောက်ခံသမိုင်းကြောင်းဖြစ်သော ယဉ်ကျေးမှု, ကိုးကွယ်မှု သာသနာရေးဆိုင်ရာ အချက်အလက်များနှင့်တကွ သဘောတရားစသည်များကိုပါ ကြိုတင်သိရှိ နားလည်ထားရန် လိုအပ်လှပေသည်။

အထူးသဖြင့် အိန္ဒိယယဉ်ကျေးမှု ဆက်နွယ်သော ရှေးလက်ရာ မြန်မာ့ရိုးရာ ရုပ်ပွါးဆင်းတုများကို လေ့လာသုံးသပ်သောအခါတွင် ရှေးခေတ်အိန္ဒိယပြည်၌ ထွန်းကားထင်ရှားခဲ့သည့် ကိုးကွယ်မှု သာသနာကြီး သုံးရပ်ဖြစ်ကုန်သော ဟိန္ဒူဗြာဟ္မဏဘာသာ, ဗုဒ္ဓသာသနာနှင့်ဇိန်းဘာသာတို့ကို အခြေခံအားဖြင့် လေ့လာသိရှိထားရမည် ဖြစ်ပါသည်။ အဆိုပါ ဘာသာကြီးသုံးရပ်မှာ နတ် ဗြဟ္မာ ဘုရား စသည်တို့ကို အလွန်များပြားစွာ လက်ခံကြည်ညို ကိုးကွယ်ခဲ့ကြသဖြင့် သာသနာရေးဆိုင်ရာ ရုပ်ပွါးဆင်းတုများမှာလည်း မရေမတွက်နိုင်အောင်ပင် ပေါများကြွယ်ဝလျက် ရှိနေကြပေသည်။ သို့ဖြစ်ရကား ရုပ်ပွါးဆင်းတုတဆူကို အကဲဖြတ်ဝေဘန်စိစစ်ရန်ကိစ္စမှာ မလွယ်ကူလှချေ။ မည်သည့် ဘာသာ သာသနာနှင့် သက်ဆိုင်သည်ကိုရင်း, မည်သည့်ခေတ်လောက်က ထုလုပ်ခဲ့သည်ကိုရင်း, မည်သည့်အနက်အဓိပ္ပါယ်အရ

ထုလုပ် ကိုးကွယ်ခဲ့ကြသည်ကိုငှင်း ခန့်မှန်းရန်မှာ အနုပညာသဘောတရားအရ ဆိုရပါလျှင် သာ၍ပင် နက်နဲသိမ်မွေ့လှပေသည်။ ထို့ကြောင့် ဤကျမ်းတွင် ရုပ်လုံး ရုပ်ကြွ ရုပ်ပွါးဆင်းတုများ၏ အကြောင်း ခြင်းရာများကို အသေးစိတ် လေ့လာဝေဘန်နည်း၊ အကဲခပ်တန်ဘိုးဖြတ်နည်းများနှင့် အမှန်တရားသို့ အနီး ကပ်ဆုံးရောက်အောင် ဆုံးဖြတ်ချက်ပေးနည်းတို့ကိုသာလျှင် အခြေခံအားဖြင့် တင်ပြမည် ဖြစ်ပါသည်။

ရုပ်ပွါးဆင်းတုတခုကို တွေ့ရှိသောအခါ ဗုဒ္ဓမြတ်စွာဘုရား၏ပုံ ပီပီပြင်ပြင် ဖြစ်နေပါက ဗုဒ္ဓ သာသနာတော်ဘောင်အတွင်း ပထမဆင့်တွင် ပါဝင်နေသဖြင့် အကဲဖြတ်ရန် လွယ်ကူလှပေသည်။ သို့သော် တခါတရံ ဘုရားဆင်းတုတို့ကို နတ်ရုပ်လိုလို ဘာလိုလိုဖြင့် မသဲမကွဲသော ရုပ်ပွါးဆင်းတုမျိုးကို တွေ့ရှိရတတ်ပေသည်။ ထိုအခါမျိုးတွင် ဟိန္ဒူဘာသာရေးဆိုင်ရာ, ဇိန်းဘာသာရေးဆိုင်ရာနှင့် ဗုဒ္ဓ သာသနာတော်ဆိုင်ရာတို့အနက် မည်သည့်သာသနာနှင့် သက်ဆိုင်နိုင်မည်ဆိုသည်ကို စူးစမ်းလေ့လာ သုံးသပ်ရသောကိစ္စမှာ စင်စစ်မလွယ်ကူလှချေ။ ယင်းဘာသာကြီးသုံးရပ်မှာလည်း တခုနှင့်တခု နှီးနွယ် ဆက်စပ်နေကြသည်သာမက အချို့သော နတ်ဖြဟ္မာ စသည်တို့ကိုပင် ညီတူထပ်မျှ လက်ခံကိုးကွယ် ထားတတ်ကြပေသည်။

ဟိန္ဒူဘာသာမှ ပါရ်ဝတီ, ဣန္ဒြ,လက္ချမိ, သာရဿတီနတ်များကို ဇိန်းဘာသာတွင် ပဘာဝတီ, ဣန္ဒြ, လက္ချမိ, သူရဿတီနတ်များအဖြစ် လက်ခံထားကြသည်ကိုတွေ့ရပေသည်။ အလားတူပင် တန္တရ ယာနဗုဒ္ဓသာသနာတော်မှ မဟာဇိနာတာရာဒေဝီ, အင်္ဂုလိဒေဝီ, ဝဇီရာယောဂိနီ စသည်များကိုလည်း ဟိန္ဒူဘာသာတွင် တာရာ, မနသာ, ဆိန္နမဿာဘုရားမကြီးများအဖြစ် လက်ခံ ထားကြပေသည်။ ထိုနည်းတူစွာပင် ဇိန်းဘာသာနှင့် တန္တရဗုဒ္ဓသာသနာဂိုဏ်း များကလည်း ဟိန္ဒူ နတ် ဘုရား များစွာတို့ကို ငှါးယူ လက်ခံကိုးကွယ်ထားတတ်ကြပေသည်။ ထို့ကြောင့်ပင်လည်း ရုပ်ပွါးဆင်းတု ရုပ်တုတခုသည် ဟိန္ဒူ နတ် ဘုရား ရုပ်တုလော, ဗုဒ္ဓဘာသာဘုရား ရုပ်ပွါးဆင်းတုလော, ဇိန်းဘုရား ရုပ်တုလောဟူသည်ကို အတိအကျ ဝေဘန်ဆုံးဖြတ်ရန် ခက်ခဲသည်ကိုလည်း မကြာခဏ ကြုံတွေ့ရတတ် ပေသည်။

ဗုဒ္ဓသာသနာရေးဆိုင်ရာ ရုပ်ပွါးဆင်းတုတော်များအကြောင်းကို လေ့လာ သုတေသနပြု၍ ကျမ်းဂန်ဖွဲ့ဆိုရေးသားခဲ့ကြသော ပညာရှင်ကြီးများအနက် ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်အချို့, မှာ- ဝဒ္ဒဲလ်, ဂရုမ်းဝဒ္ဒဲလ်, ဖောက်ချာ, ဘာဂျက်စ်, ဂက်တီ, ကုမာရာဆွာမိ, ဘတ္တသာလိ, ရက္ခဒတ်ဘနာဂျီ, ဘတ္တစယျ စသည်တို့ ဖြစ်ကြပေသည်။ သို့သော် များသောအားဖြင့် ဝဇီရာယာနဂိုဏ်းမှ ရုပ်ပွါးဆင်းတု တော်များအကြောင်းကိုမူ ထိုပညာရှင်ကြီးများက ပေယျာလကန် ဝကွက်၍ ချန်လှပ်ခဲ့ကြလေသည်။

ဂက်တီနှင့် ဒယ်နီကာတို့၏ စာအုပ်တွင်လည်း တိဗက် တရုပ်နှင့် ဂျပန် ဗုဒ္ဓဘာသာ ဘုရားဆင်းတု များအကြောင်းကိုသာ ဦးစားပေး၍ ရေးသားထားသည်ကို တွေ့ရှိရပေသည်။

---

Parvatī, Indra, Lakshamī, Sāraswatī
Tārā, Manasā, Chinnamastā
Waddell, Grunvadel, Foucher, Burgess, Getty, Coomaraswami, Bhatta°ali.
Rakhaldas Banarji, Bhattachayya
Getty and Deniker
Buddhist Iconography

၁၉၀၀ – ၁၉၀၅-ခုနှစ်များတွင် ပုံနှိပ်ထုတ်ဝေခဲ့သော ပါမောက္ခဖောက်ချာ၏ စာအုပ်တွင်သာ အိန္ဒိယပြည်၏ ဗုဒ္ဓသာသနာဆိုင်ရာ ရုပ်ပွါးဆင်းတုများကို လေ့လာခြင်းအကြောင်းကို ပြင်သစ်ဘာသာဖြင့် ရေးသားထားကြောင်း တွေ့ရှိရလေသည်။ သုတေသနနယ်ပယ်တွင် အထင်ရှားဆုံးနှင့် ရှေးဦးအကျဆုံး ရုပ်ပွါးဆင်းတုတော်များသမိုင်း ကျမ်းတစောင် ဖြစ်လေသည်။ ပညာပါရမီတာကျမ်း ထဲမှ ရုပ်ပွါးဆင်းတုဆိုင်ရာ အချက်အလက်များကို အသေးစိတ်လေ့လာ သုတေသနပြုပြီးမှ ရုပ်လုံးရုပ်ပွါး ဆေးရေးပန်းချီကားများနှင့် ထင်ဟပ်လေ့လာသည့် နည်းမျိုးကို ကျင့်သုံးခဲ့လေသည်။

ထို့နောက် သာဓနမာလာကျမ်း ထဲမှ သာဓနများနှင့် ညှိနှိုင်းတိုက်ဆိုင်ကြည့်ခဲ့ရာ တန္တရာယာန ဆိုင်ရာ ပေစာများထဲမှ ရုပ်ပွါးဆင်းတုများ၏ သရုပ်ဖော်အညွှန်းများနှင့် များစွာပင် တိုက်ဆိုင်ကိုက်ညီနေကြသည်ကို အံ့သြဘွယ်ရာ တွေ့ရှိရလေသည်။ တခါတရံ သာဓနမာလာကျမ်း၌ မဖော်ပြ မရေးသားခဲ့သည်များကို ပန်းပု ရုပ်လုံး ရုပ်ပွါး ဆင်းတုများတွင် တွေ့ရှိ မှတ်သားခဲ့ရသည်များလည်း ရှိလေသည်။ ပါမောက္ခဖောက်ချာက ၎င်း၏ ဒုတိယအကြိမ်ပုံနှိပ်သော စာအုပ်တွင် ဗုဒ္ဓရုပ်ပွါး ဆင်းတုတခုကိုတွေ့တိုင်း သာဓနမာလာကျမ်းနှင့် ညှိနှိုင်းသုံးသပ် စိစစ်ပြီးမှသာ မည်သည့်အမျိုးအစား ဖြစ်နိုင်ကြောင်းစသည်ဖြင့် ဆုံးဖြတ်ချက်ပေးသင့်ကြောင်း ဝေဘန်ရေးသား ထိုက်တွန်းထားလေသည်။

သာဓနမာလာကျမ်းကို လေ့လာခြင်းအားဖြင့် ဗုဒ္ဓရုပ်ပွါး ဆင်းတုတော်များအကြောင်းကို အခြေခံမှစ၍ အသေးစိတ် နားလည်နိုင်သည်သာမက ဝဇီရာယာန ဗုဒ္ဓဘာသာဂိုဏ်း၏ နက်နဲသိမ်မွေ့သော စိတ်ပိုင်းဆိုင်ရာ အဘိဓမ္မာ အယူအဆများကိုပါ သုတေသန ပြုနိုင်လေသည်။ ယင်းကျမ်းကို ရေးသားပြုစုသောခေတ်မှာလည်း ဘင်္ဂလားပြည်နယ်တွင် မူဆလင်တို့က ဗုဒ္ဓသာသနာတော်ကို ဖျက်ဆီးနှိမ်နင်းနေသော ခေတ်အခါသမယ ဖြစ်ရကား ကျမ်းပြုပုဂ္ဂိုလ်က အစွမ်းကုန်လက်ရာပြထားသော ဗုဒ္ဓသာသနာရေးဆိုင်ရာ ကျမ်းတစောင်လည်း ဖြစ်နေလေသည်။

ဤသာဓနမာလာကျမ်းတွင် သာဓနပေါင်း (၃၁၂)ခုနှင့် ဗုဒ္ဓသာသနာဝင် နတ်ဗြဟ္မာများအကြောင်း ဖော်ပြချက်များလည်း ပါဝင်လေသည်။

ထို့မှတပါး သာဓနသမုစ္စယကျမ်း*တွင်လည်း အခြားသာဓနများကို တွေ့နိုင်ပေသည်။ သာ-ဓနမာလာကျမ်းကို လေ့လာခြင်းအားဖြင့် နတ်ဗြဟ္မာများ အကြောင်း, တန္တရာယာန ခေတ်သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုရေးရာများ အကြောင်း, တန္တရာယာန အတွေးအခေါ် ၊အဘိဓမ္မာ သမထကျင့်နည်းများအပြင် သိဒ္ဓများ, မန္တရားများ, မဏ္ဍလများ အင်းအိုင်ခါးလှည့် စသောဗုဒ္ဓသာသနာဝင် အဆောင် အယောင်များ အကြောင်းတို့ကို သိရှိနားလည်နိုင်ပေသည်။ တန္တရာယာန ခေတ်အတွင်း အထူးဝိသေသအားဖြင့် ပေါ်ပေါက်ထွန်းကားလာသော ဝဇီရာယာန ဗုဒ္ဓဘာသာဂိုဏ်းသည် အိန္ဒိယပြည်နှင့် မြန်မာနိုင်ငံတော်များတွင်၊ အေဒီ(၇)ရာစုနှစ်မှ (၁၃)ရာစု နှစ်များအတွင်း အလွန် ထင်

Prajñapāramitā
Sādhanamālā
Vajrāyāna Buddhism
Sādhanasamuccaya

၁၅၁၁၇

ရှား၍ လူကြိုက်များခဲ့လေသည်။ ယင်း အကြောင်းကိုလည်း ဤသာဓနမာလာကျမ်း၌ လေ့လာ တွေ့ရှိနိုင်ပေသည်။ .

သို့သော် သာဓနမာလာကျမ်းမှာ (နေဝရီခေတ် ၂၈၅-နှစ်) အေဒီ–၁၁၆၅-ခုနှစ် လောက်ကမှ ရေးသားပြုစုထားသော ကျမ်းဖြစ်ရကား, ထိုကျမ်းပြုနှစ် နောက်ပိုင်းမှ ပေါ်ပေါက်လာသော ဗုဒ္ဓ ရုပ်ပွါး ဆင်းတုတော်များအကြောင်းကို ယင်းကျမ်း၌ မတွေ့ရှိနိုင်ချေ။ သို့ဖြစ်ရကား ဤ သုတေသန ကိစ္စတွင် ဤသာဓနမာလာ တကျမ်းတစောင်တည်းဖြင့် မလုံလောက်သေးချေ။

အခြား နောက်နှောင်းပေါ် ကျမ်းများမှာ ဓမ္မကောသျှသမ်ဂြဟကျမ်းဖြစ်၍ ပဏ္ဍိတအမြိ-တာနန္ဒ က ပြုစုရေးသားခဲ့လေသည်။ နီပေါလ်ပြည်တွင် ဟော့ဂျ်ဆန်* ဆိုသူက အရေးပိုင်အဖြစ် အုပ်ချုပ်နေစဉ် ရေးသားခြင်းဖြစ်လေသည်။ သို့သော် ယင်းကျမ်းမှာ ပုံမနှိပ်ရသေးချေ။ လက်ရေး စာမူသာလျှင် ဗင်္ဂလားနယ်မဟာအာရှ အသင်းတော်ကြီးတည်ရာတိုက်တွင် ရှိနေပေသည်။ နီပေါလ်ပြည် ဒါဘာပိဋကတ်တိုက်*တွင် မူရင်းတစောင် ရှိသည်ဟု မှတ်တမ်း၌ တွေ့ရပါသည်။

ထိုမှတပါး* မဟာပဏ္ဍိတ အဘယာကရဂုပ်တာ၏ ဝိကြမသီလ ကျောင်းတိုက်တွင်* ရေးသား ပြုစုခဲ့သော အေဒီ–၁၀၈၄–၁၁၃၀-ခုနှစ်များအတွင်း ထွန်းကားခဲ့သည့် ကျမ်းမှာ နိပ္ဖန္နယောဂါဝလီ ကျမ်း ဖြစ်လေသည်။ ယင်းကျမ်းတွင် မဏ္ဍလများ အကြောင်းကို ကျဉ်းကျဉ်းနှင့် ရှင်းရှင်း လိုရင်း ကျကျ ပြည့်စုံစွာ ရေးသားဖော်ပြထားသည်ကို တွေ့ရပေသည်။ မဏ္ဍလ (၂၆)ခုကို အခန်း ၂၆-ခန်း ဖြင့် ဝေဘန်ပြထားသည်။ တန္တရာယာနဂိုဏ်းဝင် နတ်ဒေဝါများ အကြောင်းကိုလည်း ဖော်ပြထားပေ သည်။ မေ့ပျောက် တိမ်မြုပ်နေပြီဖြစ်သော နတ်ဒေဝါများ၏ အမည်နာမများနှင့် သရုပ်ဖော် ရှင်းပြ ချက်များကို ပြည့်စုံစွာပင် တွေ့ရှိရပေသည်။ သို့ဖြစ်ရကား ဗုဒ္ဓသာသနာဆိုင်ရာ နတ်ဗြဟ္မာများနှင့် ဘုရားများ၏ ရုပ်ပွါးဆင်းတု အကြောင်းတို့ကို ဤနိပ္ဖန္နယောဂါဝလီ ကျမ်း၌ပင် ပြည့်စုံ လုံလောက်စွာ လေ့လာဖတ်ရှု နိုင်ပေသည်။

အမေရိကန် ရုပ်ပွါးဆင်းတုဆိုင်ရာ ပညာပါရဂူကြီးဖြစ်သူ ပါမောက္ခ ဝေါလ်တာယူဂျင်းကလာခ် သည် ထိုကျမ်းကို လေ့လာကြည့်ရှုပြီးနောက် များစွာပင် ချီးကျူး ခဲ့လေသည်။ ၁၉၃၇-ခုနှစ် တွင် လာမာဂိုဏ်းဆိုင်ရာ နတ်ဘုရားများ အကြောင်း စာတမ်းကြီး နှစ်စောင်ကို ပြုစုရေးသား၍ ဟားဗဒ် တက္ကသိုလ်ရှိ ယန်ချင်းပညာသင်ဌာန ကျောက်ပုံနှိပ်စာစဉ်များ* အဖြစ် ထုတ်ဝေခဲ့ ဘူးလေသည်။ ပထမတွဲတွင် သက္ကတ တိဗက် ဘာသာစာပေများတွင် ပါရှိသည့် နတ်ဒေဝါများအကြောင်း နိဒါန်း

---

Nowari Era 285–1165 A.D.
Dharmakoshasamgraha by Paṇḍit Amritānanda
Mr. B.Hodgson
Royal Asiatic Society of Bengal
Durbar Library of Nepal
Nispannayogavali
Professor Walter Eugene Clark
Harvard University, Yenching Institute Monograph Series

နှင့် ကျမ်းညွှန်းများစာရင်းကို ဖော်ပြ ရေးသားထားသည်။ ဒုတိယတွဲတွင် ယင်း နတ်ပြဟ္မာများ၏ ရုပ်ပုံသဏ္ဌာန်များကို သရုပ်ဖော်ပြ ရှင်းလင်းထားသည်ကို တွေ့ရပေသည်။

မြန်မာပြည် အရပ်ရပ်တွင် တွေ့ရှိရသော အချို့ရုပ်ပွါးဆင်းတုများသည် မြန်မာ အမည် ဖြင့်၎င်း, ရှမ်းယွန်းအမည်, တရုပ်အမည်, တိဗက်အမည်တို့ဖြင့်၎င်း ရှိနေတတ်ပေရာ ၎င်းတို့၏ ပင်ရင်း သက္ကတ အမည်များကိုဖြစ်စေ, ပါဠိ အမည်ကိုဖြစ်စေ လေ့လာ ရှာဖွေရာတွင် အခက်အခဲ ရှိနေတတ် ပေသည်။ တရုပ် ဗုဒ္ဓဘာသာဂိုဏ်းများနှင့် နီးနွယ်သော ရုပ်ပွါးဆင်းတုများသည် များသောအားဖြင့် နိပ္ပွန္နယောဂါဝလိကျမ်းတွင် ဖော်ပြ ပါရှိသည်ကို တွေ့ရပေသည်။ ထို့ကြောင့်ပင် ဗုဒ္ဓရုပ်ပွါး ဆင်းတု တော်များအကြောင်းကို လေ့လာသူတိုင်း ထိုကျမ်းကို လက်မလွှတ်နိုင် ဖြစ်နေရပေသည်။

မဟာယာန ဗုဒ္ဓသာသနာဂိုဏ်းနှင့် တန္တရာယာန ဂိုဏ်းများ၏ ဗောဓိသတ္တ (၁၆) ပါး, ပါရမီတာ (၁၂) ပါး, ဝသီတာ(၁၂) ပါး, ဘူမိ(၁၂)ပါး, ပဋိသမ္ဘိဒါ(၄)ပါး, စသည်တို့ကို ကိုယ်စားပြုသောနတ်ဒေဝါ တို့၏အမည်များကို ဤနိပ္ပွန္နယောဂါဝလိကျမ်း၏ မဉ္ဇူ ဝဇီရမဏ္ဍလအခန်းတွင် တိကျရှင်းလင်းစွာဖော်ပြ ထားပေသည်။ ဤသို့လျှင် မရေမတွက်နိုင်အောင် များပြောင်လှစွာသော နတ်ဒေဝါဘုရားတို့၏ရုပ်ပုံ သဏ္ဌာန်များကို ဤကျမ်း၌ ပြည့်စုံစွာပင် အဘယာကရဂုပ်တာက ပြုစုရေးသား ဖော်ပြခဲ့လေသည်။

အထက်ဖော်ပြပါ ပုံနှိပ်ပြီး ကျမ်းဂန်စာပေများမှတပါး ပုံမနှိပ်ရသေးသော တန္တရာဆိုင်ရာစာ ပေများသည်လည်း လက်ရေးမူ ပေစာများဖြင့် များစွာပင် ရှိနေသေးပေသည်။ နီပေါလ်, ကတ္တမန္ဒူ ဘက်ဂအွန် နယ်များတွင် ဗုဒ္ဓသာသနာ ရုပ်ပွါးဆင်းတုဆိုင်ရာ ပေစာ, လက်ရေးမူ စာတမ်း စာစောင် များ များစွာပင် ရှိနေပေသည်။ ထို့ကြောင့် ဤဗုဒ္ဓရုပ်ပွါး ဆင်းတုဆိုင်ရာ သိပ္ပံပညာအတွက် ဆက် လက်၍ သုတေသနပြုစုရန် လိုအပ်နေသေးပေသည်။ များသောအားဖြင့် ယင်း စာပေများမှာ သက္ကတ ဘာသာဖြင့် ရေးသားထားရှိရကား သက္ကတဘာသာ မကျွမ်းကျင်ပါက ဤပညာရပ်ကို လေ့လာလိုက် စားရာ၌ အဟန့်အတား ဟာကွက်ကြီးတခု ဖြစ်နေရပေသည်။

ဗုဒ္ဓရုပ်ပွါး ဆင်းတုတော်များကို လေ့လာရာ၌ အထောက်အကူ ဖြစ်စေနိုင်သော ဆေးရေး ပန်းချီကားများနှင့်မိတ်တူပုံစံငယ်ကလေးများကိုလည်းလျစ်လျူ မရှုအပ်ပေ။ပုံစံအားဖြင့်ပြဉ္ဉါပါရမိတာ ပဉ္စရက္ခာကျမ်း* တို့တွင် နမူနာ ပန်းချီကားများ ပါရှိလေသည်။ ကာရဏ္ဍဗျူဟာနှင့် ဗောဓိစာရယာဝ တာရကျမ်း* များတွင်လည်း အလားတူပင် တွေ့ရှိနိုင်ပေသည်။ ထိုပန်းချီကားများနှင့် ကျမ်းဖုံးပါ ပုံစံ ငယ်ကလေးများကို လေ့လာခြင်းအားဖြင့်လည်း ရုပ်ပွါးဆင်းတုတော်များကို လေ့လာရာ၌ များစွာ အထောက်အကူဖြစ်စေနိုင်လေသည်။

ထိုမှတပါး ပန်းပု ရုပ်လုံးရုပ်ကြွများ, ကြေးဆင်းတု ရုပ်ပွါးများ၊ သတ္တုလောဟာ ရွှေငွေစသော ရုပ်တုများနှင့် ပုံစံငယ်များသည်လည်း ပဋိမာသိပ္ပံ လေ့လာရေးတွင် အလွန်အရေးပါသော ဝတ္ထုပစ္စည်း

---

Prajñapāramitā and Pañcaraksha
Kāraṇḍavyūhā and Baudhicaryavatāra
Abhayakara Gupta

များဖြစ်ကြလေသည်။ အကယ်စင်စစ် ဗုဒ္ဓသာသနာ သမိုင်း၏ရှေးဦးအစပထမပိုင်းတွင် နတ်ဗြဟ္မာ ဒေဝါ ဒေဝီတို့ကို ထည့်သွင်းဖော်ပြခြင်းနှင့် ရုပ်တု၊ ဆင်းတု၊ သွန်းလုပ်ခြင်း၊ ထုထွင်းခြင်းများမှာ မရှိသလောက်ပင် နည်းပါးခဲ့လေသည်။

သို့သော် ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ် ကာလအကြောင်းများ၊ ဇာတကနိပါတ်ဝတ္ထုများ အကြောင်းကို ကျောက်ပြား ကျောက်တိုင်များတွင် ထွင်းထု ပြုလုပ်ထားခဲ့ကြလေသည်။ ဆန်ချီ၊ ဘာရှ်ဟွတ်၊ အမရဝတီနှင့် ဂန္ဓာရဂိုဏ်းများတွင် အဆိုပါ ကျောက်ထွင်း ရုပ်တုများကို တွေ့ရှိနိုင်ပေသည်။

ပါမောက္ခဖောက်ချာ၏ဝါဒသဘောထားအယူအဆအရဆိုပါလျှင် ပထမဆုံး ဗုဒ္ဓရုပ်ပွါးတော်သည် ဂန္ဓာရဂိုဏ်း အနုပညာဆန်လှသည်ဟု မှတ်သား ရပေသည်။ ယင်းဂန္ဓာရဂိုဏ်းတွင် ဗောဓိသတ္တနှင့် ဟိန္ဒူ နတ်ဘုရားများကို မြောက်မြားစွာ တွေ့ရှိရလေသည်၊ အမရဝတီ ပန်းပုရုပ်များနှင့် ဂန္ဓာရဂိုဏ်းလက်ရာ များမှာ ခေတ်ပြိုင် ဖြစ်ဟန်တူပေသည်။ ထိုခေတ်မှ နောက်တွင် မထုရာဂိုဏ်းသည်၎င်း၊ ထိုနောက်ဆာရ်နသ်ပန်းပု ရုပ်ကြွများသည်၎င်း၊ မဂဓ၊ ဗင်္ဂလား၊ သြရိဿ၊ ဂျာဝါနှင့် တန္တရခေတ်၊ နီပေါလ်မှလက်ရာ များသည်၎င်း အဆင့်ဆင့်အားဖြင့် ရှေ့ဆက် နောက်ဆက် ပေါ်ပေါက်လာကြလေသည်။

အေဒီ ပထမရာစု နှစ်များတွင် ရေးဆွဲခဲ့ကြသော အဇန္တာဂူတွင်း ဆေးရေးပန်းချီများသည်၎င်း၊ အနော်ရထာမင်း မတိုင်မီ ရှေးခေတ်မြန်မာနိုင်ငံတော်ဟု ဆိုအပ်သော ဟန်လင်းကြီး၊ ဗိဿနိုး၊ သရေခေတ္တရာ၊ ပုဂံဒေသများရှိ အဆောက်အဦ စေတီပုထိုး ရုပ်လုံး ရုပ်ကြွများသည်၎င်း၊ အဲလိုရာဒေသမှ ပန်းပုများ အိန္ဒိယပြည်တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသများရှိ ဗုဒ္ဓသာသနာဆိုင်ရာ ဂူတွင်းကျောင်း စေတီများသည်၎င်း လေ့လာအကဲခပ်ကြည့်ပါက တန္တရယာန အငွေ့အသက် မကင်းလှကြောင်း တွေ့ရှိနိုင်ပေသည်။

ဆာရ်နသ်၊ နာလန္ဒ၊ ကုရ်ကိဟာရ်ဒေသများ၌ တူးဖော်တွေ့ရှိရချက်များကို ထောက်ရှု၍ ဗုဒ္ဓသာသနာဆိုင်ရာ နတ်ဒေဝါဒေဝီများ၏ ရုပ်ပွါးဆင်းတုများစွာသည် တန္တရယာနဂိုဏ်းဝင်ပစ္စည်းများ ဖြစ်ကြောင်းနှင့် ဩဒန္တပုရိ ဝိကြမသီလ နာလန္ဒ၊ ဆာရ်နသ်၊ ဇဂဒ္ဒကဒေသရှိ ကျောင်းကန်များသည် တန္တရယာနဂိုဏ်း၏ ဗဟိုအခြေစိုက်ရာ ပင်မဌာနကြီးများ ဖြစ်ခဲ့သည်ဟု ကောက်ချက်ချနိုင်ပေသည်။ အဆိုပါ တန္တရယာနဂိုဏ်းဝင် ရုပ်လုံးရုပ်ကြွ ဆင်းတုရုပ်ပွါးများကို ဆာရ်နသ်၊ ပတ္တနာ၊ ကာလကတ္တား၊ ဒက္ကား၊ ရာဇရှတိ၊ မယူရ်ဘဉ္ဇ၊ ဒီချင်စသော မြို့ကြီးများရှိ ပြတိုက်များတွင် များစွာပင် တွေ့ရှိနိုင်ပေသည်။

ယခုအခါ ဘင်္ဂလားနယ်ဒေသတွင် ကျန်ရှိနေသေးသော ဓမ္မပူဇာပွဲများနှင့် မဥ္ဇူဃောသ ပူဇာပွဲများကို ထောက်ရှု၍ မူဆလင်များ မဝင်ရောက်လာသေးမီအခါက ယင်းနယ်ပယ်တွင် ဗုဒ္ဓသာသနာ ထွန်းကားခဲ့ဘူးကြောင်းမှာ ထင်ရှားသိသာလှပေသည်။ ထိုဘင်္ဂလားဒေသတွင် တူးဖော်လိုက်တိုင်း

---

Sanchi, Bharhut, Amaravati, and Gandhara

Mathura

Sarnath, Magadha, Bengal, Orissa, Java, Tantric Nepal

Ajanta Caves

Elora

ရုပ်ပွါး ဆင်းတု ပန်းပု ရုပ်လုံး ရုပ်ခုံး ရုပ်ထွင်း ဆေးသွင်း ပန်းချီ စသည့်
မြန်မာ့ရိုးရာ ပဋိမာသိပ္ပပညာ
(အကဲဖြတ် သုတေသနစာတမ်း)

နမော ဗုဒ္ဓါယ သိဒ္ဓံ

# နိဒါန်း

---

ပဓာန ရည်ရွယ်ချက်နှင့် စေတနာ

သာယာဝပြောသော မြန်မာ့ဆိုရှယ်လစ် လူ့ဘောင်သစ်ကြီးကို တည်ဆောက်ရာတွင် ပဓာန ရည်ရွယ်ချက်များ ဖြစ်ကြသော စားရေး ဝတ်ရေး နေရေးများနှင့် လူမှုရေးများတွင် ပြည့်စုံလုံလောက်ကြစေရန် လုပ်သား ပြည်သူ တိုင်းသည် မိမိတို့စွမ်းအားရှိသရွေ့ မခိုမကပ်ပဲ တတ်နိုင်သည့်ဘက်မှ ကျရောက်လာသည့် သမိုင်းပေးတာဝန်ကို တတပ်တအား ပါဝင်ကူညီ ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ဤတွင် လူမှုရေးကဏ္ဍ၌ အကြုံးဝင်လျက်ရှိပါသော မြန်မာ့ရိုးရာ ထုံးတမ်းဓလေ့ယဉ်ကျေးမှု အနုပညာရပ်များကိုလည်း ပြုစုပျိုးထောင် မြေတောင်မြှောက်ချီပေးရန် မုချလိုအပ်နေပြီ ဖြစ်ပါသည်။ ယင်းကဲ့သို့ တာဝန်သိသော စိတ်ဓာတ်အစုဖြင့် စုပေါင်းခေါင်းဆောင်ပျိုးထောင် ဆောင်ရွက်ကြရာတွင် ဤ မြန်မာ့ရိုးရာ ပဋိမာသိပ္ပပညာစာတမ်းကို ရေးသားပြုစု တင်ပြခြင်းအားဖြင့် ပညာပါရမီ ကူညီဖြည့်ဆည်းပေးနိုင်သည်ကို ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဤ မြန်မာ့ရိုးရာ ပဋိမာသိပ္ပပညာ အကဲဖြတ် သုတေသနစာတမ်းကို ပြုစုရေးသားရာ၌ ကောင်းမြတ်သော စေတနာအရင်းခံ.ကာ ပဓာနရည်ရွယ်ချက်နှစ်ရပ် ထားရှိပါသည်။

၁။ ပထမရည်ရွယ်ချက်မှာ—

သုတေသနပြုလုပ်ဆောင်ရွက်ပုံ နည်းနာနိဿယဗေဒ* ကို လက်တွေ့ပုံစံအားဖြင့် စီစဉ်တင်ပြထားရန် ဖြစ်ပါသည်။ ဤ ပုံစံပြယုဂ်ကို အတုယူနည်းမှီ၍ သုတေသီများသည် အခြားပြဿနာရပ်များအတွက် သုတေသနပြုကြရာတွင် စံနစ်တကျဖြစ်စေလိုသော မှန်မြတ်သည့် အာသီသ ဆန္ဒရင်းဖြင့် နည်းပြသာဓကတရပ်ကို တင်ပြလိုခြင်း ဖြစ်ပါသည်။

---

* Research Methodology

၂။ ဒုတိယ ရည်ရွယ်ချက်မှာ—

တိမ်မြုပ် ပျောက်ကွယ်လုမတတ် ရှိနေပြီဖြစ်သော အဘိုးမဖြတ်နိုင်အောင်ထိုက်တန်သည့် မြန်မာ့ရိုးရာ အနုပညာတရပ်ကို လုပ်သားပြည်သူတို့က ဝိုင်းဝန်း၍ စောင့်ရှောက် မြှင့်တင်မြှောက်နိုင်ပါရန် ဖော်ထုတ်တင်ပြလိုသော ဆန္ဒမှန်ဖြင့် ဤကဲ့သို့ သုတေသနပြုစု ရေးသားခြင်း ဖြစ်ပါသည်။

သို့ဖြစ်ရကား ဤစာတမ်းကိုပြုစုရေးသားရာ၌ သုတေသန နည်းစံနစ် မှန်ကန်ကျနစေရန် အောက်ပါအတိုင်း လုပ်ငန်းအစီအစဉ်ချ၍ ဆောင်ရွက်ခဲ့ပါသည်။

## သုတေသနလုပ်ငန်း အစီအစဉ်များ

၁။ သုတေသနပြုရန် လိုအပ်နေပြီဟု ထင်မြင်ယူဆခြင်း၊

၂။ သုတေသန ပြဿနာရပ်ကို ကြံဆခြင်း၊

၃။ အနုမာန ခန့်မှန်းယူဆခြင်း၊

၄။ ခေါင်းစဉ် နယ်နိမိတ်သတ်မှတ်ခြင်း၊

၅။ အချက်အလက်များကို ရှာဖွေစုဆောင်းခြင်း၊

၆။ အချက်အလက်များကို စိစစ်ဝေဘန်၍ အဓိပ္ပါယ်ကောက်ယူခြင်း၊

၇။ လက်တွေ့ စမ်းသပ်စစ်ဆေးကြည့်ခြင်း၊

၈။ သုတေသန နည်းနာနိဿယများနှင့် လုပ်ထုံးလုပ်နည်းများ၊

၉။ စာမူကြမ်း ရေးသားခြင်း၊

၁၀။ စာမူကို အချောကိုင်တင်ပြခြင်း ဟူ၍ ဖြစ်ပါသည်၊

---

## AGENDUM OF RESEARCH PROCEDURES

1. Need
2. Research Problem
3. Hypothesis
4. Title and Definition
5. Accumulation of Data
6. Criticism and Interpretation
7. Testing and Application
8. Research Methods and Techniques
9. Outline Format
10. Final Report

## သုတေသနလုပ်ငန်း အစီအစဉ်များ

### ၁။ သုတေသနပြုရန် လိုအပ်နေပြီဟု ထင်မြင်ယူဆခြင်း

မြန်မာ့ယဉ်ကျေးမှု အနုပညာ နယ်ပယ်တွင် မရှိလျှင် မဖြစ် အရေးပါ အရာရောက်လှသည့် ရုပ်လုံး ရုပ်ကြွ ရုပ်ပွါး ဆင်းတုတော်များဆိုင်ရာ သုတေသန စာအုပ် စာတမ်းများသည် မြန်မာပြည်၌ မြန်မာဘာသာဖြင့် ရေးသား ပြုစုထားခြင်း မရှိသလောက်ပင် နည်းပါးနေပေသည်။ ရေးသား ပုံနှိပ်ထားအပ်ပြီးသော စာအုပ်များနှင့် ဆောင်းပါး အချို့မှာလည်း ပြည့်စုံ လုံလောက်ခြင်းမရှိလှသေးချေ။

ထို့ကြောင့်ပင်လည်း မြန်မာပြည် အရပ်ရပ်တွင် တူးဖော်ရရှိနေကြသော ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ ရုပ်ပွါး ဆင်းတု အုဌ်ခွက် ရုပ်လုံး ရုပ်ခုံးရုပ်ကြွစသည့် ပစ္စည်းများ၏အနက်အဓိပ္ပါယ်ကို ကောက်ယူကြရာ၌ အမျိုးမျိုးအဖုံဖုံ ကွဲပြားချတ်ချော်လျက်ရှိသည်ကို တွေ့ခဲ့ရပေသည်။ အနက်အဓိပ္ပါယ် ကောက်ယူမှားလျှင် ထိုပစ္စည်း ဝတ္ထု၏ သက်တမ်းကိုရင်း၊ တန်ဘိုးသားနားတို့ကိုရင်း ဆုံးဖြတ်ကြရာ၌လည်း လွဲမှားချတ်ချော်ခြင်းများ ရှိနိုင်သည်ကို တွေ့ရှိရလေသည်။

အထူးသဖြင့် မြင်တွေ့နေကျ မဟုတ်သော ရုပ်ပွါး ဆင်းတုပုံစံများ၊ ဟန်ပန်သွင်ပြင်များ လက္ခဏာများ စသည်တို့ကို တွေ့ရှိလာကြသောအခါ တိကျပြတ်သား မှန်ကန်စွာ ဖော်ထုတ်ရှင်းလင်းပေးနိုင်စွမ်းမရှိကြရကား ထင်ရာမြင်ရာကိုသာ ပြောဆိုစွဲလန်း၍ စမ်းတဝါးဝါးဖြင့်သာ ရောင့်ရဲတင်းတိမ်နေကြရသည်များကိုလည်း တွေ့ရှိနေရပေသည်။ အချို့သုတေသီများကလည်း မိမိတို့ ဉာဏ်မမှီသောအခါများ၌ ဗုဒ္ဓရုပ်ပွါး ဆင်းတုကိုပင် ဟိန္ဒူနတ်ရုပ်မျှသာ ဖြစ်သည်ဟူ၍ လက်လွတ်စပယ် မှတ်ချက်ချလိုက်ကြသည်များကိုသည်း မကြာခဏ တွေ့ရပေသည်။

သာမန် သုတေသီတို့ သိရှိနားလည်နေပါသည်ဟု ဆိုကြသော မြန်မာပြည်ဖြစ် ရုပ်ပွါးဆင်းတုများ၏ ဟန်ပန်အမူအရာ သွင်ပြင်လက္ခဏာများနှင့်တကွ အဆောင်အယောင်များ၏ အဓိပ္ပါယ် အနှစ်သာရကိုပင်လျှင် ဇစ်မြစ်ပင်ရင်း ကျမ်းဂန်အထောက်အထား ခိုင်လုံစွာဖြင့် ပြောဆိုထောက်ပြနိုင်သူမှာ မရှိသလောက်ပင် ရှားပါးနေပေပြီ ဖြစ်ပါသည်။

ရုပ်ပွါး ဆင်းတုတဆူ၏ အကြောင်းဇစ်မြစ်ကို တွင်းပြင်ဝန်းပတ် သပ်ယပ် ကောင်းမွန်မှန်ကန် တိကျစွာ မသိရှိသေးပါက တန်ဘိုးနည်းပါး အလကားဝတ္ထုမျှသာ ဖြစ်နေတတ်ပေသည်။ ထိုဆင်းတု ရုပ်ပွါး၏ သမိုင်းအနှစ်သာရ သဘောတရားကို သိရှိနားလည်လာသောအခါ ထောင်ရာ သိန်းသောင်းမက တန်ဘိုးထိုက်လာသည်ကိုလည်း ယခုအခါ နိုင်ငံခြား ပြတိုက်ကြီးများနှင့် ဆက်သွယ်လျက်ရှိသော မြန်မာ အနုပညာရှင်များက သိရှိစပြုလာကြပြီ ဖြစ်ပါသည်။ သို့သော် မြန်မာပြည်ရှိ ရုပ်ပွါးဆင်းတု၏ အနုပညာ တန်ဘိုးသည် မည်ရွေ့မည်မျှ ထိုက်တန်သည်ကိုမူ မြန်မာအနုပညာရှင်များက ကိုယ်ပိုင်ဉာဏ်ဖြင့် မဆုံးဖြတ်နိုင်သေးရကား နိုင်ငံခြားသား ပညာရှင်များ၏ ရာပြတ်တန်ဘိုး အရဖြင့်သာ ကျေနပ် တင်းတိမ်နေရသေးသော အခြေအနေ၌ပင် ရှိနေရပေသည်။

ရေးသားပြုစုထားသော ရုပ်ပွါး ဆင်းတုဆိုင်ရာ စာအုပ်ကျမ်းဂန်များမှာလည်း ပင်ရင်းအားဖြင့် သက္ကတဘာသာ၊ ပါဠိဘာသာ၊ အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာ၊ ဂျာမန်ဘာသာ၊ ဂျပန်ဘာသာ

တရုပ်ဘာသာ, တိဗက်ဘာသာ စသည်တို့ဖြင့်သာ ရှိနေရကား သာမန်မြန်မာတိုင်းရင်းသား သုတေသီများအတွက် လေ့လာတတ်မြောက်နိုင်ရန်မှာ မလွယ်ကူလှချေ။

ထို့ပြင် အထက်ပါ စာပေကျမ်းဂန်များမှာ မြန်မာဘာသာဖြင့် ရေးသားပုံနှိပ်ထားခြင်းမရှိသည်သာမက မြန်မာပြည်ရှိ ရုပ်ပွါးဆင်းတု ပန်းပု ရုပ်လုံး ရုပ်ခုံးရုပ်ကြွ ဆေးရေးပန်းချီစသည်တို့ကို ဖော်ပြရေးသား ထားသည်မှာလည်း အလွန်နည်းပါးလျက် ရှိနေပေသည်။ များသောအားဖြင့် ရုပ်ပွါးဆင်းတုတော်များအကြောင်းကို ရေးသားကြရာ၌ အိန္ဒိယ, နီပေါလ်,တိဗက်,တရုပ်,ဂျပန်စသော တိုင်းပြည်နယ်ပယ်များရှိ ရုပ်ပွါး ဆင်းတု အကြောင်းများကိုသာ ဦးစားပေး၍ ရေးသားသည်က များလေသည်။

ထိုမှတပါး ထေရဝါဒ ဗုဒ္ဓသာသနာ ဂိုဏ်းဆိုင်ရာ ရုပ်ပွါး ဆင်းတု စသည်တို့ထက် မဟာယာနနှင့် တန္တရယာနဆိုင်ရာ ရုပ်ပွါးဆင်းတုတော်များ အကြောင်းကိုသာ အဓိကထား ဦးစားပေး၍ ရေးသားကြသည်က များလေသည်။

သို့ဖြစ်ရကား မြန်မာတိုင်းရင်းသား သုတေသီများအတွက် သင့်လျော် လျောက်ပတ်သော မြန်မာဘာသာဖြင့် ဗုဒ္ဓရုပ်ပွါးဆင်းတုများနှင့် အထွေထွေရုပ်လုံး ရုပ်ကြွများ အကြောင်း ပဋိမာသိပ္ပံပညာရပ်ဆိုင်ရာ ကျမ်းတစောင်တဖွဲ့ ရှိသင့်ပြီဟု ယုံကြည်အပ်ပါသည်။ ထို ထွက်ပေါ်လာအံ့သော ပဋိမာသိပ္ပံ ကျမ်းသည် ယခုလက်ရှိ တွေ့မြင်နေကြရသော ရုပ်ပွါးဆင်းတု ပန်းပု ရုပ်လုံး ရုပ်ခုံး ရုပ်ကြွ ဆေးရေး ပန်းချီများ၏ အဓိပ္ပါယ် အနှစ်သာရကိုသာမက နောင်အခါ ရှေးဟောင်း သုတေသနဌာနစသော အဖွဲ့အစည်းများမှ ဖော်ထုတ်တင်ပြလာမည့် ရှေးဟောင်း ရုပ်ပွါးဆင်းတုများ ဝတ္ထုပစ္စည်းများ၏ အနှစ်သာရ မူလသဘာဝကို ဟုတ်တိုင်း မှန်စွာ အရင်းအမြစ်နှင့်တကွ သိရှိနားလည်စေရန် အထောက်အကူ ပညာပေးသော ကျမ်းဂန်မျိုး ဖြစ်သင့်သည်ဟုလည်း မြော်မှန်း မိပါသည်။

ယခုအခါ အဘိုးအနဂ္ဃ တန်ဘိုးထိုက်လှသည့် ရှေးဟောင်း မြန်မာ ယဉ်ကျေးမှု အနုပညာရပ်များကို မတိမ်ကော မပျက်စီးအောင် ပြည်သူတရပ်လုံးက ဝိုင်းဝန်း၍ ထိန်းသိမ်း စောင့်ရှောက်ကြရာဝယ် ဤကျမ်းငယ်က တတပ်တအား ပါဝင်၍ တာဝန် ထမ်းဆောင်နိုင်ပါမူကား ဤသုတေသန စာတမ်းကို အပင်ပန်းခံ၍ ပြုစုရကျိုး နပ်လှပေပြီဟု လေးနက်စွာ ယုံကြည်ခံယူလျက် ရှိပါသတည်း။

## ၂။ ပြဿနာရပ်ကို ကြုံဆခြင်း

ရှေးရိုးစဉ်လာ မြန်မာယဉ်ကျေးမှု အနုပညာရပ်များအနက် ပဋိမာသိပ္ပံပညာရပ်သည် အထူးဝိသေသအားဖြင့် အကြောင်းအမျိုးမျိုးကြောင့် တိမ်ကောပပျောက်လုမတတ် ရှိနေပြီဖြစ်ကြောင်း တွေးကြုံမိပေသည်။ ဤပြဿနာရပ်ကို လေ့လာ သုံးသပ်ကြည့်မိသောအခါ ယင်းပဋိမာသိပ္ပံ ပညာရပ်နှင့် စပ်လျဉ်း၍ မြန်မာပြည်တွင် မြန်မာဘာသာဖြင့် ရေးသား ပြုစုထားသော စာအုပ်ကျမ်းဂန်ဟူ၍ ပြည့်စုံလုံလောက်စွာ မရှိသေးကြောင်းနှင့် ယင်းပဋိမာသိပ္ပံ ပညာရပ်တွင် ဝါရင့်မြောက် ကျွမ်းကျင်နားလည်သူ ပညာရှင် ပုဂ္ဂိုလ်များလည်း ယခုအခါ မရှိသလောက် ရှားပါးနေပြီဖြစ်ကြောင်း စသော ပြဿနာရပ်များကို တွေ့ရှိလာရပေသည်။

ထိုပြဿနာရပ်များကို စိစစ်ဝေဘန် သုံးသပ်ကြည့်သောအခါတွင် အောက်ပါအချက်များကို ဆက်စပ်တွေ့ရှိလာရပေသည်။ ယခုအခါ မြန်မာယဉ်ကျေးမှု အနုပညာရပ်များကို လေ့လာလိုက်စားသူ အလွန်နည်းပါး လာသည်ကိုလည်းကောင်း၊ ထိုလေ့လာ လိုက်စားသူများအနက် ရုပ်လုံး ရုပ်ကြွ ရုပ်ထွင်း စသော ပဋိမာသိပ္ပံပညာရပ် တခုကို နက်နဲထိရောက်စွာ လေ့လာလိုက်စားတတ်သိ နားလည်သူမှာ အလွန့်အလွန်ပင် နည်းပါးလှသည်ကိုလည်းကောင်း တွေ့ရှိရပေသည်။

အကြောင်းမူကား – မြန်မာနိုင်ငံတွင် ယဉ်ကျေးမှု အနုပညာ ပြတိုက်များ ပြေပလောက်အောင် မရှိသေးခြင်းကြောင့် ထိုရှေးဟောင်း အနုပညာ လက်ရာများ၏ တန်ဘိုးကို လုပ်သားပြည်သူများက မသိရှိနားမလည် စိတ်ပါဝင်စားမှု နည်းပါးခြင်းကြောင့် တကြောင်း၊ ထိုရုပ်လုံး ရုပ်ကြွဆေးရေးပန်းချီ များ၏ အဓိပ္ပါယ် အနက်သဘောသဘာဝ တရားများကို ရှင်းလင်းသင်ကြား ပို့ချပေးမည့် သင်တန်းများ, ကျောင်းများ, တက္ကသိုလ်များဟူ၍ မြန်မာနိုင်ငံတော်တွင် ယခုအချိန်ထိ မရှိသေးခြင်းကြောင့်တကြောင်း တို့ကြောင့် ဖြစ်လေသည်။

ဤပဋိမာသိပ္ပံပညာကို စိတ်ပါဝင်စား၍ လေ့လာ သင်ယူလိုပါသော်လည်း ဤဘာသာရပ်ဆိုင်ရာ စာအုပ်စာတမ်းများမှာ နိုင်ငံခြား ဘာသာစကားများဖြင့်သာ ရေးသားပုံနှိပ်ထားရကား ဘာသာစကား မကျွမ်းကျင် မှုကလည်း ဟန့်တားလျက် ရှိနေပြန်ပေသည်။ ထို့ကြောင့် မြန်မာဘာသာဖြင့် ရေးသားပုံနှိပ်ထားသော ပဋိမာသိပ္ပံပညာဆိုင်ရာ စာအုပ်စာတမ်းများ မရှိခြင်းသည်ပင်လျှင် လည်း ဤယဉ်ကျေးမှု အနုပညာရပ် မထွန်းကားရခြင်း၏ ပြဿနာ ပင်ရင်းရေသောက်မြစ်ကြီး ဖြစ်နေလေတော့သည်။

## ၃။ အနုမာနခန့်မှန်းယူဆချက်

ထိုကဲ့သို့ ပြဿနာရပ်များကို ကြံဆပြီးနောက် ပဋိမာသိပ္ပံပညာရပ်ဆိုင်ရာ အကြောင်းအရာများကို ထိုထို ကျမ်းဂန်စာပေများမှ ရှာဖွေစုဆောင်းကာ မြန်မာဘာသာဖြင့် ကျမ်းတစောင်တဖွဲ့ ရေးသားပြုစု တင်ပြရပါမူကား၊ ယင်းပြဿနာရပ်များကို ဖြေရှင်းရာ၌ အထောက်အကူ ဖြစ်ပေလိမ့်မည်ဟု အနုမာနအားဖြင့် ခန့်မှန်းယူဆမိခဲ့လေသည်။

မြန်မာနိုင်ငံတော်သည် ပထဝီအနေအထားအားဖြင့် အိန္ဒိယ, ဘင်္ဂလားဒေ့ရှ်, နီပေါလ်, တိဗက်, တရုတ်, လောဝ်, ထိုင်း, ကမ္ဗောဒီးယား, သီဟိုဠ်, မလေး, အင်ဒိုနီရှား, ဂျပန် စသော တိုင်းပြည်နိုင်ငံများဖြင့် ဝန်းပတ်ခြံရံလျက်ရှိသည်ကို တွေ့ရှိရပေသည်။ သို့ဖြစ်ရကား မြန်မာ့ယဉ်ကျေးမှုကို လေ့လာလိုက်စားရာ၌ အထက်ပါ အိမ်နီးနားချင်း တိုင်းပြည်နိုင်ငံများ၏ ယဉ်ကျေးမှုများကိုလည်း အခြေခံအားဖြင့် လေ့လာသုံးသပ်၍ ယင်းပတ်ဝန်းကျင် ယဉ်ကျေးမှုများသည် မြန်မာ့ရိုးရာပဋိမာသိပ္ပံပညာရပ် နယ်ပယ်တွင် မည်ရွေ့မည်မျှ ရောင်ပြန်ဟပ်လျက်ရှိသည်ကို မျက်ခြည်မပြတ် လေ့လာအကဲခတ်ရန် မုချလိုအပ်လှပေသည်။ ထို့ကြောင့် သက္ကတဘာသာ, ပါဠိဘာသာ, ဟိန္ဒူဘာသာ, တိဗက်ဘာသာ, တရုတ်, ဂျပန်, လောဝ်ဘာသာ ကမ္ဗောဒီးယား, သီဟိုဠ်စသော ဘာသာစကားများဖြင့်၎င်း, အင်္ဂလိပ်, ဂျာမန်, ပြင်သစ် စသော ဥရောပဘာသာစကားများဖြင့်၎င်း ရေးသားပုံနှိပ်ထားအပ်သော ပဋိမာသိပ္ပံ

ဆိုင်ရာ စာအုပ်စာတမ်းများကို စုဆောင်းလေ့လာ၍ စိစစ်ဝေဖန်ပြီးလျှင် အနှစ်သာရတို့ကို ထုတ်ယူရန် သင့်လျော်မည်ဟု ခန့်မှန်းယူဆမိခဲ့ပေသည်။

အထူးသဖြင့် မြန်မာပြည်၌ ယုံကြည်ကိုးကွယ်ခဲ့ကြသော ဟိန္ဒူ၊ဗြာဟ္မဏဝါဒ မဟာယာနနှင့် တန္တရာယာန ဗုဒ္ဓဘာသာဝါဒများ, ထေရဝါဒ ဗုဒ္ဓသာသနာတော် စသည်တို့၏ ပင်ရင်းဒေသဖြစ်ခဲ့ဘူးသော နီပေါလ်နှင့် အိန္ဒိယနိုင်ငံများရှိ ပဋိမာသိပ္ပံယဉ်ကျေးမှုတို့ကို အရင်းခံအခြေပြု၍ လေ့လာရမည်ဖြစ်ပေသည်။ ပင်ရင်းမူလမှစ၍ စိစစ်လေ့လာ သုတေသနပြုပါမှသာ ယထာဘူတကျကျ မှုမှန်သဘောမှန်ကို သိရှိနားလည်နိုင်မည် ဖြစ်ပေသည်။

ဤသို့လျှင်ပတ်ဝန်းကျင်နိုင်ငံများမှ ပဋိမာသိပ္ပံပညာရပ်ဆိုင်ရာ အချက်အလက်များနှင့် ထင်ဟပ်ညှိနှိုင်း၍ မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာရပ်ကို စိစစ်ဖော်ထုတ် တင်ပြရပါမူကား အမှန်တရားနှင့် အနီးစပ်ဆုံးဖြစ်ပြီး သာယာဝပြောသော မြန်မာ့ဆိုရှယ်လစ် လူ့ဘောင်သစ်ကြီးကို တည်ဆောက်ရာတွင် တတပ်တအား ပါဝင်ကူညီနိုင်လိမ့်မည်ဟု အနုမာနအားဖြင့် ခန့်မှန်းယူဆချက်များကို ထားရှိအပ်ပါသည်။

၄။ ခေါင်းစဉ်နယ်နိမိတ်သတ်မှတ်ခြင်း

ဤသုတေသနစာတမ်းကို မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာ အကဲဖြတ်စာတမ်းဟူ၍အမည်ပေးထားအပ်ပေသည်။

ဤခေါင်းစဉ်ဖြင့် လေ့လာရေးသား ပြုစုရမည့် သုတေသနလုပ်ငန်း၏ နယ်နိမိတ်ကို သတ်မှတ်ထားရခြင်း ဖြစ်ပါသည်။

မနုဿလောကတွင် သာယာဝပြောလှစွာသော ဆိုရှယ်လစ်လူ့ဘောင်သစ်ကို တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိကြသည့် ယခုခေတ်အခါသမယ နှစ်ဆယ်ရာစုနှစ်များတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်သည်လည်း အပါအဝင်ဖြစ်နေရကား မြန်မာ ဟူသော ဝေါဟာရဖြင့် ဒေသနယ်ပယ်ကို အသီးအခြားပြု၍ထားလိုက်ရခြင်းဖြစ်ပါသည်။ ဤစကားရပ်ဖြင့် မြောက်ဘက်ကိုလားသော် တရုတ် မြန်မာနယ်စပ်, တောင်ဘက်သို့လားသော် ဝိတိုရိယအငူနယ်စပ်ဒေသ, အနောက်ဘက်သို့လားသော် ဘင်္ဂလားဒေ့ရှ်, အိန္ဒိယပြည်နှင့် မြန်မာနယ်စပ်ဒေသ, အရှေ့ဘက်သို့လားသော် ယိုးဒယား, လာဝ်, တရုတ်, မြန်မာနယ်စပ် ဒေသတည်း ဟူသော အလားလေးရပ်ဘောင်အတွင်းရှိ စတုရန်းမိုင်ပေါင်း (၂၆၁၆၁၀) မျှရှိ၍ အရှေ့လောင်ဂျီတွဒ် ၉၂-ဒီဂရီမှ ၁၀၂-ဒီဂရီ အတွင်း၌ရင်း မြောက်လတ္တီတွဒ် ၁၀-ဒီဂရီမှ ၂၈-ဒီဂရီ အတွင်း၌ရင်း, ပထဝီမြေပြင် အနေအထားအရ ခန့်ညားထယ်ဝါ တင့်တယ်စွာ ရပ်တည်လျက်ရှိပါသော မြန်မာနိုင်ငံတော်တခုလုံးနှင့် သက်ဆိုင်သမျှ လေ့လာသုံးသပ်မှုဟူသမျှကို ဖော်ပြအပ်သည်မည်ပေ၏။

---

DEFINITION OF THE TITLE

A CRITICAL EVALUATION OF BURMESE ICONOGRAPHY(Research Methodology) 261610 square miles, 92· to 102· East Longitude and 10· to 28· North Latitude...LATEST MAP OF BURMA. Peoples Literature Committees House.

ထိုကြောင့် ပြည်ထောင်စုဘွား မြန်မာတိုင်းရင်းသားများ အားလုံး၏ ယဉ်ကျေးမှုအဝဝကိုလည်း သင့်လျော်သလို လက်ခံလေ့လာ သုံးသပ်မည်ဖြစ်ပါသည်။

ရိုးရာ ဟူသော ဝေါဟာရဖြင့် ရှေးခေတ်သမယ သမိုင်းဦးကာလမှစ၍ ယနေ့တိုင်အောင် စဉ်ဆက်မပြတ် လက်ခံကျင့်သုံးလာခဲ့သော ဓလေ့ ထုံးစံကိုးကွယ်မှု ယဉ်ကျေးမှု အနွယ်တလျှောက်လုံးကို လေ့လာသုံးသပ်နိုင်ပါရန် နယ်နိမိတ်သတ်မှတ်ထားရခြင်း ဖြစ်ပါသည်။ စင်စစ် ရိုးရာ ဟူသော စကားရပ်သည် ကာလအပိုင်းအခြားကို နယ်နိမိတ်သတ်မှတ်ပြခြင်း ဖြစ်ပါသည်။

ပဋိမာသိပ္ပံပညာ ဟူသောဝေါဟာရဖြင့် မြန်မာပြည်တွင် ထွန်းကားစည်ပင်လျက်ရှိကြသော ဝိဇ္ဇာသိပ္ပံ အတတ်ပညာအမျိုးမျိုး ယဉ်ကျေးမှုအရပ်ရပ်အနက်မှ ရုပ်တုရုပ်လုံး ရုပ်ခုံး ရုပ်ကြွ ရုပ်ပွါး ဆင်းတုဆေးရေးပန်းချီများဆိုင်ရာအနက်အဓိပ္ပါယ် အနှစ်သာရကိုပင်ထုတ်နုတ်ဝေဘန်၍ အမှန်တရားကို တင်ပြနိုင်သော သိပ္ပံအတတ်ပညာရပ်တခုကိုသာ နယ်နိမိတ်သီးခြား၍ စည်းတားလိုက်ခြင်းဖြစ်ပါသည်။

* ပဋိမာသိပ္ပံ ဟူသော ဝေါဟာရသည် ဘာသာရပ်ကို နယ်နိမိတ်သတ်မှတ်ပြခြင်း ဖြစ်ပါသည်။

ဤသို့လျှင် မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာရပ်၏ အတိမ်အနက် အကျယ်အပြန့် သဘောသဘာဝ အတွင်းသရုပ် အပြင်သဏ္ဍာန် စသည်တို့ကို လေ့လာသုံးသပ် အကဲဖြတ်အပ်သော သုတေသနအစီရင်ခံစာမျိုးဖြစ်ရကား ဤစာတမ်းကို မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာ အကဲဖြတ် သုတေသနစာတမ်း ဟူ၍ အမည်ပညတ်အားဖြင့် ခေါင်းစဉ်တပ်လိုက်ရပါသည်။

## ၅။ အချက်အလက် အထောက်အထားများကို ရှာဖွေစုဆောင်းခြင်း အစီအစဉ်များ

### (က) ပြည်တွင်းသုတေသန ကွင်းဆင်းလေ့လာခြင်း

အထက်ပါအတိုင်း လိုအပ်ချက်နှင့် ပြဿနာရပ်တို့၏ ဘာသာရပ်နယ်ပယ်ကိုရင်း၊ ခေါင်းစဉ်ဘာသာရပ်ကိုရင်း သတ်မှတ်ရွေးချယ်ပြီးနောက် ပဋိမာသိပ္ပံဆိုင်ရာ အထွေထွေအရပ်ရပ် သိမှတ်ဖွယ်ရာ

---

* Iconography.

ပဋိမာ ဟူသော ဝေါဟာရကို ရုပ်ပွါးစေတီတော်ဟောင်း ပြင်ဆင်မှု အဆုံးအဖြတ်ကျမ်းကို ပြုစုတော်မူကြသော ဆရာတော်ဘုရားကြီးများကလည်း အသုံးပြုခဲ့ကြပါသည်။ (ပုညာဏဇိရဏစေတိယ ပဋိမာဒိ သုန္ဒရ ပဋိသင်္ခရဏ ဝိတ္ထာရဝိနိစ္ဆယဒီပနီ) ဟူ၍ ပါဠိဘာသာဖြင့် အမည်ဘွဲ့တော်မူခဲ့ကြပါသည်။ ဤတွင်ပဋိမာ သည် မြန်မာပညာရှိများ နယ်ပယ်ဘွင် ထူးဆန်းသစ်လွင်သော တီထွင်ဝေါဟာရ မဟုတ်ကြောင်းကို သိသာနိုင်ပါသည်။ ယင်းကျမ်းကို ရန်ကုန်မြို့ ဟံသာဝတီပုံနှိပ်တိုက်တွင် ၁၉၇၄-ခုနှစ်တွင် ပုံနှိပ်ခဲ့ပါသည်။

ACCUMULATION OF DATA
**Local Survey**

တို့ကို အကြမ်းဖျင်း သိရှိနိုင်ရေးအတွက် ကွင်းဆင်းလေ့လာခဲ့ပါသည်။ မိမိကိုယ်တိုင် ကွင်းဆင်းလေ့လာခဲ့သော ပြည်တွင်းဒေသ ရုပ်ရှာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁၉၆၂-ခုနှစ်မှ ၁၉၇၂-ခုနှစ်ထိ ဆယ်နှစ်တာအတွင်း—

(၁) ရန်ကုန်မြို့ ကမ္ဘာအေးကုန်မြေ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပြတိုက်တွင် ခင်းကျင်းပြသထားသော ရုပ်ပွါးဆင်တုများ, ရုပ်လုံးရုပ်ကြွများ, ဆေးရေးပန်းချီများမှ မြန်မာပြည်ဆိုင်ရာ အခန်းကဏ္ဍကို ဦးစားပေး၍ လေ့လာမှတ်သားခဲ့ပါသည်။

(၂) ရန်ကုန်မြို့ အမျိုးသားပြတိုက်တွင် ခင်းကျင်းပြသထားသော ရုပ်လုံးရုပ်ကြွများကို လေ့လာမှတ်သားခဲ့ပါသည်။

(၃) ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်တိုက် ပြခန်းတွင်းမှ ရုပ်ကြွရုပ်ပွါး ဆင်းတုတော်များကိုရင်း, စေတီတော် ရင်ပြင်တွင်ရှိသော အထွေထွေ ရုပ်ပွါးဆင်းတုများကိုရင်း လေ့လာကြည့်ရှု မှတ်သားခဲ့ပါသည်။

(၄) ရန်ကုန်မြို့ မြောက်ဥက္ကလာပဒေသ မယ်လမုစေတီတော်ဝင်းအတွင်းရှိ ရုပ်ပွါးဆင်းတုတော်များကို လေ့လာကြည့်ရှု မှတ်သားခဲ့ပါသည်။

(၅) ပဲခူးမြို့ပေါ်ရှိ ရွှေသာလျောင်း, မဟာစေတီ, ရွှေမော်ဓောစေတီတော်များရှိ ရုပ်လုံး ရုပ်ကြွ ရုပ်ပွါး ဆင်းတု ဆေးရေးပန်းချီကားချပ်များကို လေ့လာမှတ်သားခဲ့ပါသည်။ (၁၉၇၂-ခုနှစ်)။

(၆) ပုဂံ ညောင်ဦးဒေသများရှိ စေတီပုထိုးတော်များအတွင်းမှ ရုပ်ပွါးဆင်းတုများကို (၁၉၅၉-ခုနှစ်က ပုဂံ ရက်သတ္တပတ်များ သုတေသနလေ့လာရေး အစီအစဉ်အားဖြင့် သွားရောက်၍) လေ့လာ ကြည့်ရှုမှတ်သားခဲ့ပါသည်။ (၁၉၅၉ – ၆၂-ခုနှစ်)။

(၇) စစ်ကိုင်းတောင်ပေါ်ရှိ စေတီပုထိုး ကျောင်းကန်များအတွင်းမှ ရုပ်ပွါးဆင်းတုတော်များကို လေ့လာမှတ်သားခဲ့ပါသည်။ (၁၉၆၂-ခုနှစ်)။

(၈) မန္တလေးမြို့နှင့် အမရပူရမြို့များရှိ စေတီပုထိုးများကို လိုက်လံကြည့်ရှု၍ ပဋိမာသိပ္ပံဆိုင်ရာ အထွေထွေ ဗဟုသုတများကို လေ့လာမှတ်သားခဲ့ပါသည်။ (၁၉၆၂–၆၅ခုနှစ်)။

(၉) ရှမ်းပြည်တောင်ပိုင်း ညောင်ရွှေမြို့နယ် ( ဘောင်ကြီးခရိုင်အတွင်း )ရှိ စေတီပုထိုးများ ကျောင်းကန်ဘုရားများမှ ရုပ်ပွါးဆင်းတုတော်များကို ၁၉၅၀-ခုနှစ်မှ ၁၉၅၇-ခုနှစ် အထိ မကြာခဏ သွားရောက်လေ့လာ မှတ်သားခဲ့ပါသည်။

(၁၀) ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲခရိုင် လားရှိုးဘိုင်း ခရိုင်များအတွင်းရှိ စေတီပုထိုးများမှ ရုပ်ပွါး ဆင်းတုတော်များကို လက်သုမ်းမှီသမျှ သွားရောက် လေ့လာခဲ့ပါသည်။ (၁၉၆၂–၁၉၇၀-ခုနှစ်)။

ဗုဒ္ဓရုပ်ပွါးဆင်းတုများကို မကုန်နိုင် မခမ်းနိုင် တွေ့ရှိနေရပေသည်။ ထို့ကြောင့် ဘင်္ဂလား၊ ဗီဟာရ်၊ အာသာမ်နယ်များမှ တွေ့ရသော ဗုဒ္ဓရုပ်ပွါးများမှာ တန္တရယာနဗုဒ္ဓသာသနာဝင် ပစ္စည်းများဖြစ်ကြောင်း ခိုင်လုံစွာ သိရှိရလေသည်။

မြန်မာနိုင်ငံတော်ကဲ့သို့ပင် နီပေါလ်ပြည်သည်လည်း ဗုဒ္ဓရုပ်ပွါးဆင်းတုများအကြောင်းကို လေ့လာရန် အကောင်းဆုံးဒေသဖြစ်နေပေသည်။ ပဋ္ဌာန်နယ်ရှိဗုဒ္ဓသာသနာ ကျောင်းကန်များတွင် ရုပ်ပွါးဆင်းတု မြောက်မြားစွာ ရှိနေပေသည်။ပြတိုက်ငယ်များသဖွယ် တည်ရှိနေပေသည်။ ဗုဒ္ဓနာထပုထိုးတော်အတွင်း၌ ပင်လျှင် ဆင်းတုရုပ်ပွါးပေါင်း တရာ့ရှစ်ဆူခန့် သပ်ယပ်ခန့်ညားစွာ ရှိနေကြပေသည်။ ထို့ပြင် ပဒုမသမ္ဘဝ ဆရာတော်၏ ရုပ်ပွါးတော်များမှာ တိဗက်ဟန်ဆန်ဆန် ဝတ်စားဆင်ယင်မှုများဖြင့် တန်းဆာဆင်လျက် ထားရှိအပ်ပေသည်။ ယင်းရုပ်ပွါးများအနက် (၄၇)ဆူမှာ တိဗက်အယူဝါဒအရ (ယဗ်ယုမ်) ဗို-မတွဲ သဏ္ဌာန်ဖြင့် ရပ်တည်နေကြသည်ကို စိတ်ဝင်စားဘွယ်ရာ လေ့လာတွေ့ရှိရပေသည်။ ထိုမှတပါး တိဗက် သာသနာပိုင်ကြီးများဖြစ်ကြသော မီလရေးပါးဆရာတော်၊ မာပါးဆရာတော်၊ ပဒုမသမ္ဘဝဆရာတော်၊ နရောပဆရာတော်စသော ပုဂ္ဂိုလ်ကြီးဆယ်ပါးတို့၏ သိဒ္ဓရုပ်ပွါးတော်များကိုလည်း ဖူးမြင်တွေ့ရှိနိုင်ပေသည်။

အိန္ဒိယပြည် ဟန်ပန်အားဖြင့်လည်း ရှဋက်ရှရိလောကေသွာရ * ၏ပုံ၊ ဟေရုက ယမာန္တကစသော ဝဇီရယာနဂိုဏ်းဝင် ရုပ်ပွါးဆင်းတုများကိုလည်း တွေ့ရှိရပေသေးသည်။ ရုပ်ပွါးဆင်းတုကိုးကွယ်မှုနှင့် ပတ်သက်၍ ဘင်္ဂလားဒေသသည် အကောင်းဆုံးထွန်းကားရာဒေသ ဖြစ်လေသည်။ ဒုတိယအထွန်းကားဆုံးဒေသမှာ နီပေါလ်ပြည်ဖြစ်သည်။ တိဗက်နှင့် တရုပ်တို့မှာ နောက်လိုက်ထွန်းကားသော ဒေသများဖြစ်ကြသည်။ ထို့ကြောင့် ဘင်္ဂလားဒေသမှလွဲလျှင် နီပေါလ်ပြည်မှ ရုပ်ပွါးဆင်းတုများကို လေ့လာသင့်ပေသည်။

နီပေါလ်ပြည် ဆင်ဘူအရပ်တွင်ရှိသော ပုထိုးတော်ကြီး၏ ပတ်ပတ်လည်၌ သိုမှီး သိမ်းဆည်းထားအပ်သော ဗုဒ္ဓရုပ်ပွါးဆင်းတုတော်များကို မရေမတွက်နိုင်အောင်ပင် တွေ့ရှိခဲ့ရပေသည်။ မစ္ဆန္ဒာဝဖလ်ခေါ်နာထယောဂီ ပုဂ္ဂိုလ်ကြီးဖြစ်သူ မစ္ဆိန္ဒြနာထ၏ *ကျောင်းတော်အတွင်းမှာပင် အဝလောကိတေသွာရ ဗုဒ္ဓရုပ်ပုံတော် (၁၀၈)ခုကို ဆေးရောင်စုံချယ်လှယ်ထားလျက်ပင် တွေ့ရှိခဲ့ရပေသည်။ အိန္ဒိယပြည်တွင်မတွေ့ ရှိနိုင်သောနတ်ဒေဝါဒေဝီတို့၏ရုပ်ပွါးဆင်းတု ဆေးရေးပန်းချီကားချပ်များကို ဤနီပေါလ်ပြည်၌ ကြွယ်ဝစွာရှိသည်ကို တွေ့ရှိရပေသည်။ စေတီပုထိုးမုခ်ပေါက်ကလေးများ လိုဏ်ငယ်ကလေးများတွင် ဗုဒ္ဓရုပ်ပွါးတော်များ၊ သာသနာရေးဆိုင်ရာ နတ်ပြဟ္မာများ၊ ဒေဝါဒေဝီ ရှင်ဘုရင် ရဟန်း ပုဏ္ဏားစသည်တို့၏ ရုပ်ပွါးဆင်းတုများကို တည်ထားကိုးကွယ်လေ့ရှိသော နီပေါလ်ပြည်သည်ကား တန္တရယာနဆန်ဆန်

---

Dharmapūjā and Manjughosa pūjā
Milaraspa, Mar-pa, Padmasambhava, Naropa
Shaḍakshari Lokesvāra, Vāk, Heruka, Yamāntaka
Matsyendranātha's Macchendar Vabal
Simbhu at Nipal

ဗုဒ္ဓရုပ်ပွါးဆင်းတုပညာလေ့လာ သုသေသနပြုရန် အကောင်းဆုံးဒေသ ဖြစ်နေပေသည်။ ကတ္တမန္ဒူမြို့ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များထဲတွင်ပင်လျှင် ရုပ်ပွါးတော်ငါးရာကျော်မျှ ရှိနေပေသည်။

ဤသို့လျှင်ဗုဒ္ဓရုပ်ပွါးဆင်းတုများသမိုင်းနှင့်အကြောင်းအရာအနက်အဓိပ္ပါယ်သက်ရောက်ပုံများကို သုတေသနပြုစုလေ့လာရာတွင်ရုပ်ပွါး ရုပ်လုံး ရုပ်တု ဆင်းတု ကြေးသွန်းပုံလောင်းဆေးရေးပန်းချီများနှင့် တကွပုံစံငယ်ယမင်းရုပ်ကလေးများအပါအဝင် ၎င်းတို့နှင့် သက်ဆိုင်စပ်လျဉ်းသမျှသော ကျမ်းဂန်စာပေ စာတမ်း စာစောင် မှတ်စုမှတ်ရာများကို လေ့လာစိစစ်ဝေဘန်တတ်ကြရပေသည်။

အဆိုပါ သုတေသနပြုဘွယ်ရာ ဝတ္ထုပစ္စည်းများမှာလည်း တန္တရာယာန ဗုဒ္ဓသာသနာဂိုဏ်းတွင် အများဆုံး တွေ့ရှိရပေသည်။ အထူးအားဖြင့် ဝဇီရာယာနဂိုဏ်းဟု ထင်ရှား ကျော်ကြားသော ဗုဒ္ဓ-သာသနာဂိုဏ်း၏ လက်ရာ အမွေအနှစ်များကို မြောက်မြားစွာ တွေ့ရှိနေရပေသည်။

မြန်မာနိုင်ငံတော်သည် အထက်ဖော်ပြပါ ရုပ်ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှု ပတ်ဝန်းကျင်တို့ဖြင့် အညမည ကူးလူး ဆက်ဆံကာ ရုပ်တည်လျက်ရှိရကား မြန်မာ့ ရုပ်ပွါးဆင်းတုများကို လေ့လာ ဝေဘန် စိစစ်ကြရာ၌ အထက်ဖော်ပြပါ ကျောထောက် နောက်ခံ သမိုင်းကြောင်းများကိုလည်း အလေး ဂရုပြုကြရမည်ဖြစ်ပေသည်။ သို့မှသာလျှင် မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် သီးခြား ထွက်ပေါ်ရပ်တည် လျက်ရှိပါသော မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာရပ်ကို ထက်ဝန်းကျင်အားဖြင့် ပြည့်စုံလုံလောက်စွာ နားလည်သဘောပေါက်နိုင်မည် ဖြစ်ပါသတည်း။

# မြန်မာ့ရိုးရာ ပဋိမာ
# ရုပ်ပွါးဆင်းတုတော်များဆိုင်ရာ ဝေါဟာရများ

ပဋိမာသိပ္ပံခေါ် ရုပ်ပွါးဆင်းတုတော်များ လေ့လာရေးပညာရပ်တွင် အသုံးပြုလေ့ရှိသော လုပ်ငန်းပိုင်းဆိုင်ရာ ဝေါဟာရပညတ်များရှိလေသည်။ ထိုဝေါဟာရများကို အခြေခံအားဖြင့် နားလည်သိရှိထားပါမှ ရုပ်ပွါးဆင်းတု ရုပ်လုံး ရုပ်ကြွ ဆေးရေးပန်းချီ စသည်တို့တွင် ကိန်းဝပ်လျက်ရှိသော အနက်အဓိပ္ပါယ် သဘောသဘာဝ တရားများကို ဟုတ်တိုင်း မှန်စွာ နားလည်ဖော်ထုတ်နိုင်မည် ဖြစ်ပါသည်။

များသောအားဖြင့် အရှေ့တိုင်း ယဉ်ကျေးမှုလယ်မြေမှ ပေါက်ဖွားကြီးပြင်းလာရသော ပဋိမာသိပ္ပံပညာသည် မနုဿလူသားတို့နှင့် အနီးကပ်ဆုံး ဥပနိဿယအဖြစ်ဆုံးနှင့် လူသားများအတွက် ခေတ်သတ္တိအားဖြင့်* အကျိုးကျေးဇူးအပြုဆုံး ဖြစ်ရကား ရုပ်လုံး ရုပ်တုတို့သည် လူတို့၏ ပုံသဏ္ဌာန်ကို အများဆုံးဆောင်လျက်ရှိသည်ကို တွေ့ရပေသည်။ ကိုယ်လက်အင်္ဂါတို့တွင် လူနှင့် မတူအောင် ကွဲပြားခြားနားစေရန်အတွက် လက်များ, ဦးခေါင်းများ, မျက်စိများ, ပိုမိုများပြားစွာ တပ်ဆင်ထားခြင်း, တောင်ပံများတပ်၍ ကောင်းကင်၌ ပျံသန်းစေခြင်းများကို အထူးဝိသေသအားဖြင့် ထုလုပ်တတ်ကြပေသည်။ သို့သော် ဝတ်စားတန်ဆာ အဆောင်အယောင် လက်နက်ကိရိယာမှစ၍ ဆင်ယင်ထုံးဖွဲ့မှုများမှာ လူသားတို့၏ ဝတ္ထုပစ္စည်း အသုံးအဆောင်များပင် ဖြစ်နေကြသည်ကို တွေ့ရှိရပေသည်။

သို့ဖြစ်ရကား ရုပ်ပွါးဆင်းတုများတွင် ဆင်ယင်မွမ်းမံထားသော အသုံးအဆောင် ဝတ္ထုပစ္စည်းများကို လေ့လာခြင်းအားဖြင့် ထိုခေတ် ထိုအခါတွင် ထိုတိုင်းပြည် ရပ်ရွာဒေသ၌ နေထိုင်ကြကုန်သော လူမျိုးတို့၏ ယဉ်ကျေးမှု သမိုင်းဓလေ့ထုံးစံ လူမှုရေးရာ အဖြာဖြာတို့နှင့်တကွ အဘိဓမ္မာ တွေးခေါ်မှုတည်းဟူသော ဘဝရှေ့ဆောင် မီးရှူးရောင် လမ်းညွှန်သဘောတရားများကို မှန်းဆကောက်ယူနိုင်ပေသည်။ ဤသည်ကား ပဋိမာသိပ္ပံပညာရပ်၏ အနှစ်သာရပင် ဖြစ်ပေသည်။

သက်ရှိပုဂ္ဂိုလ် သတ္တဝါတို့သည် မိမိတို့၏ ခံယူယုံကြည်ထားအပ်သော သဘောတရား ဘဝခံစားမှု အတွေ့အကြုံတို့ကို အခြားပုဂ္ဂိုလ်သတ္တဝါတို့အား သိရှိနားလည်စေလိုသော ဆန္ဒပေါ် ပေါက်လာတတ်ကြသည်။ ထိုအခါ ကာယဝိညတ်တည်း ဟူသော လက်ခြေအင်္ဂါ လျှာ,မျက်စိ,ဦးခေါင်း, ရင်, ခါး စသော ကိုယ်လက်အင်္ဂါတို့၏ ဟန်ပန် အမူအရာများဖြင့်၎င်း,ဝစီဝိညတ်တည်းဟူသော စကား ပြောဆိုဟောပြောခြင်းဖြင့်၎င်း အသုံးပြုကာ ဆက်ဆံတတ်ကြသည်။ ပဋိမာသိပ္ပံပညာရပ်တွင် ရုပ်ပွါးဆင်းတုများမှာ သက်မဲ့ရုပ်ဝတ္ထုများဖြစ်ရကား ၎င်းတို့မှတဆင့် သိရှိနားလည်စေလိုသော သဘောတရားများကို ကာယ-

---

ICONOGRAPHIC TERMINOLOGY
The Development of Hindu Iconography, by Jitendra Nath Benerjea, ch. VII., p.246 ff.

* ဒေသာနုရူပဘူသနဝေသာလင်္ကာရမုတ္တီဘိ ကာရယာ၊

ဝိညတ္တိတည်းဟူသော ဟန်ပန်အမူအရာ အသွင်အပြင် လက္ခဏာ နိမိတ်များဖြင့်သာ ပြသ ဆက်ဆံရပေသည်။ ဤသည်ပင်လျှင် ပဋိမာသိပ္ပံပညာရပ်၏ နက်နဲသော အနုပညာဓာတ်သဘာဝတခု ဖြစ်လေရပေသည်။

ထိုနက်နဲခက်ခဲသော ပညာရပ်ကို သုတေသနပြုကြရာ၌ အသုံးပြုခဲ့ကြသည့် ဝေါဟာရပညတ်များမှာ မူလအစ ပထမတွင် သက္ကတဘာသာဖြင့် ရှိခဲ့လေသည်။ သို့ဖြစ်ရကား တိဗက်၊ နီပေါလ်၊ အာရှအလယ်ပိုင်းဒေသများ၊ ကိုရီးယား၊ တရုပ်၊ ဂျပန် စသော တိုင်းပြည်နိုင်ငံများ၌ မိမိတို့ဘာသာစကားအသီးသီးဖြင့် ရေးသားလေ့လာကြပါသော်လည်း ကျမ်းရင်းဇစ်မြစ်ကို ကိုးကား ညွှန်းထားကြသောအခါ သက္ကတဘာသာ ဝေါဟာရဖြင့်သာ လက်ကိုင်ပြုမြဲ သုံးစွဲလေ့ရှိကြလေသည်။

မြန်မာပြည်ဘွား တိုင်းရင်းသားသုတေသီများအတွက်မှာမူ များသောအားဖြင့် ပါဠိဘာသာကို သက္ကတဘာသာထက် ပိုမိုအလေးပေး ဂရုပြုလျက် ရှိကြရကား ပါဠိဘာသာဖြင့် ရေးသားထားသော ကျမ်းဂန်များကို ပိုမိုလွယ်ကူစွာ လေ့လာဖတ်ရှု၍ နားလည်နိုင်ကြပေသည်။သက္ကတဘာသာ ဝေါဟာရများမှာလည်း ရွတ်ဆိုရာ၌ရင်း၊ ကျက်မှတ်ရာ၌ရင်း အတန်ပင် ခက်ခဲသည်ကို တွေ့ရှိရပေသည်။ သို့ဖြစ်၍ ဤကျမ်းတွင် မူရင်းသက္ကတဝေါဟာရများကို ပါဠိဘာသာဖြင့် ဖလှယ်၍ အသုံးပြုထားပါသည်။ အချို့ပါဠိဘာသာ၌ မရှိသေးသော ဝေါဟာရများကိုရင်း၊ သက္ကတဘာသာရင်းပင်ဖြစ်သော်လည်း ရွတ်ဆိုမှတ်သားရန် မခက်ခဲလှပါဟု ယူဆရသော မြန်မာတို့အတွက် နှုတ်ကျိုးနေပြီဖြစ်သော ဝေါဟာရများကိုရင်း မူရင်းသက္ကတပုဒ်ဖြင့်ပင် ဖော်ပြထားပါသည်။ အချို့သက္ကတပုဒ်များမှာ ပါဠိဘာသာ၌ အမြစ်တွယ်ကာ လူသိများနေပြီဖြစ်ရကား ထိုသက္ကတပုဒ်ပြောင်း ပါဠိဝေါဟာရများကိုလည်း ဤကျမ်း၌ တိုက်ရိုက်ပင် အသုံးပြုထားပါသည်။ မည်သို့ပင်ဖြစ်စေ ဝေါဟာရပုဒ်တခုစီ၏ အနက်အဓိပ္ပါယ် သဘောသဘာဝကို ဟုတ်တိုင်းမှန်စွာ သိရှိနားလည်ရန်သာ ပဓာနဖြစ်ပါသည်။ ဝေါဟာရအသံထွက် မှန်မမှန်ဟူသောကိစ္စမှာ သာမန်ပြဿနာမျှသာ ဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓသာသနာဆိုင်ရာ ရုပ်ပွါးဆင်းတုရုပ်လုံး ရုပ်ကြွ ဆေးရေးပန်းချီများ၏ ဟန်ပန်သွင်ပြင်စသည်များကို လေ့လာသုတေသန ပြုရာ၌ အောက်ပါအချက်အလက်တို့ကို အသေးစိတ် လေ့လာဆန်းစစ်ဝေဘန်ပြီးမှသာလျှင် ဆုံးဖြတ်ချက်နှင့်တန်ဘိုးရာဖြတ်ချက်များကို ပေးနိုင်ကြပေသည်။ ၎င်းတို့မှာ—

၁။ မုဒြာ သို့မဟုတ် ဟတ္ထခေါ် လက်ဟန်အမူအရာများ၊

၂။ ဌာနက သို့မဟုတ် ဘင်္ဂ ခေါ် ရပ်တည်ပုံကိုယ်ဟန် ခြေထားဟန်များ၊

၃။ အာသနခေါ် ထိုင်ပုံဟန်ပန်များနှင့် ပီဌအာသန-ထိုင်ခုံပလ္လင်များ၊

၄။ သယနခေါ် လဲလျောင်းပုံ ဟန်ပန်များ၊

---

Mudrā or Hasta
Sṭānaka or Bhaṅga
Āsana or Pīṭha
Sayana

၅။ နစ္စမုတ္တိခေါ် ကခုန်ပျံလွှား ပြေးသွားဟန် ပုံပန်းများ၊
၆။ ဘူသနခေါ် ဝတ်စားတန်းဆာ အဆင်အယင်များ၊
၇။ မောလိ သို့မဟုတ် ကေသဗန္ဓခေါ် ဆင်ယင်ဆုံးဖွဲ့မှုများ၊
၈။ ဓောတိ သို့မဟုတ် စီဝရခေါ် ဝတ်ရုံသင်္ကန်းစသည်များ၊
၉။ သိရစက္က သို့မဟုတ် ပဘာဝလီခေါ် ရောင်ပြန်တံကဲများ၊
၁၀။ အာဝုဓ–ပရိဘောဂ သို့မဟုတ် ပရိက္ခာရခေါ် လက်စွဲလက်ကိုင် အဆောင်အယောင်များ၊
၁၁။ ဝါဟန သို့မဟုတ် ယာနခေါ် စီးနင်းသောယာဉ်များ၊
၁၂။ အသုံးပြုထားသော ဝတ္ထုပစ္စည်းများနှင့် အတိုင်းအထွာ အလေးချိန်များ စသည်တို့ ဖြစ်ကြပါသည်။

## မုဒြာ သို့မဟုတ် ဟတ္ထခေါ် လက်ဟန်အမူရာများ

ပဋိမာသိပ္ပပညာရပ်တွင် ပထမဦးဆုံး အရေးပါ၍ ပဓာနကျလှသော မုဒြာနှင့် ဟတ္ထခေါ် လက်နေ လက်ထား ဟန်ပန်အမူအရာများအကြောင်းကို အခြေခံလမ်းညွှန်အဖြစ် တင်ပြလိုပေသည်။ ဘတ္တ သို့မဟုတ် သာဓက*ဟု ခေါ်ဆိုအပ်သည့် သာသနာတော်ကို သက်ဝင်ယုံကြည်သူတို့က မိမိတို့ ကြည်ညို စေတနာတရား ထက်သန်သည်နှင့်အမျှ ရုပ်ပွါးဆင်းတုတော်များတွင် လက်နေ လက်ထား ဟန်ပန်အမူအရာများကို အမျိုးမျိုးအဖုံဖုံ တီထွင်ကြံဆ၍ ပြုလုပ် ကိုးကွယ်ခဲ့ကြလေသည်။

## မုဒြာဟူသော ဝေါဟာရ

သက္ကတဘာသာအားဖြင့် မုဒြာ ပါဠိဘာသာအားဖြင့် မုဒ္ဒဟူသော ဝေါဟာရသည် ရုပ်ပွါးဆင်းတု ရုပ်လုံး ရုပ်ကြွ စသည်ဘို့ကို လေ့လာ သုတေသနပြုရာတွင် မသိလျှင် မဖြစ်သော အခြေခံအကျဆုံး ပဋိမာသိပ္ပပညာရပ်၏ သော့ချက်တခု ဖြစ်ပေသည်။ မုဒြာဆိုသည်မှာ အလွန်နက်နဲသိမ်မွေ့၍ အတွင်းငုပ်သော အနက်အဓိပ္ပါယ် သဘောတရားများကို ရည်ညွှန်းခြင်းဖြစ်ပေသည်။ အချို့မုဒြာ

---

Nrityamukti
Bhūsana
Moli or Kesabandha
Dhoti or Cīvara
Siracakra or Prabhāvalī
Āvudha paribhoga or Parishkāra
Vāhana or Yāna
Materials and measurement and weight, etc.

MUDRĀ AND HASTA
Bhatta and Sādhaka
DHI pp.246-249.
Mudrā, by E.Dale Saunders. Kegan Paul Ltd. 1960. London p.5-9.

မှာ လက်တဘက်တည်းဖြင့်သာ ဟန်အမူအရာပြခြင်းဖြစ်၍ အချို့မုဒြာမှာမူ လက်နှစ်ဘက်ဖြင့် ဖြစ်စေ, လက်လေးငါးဆယ်ဘက်ဖြင့်ပင် ဖြစ်စေ ဟောကြား ညွှန်ပြလိုသော သဘောတရားကို ဟန်အမူအရာ ပြထားခြင်းမျိုး ဖြစ်လေသည်။ သို့ဖြစ်ရကား အချို့ရုပ်ပွါးဆင်းတုဆိုင်ရာ ပဋိမာသိပ္ပံပါရဂူကြီးများက မုဒြာဟူ၍ရင်း, ဟတ္ထဟူ၍ရင်း ခွဲခြား ခေါ်ဝေါ် ပညတ်ထားကြလေသည်။

တခါတရံ မုဒြာဆိုရာတွင် လက်ဟန် အမူအရာများကိုချည်းသာမကပဲ ခြေလက်အင်္ဂါ ကိုယ်ခန္ဓာအစိတ်အပိုင်းများဖြင့် ညွှန်ပြထားသော ဟန်ပန်သွင်ပြင် လက္ခဏာအမူအရာများအားလုံးကိုလည်း မုဒြာစာရင်းထဲတွင် ထည့်သွင်းထားတတ်ကြလေသည်။ သို့ဖြစ်ရကား ယေဘုယျ ဟန်ပန်လက္ခဏာကို မုဒြာဟူ၍ရင်း, လက်များဖြင့်သာ ဖော်ပြထုတ်ဆောင်အပ်သော ဟန်အမူအရာများကိုမူ ဝိသေသ အားဖြင့် ဟတ္ထ ဟူ၍ရင်း ခွဲခြား သတ်မှတ်ခဲ့ကြပေသေးသည်။

လက်အမူအရာ ဟန်ပန်၌ပင်လျှင် လက်မောင်းရင်း,လက်ကတီး,တထောင်ဆစ်, လက်ရုံး, လက်ကောက်ဝတ် လက်ဖဝါးနှင့်တကွသော လက်ချောင်းကလေးများ အသီးသီး၏ အနေအထား အနိမ့်အမြင့် အတွင်း အပြင် အလှန် အမှောက် အပူး အခွါ စသည်တို့ပေါ် အမှီပြု၍ အနက်အဓိပ္ပါယ်သဘောတရားများမှာလည်း ကွဲပြားခြားနား၍ လာရပေသည်။ ⟩

ဤသို့လျှင် သာဓနမာလာစသော ကျမ်းများ၌ ရာပေါင်းများစွာသော မုဒြာများကို ဖော်ပြရေးသားထားခဲ့လေသည်၊ သို့သော် မြန်မာပြည် မြန်မာမှု အထွေထွေအား တိုက်ရိုက်အားဖြင့်ဖြစ်စေ, တဆင့်သွယ်ဝိုက်သောအားဖြင့်ဖြစ်စေ ကျေးဇူးပြုနိုင်မည့် မုဒြာမျိုးများကိုသာ စိစစ်ရွေးထုတ်၍ တင်ပြမည်ဖြစ်ပါသည်။ မြန်မာ့ယဉ်ကျေးမှုနှင့် ဗုဒ္ဓဒေသနာအား မလျော်သော မုဒြာများမှာ ကကြိုး ကကွက်ဆိုင်ရာ အနုသဘင် ပညာအတွက် အရေးပါ အရာရောက်မည် ဖြစ်ပါသော်လည်း ဤနေရာ၌ ချန်လှပ်ခဲ့မည်ဖြစ်ပါသည်။ ဤကျမ်း၌မပါရှိသော ထိုထို မုဒြာစသည်များကိုမူ အိန္ဒိယနာဋ္ဌမာလာကျမ်း, သာဓနမာလာကျမ်း, မုဒြာဝလိကျမ်းစသည်တို့တွင် ဆက်လက် သုတေသနပြုကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ⟩

အထူးအားဖြင့် မြန်မာ့ရိုးရာ ဗုဒ္ဓရုပ်ပွါး ဆင်းတုတော်များတွင် လက်ချောင်းများနှင့် ခြေချောင်းများကို အတိုအရှည် တညီတည်း ပြုလုပ် ထုထွင်းထားတတ်ကြပေသည်။ အခြားအိန္ဒိယ နီပေါလ်, တိဗက်, တရုပ်, ဂျပန်, သီဟိုဠ်,ယိုဒယား, လောဝ်, ကမ္ဘောဒီးယား စသော ဗုဒ္ဓဘာသာ ထွန်းကားရာ နိုင်ငံများရှိ ရုပ်ပွါးတော်များတွင် လက်ချောင်း ခြေချောင်းများကို မြန်မာပြည်မှာ ကဲ့သို့ တညီတည်း ပြုလုပ်လေ့မရှိကြချေ။ လူသာမန်၏လက်ညှိုး လက်ချောင်းများအတိုင်း ပကတိ ပမာဏအားဖြင့် ပြုလုပ် စီရင်လေ့ရှိကြသည်။ ဤသည်ကား မြန်မာ့ရိုးရာ ပဋိမာသိပ္ပံ၏ ဝိသေသ လက္ခဏာဖြစ်လေသည်။ ဤကဲ့သို့ ပြုလုပ်စီရင်ရာ၌ မဟာပုရိသလက္ခဏာ ကျမ်းအရ ညီညွတ်သော လက်ညှိုး လက်ချောင်း ခြေချောင်းများ ရှိတော်မူခြင်းဟူသော လက္ခဏာတော်ကြီးနှင့် ကိုက်ညီစေရန် ဖြစ်သည်ဟု အနုပညာဆရာကြီးများက ရှင်းပြ မိန့်ကြားခဲ့ဘူးပါသည်။

ရှေးခေတ်ပုဂံ, ပြည်, ဟန်လင်းကြီး, တကောင်း, ခေတ်မှ ရုပ်ပွါး ဆင်းတုတို့ကို လေ့လာကြည့်ရာ လက်ချောင်း ခြေချောင်းများကို ပကတိလူတို့၏ ပမာဏအတိုင်း တိုရှည် ကြီးငယ် ပြုလုပ်

စိမ်ခဲ့ကြသည်ကိုရှင်း, မုဒြာအမျိုးမျိုးဖြင့်ရှင်း တွေ့ရှိရပေသည်။ အင်းဝခေတ် နောက်ပိုင်းသို့ ရောက်လာသောအခါ မဟာမြတ်မုနိပုတော်ကဲ့သို့ ဘူမိဖဿမုဒြာဟန်ဖြင့် ဗုဒ္ဓရုပ်ပွါး တော်များကို အများဆုံး ထုထွင်းလာကြသည်နှင့်အမျှ လက်ချောင်း ခြေချောင်းများကိုလည်း တညီတည်း ပြုလုပ် စီရင်လာကြသည်ကို လေ့လာ မှတ်သားရပေသည်။

ယင်းတွေ့ရှိရသမျှသော မုဒြာများကို ပါမောက္ခပိုဒုဝါလ် ၏ အဆိုအမိန့်အရ—

(၁) ဗေဒင်ကျမ်းများ ဆိုင်ရာမုဒြာများ၊

(၂) တန္တရာယာနဆိုင်ရာ မုဒြာများ (၁၀၈) မျိုး၊

(၃) လောကီယ အနုပညာဆိုင်ရာ မုဒြာများ (၆၄)မျိုးဟူ၍ သုံးပိုင်း သုံးကဏ္ဍ ခွဲခြားနိုင်ပေသည်။ ယင်းတို့အနက် အသုံးအများဆုံး အထင်ရှားဆုံး မုဒြာပေါင်း (၄၅)ခု ရှိကြောင်း လေ့လာမှတ်သားရပေသည်။

### မုဒြာ လေးဆယ့်ငါးပါး

| | | |
|---|---|---|
| ၁။ အဥ္စလိ | ၂။ ဝန္ဒနိ | ၃။ ယောနိ |
| ၄။ ဝေနာယကိ | ၅။ ဟဒယ | ၆။ သိရသ |
| ၇။ သိခါ | ၈။ ကဝစ | ၉။ အသတြ |
| ၁၀။ နေတ္တ (ဒွယ·တယ) | ၁၁။ ဂရုဠ | ၁၂။ ဂလိနိ |
| ၁၃။ သုရဘိ | ၁၄။ အဘိဝါဟိနိ | ၁၅။ ဌာပိနိ |
| ၁၆။ သန္နိဓာပဏိ | ၁၇။ သမ္မုနိ | ၁၈။ အဝကုဏ္ဍနိ |
| ၁၉။ ဝိသာဒနိ | ၂၀။ သန္နိရောဓိနိ | ၂၁။ သခ် |
| ၂၂။ ဂဒါ | ၂၃။ ပဒုမ | ၂၄။ ဖရသု |
| ၂၅။ ဟာရိဏ | ၂၆။ အဘယ | ၂၇။ ဝရဒ |
| ၂၈။ သူလ | ၂၉။ ကပါလ | ၃၀။ စက္က |
| ၃၁။ ပါဏဟုတိ | ၃၂။ အပါန | ၃၃။ သမာန |
| ၃၄။ ဥဒါန | ၃၅။ ဗျာန | ၃၆။ သရ |
| ၃၇။ စာပ | ၃၈။ ကုမ္ဘ | ၃၉။ ဇလ |
| ၄၀။ ဂန္ဓ | ၄၁။ ပုပ္ဖ | ၄၂။ ဓူမ |
| ၄၃။ ဒီပ | ၄၄။ နိဝေဇ္ဇ | ၄၅။ မစ္ဆ |

ဟူ၍ ဖြစ်ကြကုန်၏။

ပါမောက္ခ ပိုဒုဝါလ် ဖော်ပြသွားသော အထက်ပါမုဒြာ အမျိုးမျိုးအနက် အချို့ကိုသာ မြန်မာ ရိုးရာ ပန္နီမာသိပ္ပံ လေ့လာချက်တွင် တွေ့ရှိအသုံးပြုနိုင်ပေသည်။ မြန်မာ့ရိုးရာ ရုပ်ပွါး ဆင်းတုတော်

များနှင့် သက်ဆိုင်၍ လေ့လာ တွေ့ရှိရသမျှသော မုဒြာများမှာ အခြေခံအားဖြင့် ငါးဆယ်ခန့်မျှသာ ရှိကြပါသည်။ ယင်းတို့ကို မြန်မာ အဘိဓာန် အက္ခရာဝလိအတိုင်း စီစဉ်ပြရပါမူ အောက်ပါအတိုင်း ဖြစ်ကြပေသည်။

| | |
|---|---|
| အဉ္ဇလိမုဒြာ | - Añjalī mudrā |
| အဒ္ဓစန္ဒြဟတ္ထ | - Ardha-chandra Hasta |
| အဘယမုဒြာ | - Abhaya Mudrā |
| အာလိင်္ဂဟတ္ထ | - Āliṅga Hasta |
| ဥတ္တရဗောဓိမုဒြာ | - Uttarabodhi Mudrā |
| ကစ္စဝလမ္ဗိတဟတ္ထ | - Katyavalambita Hasta |
| ကဋကဟတ္ထ | - Kaṭaka Hasta |
| ကုသတိဏဟတ္ထ | - Kusatriṇahasta |
| ကရဏမုဒြာ | - Karaṇa Mudrā |
| ကတိဟတ္ထ | - Kati Hasta |
| ကုသတိဏဟတ္ထ=ကုသမုဒြာ | - Kusa Hasta; Kusa Mudrā |
| ကေသမဿုပဟာနမုဒြာ | - Kesamassu pahāna Mudrā. |
| (ကေသဟတ္ထ) | - (Kesa Hasta) |
| ခေပနမုဒြာ | - Khepana Mudrā |
| ဂဒါဟတ္ထ | - Gadā Hasta |
| ဂဇဟတ္ထ | - Gaja Hasta |
| စပေဋဒါနမုဒြာ | - Capeṭadāna Mudrā |
| စိန္တမုဒြာ | - Cin Mudrā (Cinta Mudrā) |
| စီဝရဟတ္ထ | - Cīvara hasta |
| ဈာနမုဒြာ | - Dhyāna Mudrā |
| ဉာဏမုဒြာ | - Jñāṇa Mudrā |
| တဇ္ဇနီမုဒြာ | - Tajjani Mudrā (Tarjani) |
| တဇ္ဇနီပါသဟတ္ထ | - Tajjanī pāsa hasta |
| တပ္ပနမုဒြာ | - Tappana Mudrā (Tarpana) |
| တိဏဟတ္ထ (တိဏကိရဏမုဒြာ) | - Trṇa Hasta (trṇakiraṇa Mudrā) |
| တြိပဋကဟတ္ထ | - Tripaṭaka Hasta |
| တိလောကဝိဇယမုဒြာ | - Tailokyavijaya Mudrā |

---

AIA p. 471; c,d. Ananda pagoda at Pagan-Bhūmiphassamudrā
Professor R.K. Poduval
DHI pp.246-249.

| | |
|---|---|
| ဒဏ္ဍဟတ္ထ | - Daṇḍa Hasta |
| ဒမရဟတ္ထ | - Damara Hasta |
| ဒါနမုဒြာ | - Dāna Mudrā |
| ဓမ္မစကြမုဒြာ | - Dharmacakra Mudrā |
| နမက္ကာရမုဒြာ | : Namaskāra Mudrā |
| နိဒြတဟတ္ထ | - Nidrata Hasta |
| ပတ္တမုဒြာ | - Patra Mudrā |
| ပဒုမာဟတ္ထ | - Padma Hasta |
| ပါဋိဟာရိယမုဒြာ | - Prāṭihārya Mudrā |
| ပေါတ္ထကဟတ္ထ (လဥ္ဆကဟတ္ထ) | - Pustaka Hasta |
| ဗုဒ္ဓသမဏမုဒြာ | - Buddha sramaṇa Mudrā |
| ဗျာချာနမုဒြာ | - Vyākhyāna Mudrā |
| ဘူတဒါမရ မုဒြာ | - Bhūtadāmarā Mudrā |
| ဘူဖဿမုဒြာ (ဘူမိဖဿမုဒြာ) | - Bhūphassa Mudrā (Bhūmisparsa Mudrā) |
| မဟာကရုဏာမုဒြာ | - Mahā karuṇā Mudrā |
| ယောဂမုဒြာ | - Yoga Mudrā |
| လလိတခေပမုဒြာ | - Lalitaksepa Mudrā |
| လောလဟတ္ထ | - Lola Hasta |
| ဝဇီရာဟုံကာရမုဒြာ | - Vajrāhuṁkara Mudrā |
| ဝန္ဒနီမုဒြာ | - Vandanī Mudrā |
| ဝရမုဒြာ (ဝရဒမုဒြာ) | - Vara Mudrā (Varada Mudrā) |
| ဝိတက္ကမုဒြာ | - Vitarka Mudrā |
| ဝိမှယဟတ္ထ | - -Vismaya Hasta |
| ဝေနာယကီမုဒြာ | - Vaināyakī Mudrā |
| သန္တိဒမုဒြာ | - Santidā Mudrā |
| သန္ဒဿနမုဒြာ | - Sandassana Mudrā (Samdarshana Mudrā) |
| သဗ္ဗရာဇိန္ဒြမုဒြာ | - Sarvarājendra Mudrā |
| သမာဓိမုဒြာ (သမာဟိတမုဒြာ) | - Samādhi Mudrā (Samāhita Mudrā |
| သီဟကဏ္ဏမုဒြာ | - Simhakarṇa Mudrā |
| သူစိမုဒြာ | - Sūcī Mudrā |

စသည်တို့ဖြစ်ကြပေသည်။ —

ထိုမှတပါး အခြားမုဒြာများကို ဆက်လက်သုသေသနပြုနိုင်ရန်အတွက် မဟာယာန ဗုဒ္ဓဝါဒီများ၏ ပဋိမာသိပ္ပံလောကမှ မုဒြာများအကြောင်း အမြွက်မျှကို နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။

## အဥ္စလီမုဒြာ

လက်အုပ်ချီဟန်, ရှိခိုးဟန်ဖြစ်သည်။ သမ္ဗုဇာဏီဒြ မုဒြာဟူ၍ ၎င်း, သမ္ပုဋဥ္စလီ မုဒြာဟူ၍၎င်း ခေါ်တွင်သေးသည်။ နမက္ကာရ မုဒြာနှင့်လည်း ဆင်တူသည်။ ဝန္ဒနီ မုဒြာဟုလည်း ခေါ်တွင်သည်။

လက်အုပ်ချီမိုး ရှိခိုးပူဇော်ဟန်ဖြစ်ရာ ပုံဟန်နှစ်မျိုးတွေ့ရသည်။

(၁) လက်ဝါးနှစ်ဘက်ကို ပူးကပ်ပြီးလျှင် ရင်အုပ်ပေါ်တွင် တင်ထားကာ တတောင်ဆစ်နှစ်ဘက်ကို အောက်သို့ စိုက်ချထားသော ရှိခိုးဟန်မျိုးကို၎င်း၊

(၂) လက်နှစ်ဘက်ကို အပေါ်သို့မြှောက်ချီကာ လက်ဝါးနှစ်ဘက်ကိုအပေါ်သို့လှန်၍ လက်ချောင်းကလေးများကို ဖြန့်ထားပြီးလျှင် ဦးခေါင်းပေါ်သို့ မိုးထားခြင်း ဟန်မျိုးကို၎င်း အဥ္စလီမုဒြာဟူ၍ ခေါ်တွင်သည်။

ရှိခိုးပူဇော်နေခြင်း, ကြည်ညိုရိုသေခြင်း, ဘုရားဝတ်ပြုနေခြင်း, ပျပ်ဝပ်ခစားနေခြင်း အဓိပ္ပါယ်သဘောကို ဆောင်ပေသည်။ တနည်းအားဖြင့် ဤရုပ်တုကို ဖူးမြင်ရသူအား လက်အုပ်ချီမိုး ရှိခိုးပူဇော်လိုစိတ် ပေါ်ပေါက်လာစေရန် ညွှန်ပြနည်းပေးသော အနက်သဘောလည်း ပါလေသည်။ ရတနာသုံးပါးကို ကြည်ညိုကြပါ, ပူဇော်ထိုက်သူကို ပူဇော်ကြပါ, အရိုအသေပြုပါဟု တိုက်တွန်းခြင်းသဘော အနက်ကိုလည်း ဆောင်လေသည်။

ဂါရဝ, နိဝါတမင်္ဂလာများကို သရုပ်ဆောင်ထားခြင်းဖြစ်သည်။

သဒ္ဓါရသပေါ်လွင်အောင် ပြုပြင်စီရင်ထားခြင်းလည်း ဖြစ်သည်။

သီလပါရမီစခန်းကို လမ်းညွှန်ပြသော အနက်သဘောကိုလည်း ဆောင်လေသည်။

မြန်မာပြည်တွင် ဗုဒ္ဓရုပ်ပွါးတော်မှတပါး ရဟန္တာ, နတ်သိကြား, ဗြဟ္မာ, ဂဠုန်, ကုမ္ဘဏ် ရက္ခိုသ်, လူ စသည်တို့ကို ဤမုဒြာမျိုးနှင့် အများဆုံးတွေ့ရှိရပေသည်။ ဗုဒ္ဓရုပ်ပွါး ဆင်းတုတော်ကို ယခုချိန်ထိ အဥ္စလီမုဒြာဖြင့် မတွေ့ရှိရသေးချေ။ တရုပ်, ဂျပန်, တိဗက်, နီပေါလ်, အိန္ဒိယ, သီဟိုဠ် စသည့် ဒေသများတွင်မူ အဥ္စလီမုဒြာဖြင့် ဗုဒ္ဓရုပ်ပွါးတော်များကို အနည်းအကျဉ်း တွေ့ရှိခဲ့ရပါသည်။

တန္တရာယာနတွင် အဝလောကိတေသွာရအား အမိတာဘာ ရုပ်တုတော်ကို ကိုင်ဆောင်ရှိခိုးနေပုံမျိုးဖြင့် တွေ့ရှိနိုင်ပေသည်။

သဥက္ခရိလောကေသွာရ ဘုရား၏ရုပ်ပွါး ဆင်းတုပုံသည် အဥ္စလီမုဒြာနှင့်နေသည်က များသည်။ ဘုရားလောင်း နာမသင်္ဂီတိတွင်လည်း အဥ္စလီမုဒြာကို တွေ့ရှိနိုင်ပါသည်။

မြန်မာပြည် ပုဂံမြို့ရှိ အာနန္ဒာဘုရားအတွင်း၌ ရှင်အရဟံ(ဓမ္မဒဿီမထေရ်)နှင့် ကျန်စစ်သားမင်း၏ ကျောက်ရုပ်ဆင်းတုပုံများသည် အဥ္စလီမုဒြာဖြင့် ရှိကြလေသည်။ ပုဂံမြေပုံသာ ဘုရားလှေစေတီများနှင့် အပယ်ရတနာ ပုထိုးတော်တွင်းရှိ နံရံဆေးရေးပုံများတွင် ဗြဟ္မာ, သိကြား, နတ်သမီးများ, ရသေ့များ၏ ပုံတို့ကို အဥ္စလီမုဒြာဖြင့်ပင် တွေ့ရှိနိုင်ပေသည်။



အဉ္စလိမုဒြာ (Añjalī Mudrā)



အဉ္ဇလိမုဒြာ (Añjali Mudrā)



အဒ္ဓစန္ဒြဟတ္ထ (Ardhachandra Hasta)

ရန်ကုန်မြို့ ကမ္ဘာအေး ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပြတိုက်တွင် အဉ္ဇလီမုဒြာဖြင့် ရုပ်တုများကို ခင်းကျင်း ပြသထားသည်ကို တွေ့ရသည်။

အဉ္ဇလီမုဒြာဟန်ဖြင့် ထုလုပ်ထားအပ်သော ရုပ်ပွါးဆင်းတု ရုပ်လုံး ရုပ်ကြွများကို ကိုးကွယ်ဆည်းကပ်ခြင်းအားဖြင့် မိမိအား သူတပါးတို့က ကြည်ညိုလေးစားခြင်း, ချစ်ခင် ရှိသေခြင်း, ရှိခိုးပူဇော်လာခြင်း, ထာဝရကုသိုလ်ရနေခြင်း, လက်အောက်ငယ်သား အခြံအရံများက လေးစားခင်မင်လာခြင်း, လက်အုပ်ချီမိုး ရှိခိုးလာကြခြင်း, ရန်သူကပင်လျှင် မိမိအား အညွှံ့ခံကာ ရှိခိုးဖူးမျှော်လာနိုင်ခြင်း, အကျိုးထူးများကို လက်ငင်းဒိဋ္ဌ ရရှိနိုင်သည်ဟု တန္တရာယာန ဝဇီရာယာနကျမ်းများ၌ မိန့်မြွက်ထားပါသည်။

## အဒ္ဓစန္ဒြဟတ္ထ

လခြမ်းပုံသဏ္ဌာန် လက်ကို ဟန်ပြထားခြင်းကို ခေါ်သည်။ လက်မနှင့် လက်ညှိုးကို လခြမ်းသဏ္ဌာန်ဖြစ်အောင် ကွေး၍ ထားပြီးလျှင် ကျန် လက်ချောင်းကလေးများကို အလိုက်သင့်ကွေးပြထားသည်။ ထိုလခြမ်းသဏ္ဌာန် သို့မဟုတ် စက်ကွင်းဆက်ဝက်ပုံလို ဖြစ်နေသော လက်မလက်ညှိုးကွင်းတွင် ဆီမီးခွက်ဖြစ်စေ, သပိတ်ခွက်တခုခုကိုဖြစ်စေ ကိုင်ထားလေ့ရှိသည်။ တခါတရံ မီးလျှံကိုပင် ကိုင်ဆောင်ထားဟန်ဖြင့် တွေ့ရတတ်သည်။

ရတနာသုံးပါးအား အမြဲတစေ တစုံတခုကို လှူဒါန်းပူဇော်နေကြရန် တိုက်တွန်း သတိပေးသော အနက်အဓိပ္ပါယ်ကို ဆောင်လေသည်။

ပူဇာစ ပူဇာနေယျာနံ မင်္ဂလာ၊ ဒါနဥ္စမင်္ဂလာများကို သရုပ်ဖော်ဆောင်ထားခြင်း ဖြစ်သည်။ သန္တရသကို ပေါ်လွင်ထင်ရှားစေသည်။

ဒါနပါရမီစခန်းကို ညွှန်ပြခြင်း အနှစ်သာရ သဘောကိုလည်း သက်ရောက်စေလေသည်။

မြန်မာ့ရှေးရာ ဆီမီးခွက် ကဟန်များတွင် ဤအဒ္ဓစန္ဒြဟတ္ထပုံကို လေ့လာတွေ့ရှိနိုင်ပေသည်။ မီးရှူးမီးခွက် မီးကြာကပ်များကို ကိုင်ဆောင်ထားသော နတ်ဗြဟ္မာရုပ်တုများနှင့် နန်းတွင်းအပျိုတော်များပုံတွင်လည်း ဤအဒ္ဓစန္ဒြပုံကို တွေ့ရှိနိုင်ပါသည်။

ဟိန္ဒူဗြာဟ္မဏတို့ ကိုးကွယ်ကြသော နဋ္ဌရာဇနတ်ဘုရားရုပ်တုများတွင် ဤလက်ထားဟန်မျိုးကို မကြာခဏတွေ့ရှိရပေသည်။

---

Añjalī Mudrā
IBBS.116; EHI.i.i.p.16; ITL. p.20; DHI.p.251; SIS.p.130; IB.p.28.f.8.
see Pictorial Guide to Pagan p.17, 45.
Sadakshari-lokaisvara
Nāmasaṅgiti Bodhisatva
Mudrā, Saunders, p.76. (Kongo-gassho)
OBEP. plate 251 c.d. Myebontha-Paya Hla. Brahmas.
plate 276 a.b. Ananda: Arahan and Kyansittha.

အဒ္ဓစန္ဒြဟတ္ထပုံပါသော ရုပ်ပွါးဆင်းတု ရုပ်တွင်း ရုပ်ကြွများကို ကိုးကွယ်သူသည် လာဘ်ရှင်ခြင်း, သူတပါး၏ ပူဇော်သက္ကာရကို ရရှိခြင်း, အမြဲထာဝရကုသိုလ်ဖြစ်နေခြင်းအကျိုးထူးများကို ရရှိနိုင်ကြောင်း ဝဇီရာယာနကျမ်းဂန်များ၌ မိန့်ကြားထားပါသည်။ ယတြာချေသောအခါ၌ မိမိကိုယ်စားရုပ်တုပြုလုပ်၍ ဤမုဒြာဟတ္ထဖြင့် ပူဇော်လေ့ရှိပါသည်။ ^

## အဘယမုဒြာ

ဘေးရန် အန္တရာယ်မရှိအောင် ကာကွယ်ပေးလျက်ရှိသည့်ဟန် ဖြစ်သည်။ ဘေးမဲ့ဟန်ဟုလည်း ခေါ်ဆိုနိုင်သည်။ သန္တိဒမုဒြာဟူ၍၎င်း, အဘယဟတ္ထဟူ၍၎င်း အမျိုးမျိုးခေါ်ကြသေးသည်။

လက်တဖက်ကို အနည်းငယ်ထောင်၍ ကွေးထားပြီးလျှင် လက်ဖဝါးကို ပြင်ဘက်သို့လှန်ကာ လက်ချောင်းများကို အပေါ်သို့ ထောင်ဖြန့်ပြနေသောပုံကို အဘယမုဒြာ ဘေးမဲ့ဟန်ဟုခေါ်ကြသည်။ ၎င်းရုပ်တုကို ကြည့်သူသည် ထိုလက်ဖဝါးကို မြင်ရသည်။ တခါတရံ လက်ဖဝါးပြင်တွင် စက်လက္ခဏာများဖော်ပြထားတတ်သည်။ ထောင်ထားသောလက်ဖဝါးသည် ရင်ဘတ်နှင့်အညီ မြှင့်တင်နေရသည်။ အခြားလက်တဖက်ကိုမူ ပေါင်ခွင်တွင် လက်ဝါးလှန်ပြီးဖြစ်စေ,မှောက်ပြီးဖြစ်စေ တင်ထားလေ့ရှိသည်။ တခါတရံ လက်နှစ်ဖက်စလုံးကို အဘယမုဒြာဖြင့် လှန်၍ပြထားသည်ကိုလည်း တွေ့ရှိရတတ်သည်။

တခါတရံ လက်ျာလက်ကို ပခုံးနှင့် ထိသည်အထိ မြှင့်တင်ထားပြီး ထောင်၍ပြကာ လက်ဝါးဖြန့်၍ လက်ချောင်းများကို အပေါ်သို့ထောင်ထားသောပုံမျိုးဖြင့် တွေ့ရသည်။ လက်ဝဲလက်ကိုမူ ပေါင်ခွင်တွင် တင်ထားသည်ကို အများဆုံး တွေ့ရတတ်သည်။ ဤသည်လည်း အဘယမုဒြာပင် ဖြစ်ပါသည်။


အဘယမုဒြာသည် ဝရဒမုဒြာနှင့် ပြောင်းပြန်ဖြစ်သည်။ ဝရဒမုဒြာတွင် လက်ဝါးကိုလှန်၍လက်ချောင်းများကိုအောက်သို့စိုက်ပြထားသည်။ လက်ကိုလည်း အောက်သို့ကွေး၍ ချပြထားသည်။ဤမုဒြာနှစ်ခုကို နှိုင်းယှဉ်ပြီးလျှင် ခြားနားချက်ကို စိစစ်ကြည့်ပါက ပို၍ထင်ရှားစွာ သိသာနိုင်ပါသည်။

တဖန် အဘယမုဒြာနှင့် စပေဋဒါန မုဒြာတို့၏ ခြားနားချက်ကိုလည်း သတိမူသင့်သည်။ စပေဋဒါနမုဒြာတွင် လက်ျာလက်ကို အပေါ်သို့ခပ်မြင့်မြင့်မြှောက်ကာ ရန်သူအား လက်ဝါးဖြင့် ရိုက်ပုတ်တော့မည့်ဟန်မျိုးကိုပြသည်။ အဘယမုဒြာတွင် ဤဒေါသဟန်မျိုး မပါချေ။ ဖူးမျှော်လာသူအား မကြောက်မရွံ့စေရန် အားပေးနေသော ဟန်အမူအရာမျိုးကိုသာ တွေ့ရှိရပေသည်။

အဘယမုဒြာ၏ အနက်သဘောမှာ မကြောက်ရွံ့စေရန် ဘေးအန္တရာယ်များမှ အသင်အား ကာကွယ်ပေးနေပါသည်ဟူ၍၎င်း, ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင်မှာ ကိလေသာကင်းစင်တော်မူသော အနန္တဇိန

---

Ardhachandra-hasta
Icons in Bronze, p. 30, fig. 14.
Abhaya Mudrā-EHI.i.i.14,15: IBBS.18; I.B.I.p.452; ITL.p. 20;
IB.p.28.SIS.p.128, 130. DHI.250·
Mudra, Sounders. p.55 (Semui-in)



အဘယမုဒြာ (Abhaya Mudrā)

ဖြစ်တော်မူသောကြောင့် – (န ကုတော ဘယံ) ကြောက်ရွံ့ထိတ်လန့်ဘွယ် တစုံတရာ မရှိတော့ပြီ ဟူသော ဗုဒ္ဓဂုဏ်တော်ကို သိစေလို၍ရင်း, လက်တော်ဖြင့် ပြထားခြင်းဖြစ်ပေသည်။

မစိုးရိမ်လင့်, မကြောက်ကြလင့်, ကြက်သီးမွေးညှင်းထခြင်း, ထိတ်လန့်တုန်လှုပ်ခြင်း တစုံတရာ မဖြစ်လင့်၊ ကိုးကွယ်အားထားစရာ ဗုဒ္ဓမြတ်စွာရှိနေပါပြီဟူသော ဓဇဂ္ဂသုတ် ပရိတ်တော်ဒေသနာကို ဟောကြားနေဟန်ဖြစ်သည်ဟု သုတေသီများက မိန့်ဆိုထားကြလေသည်။

တနည်းအားဖြင့်ဆိုသော် လောကဓံတရားများနှင့် ရင်ဆိုင်နေကြရသူများအား မတုန်လှုပ်ခြင်း, သောကကင်းခြင်း, ကိလေသာမြူကင်းခြင်း ဘေးရန်ကင်းခြင်းတည်းဟူသော မင်္ဂလာများကို ရရှိစေရန် သရုပ်ဆောင်ပြထားခြင်း ဖြစ်ပေသည်။

အဘယမုဒြာသည် ဝီရိယသပေါ်လွင်စေခြင်း သတ္တိရှိပေသည်။

ပညာပါရမီ, အဓိဋ္ဌာန်ပါရမီနှင့် ဝီရိယပါရမီတို့သို့ အနှစ်သာရအားဖြင့် ဖော်ညွှန်းပြထားခြင်း ဖြစ်ပေသည်။

ဟိန္ဒူပြာဟ္မဏ ယဉ်ကျေးမှုတွင်ရင်း, ပျူယဉ်ကျေးမှုတွင်ရင်း, အဘယမုဒြာ ဟန်မျိုးကို အသက်ဂုဏ်–သိက္ခာ–ပညာ စသည်အားဖြင့် ကြီးမားမြင့်မြတ်သူက ညွှတ်သည့် အာဂန္တုအား ကျန်းမာပါ၏လော, ဘေးကင်းရန်ရှင်းဖြစ်ပါ၏လော, တစုံတရာသော အနှောက်အရှက်မှ ကင်းပါ၏လောဟူ၍ မေးမြန်း နှုတ်ဆက်ခြင်း အလ္လာပ သလ္လာပ ပဋိသန္ထာရစကားပြောလိုသောအခါ ထိုလက်ဟန်အမူအရာဖြင့် အသုံးပြုကြောင်း လေ့လာမှတ်သားခဲ့ရပေသည်။

အထူးအားဖြင့် တိဗက်နွယ်သော ရှေးမြန်မာဆေးရေးပန်းချီများတွင် လက်ကိုတွဲလျားချ၍လက်ဖဝါးကိုအပြင်သို့ လှန်ကာ လက်ချောင်းများကို ဖြန့်ပြီး ဘေးတဖက်သို့ ထုတ်ပြထားသည်ကိုလည်း အောက်ချ အဘယမုဒြာမျိုး ဖြစ်သည်ဟု အနုပညာဆရာအချို့က ဆုံးဖြတ်ထားလေသည်။

တိဗက်မြန်မာတို့သည် အမောဃသိဒ္ဓိ ဈာနိဗုဒ္ဓ၏ရုပ်ပွါးတော်ကို အဘယမုဒြာဖြင့် ထုလုပ်ကိုးကွယ်လေ့ရှိကြသည်။ ကြံစည်သမျှ ပြီးပြည့်စုံ အောင်မြင်ပြီဖြစ်၍ တစုံတရာ ကြောက်ရွံ့စိုးရိမ်စရာ ထိတ်လန့်စရာ မရှိတော့သော အမောဃသိဒ္ဓိဟူသော ဘွဲ့တော်အားလျော်စွာ ညွှန်ပြသည့်သဘောကို ဆောင်လေသည်။

ပုံစံအားဖြင့်—

ပုဂံရွှေဆံတော်ဘုရားနှင့် မြစေတီဘုရားများမှ ရရှိသော ဌာပနာတိုက် ရုပ်ပွါးတော်များကို အဘယမုဒြာဘဖက်ဖြင့်ရင်း, လက်နှစ်ဖက်စလုံး အဘယမုဒြာဖြင့်ရင်း တွေ့ရှိနိုင်ပါသည်။

ညောင်ဦး ရွှေစည်းခုံစေတီတော်တွင်းရှိ ကကုသန္ဓ, ကောဏာဂမန, ကဿပနှင့် ဂေါတမမြတ်စွာဘုရားလေးဆူ၏ ရုပ်တော်မူပုံများတွင် လကျာလက်ကို အဘယမုဒြာဖြင့် တွေ့ရသည်။

---

အဘီရု အဆမ္ဘီ အနုတြာသီ အပလာယိ .... ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ၊ လောမဟံသော န ဟေဿတိ။ (ဓဇဂ္ဂသုတ္တ)။

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ယိုးဒယားခန်းမရှိ ရုပ်တော်မှုမှာကား လက်ဝဲလက်ဖြင့် အဘယမုဒြာဟန် ပြတော်မူသည်။

ရှေးမင်းကောင်း မင်းမြတ်များသည် တိုင်းပြည် ငြိမ်းချမ်းသာယာစေရန်အတွက်၎င်း, စစ်မက်ရေးရာ ကင်းရှင်းပြေပျောက်စေရန်အတွက်၎င်း, တိုင်းသူပြည်သား လူအများတို့အား ကြောက်ရွံ့ထိတ်လန့်ခြင်း, တုန်လှုပ်ချောက်ခြားခြင်း မရှိကြစေရန်အတွက်၎င်း, မကောင်းသော သတင်းဆိုးကောလာဟလများကို ဖြေဖျောက်ကျော်လွှားစေနိုင်ရန်အတွက်၎င်း ဤအဘယမုဒြာပါသော ရုပ်ပွါးဆင်းတုတော်များကို စီမံထုလုပ် ကိုးကွယ်လေ့ရှိကြသည်။ အဘယမုဒြာ ရုပ်ပွါးတော်ကို ကိုးကွယ်သူသည် အစိမ်းသားရဲ သင်းကွဲ ပြိတ္တာ နတ်မိစ္ဆာတို့၏ နှောက်ယှက်မှုမှ ကင်းဝေးသည်။ ရန်သူစစ်သည် သူပုန် သူစိမ်း မုဒိမ်း ထားပြတို့၏ ရန်မှကင်းဝေးသည်။ ရဲရင့်တက်ကြွ သူရသတ္တိနှင့် ပြည့်စုံစေသည်။ စိတ်အားငယ်ခြင်း, စိတ်ဓာတ်ကျဆင်းခြင်းမှ လွတ်ငြိမ်းပြေပျောက်သည် စသော အကျိုးထူးများကို ရရှိကြောင်း တန္တရယာန ကျမ်းဂန်များ၌ ဟောကြားထားပေသည်။

## အာလိင်္ဂဟတ္ထ

တပါးနှင့်တပါး လက်များဖြင့် ဖက်ရမ်းထားသော ပုံမျိုးဖြစ်သည်။ တဦး၏လက်သည် အခြားတဦး၏ကျောဘက်မှဆိုင်း၍ ပုခုံးစွန်းကို လှမ်းပြီး ကိုင်ထားသောဟန်ဖြစ်သည်။ အထူးသဖြင့် အမျိုး. သမီး၏ လက်သည် အမျိုးသား၏နံပါးကို နောက်ကျောဘက်မှ လှမ်း၍ ဆိုင်းရစ်ဖက်တွယ်ထားသော ဟန်ပုံသဏ္ဍာန်ဖြစ်သည်။ အာလိင်္ဂဟတ္ထများဟု ခေါ်သည်။

သိင်္ဂါရရသပေါ်အောင် ထုလုပ်ထားခြင်းဖြစ်သည်။ အိမ်ထောင်တခု မိသားစုအတွင်း တဦးနှင့်တဦး ချစ်ခင်တွယ်တာမှု ကြင်နာစုံမက်မှု အပြည့်အဝရှိကြစေရန် တိုက်တွန်း နှိုးဆော်ထားသော သဘောအနက်ကို ဆောင်လေသည်။အထူးသဖြင့် ဇနီးခင်ပွန်းတို့သည် မေတ္တာဓာတ် အပြည့်အဝဖြင့် သိင်္ဂါရရသ အတွင်းသရုပ်ပါအောင် နေထိုင်ကြရန် ဆုံးမဩဝါဒပေးထားသောသဘောကို ဆောင်လေသည်။

ပုတ္တဒါရဿ သင်္ဂဟော မင်္ဂလာကို သရုပ်ပြခြင်းလည်း ဖြစ်ပါသည်။

မေတ္တာပါရမီဖြည့်ဆည်းရန် တိုက်တွန်းညွှန်ပြခြင်းလည်း ဖြစ်ပေသည်။

ပြယုဂ်ပုံစံအားဖြင့် ပုဂံမြို့ဘုရားများအတွင်း ဆေးရေးပန်းချီတို့တွင် နတ်သား နတ်သမီးစုံတွဲများ, မင်းသား မင်းသမီးစုံတွဲများကို တခါတရံ အာလိင်္ဂဟတ္ထဟန်ဖြင့် တွေ့ရှိရပါသည်။

ဟိန္ဒူဗြာဟ္မဏဘာသာတွင် သီဝနှင့် ပါရဝတီစုံတွဲပုံများကို ဤဟတ္ထပုံဖြင့် တွေ့ရတတ်ပေသည်။

---

OBEP. plate 443. a.b.c.d. Pyu Maitreya
442. c. Shwesandaw
plate 175. a.b.c.d. Shwezigon.


ĀLIṆGA HASTA

Icon.b. p.28, fig.4.

Siva and Parvatı



အာလိင်္ဂဟတ္ထ (Ālinga Hasta)



ဥတ္တရဗောဓိမုဒြာ (Uttarabodhi Mudrā)

အာလိင်္ဂဟတ္ထပုံပါသော ရုပ်လုံးရုပ်ထွင်း ရုပ်ကြွများကို အနုပီယလက်ဖွဲ့များကို စီရင်ရာ၌ရှင်း, ဇနီးခင်ပွန်းကွဲကွာနေကြရာမှ ပြန်လည်ပေါင်းသင်းနိုင်ကြစေရန် မေတ္တာဓာတ်မပျက် ပြန်လည် ဆက်သွယ်ကြစေရန် ထုလုပ်ကိုးကွယ်လေ့ရှိကြသည်။ဤပုံပါသော ရုပ်ပွါး ရုပ်တုများကို ကိုးကွယ်သူသည် ချစ်ခင်သူပေါ်များခြင်း, မေတ္တာနှောင်ကြိုး သံယောဇဉ်ခိုင်ခဲ့ခြင်း, ဇနီးခင်ပွန်း ဥမကွဲ သိုက်မပျက် မေတ္တာယှက်တင် ချစ်ခင်စုံမက်ကြခြင်းအကျိုးတရားများကို ရရှိနိုင်သည်ဟု ဝဇီရာယာန တန္တရာများ၌ ဟောကြားထားပေသည်။

## ဥတ္တရဗောဓိမုဒြာ

အထွတ်အထိပ်သို့ ရောက်၍ ပွင့်တော်မူဟန်ဖြစ်သည်။

လက်ဝဲလက်ညှိုးနှင့် လက်မတို့ကို ထိထား၍ရှင်း, လက်ျာလက်ညှိုးနှင့် လက်မတို့ကိုလည်း ထိထား၍ရှင်း, နှလုံးသား ရှိလောက်ရာအရပ် ရင်ဘတ်ကို ထိလုနီးပါးမျှ ထောင်ပြထားသော လက်ဟန်အနေအထားမျိုးဖြစ်သည်။ ကျန်လက်ချောင်းများကိုမူ အပေါ်သို့ ထောင်ထားသည်။

ဓမ္မစကြာ မုဒြာပုံနှင့် ဆင်တူယိုးမှားဖြစ်သည်။

အရိယသစ္စာနဒဿနမဂ်လာနှင့် နိဗ္ဗာနသစ္ဆိကိရိယမင်္ဂလာများကို သရုပ်ဆောင်ထားခြင်း ဖြစ်လေသည်။

ဝိမုတ္တိရသနှင့် သန္တရသတို့ကို ပေါ်လွင်ထင်ရှားစေသည်။

ပါရမီဆယ်ပါးတို့၏ ပြီးပြည့်စုံခြင်းကိုလည်း ညွှန်ပြထားခြင်းသဘောရှိပေသည်။ ဗောဓိပက္ခိယတရား (၃၇) ပါးတို့၏ ပြီးဆုံးခြင်း, အထွတ်အထိပ်သို့ ရောက်တော်မူခြင်းတို့ကို ညွှန်ပြသရုပ်ဆောင်ထားခြင်း ဖြစ်သည်ဟု အချို့ပညာရှိကြီးများက မိန့်မှာခဲ့ကြသည်။

ပုံစံအားဖြင့် ဂေါတမဗုဒ္ဓ၏ ရုပ်ပွါးတော်, နာမသင်္ဂီတိဘုရားလေဝင်း၏ ဆင်းတုနှင့် ဝေရောစနရုပ်ပွါးများကို ဤဥတ္တရဗောဓိမုဒြာဖြင့် တွေ့ရသည်။

အချို့ပဋိမာသိပ္ပံပညာရှင်များ၏ အလိုအရ ရုပ်တော်မူပုံများတွင် လက်နှစ်ဖက် လက်ညှိုး လက်မများ ထောက်ပြထိမိကာ ရင်အုပ်နှလုံးသားရှိရာလောက်တွင် မြင့်တင်ပြထားပါက ဥတ္တရ

---

UTTARABODHI MUDRĀ

ITL.p.22; IBBS.p.17.

see also Dharmacakra-mudrā

OBEP. Plate 192. a. Nagayon
Plate 202. a. Nagayon
Plate 277. a.b. Ananda. S.N.
Plate 307. a.b.c.d. Ananda.

ဗောဓိမုဒြာဟုဆိုသည်။ ထိုင်တော်မူလျက်ပြလျှင် ဓမ္မစက္ကမုဒြာဟု ဆိုပါသည်။ ပုံစံအား... နဂါးရုံဘုရားအတွင်း အရုံဘုရား ရုပ်ပွါးတော်နှစ်ဆူသည် ရပ်တော်မူလျက် ဥတ္တရဗေ... ပြတော်မူကြပါသည်။

ပုဂံ အာနန္ဒာဘုရားတောင်မုခ်နှင့် မြောက်မုခ်ဝရှိ ရပ်တော်မူ နှစ်ဆူသည် ဥတ္တရဗောဓိမုဒြာဖြင့် ရှိကြပါသည်။

ဘုရားဆုပန်တောင်းသော မင်းကောင်း မင်းမြတ်တို့သည် သဗ္ဗညုတဗောဓိဉာဏ်ကို ရရှိရန်အတွက် ရည်စူး၍ ဥတ္တရဗောဓိမုဒြာပါသော ရုပ်ပွါးဆင်းတုများကို ထုလုပ်စီရင်၍ ကိုးကွယ်တတ်ကြသည်။ ပိဋ္ဋကတ်စာပေ ဗေဒင် မန္တရား တို့ကို သင်ယူကြရာ၌ အလွယ်တကူ တတ်မြောက်စေရန်အတွက် ဤမုဒြာပါသော ဘုရားများကို ကိုးကွယ်တတ်ကြသည်။ တိုင်းပြည်အတွင်း ပညာရှင်များ ကျမ်းဂန်စာပေတတ်ကျွမ်းသူများ ထင်ရှားကျော်ကြား ပေါများစေရန်အတွက် ဤပုံမျိုးကို ကိုးကွယ်လေ့ရှိကြသည်။ ဥတ္တရဗောဓိမုဒြာပါသောဘုရားကို ကိုးကွယ်သူသည် ဉာဏ်ပညာကောင်းခြင်း,စာမေးပွဲစာပြန်ပွဲတို့၌ အဖျက်အဆီး အဟန့်အတား မရှိအောင် မြင်ခြင်းအကျိုးကို ရရှိနိုင်ကြောင်း တန္တရာယာနကျမ်းများ၌ ဖော်ပြပါရှိသည်။

## ကဋျဝလမ္ဗိတဟတ္ထ

ကဋိသဏ္ဌိတဟတ္ထဟူ၍ရင်း, သာမန်အားဖြင့် ကဋိဟတ္ထဟူ၍ရင်း ခေါ်သည်။

လက်မောင်းလက်ရုံးကို ကိုယ်၏ ဘေးတဖက်စီတွင် တွဲလျားချကာ လက်ကို ခါးပေါ်တွင် တင်ထားသော ဟန်မျိုးဖြစ်သည်။ သက်သက်သာသာဖြင့် လက်ကို ချထားသည့် ပုံသဏ္ဌာန်မျိုး ပေါ်နေသည့်ဟန် ဖြစ်သည်။ လက်တတောင်ဆစ်နားတွင် အနည်းငယ်ကွေး၍ ခါးအထက်ပိုင်းလောက် ခပ်ကျကျတွင် တင်ထားလေ့ ရှိသည်။ များသောအားဖြင့် လကျ်ာဘက်လက်ကို တင်ထားလေ့ရှိသည်။

အချို့ ရုပ်တော်မူ ရုပ်ပွါးတော် ဆင်းတုတော်များတွင် လက်ဝဲလက်ကို ဤဟတ္ထ ဟန်မျိုးကို တွေ့ရတတ်သည်။


အသောက, ဝိရဇ, ခေမ မင်္ဂလာ၊ သန္တုဋ္ဌိ မင်္ဂလာများကို သရုပ်ဖော်ထားခြင်း ဖြစ်ပေသည်။ သန္တရသကို ပေါ်လွင်ထင်ရှားစေသည့် လက်ဟန်ဖြစ်သည်။

ဥပေက္ခာပါရမီကို ညွှန်ပြသော သဘောရှိလေသည်။

ပုံစံအားဖြင့် ကူရှန်ခေတ်ဦးပိုင်း မထူရာပြည်ရှိ ဗုဒ္ဓရုပ်ပွါးတော်များကို ဤမုဒြာဟတ္ထပုံဖြင့် အများအပြား တွေ့ရသည်။

---

KATYAVALAMBITA HASTA
DHI. p. 256.
EHI. i.i. p. 16.



ကဋျဝလမ္ဗိတဟတ္ထ (Katyavalambita Hasta)



ကဋကဟတ္ထ (Kaṭaka Hasta)

ကစ္စဝလမ္ဗိတပုံ ရုပ်ပွါးဆင်းတုတော်များကို ကိုးကွယ်သူသည် သက်သာအေးငြိမ်းသော ဘဝကို ရခြင်း, အမောအပန်းပြေခြင်း, စိတ်လက်အီသာ ကျန်းမာခြင်း, စိုးရိမ်ကြောင့်ကြကင်းခြင်း, မင်္ဂလာကျက်သရေ တိုးပွါးခြင်းစသော ကောင်းကျိုးချမ်းသာများကို ရရှိနိုင်သည်ဟု ဝဇီရာယာန ကျမ်းဂန်များ၌ မိန့်ဆိုထားလေသည်။

## ကဋကဟတ္ထ

သီဟကဏ္ဏမုဒြာ ပုံမျိုးနှင့် ဆင်တူသည်။

လက်ချောင်းကလေးများ၏ ထိပ်ဖျားနှင့် လက်မကိုထိကာ စက်ကွင်းကဲ့သို့ ဝိုင်း၍ပြထားသော လက်ဟန်ဖြစ်သည်။ တစုံတခုကို ဆုပ်ကိုင်ထားဘိသကဲ့သို့ ရှိသည်။ ဖူးမြင်လာသူအား ပန်းစသော လှူဘွယ်ဝတ္ထု တစုံတရာယူဆောင်လာ၍ ကဋကဟတ္ထထဲသို့ ထိုးစိုက် လှူဒါန်းရန် တိုက်တွန်းနေသည့်ဟန် ဖြစ်ပေသည်။

ဒါနမင်္ဂလာ, ပူဇာ စ ပူဇနေယျာနံ မင်္ဂလာများကို သရုပ်ဆောင် ပြထားခြင်း ဖြစ်ပေသည်။

သဒ္ဓါရသကို ပေါ်လွင်ထင်ရှားစေသည်။

ဒါနပါရမီစခန်းသို့ ညွှန်ပြထားသော သဘောရှိပေသည်။

ပုံစံအားဖြင့် အချို့နတ်သမီးရုပ်တုများတွင် လက်မနှင့် လက်ချောင်းကွင်းထဲတွင် ပန်းစည်း ပန်းခက်များကို ထိုးစိုက်ထားလေ့ ရှိသည်။

ဘာရ်ဟွတ်မြို့ရှိ သီရိမာဒေဝတာနတ်သမီးရုပ်၏ လက်တွင် ကြာပန်းခိုင်ကို ကိုင်ဆုပ်ထားဟန်ဖြင့် တွေ့ရပေသည်။

ရန်ကုန်မြို့ ရွှေဘိုဂုံစေတီတော်ရင်ပြင်တွင် ဤကဋကဟတ္ထဖြင့် နတ်သား, နတ်သမီး, သိကြား, ဗြဟ္မာရုပ်တုများကို တွေ့ရှိနိုင်ပါသည်။

ကဋကဟတ္ထပုံသည် နိဗ္ဗာန်ဆော်သဘောကို ပေါ်လွင်ထင်ရှားစေသည်။ ဒါနပြုရန်, ပူဇော် သက္ကာရပြုရန်, အရိုအသေ အလေးအမြတ်ပြုကြရန် တိုက်ဘွန်းသောသဘော ဖြစ်ပေသည်။ ကျက်သရေ မင်္ဂလာ တိုးပွါးခြင်း, စီးပွါးရေး တိုးတက်အောင်မြင်ခြင်း, လာဘ်ရွှင်ခြင်း, လက်ဆောင်ပဏ္ဏာ ရရှိခြင်းစသော အကျိုးထူးများကို ပေးနိုင်သည်ဟု ဝဇီရာယာနဂိုဏ်းဝင်များက မိန့်ကြားကြပါသည်။

---

KAṬAKA HASTA

DHI. p.258; EHI. i.i. p.15; Icon. B.p.28, fig.9.

မုဒြာ ၆—ပ-ပ-သ-၈

## ကဋိဟတ္ထ

ခါးထောက်နေသည့်ပုံဖြစ်သည်။

လက်တဖက်ကို ဘေးတွင် ဆန့်ချထားပြီး အခြားလက်တဖက်ကိုမူ တံတောင်ဆစ်မှကွေး၍ ခါးကို ထောက်ထားသော ပုံဟန်မျိုးဖြစ်သည်။

ကဋိသဏ္ဌိတဟတ္ထဟူ၍၎င်း, ကဋ္စဝလမ္ဗိတဟတ္ထဟူ၍၎င်း ခေါ်ကြသေးသည်။

အနက်သဘောအားဖြင့် အနားယူအပန်းဖြေနေဟန် သက်သက်သာသာ ရပ်နေသည့်ပုံ ဖြစ်ပေသည်။

လက်နှစ်ဖက်စလုံးကို ခါးထောက်ထားသော ပုံမျိုးလည်းရှိတတ်သည်။ ထိုပုံဟန်၏ အတွင်းသရုပ်မှာ အနက်အဓိပ္ပါယ်အားဖြင့် ပမာမခန့်သောပုံ မကြောက်မရွံ့သောဟန် အနားယူ လျစ်လျူရှုသော သဏ္ဌာန်ဖြစ်သည်ဟု အချို့ပညာရှိများက မိန့်မှာခဲ့ဘူးသည်။

သဲန္တူဋ္ဌိမင်္ဂလာကို အနှစ်သာရအားဖြင့် ဖော်ဆောင်ထားခြင်းဖြစ်သည်။

ဝီရိယနှင့် သန္တရသတို့ကို ပေါ်လွင်ထင်ရှားစေသည်။

ဥပေက္ခာပါရမီဖြည့်ဆည်းရန် ရည်ညွှန်းခြင်းသဘော ရှိပေသည်။

ပုံစံအားဖြင့် ပုဂံဘုရားများအတွင်း ဆေးရေးပန်းချီများ၌၎င်း, ရန်ကုန် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ရုပ်လုံး ရုပ်ပွါးများ၌၎င်း, မြတ်စွာဘုရားပုံတော်မှလွဲ၍ အခြားပုဂ္ဂိုလ်များကို ဤဟန်မျိုးဖြင့် တွေ့ရှိရတတ်သည်။ ဘုရားဗျာဒိတ်တော်ညွှန်းပုံတော်များ၌ တခါတရံ ကဋိဟတ္ထပုံဟန်ဖြင့် တွေ့ရတတ်သည်။

ကဋိ ဟတ္ထပုံပါသော ရုပ်ပွါးဆင်းတုများကို ကိုးကွယ်သူသည် ရဲရင့်ခြင်း ရန်သူကို ပမာမထားခြင်း, သတ္တိဗျတ္တိနှင့်ပြည့်စုံခြင်း, မာန်ဟုန်တက်ခြင်း, အမောအပန်းပြေခြင်း, လောကဓံကို ကြံ့ကြံ့ခံနိုင်ရည် ရှိခြင်း စသော အကျိုးတရားများကို ရရှိနိုင်သည်ဟု တန္တရယာနကျမ်းများ၌ ဖော်ပြထားပေသည်။

## ကရဏမုဒြာ

လက်တဖက်ဖက်ကို ပြင်ဘက်သို့ဖြန့်ထားပြီးလျှင် လက်သန်းနှင့် လက်ညှိုးနှစ်ချောင်းကိုသာ ထောင်ပြထား၍ ကျန်လက်သူကြွယ်နှင့် လက်ခလယ်နှစ်ချောင်းကို လက်မဖြင့် ဖိနှိပ်ပြထားသော လက်ပုံဖြစ်သည်။

စိတ်ညှို့သောသဘောတရား, မကောင်းဆိုးဝါးသော ... မကောင်းမှုစွဲလန်းသော သဘောတရားများကို ဖော်ပြလိုသော ဟန်ပန်မျိုးဖြစ်သည်။

---

KATI HASTA
Icons in Bronze, p.27. fig.2.
KARAṆA MUDRĀ
IBI.p.435, fig. 128.
Icons Tib. Lam. p. 20.
Tibetan Collections Vol. i. Newark Museum p. 27.
Hayagriva (Akshobhya)dhyanibuddha
Historical Sites in Burma. p.94.



ကဋိဟတ္ထ (Kati Hasta)



ကရဏမုဒြာ (Karaṇa Mudrā)

အာရတီ ဝိရတီ ပါပါမင်္ဂလာများ တပေါ်စမင်္ဂလာနှင့် ဗြဟ္မစရိယမင်္ဂလာများ၏ အနက်သဘောကို ဆောင်ပြထားခြင်းဖြစ်သည်။

သိင်္ဂါရရသ အဗ္ဘုတရသနှင့် သန္တရသဘို့ကို ဖော်ဆောင်ထားခြင်းဖြစ်သည်။

ဝီရိယပါရမီ, သစ္စာပါရမီ, အဓိဋ္ဌာနပါရမီစခန်းများသို့ ညွှန်ပြထားခြင်းသဘောကို ဆောင်လေသည်။

ပြယုဂ်ပုံစံအားဖြင့် တိဗက် တရုပ်တို့၏ ဟယဂရိဝခေါ် အကွောဘျစျာနိဗုဒ္ဓ၏ ရုပ်ပွါးတော်ပုံတွင် ကရဏမုဒြာပုံဟန်ဖြင့် တွေ့ရသည်။

မြန်မာဆေးရေးပန်းချီများ၌ ရှားပါးစွာပင် တွေ့ရသည်။ ပုဂံမင်းနန်သူရှိ ဘုရားသုံးဆူအတွင်း ဆေးရေးပန်းချီပုံများ၌ တွေ့ရပါသည်။ ဝက်ကြီးအင်းကူပြောက်ကြီးတွင် နာဋ္ဌာဂီရိဆင်ချတ်ခန်းတွင်လည်း ကရဏမုဒြာပုံမျိုးကို တွေ့ရှိရပါသည်။

ဤမုဒြာဖြင့် ရုပ်တုများကို ကိုးကွယ်လျှင် ဆန့်ကျင်ဘက်လိင်ကို စွဲလန်းတပ်မက်စေခြင်းသတ္တိ, ရန်သူတဖက်သားကို နာမ်နှိမ်ထားနိုင်သောသတ္တိ, အနုပိယသိဒ္ဓိတင်သောအခါ အောင်မြင်ပြည့်စုံသော သတ္တိများကို ရရှိစေနိုင်သည်ဟု ဖွင့်ဆိုထားပေသည်။

## ကုသတိဏဟတ္ထ (ကုသ မုဒြာ)

သမန်းမြက်ဆုပ်ကိုကိုင်ဆုပ်ထားဟန်, ကြာဖြန့်နေဟန်ဖြင့် မြတ်စွာဘုရား၏ ရုပ်ပွါးဆင်းတုတော်များကို တွေ့ရှိရတတ်ပါသည်။ ကုသတိဏဟတ္ထ, သို့မဟုတ် ကုသမုဒြာဟု ခေါ်ပါသည်။ အချို့ပညာရှင်များက ကုသတိဏ ကိရဏမုဒြာ ဟူ၍ ပြည့်စုံစွာခေါ်သင့်ကြောင်း မိန့်ဆိုကြသည်။

တိဏဟတ္ထ သို့မဟုတ် တိဏကိရဏမုဒြာတွင် ရှုပါ။ အတူတူပင် ဖြစ်ပါသည်။

ပုံစံအားဖြင့် ပုဂံမြို့ အာနန္ဒာဘုရားတွင်းရှိ – မှန်လိုဏ်အမှတ် – ၆၉-၇၀-၇၁-၇၂-၇၃-များတွင် ကိန်းဝပ်တော်မူလျက်ရှိကြသော သောတ္ထိယ မြက်ရှစ်ဆုပ်ကို အလှူခံတော်မူပုံ ရုပ်ပွါးတော်များကို ကုသတိဏကိရဏ မုဒြာဟန်ဖြင့် တွေ့ရှိနိုင်ပါသည်။

ပုဂံ နဂါးရုံဘုရားတွင်လည်း အလားတူ ကုသတိဏဟတ္ထပုံကို တွေ့ရပါသည်။

အဓိဋ္ဌာနပါရမီ,သစ္စာပါရမီ စခန်းများကို ရည်ညွှန်းသည်။ဒါန္ဒ မင်္ဂလာ, ပူဇာစ မင်္ဂလာများကို ရည်ဆောင်ထားပါသည်။ သန္တရသ, ဝီရရသ, အဗ္ဘုတရသများကို ပေါ်လွင်ထင်ရှားစေပါသည်။

ကုသမုဒြာပါသော ပုံတော်များကို စီရင်ကိုးကွယ်သူသည် သစ္စာဆိုရာ၌ အောင်မြင် ပေါက်မြောက်ခြင်း, သိဒ္ဓိတင်ရာ၌ ပြီးပြည့်စုံခြင်း, မေတ္တာစေတ ပျံနှံ့စိမ့်ဝင်ခြင်း, တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံခြင်း

---

OBEP. plate 295. a.b.c.d. 296. a. Ananda Pagoda.
plate 202. d. Nagayon.

KUSATIṆA HASTA (Kusa Mudrā)

လာဘ်သပ္ပကာ ရှင်လန်းခြင်း, ရာထူးစည်းစိမ် တိုးတက်ခြင်းစသော ကောင်းကျိုးချမ်းသာများကို ရနိုင်သည်ဟူ၍ ဗုဒ္ဓတန္တရာကျမ်းဂန်များ၌ မိန့်ဆိုထားပါသည်။

## ကေသမဿုပဟာနမုဒြာ (ကေသဟတ္ထ)

ဘုရားလောင်း သိဒ္ဓတ္ထကုမာရမင်းသား ဆံတော်ပယ်ခန်းပုံတွင် ဆံမုတ်ဆိတ်ကို ရိတ်ပယ်၍ ရဟန်းပြုတော့မည် ဟန်ပြင်နေပုံ ဖြစ်ပါသည်။ လက်ဝဲလက်က ဆံထုံးကို ကိုင်ဆုပ်ထား၍ လကျာ်လက်ဖြင့် သန်လျက်ထားကို စွဲကိုင်ကာ ဆံဖြတ်ပယ်တော့မည့်ဟန်ဖြင့် နေပုံဖြစ်ပါသည်။

တခါတရံ လက်နှစ်ဖက်ဖြင့် ဆံပင်ဆံထုံးကို ဆုပ်ကိုင်ထားဟန်ကိုလည်း တွေ့ရတတ်သည်။ ကေသဟတ္ထပုံ ဖြစ်ပါသည်။

တခါတရံ အမျိုးသမီး ကျွန်တယောက်ယောက်၏ ဆံပင်ကို ဆွဲဖမ်းဆုပ်ကိုင်ထားဟန်, နှိပ်စက်ဟန်များကို တွေ့ရတတ်ပါသည်။ ကေသဟတ္ထပုံများ ဖြစ်ပါသည်။

ဆံတော်ပယ်ခန်းတွင် နိက္ခမပါရမီ, ဥပေက္ခာပါရမီ, အဓိဋ္ဌာနပါရမီ, သစ္စာပါရမီတို့ကို ရည်ဆောင်ပါသည်။

သန္တရသ, ဝီရရသတို့ကို ပေါ်လွင်စေပါသည်။

တပေါစမင်္ဂလာ, ဗြဟ္မစရိယမင်္ဂလာ, ဗြဟ္မစရိယမင်္ဂလာ, ဝိနယသုသိက္ခိတမင်္ဂလာ, သမဏာနဉ္စ ဒဿနမင်္ဂလာများတို့ကို ရည်ဆောင်ပါသည်။

အခြား နှိပ်စက်ခန်းများတွင်မူ–ရုဒ္ဒရသ, ဘယာနကရသများကို ပေါ်လွင်စေပါသည်။
တခါတရံ ကရုဏာရသကို ရည်ညွှန်းပါသည်။
ခန္တီစမင်္ဂလာ, အနဝဇ္ဇကမ္မမင်္ဂလာ, အနာကုလာစ မင်္ဂလာများကို ရည်ဆောင်ပါသည်။
ခန္တီပါရမီ, မေတ္တာပါရမီစခန်းသို့ ရည်ညွှန်းထားပါသည်။

ပုံစံအားဖြင့် ပုဂံအာနန္ဒာဘုရားတွင်းရှိ ဗုဒ္ဓဝင်ပုံတော်များတွင် တွေ့နိုင်ပါသည်။

ပုဂံပုထိုးသားများ ဘုရားတွင်း၌လည်း ဆံတော်ပယ်ခန်းပုံတော်များကို တွေ့ရှိနိုင်ပါသည်။

လောကီအစီအရင်များတွင် ဗေဒင်နက္ခတ်ပညာအရ ဂြိုဟ်စီးဇာတာ ကြမ္မာမကောင်း စန်းပြတ် လွန်းပြတ် တြင်းပြတ် နဝင်းပြတ် အတိဒုက္ခ ကျရောက်နေသူများသည် ယတြာချေသောအခါ ဤကေသမဿုပဟာနမုဒြာပုံပါသော ရုပ်ပွါးရုပ်ထုင်းများကို ပူဇော်သက္ကာရပြုရကြောင်း, စီရင်မန်းမှုတ်ရကြောင်းများကို တန္တရာယာန, မန္တရာယာန ကျမ်းဂန်များ၌ အမြွက်မျှ ဖော်ပြပါရှိလေသည်။


---


(သီလက္ခန္ဓဋီကာသစ်·ပ·နှာ·၂၄၀·အဋ္ဌ ကုသတိဏမုဋ္ဌိယော ဂဟေတွာ)။

OBEP. plate 289. c. Ananda
OBEP. Plate 166. a. Pathothamya.
Kesamassupahāna Mudrā (KESA HASTA)



ကေသမဿုပဟာနမုဒြာ (Kesamassupahāna Mudrā)





ဂဒါဟတ္ထ (Gadā Hasta)

## ခေပနမုဒြာ

အမြိုက်သုဒ္ဓါကို ပက်ဖျန်းနေဟန် ဖြစ်သည်။

လက်နှစ်ဖက်ကို လက်ဝါးဖြင့် ယှက်ထားပြီးလျှင် လက်ညှိုးနှစ်ချောင်းကို ပူး၍ ထိပ်ဖျားချင်း ထိထားသည်။ ထိုလက်ညှိုးများကို အမြိုက်သုဒ္ဓါဘုတ်ထည့်ထားသော ကလသမ္ဘူတာအိုးထဲသို့ စိုက်ပြ ထားသော ဟန်ဖြစ်သည်။

လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့အား အမြိုက်အရသာကို ခွဲဝေပက်ဖျန်းပေးနေသည့် သဘော ဖြစ်ပေသည်။

ဒါနမင်္ဂလာ, ဉာတကာနဉ္စ သင်္ဂဟမင်္ဂလာ, ပုတ္တဒါရဿ သင်္ဂဟမင်္ဂလာ, ဓမ္မစရိယာ, ပြဟ္မစရိယာ မင်္ဂလာများကို သရုပ်ဆောင်ထားပေသည်။

ကရုဏာရသ, အဗ္ဘုတရသများကို ပေါ်လွင်ထင်ရှားစေသည်။ ဝိမုတ္တိရသသဘောကို အနှစ် သာရအားဖြင့် ဖော်ပြခြင်း ဖြစ်သည်။

ဒါနပါရမီ, မေတ္တာပါရမီ စခန်းများသို့ ညွှန်ပြသောသဘောကို ဆောင်ပေသည်။

ပြယုဂ်ပုံစံအားဖြင့် ပြဟ္မာမင်း၏ပုံများတွင် ဤခေပနမုဒြာကို တွေ့ရသည်။ နာမသင်္ဂီတိရုပ် ပွါးတော်များတွင် ဤခေပနမုဒြာမျိုးကို တွေ့ရတတ်ပေသည်။

ခေပနမုဒြာပါရှိသော ရုပ်ပွါးဆင်းတုများကို ကိုးကွယ်လျှင် လာဘ်ရွှင်ခြင်း, ပီယသိဒ္ဓိ, လာဘ သိဒ္ဓိ, ကာယသိဒ္ဓိ ပြီးပြည့်စုံခြင်း, အမွေအနှစ်ရတနာပစ္စည်းများရရှိခြင်း, စားဘွယ် သောက်ဖွယ်များ အလျှံယ်ရရှိခြင်း, စည်းစိမ်တိုးပွါးခြင်း, အေးချမ်းသာယာသော ဘဝကို ရရှိခြင်း, ကာမဂုဏ်စည်း စိမ်ခံစားရခြင်း, မင်္ဂလာကျက်သရေတိုးပွါးခြင်း စသော အကျိုးထူးများကို ရရှိသည်ဟု တန္တရာယာန ကျမ်းဂန်များ၌ ဖော်ပြထားသည်။

## ဂဒါဟတ္ထ

လက်ရိုက် သံတင်းပုတ်ကို ကိုင်ထားသည့်ဟန် ဖြစ်သည်။

ရုပ်လုံးရုပ်ကြွ၏ လက်ထဲတွင် တင်းပုတ်, သို့မဟုတ်, လှံတံ, သိုင်း, ကြိုင်း တခုခုကို ကိုင် ဆောင်ထားပါက ဂဒါဟတ္ထပုံဟု ခေါ်သည်။

အမြဲတစေ သတိရှိနေစေသည့်ဟန်,ဝီရိယရှိဟန်ကို ပြထားခြင်း ဖြစ်သည်။

---

KSEPANA MUDRĀ
IBI. p. 436.
Ic.T.L. p. 22.
GADĀ HASTA
DHI. p. 300
Icons in B.p. 39, fig. 33.

ဓမ္မေသု အပ္ပမာဒမင်္ဂလာ, သိပ္ပဥ္စမင်္ဂလာတို့နှင့် ပြည့်စုံစေရန် သရုပ်ဆောင်ထားခြင်း ဖြစ်ပေသည်။

ဝီရရသ,ရုဒ္ဒရသ ပေါ်လွင်အောင် ဖော်ပြထားခြင်း ဖြစ်သည်။

ဝီရိယပါရမီစခန်းသို့ ညွှန်ပြထားခြင်း ဖြစ်သည်။

ပုံစံအားဖြင့် မင်း,စစ်သည်တော် ဘီလူး, နတ်သား စသော ရုပ်တု ရုပ်လုံး ရုပ်ကြွများတွင် ဤ ဂဒါဟတ္ထဟန်ပန်မျိုးကို တွေ့ရပေသည်။

ဂဒါဟတ္ထစသော လက်နက်များ ကိုင်ဆောင်ပါရှိသည့် ရုပ်တုများကို ကိုးကွယ်သူသည် အစိမ်းသားရဲ သင်းကွဲ ပြိတ္တာ နတ်မိစ္ဆာတို့၏ရန်မှ လွတ်ငြိမ်းချမ်းသာခြင်း, အောက်လမ်းပယောဂ အတိုက်အမြှုပ် အနှုတ်အဖွဲ့ အစွဲအလန်း အကြမ်းအနု အစီအရင်များကို ဒဏ်ပြန်စေနိုင်ကြောင်း, ကာကွယ်မှု ပေးနိုင်ကြောင်း, ရဲရင့်စေတတ်ကြောင်း, သတိလက်မလွှတ် ထထကြွကြွ ရှိခြင်း, ဖျတ်လတ်သန်မာခြင်း စသော အကျိုးကျေးဇူးများ ရရှိကြောင်းနှင့် တအိမ်သားလုံးအတွက် လုံခြုံရေးကို ရရှိကြောင်းများဖြင့် ဝဇီရာယာန, မန္တရာယာနကျမ်းများ၌ ဖော်ပြထားပါသည်။

## ဂဇဟတ္ထ

ဆင်နှာမောင်းသဏ္ဍာန် လက်ဟန်ဖြစ်သည်။

ဒဏ္ဍဟတ္ထပုံနှင့် ဆင်တူဖြစ်သည်။

လက်မောင်းကို ရှေ့သို့ ဆန့်တန်း၍ဖြစ်စေ, တခါတရံ ကိုယ်၏ရှေ့ကို ကန့်လန့်ဖြတ်၍ ဖြစ်စေထားလေ့ရှိသည်။ ဆင်၏ နှာမောင်းသဏ္ဍာန်ပုံရှိသော လက်ဟန်နေထားဖြစ်ရကား ဂဇဟတ္ထဟုခေါ်သည်။

ဓမ္မေသု အပ္ပမာဒ မင်္ဂလာရစေခြင်းငှါ တိုက်တွန်းနေဟန်မျိုးဖြစ်သည်။

အဗ္ဘုတရသနှင့် ဟဿရသတို့ကို ပေါ်လွင်စေသည်။

အဓိဋ္ဌာနပါရမီ, ဝီရိယပါရမီစခန်းများသို့ ညွှန်ပြပေသည်။


ပြယုဂ်ပုံစံအားဖြင့် သီရိမာဒေဝတာ နတ်သမီးရုပ်တွင် ဤလက်ဟန်မျိုးကို တွေ့ရတတ်သည်။

ကခုန်မြူးတူးနေကြသော နတ်သိကြား ပြဟ္မာရုပ်များတွင် ဤဟတ္ထပုံကို တွေ့ရသည်။

ဗျာဒိတ်တော် ညွှန်းနေသော ဘုရားရုပ်ပွါးတော်များတွင် ဤ ဂဇဟတ္ထပုံဟန်ဖြင့် တွေ့ရှိနိုင်ပေသည်။

---

GAJA HASTA
SIS p. 130.
Icons in B. p. 27. fig. 3.
DHI. p. 258.; IBBS. p. 119.; EHI. ii. 16.



ဂဇဟတ္ထ (Gaja Hasta)



စပေဋ္ဌဒါနမုဒြာ (Capaitadāna Mudrā)

မန္တလေးမြို့ မန္တလေးတောင်တော်ပေါ် ရှိ ဗျာဒိတ်တော်ညွှန်း ရုပ်တော်မူဘုရားကိုင်း, ရန်ကုန်မြို့ ဆူးလေစေတီတော်ရှိ ဆူးလေနတ်ကြီးကိုင်း ဂဇဟတ္ထပုံဟန်ဖြင့် တွေ့ရှိနိုင်ပါသည်။

ဂဇဟတ္ထပါသော ဗျာဒိတ်တော်ညွှန်းပုံ ရုပ်ပွါးဆင်းတုတော်များကို ရှေးမင်းကောင်း မင်းမြတ်တို့သည် မိမိ၏ ဘုန်းတန်ခိုး အာနုဘော်ထက်မြက် တိုးပွါးစေရန်ငှင်း, တိုင်းပြည်ကို တိုင်းတပါးရန်သူတို့ မထိပါး မနှောင့်ယှက်နိုင်စေရန်ငှင်း, တိုင်းသူပြည်သား စိတ်ချယုံကြည် အားကိုးစိတ်ပေါ်လာကြစေရန်ငှင်း ရည်ရွယ်၍ စီရင်ကိုးကွယ်ခဲ့ကြသည်။ ဤရုပ်တုများကို ကိုးကွယ်သူသည် ရှေးဘဝကံဟောင်းက ကောင်းသောအကျိုးပေးခြင်း, မတရားစွပ်စွဲမှုမှ ကင်းလွတ်ခြင်း, တည်ကြည်ခန့်ညားခြင်း, တိုင်းပြည် စည်ပင်ဝပြောခြင်း, လမ်းမှန်ကို တွေ့မြင်ရခြင်း, ဘုန်းတန်ခိုးကြီးမားခြင်း စသော အကျိုးများကို ရနိုင်သည်ဟု တန္တရာယာနကျမ်းများ၌ ဖွင့်ဆိုထားလေသည်။

## စပေဋဒါနမုဒြာ

ရိုက်ပုတ်ဟန်ဟု ခေါ်ပါသည်။

လက်တဖက်ကို ဖြန့်ကာ မြှောက်ချီပြီး လက်ဝါးဖြင့် ရိုက်ပုတ်တော့မည့်ဟန် ပြနေသည်ကို စပေဋဒါနမုဒြာဟု ခေါ်သည်။

ရက်စက်ကြမ်းကြုတ်သောသဘော, စိတ်ဆိုး မာန်ရှ ဖြစ်နေသည့် ဒေါသအရိပ်အရောင်လွှမ်းနေသည့်သဘောကို ဆောင်လေသည်။ ဖူးမြင်ရသူများအား ဆုံးမသွန်သင် ပြုပြင်လိုသောဆန္ဒရှိဟန် သင်္ကေတကို ဆောင်ပြထားသည်။ ခိုက်ရန်ငြင်းပွါး အချင်းများနေကြသော မင်းများ, ရဟန်းများ, စစ်သည်တော်များ စသည့်ပုံများတွင် ဤ မုဒြာဖြင့် တွေ့ရတတ်သည်။ ဘုန်းနှစ်သာရအားဖြင့် မိဘဆရာများက သားသမီး တပည့်များအား မကောင်းမြစ်ထာ ကောင်းရာညွှန်ပြနေသော ဟန်ပန်မျိုး ဖြစ်ပေသည်။

သို့သော် အဘယမုဒြာနှင့် ကွဲပြား ထူးခြားချက် ရှိပေသည်။

ကရုဏာရသ, ဘယာနကရသ, ရုဒ္ဒရသတို့ကို ပေါ်လွင် ထင်ရှားစေသည်။

အာချတိ ဝိရတိ ပါပါ မင်္ဂလာ, ဝိနယသုသိက္ခိတမင်္ဂလာ, အတ္တသမ္မာပဏိဓိမင်္ဂလာ, ခန္တီမင်္ဂလာ သောဝစဿတာမင်္ဂလာများနှင့် ပြည့်စုံစေရန် ရည်ညွှန်း ဆုံးမနေဟန်မျိုး ဖြစ်လေသည်။

သီလပါရမီ, ခန္တီပါရမီ စခန်းသို့ ညွှန်ပြထားပေသည်။

ပုံစံအားဖြင့် အပရာဇိတာ၏ ရုပ်တုတွင် ဤ စပေဋဒါန မုဒြာကို တွေ့ရှိရသည်။ အာဋ္ဌဝက ဘီလူးပုံများတွင်လည်း ဤ ဟန်ကို တွေ့ရှိရသည်။

---

CAPEṬADĀNA MUDRĀ
IBI. p. 245.
compare with Abhaya Mudrā.

စပေဋဒါနမုဒြာပါသော ရုပ်တုများကို မိဘဆရာ မင်းစိုးရာဇာများက သားသမီး တပည့် တပန်း လက်အောက် ငယ်သားများအား လိမ္မာရေးခြား ရှိစေရန်အတွက်၎င်း၊ အမြဲတစေ စည်းကမ်း သေဝပ်မှု တာဝန် ဝတ္တရားကျေပြွန်မှု ရှိစေရန်အတွက်၎င်း စီရင်ထုလုပ်ထားတတ်ကြသည်။ လိမ္မာ ရေးခြားရှိခြင်း၊ စည်းကမ်းသေဝပ်ခြင်း စသောအကျိုးတရားများကို ရရှိစေနိုင်သည်ဟု တန္တရာယာန ဂိုဏ်းဝင်များက ယုံကြည်ကြလေသည်။

## စိန္တမုဒြာ

စိန်မုဒြာဟုလည်း ခေါ်သည်။ ဉာဏမုဒြာ ဗျာချာနမုဒြာ သန္ဒဿန မုဒြာတို့နှင့် ဆင်တူယိုး မှားဖြစ်သည်။ စိန္တမုဒြာနှင့်ရုပ်ပွါးတော်ကို စိန္တာမုနိကိုယ်တော်ဟု ခေါ်ကြသည်။

လက်မထိပ်ဖျားနှင့် လက်ညှိုးကို ထိထားပြီး အခြားလက်ချောင်းများကို ထောင်ထားကာ လက် ဝါးကို ပြင်ဘက်သို့ ပြထားသော ဟန်ဖြစ်သည်။ လက်ကိုရင်ဘတ်နှင့် ကပ်၍ ထားတတ်သည်။ တခါတရံ လက်ကိုရှေ့သို့ထုတ်ပြီး၊ လက်မလက်ညှိုးကွင်း၍ အောက်နှိမ့်ပြီး ပြထားတတ်သည်။

တရားသဘောကို ရှင်းလင်းဟောပြနေသည့် သဘောကို ဆောင်သည်။

အနှစ်သာရအားဖြင့် ဈာန်သမာဓိလုပ်ငန်း သမထလမ်းကို ညွှန်ပြလိုခြင်းဖြစ်သည်။

ဓမ္မဿဝနမင်္ဂလာ၊ ဓမ္မသာကစ္ဆာမင်္ဂလာ၊ ဓမ္မေသု အပ္ပမာဒမင်္ဂလာ၊ ဗာဟုသစ္စမင်္ဂလာ ဝိနယ- သုသိက္ခိတမင်္ဂလာများနှင့် ပြည့်စုံကြပါရန် သဏ္ဌာန်သရုပ်ဆောင် ပြထားခြင် ဖြစ်သည်။

သဒ္ဓါရသ၊ ဝီရိယရသများကို ပေါ်လွင်ထင်ရှားစေသည်။

ပညာပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာနပါရမီ၊ မေတ္တာပါရမီစသည်တို့ကို ညွှန်ပြထားသည့်ဟန်ဖြစ် ပေသည်။

ဒိသာပါမောက္ခဆရာကြီးက တပည့်များအား သင်ပြရှင်းလင်းနေသည့် ရုပ်ပုံများတွင် ဤ မုဒြာဖြင့် တွေ့ရတတ်သည်။

ရသေ့များ၊ ရဟန်းများ၊ ပုဏ္ဏားတို့၏ ရုပ်ပွါး ရုပ်လုံး ရုပ်ကြွများတွင် တခါတရံ တရားရှင်းပြနေ ဟန်ဖြင့် ဤမုဒြာကို တွေ့ရတတ်ပေသည်။

ဤစိန္တမုဒြာပါသောရုပ်တုကို ကိုးကွယ်လျှင် အကြံအစည်ကောင်းများပေါ်ပေါက်လာတတ်ခြင်း၊ သမထပေါက်မြောက်ခြင်း၊ သိဒ္ဓိပြီးစီးခြင်း၊ တရားထူးကို ရရှိခြင်း၊ ပညာထူးကို ရရှိခြင်း၊ လျှို့ပညာ မှော် ပညာများကို တတ်မြောက်ခြင်း၊ ပညာဉာဏ်ထက်မြက်ခြင်း စသောအကျိုးထူးများကို ရနိုင်သည်ဟု တန္တ ရာယာန ကျမ်းများ၌ ဖွင့်ဆိုထားပေသည်။

---

CIN MUDRA. see also Jñāna Mudrā, Vyākhyāna Mudrā and Sandarsana Mudrā.
Icons in Bronze, p. 30.
DHI. p. 255, pl. III, fig. 3.



စိန္တမုဒြာ (Cin Mudrā)



စီဝရဟတ္ထ (Cīvara Hasta



စီဝရဟဿ (Cīvara Hasta)

## စီဝရဟတ္ထ

ဘုရားရဟန္တာ ရုပ်ပွါးဆင်းတုတော်၏ လက်တဖက်ဖက်တွင် ဖြစ်စေ၊ နှစ်ဖက်လုံးတွင် ဖြစ်စေ သင်္ကန်း ကိုးမျိုးအနက် တမျိုးမျိုးကို ဆုပ်ကိုင်ထားဟန် တွေ့ရှိရတတ်သည်။ စီဝရဟတ္ထပုံဟော်ဟု ခေါ်သည်။

သင်းပိုင်၊ ကိုယ်ဝတ်၊ ဒုကုဋ်သင်္ကန်းကြီး၊ အိပ်ရာဝတ်၊ မျက်နှာသုတ်ပုဝါ၊ ပရိက္ခာရ ခါးပန်းကြိုး နိသီဒိုင်အခင်း၊ မိုးရေခံသင်္ကန်း၊ အမာလွှမ်းသင်္ကန်းတည်းဟူသော သင်္ကန်းကိုးမျိုးအနက် တမျိုးမျိုးကို ကိုင်ဆုပ်ထားဟန်ဖြင့် တွေ့ရှိရပါက စီဝရဟတ္ထပုံဟော်ဟု ခေါ်ပါသည်။ သင်္ကန်း အခင်္ဘာန်တင်နေဟန်၊ ဝိကပ္ပနာပြုနေဟန်ဖြင့် တွေ့ရတတ်ပါသည်။

မဟာကရုဏာ မုဒြာပုံနှင့် ဆင်တူယိုးမှား ဖြစ်ပါသည်။ ပုံစံအားဖြင့် ပုဂံနဂါးရုံ စေတီတော်မှ ရုပ်တော်မှုန်ဆူ၏ လက်ဝဲလက်သည် သင်္ကန်းကို ဆုပ်ကိုင်၍ လက်ဝဲပုခုံးတွင် ကပ်တင်ထားဟန်ဖြင့် တွေ့ရပါသည်။ ဒီပင်္ကရာဘုရား၏ ပုံတော်တွင်လည်း အလားတူ တွေ့ရှိရပါသည်။

ရွှေဂူသည်းခုံ (ညောင်ဦး) စေတီတော် အာရာမ်အတွင်း လျောင်းတော်မူ ရုပ်ပွါးတော်၏ လက်တော်ထဲတွင် ပုဝါသင်္ကန်းစကို ဆုပ်ကိုင်ထားဟန်ဖြင့် တွေ့ရှိနိုင်ပါသည်။

အခြားစကြံ့ကြွသွားနေဟန် ရုပ်တော်မူပုံတော်များ၌လည်း စီဝရဟတ္ထဖြင့် တွေ့ရပါသည်။

သန္တရသကို ပေါ်လွင်စေပါသည်။

သန္တုဋ္ဌိမင်္ဂလာ၊ ဒါနဥ္စမင်္ဂလာ၊ ဝိနယောစ သုသိက္ခိတော မင်္ဂလာများကို သဏ္ဌာန်ဖော်ဆောင်ထားသည်ဟု ဆိုပါသည်။

သီလပါရမီ၊ ခန္တီပါရမီ၊ အဓိဋ္ဌာန်ပါရမီ စခန်းတို့ကို ဖော်ညွှန်းပြထားပါသည်။

စီဝရဟတ္ထ(မုဒြာဟန်) ပါသောရုပ်ပွါးဆင်းတုတော်များကို ထုလုပ်ကိုးကွယ်သူသည် အဝတ်ပုဆိုးအဆင်တန်ဆာအမျိုးမျိုး ပေါများစွာ ရှိခြင်းအကျိုးကို ခံစားရကြောင်းမိမိ၏ အဝတ်ပစ္စည်းများ ကြွက်ကိုက်ခြင်း၊ မီးလောင်ဖျက်ဆီးခြင်း၊ သူခိုးခိုးယူ လုယက်ခံရခြင်းစသော နိဗိတ်ဆိုးကြမ္မာဆိုးများမှ လွတ်ကင်းမြဲသကြောင်း အင်္ဂုတ္တရနိကာယ်နှင့် ဝိနယပိဋကများတွင် ဟောကြားထားသည့်အတိုင်း သင်္ကန်းလှူဒါန်းရခြင်းကသိုဏ်လျှာ သင်္ကန်း ပုဆိုးလှူဒါန်းရခြင်း၏ အကျိုးထူးတရားများကို ခံစားရကြောင်း စသည်ဖြင့် ဖွင့်ဆိုပြထားပါသည်။ ဥမ္မာဒန္တီဇာတကတွင် ဝတ်ပန်းပုဆိုးလှူသည့်အကျိုးကြောင့် ဆုတောင်းသမျှ ပြည့်ဝကြောင်း ဖော်ပြပါရှိပါသည်။

Civara Hasta

ဝိနယသံဝိပ်။သင်း – ကိုယ် – ဒု – အိပ် – မျက် – ပရိက် – နိသိဒ် – မိုး – အမာ။ (သင်္ကန်းကိုးမျိုး)။

OJBP, plate, 202, b, Nagayon plate 193, a. Nagayon

[illegible]

## ဈာနမုဒြာ

တရားအားထုတ်ဟန် သို့မဟုတ် ဈာန်ဝင်စားဟန်ဖြစ်သည်။

သမာဓိမုဒြာ, သမာဟိတမုဒြာတို့နှင့် ဆင်တူဖြစ်သည်။ ယောဂမုဒြာဟုလည်း ခေါ်သည်။

လက်နှစ်ဖက်ကို ပေါင်ခွင်ပေါ်တွင် လက်ဝါးနှစ်ဖက်စလုံး လှန်၍ လကျာ်လက်ဝါးသည် လက်ဝဲလက်ဝါးပေါ်တွင်ထပ်ပြီးလျှင် မတောင့် မတင်းစေပဲ အကြောများကို လျှော့ထားကာ သက်သက်သာသာ တင်ထားသောပုံဟန်ဖြစ်သည်။ ဈာန်ဝင်စားနေပုံ သမာဓိရနေပုံမျိုး ပေါ်လာအောင် စီရင်ထားသည်။ဤပုံများတွင် တခါတရံ လက်မနှစ်ခု ထိပ်ချင်းတေ့ဆိုင်ထားခြင်း, ကျန်လက်ချောင်းများ ဖြန့်တင်ထားခြင်းများကို တွေ့ရတတ်သည်။

တိဗက်မြန်မာ ယဉ်ကျေးမှု အယူအဆများအရ ဈာနမုဒြာကို အမိတာဘာ ဈာနိဗုဒ္ဓ၏ ရုပ်ပွါးတော်ထုလုပ်ကြရာ၌ အသုံးပြုကြသည်။ ဈာန်ဝင်စားနေသော ပုဂ္ဂိုလ်၏စိတ်သည် အလွန်ကြည်လင်သန့်ရှင်းရကား အဆုံးအပိုင်းအခြားမရှိတောက်ပြောင် ထွန်းလင်းသော ဉာဏ်အလင်းရောင် ရှိတော်မူသည့် အမိတာဘာဘုရားကို ညွှန်ပြလိုသော သဘောကြောင့် ဖြစ်ပါသည်။

ဂေါတမ မြတ်စွာဘုရား, မဥ္ဇုသာရိဘုရားနှင့် မာန်လ ဘုရားများကို ဤမုဒြာဖြင့် မကြာခဏတွေ့ရှိနိုင်ပေသည်။

အချို့ ဈာနမုဒြာ ပုံများတွင်မူ လက်တဖက်စီကို တင်ပလ္လင် ထိုင်ထားသော ဒူးတဖက်စီတွင် အလိုက်သင့် တင်ထားတတ်ပေသည်။ သီဝဗသုပတိ ရုပ်ပုံနှင့် ဣန္ဒူမြစ်ဝှမ်းမှ ရုပ်ပွါးတော်များ၏ ဈာနမုဒြာ-ယောဂမုဒြာများကို ဤဟန်ဖြင့် တွေ့ရှိနိုင်ပေသည်။

တပေါစမင်္ဂလာ, ဗြဟ္မစရိယ မင်္ဂလာ၊ အရိယသစ္စာနဒဿနမင်္ဂလာများကို ရည်ဆောင်ပုံဖော်ပြထားခြင်းဖြစ်သည်။

သန္တရသနှင့် ဝိမုတ္တိရသတို့ကို ပေါ်လွင်စေရန် ရည်ညွှန်းပေသည်။

ဗောဓိပက္ခိယ တရားများအနက် ဈာန်တရားများကို ပဓာနအားဖြင့် ရည်ညွှန်းထားသည်ဟု အဆိုရှိသည်။ သမထလုပ်ငန်း အကျင့်စခန်းကို ညွှန်ပြလျက်ရှိပေသည်။

ပုံစံအားဖြင့် ဂျပန်ပြည်ရှိ ဒိုင်ဗုစုခေါ် ရုပ်ပွါးတော်ကြီးသည် ဈာနမုဒြာဖြင့်ရှိပေသည်။


ရန်ကုန်မြို့ ကမ္ဘာအေး ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပြတိုက်တွင် ဈာနမုဒြာဖြင့် ဗုဒ္ဓရုပ်ပွါးတော်များကို ခင်းကျင်းပြသထားပါသည်။

---

DHYĀNĀ MUDRĀ
see also Samādhi Mudrā, Yoga Mudrā.
Tibetan Collections vol. I. p. 25.
F.T. Mysticism. p. 87. pl. 3 Amitābhā
IBBS. 87, 193.; Icons T.L. p. 20; DHI. p. 252.; IBI. p. 435.
Mudra, Saunders. p. 85 (JÔ)in)
OBEP. plate 85 a. Shwehsandaw. plate 309 a.b.c.d. Ananda
plate 196 a.b.c.d. Nagayon.



ဈာနမုဒြာ (Dhyāna Mudrā)



ဉာဏမုဒြာ (Jñāṇa Mudrā)

ပုဂံ ရွှေဆံတော်စေတီခေါ် မဟာပိန္နဲဘုရားအတွင်း အလယ်ဗဟိုတွင် ဈာနမုဒြာဖြင့် ဆင်းတုတော်တဆူရှိပါသည်။ နဂါးရုံဘုရားတွင်းမှ နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွါးတော်များကိုလည်း ဈာနမုဒြာဖြင့်တွေ့ရပါသည်။

ရန်ကုန်မြို့ ဗိုလ်တထောင် ဘုရားခေါ် ကျိုက်ဒေးအပ် စေတီအတွင်းမှ တူးဖော်ရရှိထားသော ရဟန္တာပုံတော်များကိုင်း, ပုဂံ အာနန္ဒာစေတီတော်တွင်းရှိ သုဇာတာပုဏ္ဏားတို့၏ ဆွမ်းအလှူကို ခံတော်မူပုံများကိုင်း ဈာနမုဒြာဖြင့် တွေ့ရှိရပါသည်။

ဈာနမုဒြာပါသော ရုပ်ပွါးဆင်းတုများကို ကိုးကွယ်သူသည် တည်ကြည် ငြိမ်သက်ခြင်း,ခါတ်သဘောအပြည့်အဝရရှိခြင်း,စိတ်ဝေဒနာ သောကပရိဒေဝ ကင်းငြိမ်းခြင်း,ဉာဏ်ပညာ တိုးတက်ပွင့်လင်းခြင်း,တရားထူးကို ရလွယ်ခြင်း,သမထပေါက်လွယ်ခြင်း,ထွက်ရပ်ပေါက်လွယ်ခြင်း,သိဒ္ဓိပြီးခြင်း မကောင်းကျိုးဟူသမျှ လောင်ကျွမ်းချုပ်ပျောက်သွားခြင်းစသော အကျိုးထူးများ ရနိုင်ကြောင်းဖြင့် ဝဇီရာယာနကျမ်းဂန်များ၌ ဖွင့်ဆိုထားပေသည်။

ဈာနမုဒြာ ရုပ်ပွါးတော်ရှိသည့် တိုင်းပြည်ရပ်ရွာသည် အေးချမ်းသာယာ၍ တည်တံ့ငြိမ်သက်ကြောင်းဖြင့်လည်း တန္တရာယာနကျမ်းများ၌ ဖော်ပြထားလေသည်။

သီလပါရမီ ပညာပါရမီ၊ ဈာနပါရမီ၊ မေတ္တာပါရမီ၊ ဝီရိယပါရမီ စခန်းများသို့ ရည်ဆောင်ညွှန်ပြလိုရင်းဖြစ်ကြောင်း၊ ပဋိမာသိပ္ပံ ပညာရှင်များက မိန့်ဆိုကြသည်။ ဈာနသည် ပါရမီတာများတွင် တခုအပါအဝင်ဖြစ်သည်ဟု မဟာသံဃိက ဂိုဏ်းနှင့် သဗ္ဗတ္ထိဝါဒဂိုဏ်း ဗုဒ္ဓဘာသာ ကျမ်းဂန်များ၌ ပြဆိုပါသည်။

ပါရမီများ=ဒါန–သီလ–ပညာ–နေက္ခမ္မ–သစ္စာ–အဓိဋ္ဌာန–ဝီရိယ–ခန္တီ–ဉပေက္ခာ–မေတ္တာ–ဈာန–ဉပါယကောသလ္လ–ပဏိဓာန–ဗလ–ဉာဏ–ဟူ၍ တဆယ့်ငါးပါးအပြားရှိလေသည်။ မူလပါရမီခြောက်ပါးမှာ–ဒါန–သီလ–ခန္တီ–ဝီရိယ–ဈာန–ပညာတို့ဖြစ်ကြသည်ဟု ဒသဘူမိက သုတြာတွင် ဖွင့်ဆိုထားပါသည်။

## ဉာဏမုဒြာ

လက်နှစ်ဖက်စလုံးကို နှလုံးသားတည်ရာ ရင်ပတ်ဆီသို့ မြှောက်ချီကာ လက်ဝါးများကို ရင်ပတ်ဘက်သို့ လှည့်ထားပြီးလျှင် လက်မနှင့် လက်ခလယ်တို့ကို ထိ၍ထားသော လက်ဟန် အနေအထား ဖြစ်ပေသည်။

အသိဉာဏ်ပညာ ဗောဓိဉာဏ်, သဗ္ဗညုတဉာဏ်, သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ် တည်းဟူသော သဘောတရားများကို ညွှန်ကြားဟောပြလိုသော အနက်ကို ဆောင်ပေသည်။

အချို့ပညာရှိများ၏ အလိုအရ ဤမုဒြာသည် ဓမ္မစက္ကပဝတ္တနမုဒြာ တမျိုးပင် ဖြစ်သည်ဟု ဆိုသည်။

---

JNĀNA MUDRĀ
see also Dhammacakkappavattana Mudrā (Dharmacakra Mudrā)
DHI. p. 254.
EHI. i.i. p. 17.

ဗာဟုသစ္စမင်္ဂလာ, သိပ္ပမင်္ဂလာ, အတ္တသမာပဏိဓိမင်္ဂလာများကို သင်္ကေတန်ပုံဟန် ဆောင်ထားခြင်း ဖြစ်ပေသည်။

အဇ္ဈတ္တရသနှင့် သန္တရသများကို ပေါ်လွင်ထင်ရှားစေသည်။

ပညာပါရမီကို အဓိကအားဖြင့် ရည်ညွှန်းထားပေသည်။ ပဋိစ္စသမုပ္ပါဒ်နှင့် ဗောဇ္ဈင်တရားများကို ပဓာနအားဖြင့် ရည်ညွှန်းထားလေသည်။

ဤအမုဒြာ ပါသော ရုပ်ပွါးဆင်းတုကို ကိုးကွယ်ပါက အသိဉာဏ်ပညာ ပွင့်လင်းတိုးပွါးခြင်း, တရားအမြင့်တက်ခြင်း, ပညာရှိဖြစ်ခြင်း အကျိုးများကို ရရှိနိုင်သည်ဟု တန္တရယာနကျမ်းများ၌ ဖော်ပြထားပေသည်။

## တဇ္ဇနီမုဒြာ

လက်ညှိုး ထောင်ထားသော လက်ဟန်ဖြစ်သည်။

တဇ္ဇနီဟတ္ထ ဟုလည်း ခေါ်သည်။ သတိပေးဟန်ဟု ခေါ်တွင်သည်။

လက်ျာလက်၏ လက်ညှိုးကို အပေါ်သို့ ထောင်ပြထားသည်။ ဖူးမြော်လာသူအား သတိပေးနေဟန် ကြိမ်းမောင်း မာန်မဲနေဟန် ဖြိုး, ဆိုဆုံးမနေပုံမျိုးသင်္ကေတန်ကို ဆောင်သည်။ တဇ္ဇနီလက်ညှိုး၏ အဓိပ္ပါယ်မှာ သတိပေးခြင်း, ကြိမ်းမောင်း ဆဲဆိုခြင်း, ဆိုဆုံးမခြင်း ဟူ၍ ဖြစ်သည်။ တခါတရံ တစုံတခုပြုလုပ်ရန် ညွှန်ကြားခြင်း အနက်ကိုလည်း ဆောင်သည်။

ကျန်သော လက်ချောင်းများကို လက်သီးဆုပ်တွင် ကွေး၍ ထည့်ထားသည်။ တခါတရံ လက်မရော လက်ညှိုးပါ ထောင် နသည်ကို တွေ့ရတတ်သည်။

အာရတိ ဝိရတိ ပါပါမင်္ဂလာ, အပ္ပမာဒေါ စ ဓမ္မေသု မင်္ဂလာများနှင့် ပြည့်စုံအောင် သတိပေးနေဟန် အသွင်သင်္ကေတန်ကို ဆောင်လေသည်။

ဝိဘစ္ဆရသ, ရုဒ္ဒရသ, ကရုဏာရသများကို ပေါ်လွင်စေသည်။

သီလပါရမီ, ပညာပါရမီ, ခန္တီပါရမီနှင့် ဝီရိယပါရမီစခန်းများသို့ ရည်ညွှန်းထားပေသည်။

မရီစိမဏ္ဍိုလ်နတ်၏ ရုပ်တုများတွင် ဤလက်ဟန်ဖြင့် တွေ့ရတတ်သည်။

ဒိသာပါမောက္ခက တပည့်များကို ဆိုဆုံးမနေဟန် ရုပ်တုပန်းချီများတွင် တဇ္ဇနီမုဒြာကို တွေ့ရှိနိုင်ပေသည်။

ကုသိနာရုံ၌ မြတ်စွာဘုရား၏ နောက်ဆုံးဩဝါဒမှာကြားနေဟန်တွင် ဤတဇ္ဇနီမုဒြာဖြင့် တွေ့ရတတ်သည်။

---

TARJANI MUDRĀ
Tibe an Collections vol.i.p.27
IBI. p. 439; ITL. p. 22; IBBS. p. 43; EHI. i.i.p. 15
DHI. p.259.
OBEP. plate 231 h. Abeyadana.



တဇ္ဇနီမုဒြာ (Tarjanī Mudrā)



တပ္ပနမုဒြာ (Tarpaṇa Mudrā)

မြင်းပုဂံ အပယ်ရတနာဘုရားတွင်း ဆေးရေးပန်းချီများ၌ ရသေ့က မုဆိုးအား သတိပေးဆုံးမနေဟန် တဇ္ဇနီ မုဒြာဖြင့် တွေ့ရပါသည်။

တဇ္ဇနီ မုဒြာပါသော ရုပ်ပွါးဆင်းတုများကို ကိုးကွယ်ပါက တရားဓမ္မ၌တည်ခြင်း, စည်းစိမ်းရှိသေတတ်ခြင်း, လိမ္မာရေးခြားရှိခြင်း, ရန်သူကိုရင်း, မကောင်းမှုအကုသိုလ်ကိုရင်း ဟန့်တားထားနိုင်ခြင်း, အာဏာစက် ထက်မြက်လာခြင်း စသော သိဒ္ဓိများ အကျိုးကျေးဇူးများကို ရရှိနိုင်သည်ဟူ၍ တန္တရာယာနကျမ်းဂန်များ၌ ဖော်ပြထားပါသည်။

မင်ကောင်း မင်းမြတ်တို့သည် တိုင်းသူပြည်သား ရှင်လူအများတို့အား ထာဝစဉ်အမှတ်တရ လိုက်နာကျင့်သုံးနိုင်ကြစေရန်အတွက် ဤမုဒြာဟန်ဖြင့် ရုပ်ပွါးဆင်းတုကို ထုလုပ်ကိုးကွယ်လေ့ရှိကြသည်။

## တပ္ပနမုဒြာ

အဘိဓာ်ကာလမှ ဘိုးဘွားများအား ပူဇော်ဟန်ဖြစ်သည်

လက်များကိုကွေး၍ ပုခုံးနှင့်ညီအောင် မြှောက်ချီထားသည်။ လက်ဝါးများကို အတွင်းဘက်သို့ လှည့်၍ လက်ချောင်းများကို ပုခုံးဘက်သို့ကွေး၍ ပြထားသည်။

အနှစ်သာရအားဖြင့် ပူဇာ စ ပူဇနေယျာနံ မင်္ဂလာ, ဂါရဝနိဝါတမင်္ဂလာ, ဉာတကာနံ သင်္ဂဟ မင်္ဂလာများကို သရုပ်ဖော်သဏ္ဍာန်ပြထားသည်။

သဘာဝအားဖြင့် ကရုဏာရသကို ပေါ်လွင်စေသည်။

ဒါနပါရမီ, မေတ္တာပါရမီခန်းများသို့ ညွှန်ပြထားသောသဘောကို ဆောင်ပေသည်။

ပုံစံအားဖြင့် နာမသင်္ဂီတိ၏ ရုပ်ပွါးဆင်းတုတွင် ဤမုဒြာမျိုးကို တွေ့ရသည်။

မိရိုးဖလာ ဘိုးဘွားဘီဘင်များကို ပူဇော်ကန်တော့သော ပွဲတော်များတွင် ဤတပ္ပနမုဒြာပါသော ရုပ်ပွါးဆင်းတုများဖြင့် ဆင်ယင်ကျင်းပလေ့ ရှိကြပါသည်။ ရိုးရာတင်ပွဲ ပူဇော်ပသပွဲများအတွက် အရေးပါသော မုဒြာဖြစ်သည်ဟုဆိုသည်။ ဤကဲ့သို့ ပူဇော်ကိုးကွယ်ပါက ရောဂါဝေးနာကင်းငြိမ်းချမ်းသာခြင်း, မကောင်းသော ဘေးဥပဒ်အန္တရာယ် ရန်မှုခပ်သိမ်းမှ ရှောင်တိမ်းလွတ်ကင်းနိုင်ကြောင်းဖြင့် ယုံကြည်ခဲ့ကြလေသည်။

ပုဂံ အပယ်ရတနာလိုဏ်ဂူဘုရားအတွင်း ဆေးရေးပန်းချီများ၌ ဤမုဒြာမျိုးကို တွေ့ရှိနိုင်ပါသည်။

---

TARPANA MUDRĀ

IBI. p. 440.

ITL. p. 22.

**အပယ်ရတနာလိုဏ်ဂူဘုရား, ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာန ဦးမြ-၁၉၆၇။**

## တဇ္ဇနီပါသဟတ္ထ

လက်ညှိုးထောင်၍ ပိုက်ကွန်ယက်ကို ကိုင်ထားသည့် ပုံဖြစ်သည်။

တဇ္ဇနီမုဒြာမှ ခွဲထွက်လာသော ပုံဖြစ်သည်။

လကျ်ာလက်ညှိုးကို ဖြစ်စေ, လက်ညှိုးနှင့် လက်မကို ဖြစ်စေ ထောင်ပြထားကာ ထိုလက်ဖြင့်ပင် ပိုက်ကွန်ယက်ကို ကိုင်ပြထားပေသည်။

တဇ္ဇနီ လက်ညှိုးမှာ သတိပေးခြင်း, ဆုံးမခြင်း, ကြိမ်းမောင်း, မာန်မဲခြင်း အဓိပ္ပါယ်ကို ဆောင်သည်။ ပါသ=ပိုက်ကွန်ယက်မှာ ဖြားယောင်း, သွေးဆောင်ခြင်း, စိတ်ညှို့ခြင်း, ချော့မော့ခြင်း, အမိအရဖမ်းယူခြင်း, သိမ်းသွင်းခြင်း အနက်သဘောကို ဆောင်ပေသည်။

ဓမ္မသု အပ္ပမာဒမင်္ဂလာ၊ ခန္တီမင်္ဂလာများကို သဏ္ဌာန်ဆောင်ပြထားသည်။

ကရုဏာရသကို ပေါ်လွင်စေသည်။

ပညာပါရမီနှင့် ဝီရိယပါရမီ, သစ္စာပါရမီ, မေတ္တာပါရမီတို့ကို ရည်ညွှန်းထားသည်ဟု ဆိုကြသည်။

ပုံစံအားဖြင့် မာရ်နတ်သားနှင့် အခြားနတ်များ၏ ရုပ်တုများတွင် မကြာခဏတွေ့ရတတ်သည်။

ဂဟပတိဇာတက ရုပ်ကြွတွင် ဘုရားအလောင်းက အခြားလူတဦးအား ဆုံးမသွန်သင်နေဟန်၌ ဤတဇ္ဇနီပါသဟတ္ထပုံဖြင့် တွေ့ရှိရသည်။

ပုဂံအပယ်ရတနာလိုဏ်ဂူဘုရားတွင်း ဆေးရေးပန်းချီများတွင် တဇ္ဇနီပါသဟတ္ထဖြင့် မာရ်နတ်၏ ရန်ကို အမြဲတစေ သတိတရားဖြင့် ဆင်ခြင်ရှောင်ကွင်းနိုင်စေရန် သတိပေးလိုသော ဆန္ဒဖြင့် အသုံးပြု ထုလုပ်ရေးဆွဲခဲ့ကြဟန်တူသည်။ အထောက်အထား ခိုင်လုံစွာ မတွေ့ရှိသေးပါ။

အပယ်ရတနာလိုဏ်ဂူဘုရား ဦးမြ—၁၉၆၀-တွင်ရှုပါ။

## တိဏဟတ္ထ(တိဏကိရဏမုဒြာ)

လက်တဖက်ဖြင့် ဖြစ်စေ, လက်နှစ်ဖက်ဖြင့် ဖြစ်စေ, မြက်တမျိုးမျိုးကို ဆုပ်ကိုင်ထားလျှင် တိဏဟတ္ထ ပုံတော် ဖြစ်သည်။

သောတ္ထိယ မြက်ရိတ်သမားက လှူဒါန်းအပ်သော မြက်ဆုပ်များကို လက်ခံတော်မူဟန် လက် ဖဝါးနှစ်ဖက်ကို အပြင်သို့ လှန်ချပြထားလျှင်သော်၎င်း, မြက်ဆုပ်ကိုကြဲဖြန့်ဟန် ပြုနေလျှင် သော်၎င်း တိဏကိရဏမုဒြာ=မြက်ဆုပ် ကြဲဖြန့်ပုံတော်ဟူ၍ ခေါ်ပါသည်။ သို့မဟုတ် သာမန် တိဏဟတ္ထ ပုံတော် ဟုလည်း အမည်တပ်ကြသည်။

---

TARJANĪ PĀSA HASTA
IBI. p. 439.
DHI. p. 259.
Triṇa Hasta (Tiṇakiraṇa Mudrā)



တဇ္ဇနီပါသဟတ္ထ (Tarjanī Pāsa Hasta)



တိဏဟတ္ထ (Triṇa Hasta)



တြိပဋက ဟတ္ထ (Tripaṭaka Hasta)

ဤမုဒြာဟတ္ထ ပုံတော်မျိုး၏ မနီးမဝေးတွင် ညောင်ပင်နှင့် မြက်ထမ်းသမား ပုံကို တွေ့ရတတ်သည်။ သို့မဟုတ် လျှောင်လှုပ်ဟန်, ပလ္လင်ပေါက်လာဟန်ပုံများကိုလည်း တွေ့ရတတ်ပါသည်။

ပုံစံအားဖြင့် ပုဂံမြို့အာနန္ဒာဘုရားတွင်းရှိ သောတ္ထိယမြက်ရှစ်ဆုပ် လှူခန်းတွင် တိဏဟတ္ထ ပုံတော်များကို ဖူးတွေ့နိုင်ပါသည်။

ပုဂံနဂါးရုံ ဘုရားတွင်လည်း အလားတူပုံများကို တွေ့ရပါသည်။

အဓိဋ္ဌာနပါရမီ, ဒါနပါရမီ, သစ္စာပါရမီတို့ကို ဖော်ညွှန်းပါသည်။

အဗ္ဘုတရသ, သန္တရသတို့ကို ပေါ်လွင်စေပါသည်။

ဒါနဥမင်္ဂလာ, ပုဗ္ဗေ စ ကတပုညတာမင်္ဂလာ, ပူဇာစမင်္ဂလာ, ပဋိရူပဒေသဝါသ မင်္ဂလာတို့ကို သရုပ်ဖော်ဆောင်သည်ဟု ဆိုပါသည်။

တိဏဟတ္ထ ပုံတော်ရုပ်ပွါး ဆင်းတုများကိုကိုးကွယ်သူသည် အကြံအစည် အောင်မြင်ခြင်း, ဆုထူး လာဘ်ထူးကို ရခြင်း, ကံကောင်းခြင်း, စည်းစိမ်တိုးတက်ခြင်း, ရာထူးဌာနန္တရ အသစ်ရရှိခြင်း, တန်းခိုး သိဒ္ဓိအထူးကို ပိုင်ဆိုင်ခြင်း, အလိုဆန္ဒပြည့်ဝခြင်း, နေထိုင်စရာ အိမ်ကျောင်းဇရပ် အဆောက်အဦများ ရလွယ်ခြင်း, လယ်ယာကိုင်းကျွန်း ဖြစ်ထွန်း အောင်မြင်ခြင်း, သီးနှံစပါးပေါများ ကြွယ်ဝခြင်း စသော အကျိုးထူးများကို ရနိုင်သည်ဟု တန္တရာယာနကျမ်းဂန်များ၌ ဖွင့်ဆို ဖော်ပြထားပါသည်။ ကုသဟတ္ထ နှင့် သဘောသဘာဝခြင်း တူညီပါသည်။

## တိပတကဟတ္ထ (တြိပဋကဟတ္ထ)

သုံးချောင်းထောင် ကြက်လျှာချွန်လက်ဟန်ဖြစ်သည်။

လက်သူကြွယ်ကို လက်မဖြင့်ဖိထားကာ လက်သန်းလက်ခလယ်နှင့် လက်ညှိုးကို သုံးချောင်းကို ထောင်၍ ရှေ့အပြင်ဘက်သို့ လှန်ပြထားသော လက်ပုံမျိုးဖြစ်သည်။

တခါတရံ သုတေသီများက ဤပုံကို ဝိတက္ကမုဒြာနှင့် ရောနှော၍ ပြတတ်သည်။ ဤတိပတက ဟတ္ထပုံကို နစ္စမုတ္တိပုံများတွင် အကဟန်တမျိုးအဖြစ် ပြ ာတ်သည်။ တြိပဋ္ဋာကာ ကဟန် ဟုလည်း ခေါ်သည်။ လက်ကိုပုခုံးလောက် မြှင့်တင်ထားလေ့ရှိသည်။

အချို့ရုပ်တုများတွင် လက်သိုးနှင့် လက်ခလယ်ကြားတွင် အဆောင်အယောင် တခုခုကို ညှပ်ပြီး ကိုင်ထားတတ်သည်။

---

OBEP. plate 202 d. Nagayon Pagoda
plate 295 a.b.c.d. Ananda Pagoda
plate 296 a. -do-
(Niches 69, 70, 71. 72, 73,.)

သိလက္ခနဒ္ဒိကာသစ်–ပ–နှာ–၂၄၀–(အဋ္ဌ ကုသတ်ဏမုဋ္ဌယော ဂဟေတွာ)

အပ္ပမာဒမဂ်လာကို သရုပ်ဖော်သင်္ကေတန် ဆောင်သည်ဟု ဆိုသည်။

အဓိဋ္ဌာနပါရမီ၊ ပညာပါရမီတို့ ကို သဘောတရားအားဖြင့် ညွှန်ပြလျက်ရှိသည်။

မေတ္တာပါရမီ၊ပညာပါရမီတို့ ကို သဘောတရားအားဖြင့် ညွှန်ပြလျက်ရှိသည်။

ပုံစံအားဖြင့် ဗုဒ္ဓဘာသာနိုး နတ်ရုပ်များတွင်၎င်း၊ကချေသည်များ၏ ပုံတွင်၎င်း ဤဟတ္ထပုံကို တွေ့ရှိရသည်။

တြိဂုဏခေါ် ဗိဿနိုးနတ် ဗြဟ္မာကြီး ထာဝရနတ်ကြီးများ၏ ဂုဏ်သုံးပါးကို ဖော်ဆောင်ညွှန်ပြသော မုဒြာ မျိုးဖြစ်သည်ဟု ပညာရှင်အချို့က ယူဆကြသည်။ ဂုဏ်သုံးပါးအင်္ဂါကို ဖော်ပြကိုးကွယ်ခြင်းကြောင့် နတ်ဗြဟ္မာများ၏ ချစ်ခင်လေးစားမှုကိုခံယူရခြင်း၊ဝိဇ္ဇာဉာဏ်ပေါက် အလင်းရောက်ခြင်း၊ တတိယစက္ခုခေါ် ဝိဇ္ဇာဉာဏ်မျက်စိကိုရခြင်းစသော ကြီးကျယ်မြင့်မြတ်သည့် အကျိုးထူးများကို ရနိုင်သည်ဟူ၍ တန္တရယာနကျမ်းဂန်များက ညွှန်ပြထားပါသည်။

## တိလောက ဝိဇယမုဒြာ

ဘူတဒါမရမုဒြာနှင့် ဆင်တူဖြစ်သည်။

လက်နှစ်ဖက်ကို ရင်ပတ်ရှေ့တည့်တည့်လောက်တွင် ယှက်ထားပြီးလျှင် လက်ဖဝါးများကိုပြင်ဘက်သို့ လှန်ပြထားသော လက်ဟန်မျိုးဖြစ်သည်။

လူနတ်ဗြဟ္မာ တည်းဟူသော လောကသုံးပါးကို၎င်း၊ ကာမ–ရူပ–အရူပ တည်းဟူသော လောကသုံးပါးကို၎င်း၊ သတ္တလောက သင်္ခါရလောက ဩကာသလောက တည်းဟူသော လောကသုံးရပ်ကို၎င်း အကြွင်းမဲ့ အောင်မြင်တော်မူဟန်ပုံသင်္ကေတန်ဆောင်ထားခြင်းဖြစ်ပေသည်။

အနုမ်သာရအားဖြင့် သဗ္ဗတ္ထအပရာဇိတမင်္ဂလာအကျိုးကို ပုံဆောင်ပြထားခြင်း ဖြစ်ပေသည်။

အဓိဋ္ဌာနရသ, ဝီရိယရသများကို ပေါ်လွင်စေသည်။

ပညာပါရမီ, သစ္စာပါရမီ, အဓိဋ္ဌာန်ပါရမီ,ဝီရိယပါရမီစခန်းများသို့ ရည်ညွှန်းပြထားပေသည်။

ပုံစံအားဖြင့် ဘုရားအဖြစ်သို့ ရောက်ကောင်းမှုခန်း, မာရ်နတ်ပလ္လင်လုခန်း ဆေးရေးပန်းချီများ ရုပ်လုံးရုပ်ကြွများ၌ ဤမုဒြာမျိုးကို တွေ့ရတတ်သည်။

ရန်ပြေမနိုးပြ ဘုရားဆင်းတုတော်များကို စီရင်ရာ၌ ဤတိလောက ဝိဇယမုဒြာကို အသုံးပြုကြသည်၊ သူတပါးပြုစား စီရင်ထား[illegible]မျှ ပယောဂလုံ့လ အမှုတို့ကို လွှမ်းမိုးကျော်လွှားနိုင်စေရန်

---


TRIPATAKA HASTA
Icons in Bronze. p. 29. fig. 12.
OBEP. plate.
TRILOKYAVIJAYA MUDRĀ
ITL. p. 22. (Gordon)
IBI. p. 150.
J. Niwa-iu. Mudrā. p. 75.



တိလောကဝိဇယမုဒြာ (Trailokyavijaya Mudrā)



ဒမရဟတ္ထ (Damara Hasta)



ဒါနမုဒြာ (Dāna Mudrā)

ဤမုဒြာပါသော ရုပ်ပွါးဆင်းတုတော်များကို ကိုးကွယ်ကြသည်။ ရန်သူစစ်သည်အပေါင်းကို အောင်မြင်နှိမ်နင်းနိုင်သော အကျိုးသတ္တိကို ရရှိစေနိုင်သည်ဟု တန္တရာယာန ကျမ်းများက ဖွင့်ဆိုထားလေသည်။ စစ်ထွက်ခါနီး အဆောင်အယောင် ခါးလှည့်လက်ဖွဲ့များကို သိဒ္ဓိတင်သောအခါ ဤမုဒြာပါသော ရုပ်ပွါးတော်ရှေ့မှောက်၌ စီရင်လေ့ရှိကြသည်။

## ဒမရဟတ္ထ

မုရိုးစည်ငယ်ကလေးကို လက်သန်းနှင့်လက်ညှိုး နှစ်ခုထောင်ထားသည့်ကြားတွင် ညှပ်၍ပြထားသောပုံ ဖြစ်သည်။ လက်ခလယ်နှင့် လက်သူကြွယ်နှစ်ချောင်းကို လက်မဖြင့် ဖိထားသောပုံ ဖြစ်သည်။ လက်ဝါးကိုမူ အတွင်းဘက်ရုပ်တု၏ မျက်နှာဆီသို့ လှည့်၍ထားသည်။ တခါတရံ မုရိုးစည် မပါသော်လည်း ဒမရဟတ္ထပုံဟုပင် ခေါ်ကြသည်။

အနက်သဘောအားဖြင့် ဓမ္မသဝန, ဓမ္မသာကစ္ဆာ မင်္ဂလာများကို သရုပ်ဆောင်သည်။

သိင်္ဂါရရသ, ဝီရရသ, ဟဿရသများကို ပေါ်လွင်စေသည်။

ဝီရိယပါရမီ, ပညာပါရမီ, ဈာနပါရမီစခန်းများသို့ ညွှန်ပြအားခြင်း ဖြစ်ပေသည်။

ပုံစံအားဖြင့် နန်းတွင်းကချေသည်များ၏ ကဟန်များတွင် တွေ့ရှိရသည်။

ဒမရဟတ္ထပုံများကို ကရွှင်မြူးတူးစေရန် အတွက်ငှင်း, စိတ်လက် တက်ကြွစေရန် အတွက်ငှင်း, လောကီစည်းစိမ်ချမ်းသာကို ခံစားနိုင်စေရန်အတွက်ငှင်း ရည်ရွယ်၍ ထုလုပ် ရေးဆွဲလေ့ရှိကြသည်။ ဤပုံပါလျှင် မြူးကြွ၍ အသက်ဝင်လျက်နေသည်ဟု ပညာရှိများက မိန့်မှာဘူးပါသည်။ ဗုဒ္ဓဘာသာရေးတွင် တဆူးနာကြရန် တိုက်တွန်းသော အနက်သဘောရှိသည်ဟုလည်း အဓိပ္ပါယ်ကောက်ယူကြပါသေးသည်။ အနုပညာ သဘင် ဂီတလောကတွင် ဤဟတ္ထမုဒြာပုံများကို အလွန်လေးစား အရေးထားခဲ့ကြလေသည်။

## ဒါနမုဒြာ

အလှူပေးဟန်ဟု ခေါ်သည်။ ကောင်းချီးပေးဟန် ဆုပေးဟန်နှင့် ဆင်တူဖြစ်သည်။
ဝရဒမုဒြာကိုလည်း ရှုပါ။

လကျာလက်ကို မြေကြီးသို့ အောက်စိုက်ချထားကာ လက်ဝါးကို အပြင်ဘက်သို့ ညွှန်၍ပြထားသည်။ လက်ချောင်းများကို ဖြန့်ပြထားပြီး တစုံတခု ပေးတော့မည့် ပုံဟန်ကို ဆောင်သည်။ ဘူမိဿမုဒြာနှင့် လက်ဝါးထားပုံ ပြောင်းပြန်ဖြစ်သည်။

---

DAMARA HASTA
Icons in Bronze p.29, fig. 13.
DĀNA MUDRĀ
F.T. Mysticism. p. 109.

တခါတရံ လက်ချောင်းများကို ကွေးထား၍ တစုံတခုကို ကိုင်တွယ်ပြီး အလှူပေးတော့မည့်ဟန်ဖြင့် ရှိတတ်သည်။

အနှစ်သာရအားဖြင့် ဒါနမင်္ဂလာ, ပူဇာ စ ပူဇနေယျာနံ မင်္ဂလာများကို သရုပ်ဆောင်ထားခြင်းဖြစ်သည်။

ဒါနပါရမီစခန်းသို့ ညွှန်ပြလျက် ရှိသည်။

ဝိရုရသ, သန္တရသများကို ဖော်ဆောင်သည်။

ပုံစံအားဖြင့် ရတနသမ္ဘဝဈာနိ ဗုဒ္ဓဘုရားပုံတော်ကို ဤဒါနမုဒြာဖြင့် တွေ့ရတတ်သည်။ လောကသုံးပါးကို ဖန်ဆင်းပေးတော်မူသော သဘာဝကို ဖော်ပြထားခြင်းဖြစ်သည်ဟု ဆိုသည်။ ဖူးမြော်လာသူအား ကိုးကွယ်လည်းလျောင်း အားထားစရာ ရတနာသုံးပါးတည်းဟူသော ဘုရား, တရား, သံဃာတို့ကို ပေးတော်မူ၏။ ခံယူကိုးကွယ်ကြပါလောဟု တိုက်တွန်းသတိပေးသည့် အနက်အဓိပ္ပါယ်ကို ဆောင်ပေသည်။

ဒါနမုဒြာပါသော ရုပ်ပွါးဆင်းတုကို ထုလုပ်ကိုးကွယ်သူသည် လာဘ်ရှင်ခြင်း, ရွှေငွေဥစ္စာရတနာ ဆင်မြင်းစသော စီးပွါးရေးတွင် အောင်မြင်ခြင်း, ကြွေးမြီဟောင်းကို တောင်းခံရာ၌ လွယ်လင့်တကူ ရနိုင်ခြင်း, သူတပါးထံမှ လက်ဆောင်ပဏ္ဏာများကို ရနိုင်ခြင်း, ခွန်တုတ်ပန္နာများ ပေါများကြွယ်ဝစွာ ရရှိနိုင်ခြင်း, တိုင်းပြည်နိုင်ငံအတွင်း ဆန်ရေစပါး ပေါများခြင်းစသော အကျိုးထူးများကို ခံစားရသည်ဟု တန္တရာယာနကျမ်း လောကီကျမ်းများ၌ ဖော်ပြထားပေသည်။

## ဒဏ္ဍဟတ္ထ

ဂဇဟတ္ထပုံနှင့် ဆင်တူဖြစ်သည်။

လက်ဝဲလက်သည် ရှေ့သို့ဆန့်တန်း၍ဖြစ်စေ, ကိုယ်ခန္ဓာကို ကန့်လန့်ဖြတ်၍ဖြစ်စေ ထားသောဟန်ဖြစ်သည်။ တောင်ဝှေးသဏ္ဌာန် လက်ဟန်ထားခြင်းဖြစ်၍ ဒဏ္ဍဟတ္ထဟုခေါ်သည်။

တန်ခိုးကြီးမားပုံ, အင်အားဗလကြီးမားပုံကို သရုပ်ဆောင်ထားခြင်းဖြစ်သည်။

တပေါ စ မင်္ဂလာ, ဓမ္မေသု အပ္ပမာဒမင်္ဂလာများကို ရရှိကြစေရန် တိုက်တွန်းခြင်း အနက်သဘောဖြစ်သည်။

ဝီရရသ, အဗ္ဘုတရသများကို ပေါ်လွင်စေသည်။

ဝီရိယပါရမီ, အဓိဋ္ဌာနပါရမီစခန်းများသို့ ညွှန်ပြလျက်ရှိပေသည်။

---

DAṆḌA HASTA
Icons in Bronze, p. 28
DHI. p. 258; EHI. i.ii.16.



ဓမ္မစကြမုဒြာ (Dharmacakra Mudrā)



ဒဏ္ဍဟတ္ထ (Daṇḍa Hasta)

ပြယုဂ်ပုံစံအားဖြင့် နဒွရာဇပုံများတွင် အများဆုံးတွေ့ရှိရသည်။ ရသေ့ပုံများ ပုဏ္ဏားများ၏ ရုပ်တုတို့တွင် တခါတရံ ဤဟတ္ထပုံဖြင့် တွေ့ရသည်။

ဒဏ္ဍဟတ္ထဖြင့် ရုပ်ပွါးဆင်းတုများ ထုလုပ်စီရင် ကိုးကွယ်သူသည် ခိုင်ခံ့တည်ကြည်ခြင်း, ဥစ္စာစိမ်ခိုင်မြဲ တည်တံ့ခြင်း, ရဲရင့်ခြင်း, မကောင်းဆိုးဝါး အစိမ်းသားရဲ သင်းကွဲပြိတ္တာ နတ်မိစ္ဆာတို့က မနှောင့်ယှက်နိုင်ခြင်း, ရန်သူတကာကိုအောင်နိုင်ခြင်း စသော အကျိုးထူးများကို ရနိုင်သည်ဟု ကျမ်းဂန်ဟောင်းများ၌ ဖွင့်ဆိုမိန့်မြွက်ထားပါသည်။

အချို့ပညာရှိများကမူ ဗျာဒိတ်တော်ညွှန်းပုံပင် ဖြစ်သည်ဟူ၍ မှတ်ချက်ပေးကြပါသည်။

## ဓမ္မစကြမုဒြာ

ဓမ္မစက္ကပဝတ္တနမုဒြာဟုလည်းကောင်း, ဗျာချာနမုဒြာဟုလည်းကောင်း ခေါ်သည်။

တရားဦးကို ဟောကြားနေဟန်ဖြစ်သည်။ တရားစက်ဝိုင်း လှည်းဘီးကို လှည့်တော့မည့် ဟန်ချီးဖြစ်သည်။

ဉတ္တရဗောဓိမုဒြာဟန်နှင့် ဆင်တူယိုးမှားဖြစ်သည်။

လကျ်ာဘက်လက်မနှင့် လက်ညှိုးတို့ကို လက်ဝဲလက်မ လက်ညှိုးတို့နှင့် ထိထားကာ လကျ်ာလက်က စက်ဝိုင်းလှည်းဘီးတခုကို လည်ပတ်လှည့်ပေးတော့မည့်ဟန်မျိုးဖြင့် ရှိသည်။ လက်နှစ်ဘက်စလုံး ရင်ညွန့်အထက်နားလောက်ရောက်အောင် မြှင့်တင်ထားသည်။ များသောအားဖြင့် လက်ဝဲလက်သည် လကျ်ာလက်ကို ဖုံးအုပ်ထားလေ့ရှိသည်။

ဂေါတမမြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ ပဥ္စဝဂ္ဂီရဟန်းများအား ဓမ္မစက္ကပဝတ္တနသုတ်ကို ဟောကြားနေဟန်ကို သရုပ်ဖော်ပြခြင်းဖြစ်သည်။ တရားဦးဟောဟန်ဖြစ်၍ အဦးအစမွန်မြတ်၍ မင်္ဂလာရှိသည်ဟု ယုံကြည်ကိုးကွယ်ကြသည်။

ပုံစံအားဖြင့် ဂျာဝါးကျွန်းမှ ပညာပါရမီတာရုပ်ပွါးသည် ဓမ္မစကြမုဒြာပုံပင် ဖြစ်သည်။

ဝေရောစနရုပ်ပွါး မေတ္တေယျဆင်းတုနှင့် ဂေါတမဗုဒ္ဓရုပ်ပွါးဆင်းတုများကို ဤမုဒြာဖြင့် တွေ့ရသည်။

ပုဂံမြို့အပယ်ရတနာပုထိုးတော်တွင်း နံရံဆေးရေးပန်းချီများတွင် တရားဟောဟန် ဓမ္မစကြမုဒြာဖြင့် ဘုရားပုံများကို တွေ့ရှိနိုင်ပေသည်။ ပုဂံမြို့ နဂါးရုံဘုရား အရှေ့ဘက် နံရံတွင်ရှိသော ရုပ်ပွါးတော်များသည်လည်း ဓမ္မစကြမုဒြာဟန်ပင် ဖြစ်လေသည်။ အာနန္ဒာဘုရားတွင် ရုပ်ပွါးတော်လေးဆူကို ဤ မုဒြာဖြင့် တွေ့ရှိရပါသည်။

---

DHARMACAKRA MURDĀ.

IBI. p. 434.; ITL. p. 20.; IBBS. p. 17.; DHI. p. 262,256.

Tibetan Collections vol.i. p.25.

Mudrā. Saunders. p.94. (Temborin-in)

OBEP. plate 193 a.d. Nagayon: 298 ab.c.d. Ananda.

ဂန္ဓာရ အနုပညာတွင် ဓမ္မစကြမုဒြာကိုပုံသေကားကျ မတွေ့ရသေးချေ။ တခါတရံ လကျာလက်ကို လှည်းဘီးစက်ဝန်းကိုင်ထားဟန်ဖြင့် တွေ့ရသည်။ တခါတရံ အဘယမုဒြာပုံ ပြုလုပ်ထားတတ်သည်။ တခါတရံ လကျာလက်ချောင်းများကို အတွင်းဘက်သို့ကွေးထားကာ ရင်ဘတ်ကို ထိထားတတ်သည်။ လက်ဝဲလက်မှ လက်ချောင်းများကိုစု၍ အောက်မှလကျာလက်ကို ထောက်ပြထားတတ်သည်။

ဂုပ္ပတာခေတ် နောက်ပိုင်းတွင် ဉာဏမုဒြာနှင့် ဗျာချာနမုဒြာ နှစ်ခုကို ပေါင်းစပ်၍ ဓမ္မစက္ကမုဒြာကိုတီထွင်ခဲ့လေသည်။

ကာလေန ဓမ္မသဝနမင်္ဂလာ, ဓမ္မေသု အပ္ပမာဒမင်္ဂလာ, ဓမ္မသာကစ္ဆာမင်္ဂလာ သောဝစဿ-တာမင်္ဂလာ, အရိယသစ္စာန ဒဿနမင်္ဂလာ, နိဗ္ဗာနသစ္ဆိကိရိယမင်္ဂလာများကို သရုပ်ဖော် ပြထားခြင်းဖြစ်ပေသည်။

ဝိမုတ္တိရသ, သန္တရသတို့ကို ပေါ်လွင်စေသည်။

ပညာပါရမီ, သစ္စာပါရမီ, ဝီရိယပါရမီ စခန်းများသို့ ညွှန်ပြထားခြင်း အနက်သဘောကိုဆောင်လေသည်။

ဓမ္မစကြမုဒြာ ပါသော ရုပ်ပွါးဆင်းတုကို ကိုးကွယ်သူသည် တရားထူးကို ရရှိခြင်း, ဉာဏ်ပညာထွန်းကားတိုးတက်ခြင်း, အမှန်တရားကို သိလွယ်မြင်လွယ်ခြင်း, ယုံမှားသံသယ ကင်းရှင်းခြင်း, သိဒ္ဓိအမျိုးမျိုး ပြီးစီးပြည့်စုံခြင်း, ရာထူးဌာနန္တရ တိုးတက်ကြီးပွါးခြင်း, ဆင်းရဲဒုက္ခ အပေါင်းမှ လွတ်ငြိမ်းချမ်းသာခြင်း, ရန်သူများ၏ အကြံအစည် အဖျက်အဆီးတို့ကို လွှမ်းမိုး ကျော်လွှားနိုင်ခြင်း, တန်ခိုးအာဏာစက်ပြင်းပြခြင်း, တိုင်းပြည်နိုင်ငံ သာယာဝပြောခြင်း စသောအကျိုးထူးများကို ရရှိနိုင်သည်ဟု ဝဇီရာယာနကျမ်းဂန်များ၌ အကျယ်တဝင့် ဖွင့်ဆိုထားလေသည်။

ဓမ္မစကြ မုဒြာ မူကွဲပုံတူများကို နောက်ဆက်တွဲတွင် အကျယ်တဝင့် ရှင်းပြပါဦးမည်။

ပြာဋိဟာရိယမုဒြာပုံနှင့် နှိုင်းယှဉ်လေ့လာ သင့်ပါသည်။

## နမက္ကာရမုဒြာ

နမဿကာရ မုဒြာဟုလည်း ခေါ်သည်။


ဦးညွှတ်ရှိခိုးဟန်ဖြစ်သည်။

လက်နှစ်ဘက်ကို ယှက်ကာ ရင်ဘတ်ဆီလောက်ထိ မြှင့်တင်ထား၍ ရှိခိုးနေသော ဟန်မျိုးဖြစ်သည်။

ဝန္ဒနီမုဒြာ အဥ္ဇလိမုဒြာများနှင့် ဆင်တူဖြစ်သည်။

---

NAMSKĀRA MUDRĀ (see also Añjalī Mudrā and Vandanī Mudrā)
IBI. p.437.; Tibetan Collections vol.i. p.26.
ITL. p.22.; DHI. p.251.
OBEP. plate 276: 416. a.b.o.



နမက္ကာရမုဒြာ (Namashkāra Mudrā)



နမက္ကာရမုဒြာ (Namashkāra Mudrā)



နိဒြတဟတ္ထ (Nidrata Hasta)

အရှိအသေပြုထိုက်သူ, ရှိခိုးပူဇော်ထိုက်သူ, ဦးညွှတ်ထိုက်သူကို ရှိသေရှိခိုး မြတ်နိုး ပူဇော်ရန် တိုက်တွန်းသော သဘော အဓိပ္ပါယ်ကို ဆောင်သည်။

ပုံစံအားဖြင့် ဗောဓိသတ္တများက တထာဂတ ဗုဒ္ဓများအား အရှိအသေပြုသော ရုပ်ပုံရုပ်လုံး ရုပ်ကြွများ၌ ၎င်း,အောက်တန်းကျသော နတ်ဒေဝါများက အထက်တန်းကျသော နတ်ဗြဟ္မာတို့အား ဦးညွှတ်ရှိခိုးသော ရုပ်ပွါးများ၌၎င်း ဤနမက္ကာရမုဒြာကို တွေ့ရပေသည်။

ပူဇာ စ ပူဇနေယျာနံမင်္ဂလာ,ဂါရဝ-နိဝါတမင်္ဂလာ,သမဏာနဉ္စ ဒဿနမင်္ဂလာတို့ကိုသရုပ် ဆောင်ပြထားခြင်းဖြစ်သည်။

သန္တရသကို ပေါ်လွင်စေသည်။

သီလပါရမီ,အဓိဋ္ဌာန ပါရမီစခန်းများသို့ ညွှန်ပြထားပေသည်။

နမက္ကာရမုဒြာပါသော ရုပ်ပွါးဆင်းတုကို ကိုးကွယ်ပါလျှင် အဉ္စလီမုဒြာမှာကဲ့သို့ပင် အကျိုးထူးတရားများကို မုချရရှိနိုင်သည် ဟု တန္တရာယာန,ဝဇီရာယာနကျမ်းဂန်များ၌ မိန့်ဆိုထားလေသည်။

ပုဂံမြို့ အာနန္ဒာဘုရားတွင်းရှိ ရှင်အရဟံပုံတော် ကျန်စစ်သားမင်းပုံတော်များကို၎င်း, ပုဂံမြို့ ပြတိုက်တွင်းရှိ အုဋ်သားရုပ်ကြွ မဟာဗြဟ္မာကြီးများ ပုံကို၎င်း နမက္ကာရမုဒြာဖြင့် တွေ့ရှိရပါသည်။

## နိဒြတဟတ္ထ

ဘေးစောင်းလက်ထောက်ပုံဖြစ်သည်။

နံဘေးတဖက်သို့ လက်ထောက်ထားပုံ ဖြစ်သည်။ ရုပ်တုသည် ခပ်စောင်းစောင်းထိုင်၍ တကိုယ်လုံး၏ အလေးချိန်ကို လက်ဖြင့်ထောက်ကာ ကြမ်းတွင် လက်ဝါးမှောက်ပြီး ထားသော ပုံဖြစ်သည်။

လဲလျောင်းခါနီး, အိပ်ခါနီးတွင် လက်ကိုထောက်သည့် ဟန်ပန်မျိုး ဖြစ်သည်။ အပန်းပြေသော သဘော, အားလျော့သောသဘော,ဆင်းရဲဒုက္ခကို ကြိတ်မှိတ်သည်းခံနေသောသဘောနှင့် ချစ်သူများအား သွေးဆောင်ချော့မြူသောသဘောများကို သရုပ်ဆောင်ထားပေသည်။

သန္တုဋ္ဌိမင်္ဂလာ, ခန္တီမင်္ဂလာ, အသေဝက မင်္ဂလာများကို သရုပ်ဆောင်ပြသည်။

ကရုဏာရသ, သိင်္ဂါရရသတို့ကို ပေါ်လွင်စေသည်။

ခန္တီပါရမီ, မေတ္တာပါရမီစခန်းများသို့ ညွှန်ပြထားသော သဘောကို ဆောင်ပေသည်။

ပုံစံအားဖြင့် သုဝဏ္ဏသာမ ဇာတ်တွင် မြှားမှန်သောအခါ သဲငွေပြင် သောင်ခုံယံဝယ် ဘုရားလောင်းလဲကျနေဟန် ရုပ်လုံး ရုပ်ကြွဆေးရေး ပန်းချီကားများ၌ ဤနိဒြတဟတ္ထပုံဖြင့် တွေ့ရသည်။

---

NIDRATA HASTA
Icons in Bronze, p.28. fig.5.

မြန်မာကျောက်စာ ကျောက်များတွင် ခြေဆင်းအနားယူ အပန်းဖြေဟန်များကို ဤနိဒြာဟတ္ထ လက်ဟန်များဖြင့် တွေ့ရှိရပေသည်။

## ပတ္တမုဒြာ-ပတ္တဟတ္ထ

တခါတရံ ဗုဒ္ဓပတ္တမုဒြာဟု ခေါ်သည်။

သပိတ်ကို ကိုင်ထားသော ဟန်ပန်ဖြစ်သည်။

လက်ဝဲလက်ကို လှန်၍ လကျာလက်ကို အပေါ်မှ မိုးထားသော လက်ဟန်ဖြစ်သည်။ တခါတရံ လက်နှစ်ဘက်ကြားတွင် သပိတ် သို့မဟုတ် ခွက်တခုကို ထည့်ပေးထားတတ်သည်။

ရှင်ဥပဂုတ် ဆွမ်းဘုဉ်းပေးနေဟန် ရုပ်တုများတွင်မူ လက်ဝဲလက်က သပိတ်ကို မထားပြီးလျှင် လကျာလက်က သပိတ်တွင်းသို့ နှိုက်ထားသည့် ဟန်မျိုးဖြင့် တွေ့ရှိရသည်။

မြတ်စွာဘုရား ဆွမ်းခံကြွနေတော်မူဟန်, ရဟန်းများဆွမ်းခံ ကြွနေဟန် နှင့် ဘုရားရဟန္တာ ဆွမ်းဘုဉ်းပေးနေဟန် ရုပ်ပွါးဆင်းတုများတွင် ဤပတ္တဟတ္ထမုဒြာဖြင့် တွေ့ရှိရပါသည်။

တခါတရံ နတ်ဗြဟ္မာ သိကြားရုပ်တုများတွင် ဤမုဒြာကို တွေ့ရှိရတတ်ပေသည်။ ပုဂံမြို့ရွှေဆံတော်ဘုရားတွင်း၌ အချို့ရဟန္တာပုံတော်များကိုရင်း, ကျောက်ကူဥမင်ဘုရားတွင်း၌ ရုပ်ကြွပုံတော်ကိုရင်း အာနန္ဒာစေတီတော်အတွင်းမှ အချို့ရုပ်တော်မူနှင့် ထိုင်တော်မူ (ဗောဓိရိုး) ဘုရားရုပ်ပွါးဆင်းတုတော်များကိုရင်း ဤပတ္တမုဒြာပုံဖြင့် တွေ့ရှိရပါသည်။

ယောဂီပုဂ္ဂိုလ်များသည် ယောဂါသနဖြင့် ထိုင်၍ ဤမုဒြာဟတ္ထပုံဖြင့် ကျင့်ပါက တထာဂတ ဓာတ်ဝင်လာနိုင်သည်ဟု အမိန့်ရှိလေသည်။

ဤမုဒြာသည် သန္တရသကို ပေါ်လွင်ထင်ရှားစေသည်။

သမဏာနုဋ္ဌ ဒဿနမင်္ဂလာ, ဒါနုဋ္ဌမင်္ဂလာ, ပူဇာစ ပူဇနေယျာနံ မင်္ဂလာ, တပေါစမင်္ဂလာများကို သရုပ်ဖော်ညွှန်ပြထားသည်။

ဝီရိယပါရမီ,အဓိဋ္ဌာနပါရမီ, ဒါနပါရမီ,ခန္တီပါရမီ စသည်တို့ကို ညွှန်ပြထားပေသည်၊

ပတ္တဟတ္ထပုံတော် ရုပ်ပွါးဆင်းတုများကို ကိုးကွယ်သူသည် စားဖွယ်သောက်ရာ ပေါများကြွယ်ဝခြင်း, စည်းစိမ်ဥစ္စာကုံလုံပြည့်ဝခြင်း, ဆုတောင်းပြည့်ခြင်း, အင်အားကြီးမားခြင်း, တန်းခိုးအာနုဘော် ထက်မြက်ခြင်း, အလိုဆန္ဒ ပြည့်ဝလွယ်ခြင်း, မကောင်းသောဂြိုဟ်စီးဂြိုဟ်နင်းတို့မှ လွတ်ငြိမ်းချမ်းသာခြင်း စသော အကျိုးထူးတရားများကိုရရှိကြောင်း ကျမ်းဂန်များ၌ ဖွင့်ဆိုထားလေသည်။

---

PATTA MUDRĀ: Patta Hattha: Patra Hasta
MUDRA. Saunders: p.113, Buppatsu in (Shakyamuni-daihachi.in)
OBEP. plate 90-91: 192 c. 293 a.
plate 291 a. Niche 53. N. Wall. Ananda.



ပတ္တမုဒြာ=ပတ္တဟတ္ထ .Patra Mudrā-Patra Hasta)



ပတ္တမုဒြာ=ပတ္ထဟတ္ထ (Patra Mudrā-Patra Hasta)



ပဒ္မာဟတ္ထ (Padma Hasta)

## ပဒုမာဟတ္ထ

လက်တွင်ကြာပန်းကို ကိုင်ထားဟန်ဖြစ်သည်။

ပဒုမာ ပါဏိပုံဟူ၍ရင်း, ကမလာဟတ္ထ ပုံတူဟူ၍ရင်း, ခေါ်ကြသည်။

ပဒုမာကြာသည် ဖြူစင်သောသဘော, လန်းဆန်းသော သဘောကိုဆောင်သည်၊ နေ့အချိန်အခါကို ညွှန်ပြသည်။ နေလှည့်ကြာ, လပကြာ, ကြာညိုစသည်ဖြင့် ကြာငါးမျိုးအနက် တခုခုကို ကိုင်ထားပါက ပဒုမာဟတ္ထ ဟူ၍ပင် ယေဘုယျနည်းအားဖြင့် ခေါ်ကြသည်။

မင်္ဂလာရှိခြင်း, အေးမြချမ်းသာခြင်း, ဖြူစင်သန့်ရှင်းခြင်း, ကိလေသာမှ ကင်းစင်ခြင်း, မေတ္တာတရား အပြည့်အဝရှိခြင်း, အကျိုးပေးသန့်ရှင်းခြင်း, ဘုန်းတန်ခိုးကြီးခြင်း စသောကောင်းမြတ်သော အနက်သဘောတို့ကို ဆောင်ပေသည်။

ပုဗ္ဗေ စ ကတပုညတာမင်္ဂလာ, ဓမ္မစရိယမင်္ဂလာ, ဗြဟ္မစရိယမင်္ဂလာ, ဝိရဇမင်္ဂလာ, အာရတိ ဝိရတိ ပါပါမင်္ဂလာများကို သရုပ်ဆောင် ပြထားပေသည်။

အဗ္ဘုတရသ, သန္တရသများကို ပေါ်လွင်စေသည်။

သီလပါရမီ, ပညာပါရမီ, သစ္စာပါရမီ, မေတ္တာပါရမီ စသည်များ စခန်းသို့ ညွှန်ပြထားပေသည်။

ပုံစံအားဖြင့် ပဒုမုတ္တရ မြတ်စွာဘုရား ဆင်းတုတော်တွင်၎င်း, ဘုရားလောင်း သိဒ္ဓတ္ထကုမာရ ဖွားမြင်တော် မူခန်းတွင်၎င်း, ပဒ္မသမ္ဘဝ ရုပ်ပွါးတော်တွင်၎င်း, ကြာပန်းပေါ်တွင် ရပ်လျက် လက်တော်တွင် ကြာပန်းခိုင်ကို ကိုင်ထားဟန်ဖြင့် စီရင်ထားတတ်ကြောင်း တွေ့ရှိရပေသည်။

ကြာပန်းခိုင် ကိုင်ဆောင်ထားသော အဝလောကိတေဿရဘုရားပုံကို ပဒ္မပါဏိပုံ=ပဒုမာပါဏိ ပုံတော်ဟူ၍ ခေါ်ကြသည်။

မြင်းပုဂံအရပ်ရှိ နန်းဘုရားအတွင်း အရှေ့တောင်နှင့် အနောက်တောင်ထောင့်မှ ဗြဟ္မာရုပ်များကို ပဒုမာဟတ္ထပုံဟန်များဖြင့် တွေ့ရှိနိုင်ပါသည်။

ပဒုမာဟတ္ထ ပုံပါသော ရုပ်ပွါးဆင်းတုတော်များကို ကိုးကွယ်သူသည် မင်္ဂလာရှိခြင်း, ဖြူစင်သန့်ရှင်း ရောဂါကင်းခြင်း, အနာဒဏ်ရာ ပျောက်ကင်း ချမ်းသာခြင်း, ဘေးဥပဒ် အန္တရာယ် မငြိတွယ်ခြင်း, ဘုန်းတန်ခိုး ကြီးမားခြင်း, တင့်တယ်ခြင်း, ချစ်ခင်ကြင်နာသူ ပေါ်များခြင်း, ကျော်စောခြင်း, ကျက်သရေတိုးခြင်း စသောအကျိုးကျေးဇူးများကို ရနိုင်ကြောင်း ဝဇီရာယာန ကျမ်းဂန်များ၌ ဖော်ပြပါရှိသည်။ ဆုတောင်းပြည့်အောင် စီရင်ကြရာ၌၎င်း, ရန်ပြေမာန်ပြေ ယတြာချေရာ၌၎င်း ဤပုံကို အသုံးပြုကြသည်ဟု တန္တရာယာန ကျမ်းများ၌ မိန့်ဆိုထားပါသည်။

---

PADMA HASTA (PADMAPĀṆI)
DHI. p.257.; (Brhatsamhita. p.780); IBBS. p.[illegible]
OBEP. Plate 128 a.b. 130 a. Nanpaya. Myinpagan

## ပြာဋိဟာရိယမုဒြာ

အနုသာသန ပါဋိဟာရိယ ခေါ် တရားဓမ္မ ဟောပြခြင်းဖြင့် ကျွတ်ထိုက်သော သတ္တဝါများကို ချွတ်တော်မူခန်းများတွင် ဤ ပြာဋိဟာရိယ မုဒြာဖြင့် ရုပ်ပွါး ဆင်းတုတော်များကို ဖူးမြင်ရပါသည်။ ဓမ္မစကြာမုဒြာပုံနှင့် ဆင်တူယိုးမှား ဖြစ်၍ လက်ျာလက်မနှင့် လက်ညှိုးကို ကွင်းကာ လက်ခလယ် လက်သူကြွယ် လက်သန်းတို့ကို ကွေးထားသည်။ ထို လက်ျာလက်သန်းအောက်မှ လက်ဝဲလက်မ လက်ချောင်းများ ကွေးပြီး ပင့်မထားသောပုံတော် ဖြစ်သည်။ ဗျာချာနမုဒြာနှင့်လည်း ခပ်ဆင်ဆင်တူသည်။

ဣဒ္ဓိပါဋိဟာရိယ ခေါ် တန်းခိုးဖန်ဆင်းတော်မူခြင်းဖြင့် တရားဓမ္မ ဟောပြ ချေချွတ်တော်မူပုံကိုလည်း ဤ ပြာဋိဟာရိယမုဒြာဖြင့်ပင် တွေ့ရှိရပါသည်။ သရက်ဖြူပင်ရင်း၌ ရေမီးအစုံ ယမကပြာဋိဟာ ပြတော်မူခန်းစသည်တို့တွင်၎င်း, ဥရုဝေလကဿပ ရသေ့ညီနောင် ရှင်တထောင် ချွတ်ခန်းများစသည်တို့တွင်၎င်း ဤ ပြာဋိဟာရိယမုဒြာပုံတော်ကို တွေ့ရှိနိုင်ပါသည်။ ဝရဒမုဒြာနှင့် ခပ်ဆင်ဆင်တူသည်။

အာဒေသနာပါဋိဟာရိယ ခေါ် အနာဂတ်တွင် ဖြစ်ပျက်မည့် အကြောင်းကို အတပ်မှန်ကန်စွာ ဟောကြားတော်မူလိုသောအခါ၌လည်း ဤ ပြာဋိဟာရိယ မုဒြာပုံတော်ဖြင့် ဖူးတွေ့ရပါသည်။ နောင်လာလတ္တံ့သော ကာလတွင်ဖြစ်ပျက်မည့် အရာများကို ဟုတ်တိုင်းမှန်စွာ တိကျပြတ်သားဘခွန်းတည်းသော စကားဖြင့် ဟောကြားတော်မူသော သုဘ်တော်များကို ဖော်ပြလိုရာ၌ ဤ ပြာဋိဟာရိယမုဒြာဟန်ဖြင့် ရုပ်ပွါးဆင်းတုများကို ထုလုပ် စီရင် ကိုးကွယ်ကြလေသည်။

ဝရဒမုဒြာနှင့် ဆင်တူသော ပါဋိဟာရိယမုဒြာပုံလည်း ရှိသေးသည်။ လက်ထဲတွင် ထူးဆန်းအံ့ဩဘွယ်ကောင်းသော ဝတ္ထုပစ္စည်း သစ်သီး သစ်ပွင့်ကို ကိုင်တွယ်ပြသကာ တန်းခိုးအာနုဘော်ကို ထုတ်ဖော်ဟောကြားတော်မူသောအခါများတွင် ဝရဒမုဒြာမျိုးဖြစ်သော ပါဋိဟာရိယမုဒြာပုံကို တွေ့ရပါသည်။

သို့ဖြစ်၍ ပြာဋိဟာရိယမုဒြာပုံ မူကွဲနှစ်မျိုး ရှိပါသည်၊ ဓမ္မစကြာမုဒြာမျိုးနှင့် ဝရဒမုဒြာမျိုးဟူ၍ပင် အနီးစပ်ဆုံး ဝေါဟာရပညတ်အားဖြင့် ခွဲခြားနိုင်ပါသည်။

ပြယုဂ်သာဓကအားဖြင့် ပုဂံ အာနန္ဒာဘုရားတွင်းမှ ယမက တန်ခိုးပြာဋိဟာ ပြတော်မူခန်းများတွင်၎င်း, ရန်ကုန်မြို့ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ပြတိုက်တွင်းရှိ ဝရဒမုဒြာနှင့် ဓမ္မစကြာမုဒြာပုံတော် မူကွဲများတွင်၎င်း တွေ့ရှိနိုင်ပါသည်။

ဝိရိယရသ, အဗ္ဘုတရသ, သန္တရသများကို ပေါ်လွင်စေသည်။

---

PRĀTIHARY AMUDRĀ (Pāṭihāriya Mudrā


OBEP Ananda (Miracles of Sāvatthi)

The Buddhist Art of Gandhara plates 87.123,124.125,151 (Miracle of Sravasti)

See also Varada Mudrā



ပြာဋိဟာရိယမုဒြာ (Prāṭiharya Mudrā)



(လဉ္စကဟတ္ထ) (Lanchaka Hasta)

သီလပါရမီ ပညာပါရမီ သစ္စာပါရမီ ဝီရိယပါရမီ အဓိဋ္ဌာနပါရမီ မေတ္တာပါရမီ စခန်းများသို့ ရည်ညွှန်းပါသည်။ ဗာဟုဿစ္စမင်္ဂလာ, သိပ္ပဉ္စမင်္ဂလာ, တပေါစမင်္ဂလာ, အရိယသစ္စာနဒဿနမင်္ဂလာ, ဓမ္မဿာန ဓမ္မသာကစ္ဆာမင်္ဂလာ စသည်တို့ကို ဖော်ဆောင် ရည်ညွှန်းပါသည်။

ဤ ပြာဋိဟာရိယမုဒြာပါသော ရုပ်ပွါးဆင်းတုတော်များတို့ကို ကိုးကွယ်ကြပါက ဘုန်းတန်းခိုး အာနုဘော်ကြီးခြင်း, ထူးဆန်းသော ဝိဇ္ဇာပညာအတတ်တို့ကိုတတ်ကျွမ်းခြင်း, သိပ္ပံအတတ် အရပ်ရပ်၌ ထူးချွန်တတ်မြောက်ခြင်း, ဗေဒင်အတတ် ရွှေဖြစ်နောက်ဖြစ် ဟောကြားသော အတတ်စသည်တို့၌ လိမ္မာတတ်မြောက်ခြင်း, ရန်သူအပေါင်းကို လွှမ်းမိုးကျော်လွှား အောင်မြင်နိုင်ခြင်း စသော အကျိုး ထူးများကို ရရှိနိုင်သည်ဟု ဝဇီရာယာန တန္တရာယာန ကျမ်းများ၌ မိန့်ဆိုထားပါသည်။

## ပေါတ္ထကဟတ္ထ

ကျမ်းဂန်စာအုပ်ကို ကိုင်ထားဟန် ဖြစ်သည်။

ပေစာ, ကမ္မဝါစာ, ပုရပိုက် စသည်များကို ကိုင်ဆောင်ထားသော ဟန်ပန်များကို ပေါတ္ထကဟတ္ထ ပုံဟု ခေါ်ကြသည်။ လဋ္ဌကဟတ္ထ ဟုလည်း ခေါ်သည်။

စာပေကျမ်းဂန်များကို ပြုစုရေးသားခြင်း, ပရိယတ္တိသာသနာကို ထောက်ပံ့ချီးမြှောက်ခြင်း, ပညာ ပါရမီဖြည့်ဆည်းခြင်းစသော အနက်သဘောကို ဆောင်ပေသည်။

ဗာဟုသစ္စဉ္စ သိပ္ပဉ္စ ဝိနယသုသိက္ခိတ မင်္ဂလာများ, ပဏ္ဍိတာနံ သေဝနမင်္ဂလာ, ဓမ္မေသု အပ္ပမာဒ မင်္ဂလာများကို သရုပ်ဆောင်ထားခြင်း ဖြစ်သည်။

ပညာပါရမီ, ဝီရိယပါရမီစခန်းများသို့ ညွှန်ပြထားသည်။

ဝီရရသ, သန္တရသများကို ပေါ်လွင်စေသည်။

ပုံစံအားဖြင့် ဝါဏီ=သူရဿတီ နတ်သမီးရုပ်တုများတွင်ရင်း, ဒီသာပါမောက္ခပုံများတွင်ရင်း, အရှင် မဟာဗုဒ္ဓဃောသကျမ်းပြုနေပုံများတွင်ရင်း, ပေါတ္ထကဟတ္ထပုံများဖြင့် တွေ့ရတတ်သည်။ မဟာမာယာ ရုပ်တုနှင့် မနသရုပ်တုများတွင်လည်း စာအုပ်ကိုင်ထားဟန်ဖြင့် တွေ့ရှိရပေသည်။

ပုဂံ ညောင်ဦးရှိ ဥပါလိသိမ်တော်တွင်းမှ ဆေးရေးပန်းချီများတွင် ပေါတ္ထကဟတ္ထပုံများ များစွာကို တွေ့ရှိရပါသည်။

ပေါတ္ထကဟတ္ထပုံပါသော ရုပ်ပွါးဆင်းတုများကို ကိုးကွယ်ပါလျှင် ကျမ်းဂန်စာပေတတ်မြောက်ခြင်း, စာမေးပွဲ စာပြန်ပွဲတော်များတွင် အောင်မြင်ရွယ်ခြင်း, သတိမမေ့ မှတ်ဉာဏ်ကောင်းခြင်း စသော ပညာပိုင်းဆိုင်ရာ အကျိုးထူးများကို ရရှိနိုင်သည်ဟု ဝဇီရာယာန, သျှတ္တရကျမ်းများ၌ ဖော်ပြထား လေသည်။

---

POTTHAKA HASTA. Book; Attribute of Sarasvati (Pustaka-hasta)
IBBS. p. 188-189, 192-193, 219.
DHI. p.247.

## ဗုဒ္ဓသမဏမုဒြာ

ဘုရား ရဟန္တာများ နှုတ်ဆက်သောဟန် ဖြစ်သည်။

လက်ျာလက်သည် ပုခုံးစွန်းနှင့် အညီထား၍ လက်ကောက်ဝတ်ကို နောက်သို့ ကွေးထားပြီးလျှင် လက်ချောင်းများကို ဖြန့်ထားကာ လက်ဝါးကို အပေါ်သို့ လှန်ထားသည့်ဟန်ကို ဗုဒ္ဓသမဏမုဒြာ ဟူ၍ သတ်မှတ်ထားပေသည်။

တဦးနှင့်တဦး တွေ့ဆုံသောအခါ နှုတ်ဆက်စကား ပြောကြားလိုသော အမူအရာမျိုးကို ပြလိုခြင်း ဖြစ်သည်။ ဖော်ရွေသောသဘော, ဖိတ်မန္တကပြုသော သဘောအဓိပ္ပါယ်ကို ဆောင်သည်။

တခါတရံလက်ျာလက်သည် ဦးခေါင်းနှင့်အညီ ထောင်ကာ လက်ဝါးကိုအပေါ်သို့ လှန်ထား၍ လက်ချောင်းများကို ပြင်ဘက်သို့ ဖြန့်ပြထားသောဟန်မျိုးဖြင့် တွေ့ရသည်မှာလည်း ဤဗုဒ္ဓသမဏမုဒြာပင် ဖြစ်ပေသည်။

ဤပုံစံဟန်မျိုးဖြင့် ဝသုဓာရာနတ်သမီးရုပ်, ဥဏှိသဝိဇယနတ်သမီးရုပ်များကို တွေ့ရှိရလေသည်။

သမဏာနုဋ္ဌ ဒဿန မင်္ဂလာ, ပဏ္ဍိတာနုဋ္ဌ သေဝန မင်္ဂလာ, သုဘာသိတာ ယာ ဝါစာ မင်္ဂလာများကို သရုပ်ဆောင် ပြထားပေသည်။

သိင်္ဂါရ ရသ, သန္တရသတို့ကို ပေါ်လွင်စေသည်။

မေတ္တာပါရမီ စခန်းသို့ ညွှန်ပြထားပေသည်။


## ဗျာချာန မုဒြာ

တရားဓမ္မကို ဟောပြနေဟန် ဖြစ်သည်။

လက်ဝဲလက်ကို ဒူးပေါ်တင်ထားပြီးလျှင် လက်ျာလက်ကို ရင်ဘတ်ဆီသို့ ချီမြှောက်ထားသည်။ လက်မနှင့် လက်ညှိုးများကို ပြင်ဘက်သို့ ထိုးပြထားသည်။ အခြားလက်ချောင်းများကို အတွင်းသို့ ကွေးထားသည်။ လက်မထိပ်နှင့် လက်ညှိုးထိပ်မှာ မထိချေ။ လက်ဝါးကို ဖူးမြင်လာသူအား လှန်ပြထားသည်။ တခါတရံ လက်မထိပ်နှင့် လက်ညှိုးထိပ်ကို ထိထားပြီးလျှင် ကွင်း၍ ပြထားသော ဗျာချာန မုဒြာမျိုးလည်း ရှိသေးသည်။

---

BUDDHASRAMAṆA MUDRĀ (Salutation)
Tibetan Collections. vol.1. p.25.
ITL. p.20.
VYĀKHYĀNA MUDRĀ
IBBS. p.189.; BHI.i.i. p.17.; DHI. p.254-255.
OBEP. plate 290 b. Ananda Pagoda. Niche 50. N. Wall
plate 291 d. 292.a Niches 56,67. Ananda



ဘူတဒါမရ မုဒြာ (Bhūtadāmara Mudrā)



ဗျာချာနမုဒြာ (Vyākhyāna Mudrā)



ဗုဒ္ဓသမဏမုဒြာ (Buddha-sramaṇa Mudrā)

အာဒေသနှာပါဠိဟာရိယကို ပြတော်မူသည့် အနက်သဘောကို ဆောင်လေသည်။ ဓမ္မသဝန-မင်္ဂလာ, ဓမ္မသာကစ္ဆာမင်္ဂလာ, ဗာဟုသစ္စမင်္ဂလာ, သုဘာသိတမင်္ဂလာ, သောဝစဿတာမင်္ဂလာ, ဓမ္မေသု အပ္ပမာဒမင်္ဂလာများကို သဏ္ဍာန်ဆောင်ထားသော လက်ဟန်မျိုး ဖြစ်သည်။

သန္တုရသ, ဝိမုတ္တိရသ, အဗ္ဘုတရသတို့ကို ပေါ်လွင်စေသည်။

ပညာပါရမီ, သစ္စာပါရမီ, မေတ္တာပါရမီ စခန်းများသို့ ညွှန်ပြလျက်ရှိပေသည်။

ပုဂံအာနန္ဒာဘုရားတွင် လိုဏ်ဂူအမှတ်စဉ်-၅၀-တွင် ဃဋိကာရဗြဟ္မာနှင့် ဆန္နအမတ်တို့အား တရားဟောပြနေပုံကို ဗျာချာနမုဒြာဟန်ဖြင့် တွေ့ရပါသည်။

အာနန္ဒာလိုဏ်ဂူအမှတ်-၅၆-များတွင်ရှိ ဂေါတမရဟန်းနှင့် ဥဒက, အာဠာရရသေ့တို့ တရားဆွေးနွေးခန်းများတွင်လည်း ထိုင်လျက်ပင် ဗျာချာနမုဒြာဖြင့် တွေ့ရှိရပါသည်။

တရားဟော ဓမ္မကထိကများ, မင်းဆရာပုရောဟိတ်များ, ရှေ့နေ ရှေ့ရပ်များ, တရားသူကြီးများ, ဗေဒင် နက္ခတ်ဆရာများ, ဒိသာပါမောက္ခကြီးများစသည့် ဟောပြောမှုဆိုင်ရာ လုပ်ငန်းများဖြင့် သက်မွေးဝမ်းကျောင်းပြုသူများသည် ဤဗျာချာနမုဒြာပါသော ပုံတော်မျိုးကို ကိုးကွယ်ရမည်။ တရားနာပရိတ်သတ် စည်ကားခြင်း, ဟောပြောမှုတွင် ထင်ရှားကျော်ကြားခြင်း, ပြောသမျှ အောင်မြင်၍ ကိစ္စပြီးခြင်း, မိမိအသံစကားကြားရသူတိုင်း မိမိအား ချစ်ခင်မြတ်နိုးခြင်း စသော အကျိုးကျေးဇူးများကို ရရှိနိုင်သည်ဟု တန္တရာယာနကျမ်းများ၌ ဖော်ပြထားပါသည်။

## ဘူတဒါမရ မုဒြာ

ဤ မုဒြာကို ဆင်တူပြုထားသော အခြား တြိလောက ဝိဇယမုဒြာလည်း ရှိသေးသည်။

လက်နှစ်ဘက်ကို ရင်ဘတ် ရှေ့တည့်တည့်လောက်တွင် ယှက်ထားပြီးလျှင် လက်ဝါးများကို ပြင်ဘက်သို့ လှန်ပြထားသော လက်ဟန်မျိုးဖြစ်သည်။ လက်ထဲတွင် တစုံတရာ ကိုင်ဆောင်ထားခြင်းမရှိချေ။ တခါတရံ တခုခုကို ကိုင်ထားသော်လည်း အံ့ဩ ထူးဆန်းသော အနက်သဘောကို ဆောင်နေပါက ဘူတဒါမရ မုဒြာပင် ဖြစ်ပေသည်။

ပုံစံအားဖြင့် ဝဇီရပါဏိရုပ်တုတွင် ဤမုဒြာဖြင့် တွေ့ရှိရပါသည်။

အဗ္ဘုတရသ, ဝီရရသတို့ကို ပေါ်လွင်စေသည်။

ပညာပါရမီ, ဝီရိယပါရမီစခန်းများသို့ ညွှန်ပြထားပေသည်။

---

BHŪTADĀMARA MUDRĀ Awe-inspiring
ITL. p.20.; Tibetan Collections vol.i. p.26.

## ဘူမိဖဿမုဒြာ = ဘူဖဿမုဒြာ

မြေကြီးကို လက်များထိသားသောဟန် ဖြစ်သည်။ ဝသုန္ဓရီမြေကြီးကို သက်သေညွှန်းသောဟန်ဟူ၍လည်း ခေါ်သည်။

လက်ျာလက်သည် လက်ျာဒူးမှ အောက်သို့တွဲလဲချ၍ ထားသည်။ လက်ဝါးကို အတွင်းဘက်သို့ လှည့်ထားပြီးလျှင် လက်ချောင်းများ အားလုံးကိုဖြန့်၍ အောက်တည့်တည့်သို့ စိုက်ကာ ကြာပလ္လင်ကိုဖြစ်စေ, မြေကြီးကိုဖြစ်စေ, တိုင်ခုံတခုခုကိုဖြစ်စေ, ထိထားသောဟန် ဖြစ်သည်။ လက်ဝဲလက်မှာ ပေါင်ခွင်ပေါ်တွင် လက်ဖဝါး လှန်၍တင်ထားလေ့ရှိသည်။ လက်ျာလက်ဖမိုးကို မြင်ရသည်။ လက်ဝဲလက်ဖဝါးကိုလည်း မြင်နိုင်သည်။

တခါတရံ လက်ဝဲလက်ထဲတွင် သပိတ်ဖြစ်စေ တခုခုကို ထည့်ပေးထားတတ်သည်။

ဤမုဒြာ ဖြစ်ပေါ်လာရပုံမှာ ဂေါတမမြတ်စွာဘုရားသည် ဗောဓိပင်ရင်း၌ ဘုရားအဖြစ်သို့ ရောက်၍ အပရာဇိတပလ္လင်တက်ဝယ် စံနေတော်မူစဉ် မာရ်နတ်သားက လာရောက် တိုက်ခိုက်လေသည်။ ထိုအခါ ဘုရားက ဝသုန္ဓရာမြေကြီးကို သက်သေညွှန်းခြင်းဖြင့် မာရ်စစ်သည်အပေါင်းကို အောင်နိုင်တော် မူခဲ့လေသည်။ ဤအဖြစ်အပျက်ကိုစွဲ၍ မာရ်နတ်ကို အောင်မြင်တော်မူခန်းကို သရုပ်ဖော်ရာ၌ ဤမုဒြာကို တီထွင်ခဲ့သည်ဟု ရှေးဆိုရိုး ရှိခဲ့လေသည်။ ထို့ကြောင့် မြန်မာအနုပညာသာဘင်တွင် ဝသုန်ဤမြေ သိကြားစေ, သက်သေညွှန်း ဟူ၍ စပ်ဆို ခဲ့ကြရလေသည်။

တိဗက်မြန်မာ အယူအဆအရဆိုပါလျှင် ပထဝီမြေကြီးဓာတ်သည် မကုန်ခန်းနိုင်သော သဘော, ခိုင်မာခက်ကြေသောသဘော, တောက်ခံသောသဘော, တိတ္တေကိုင်ဘွယ်၍ ရနိုင်သောသဘောတည်းဟူသော ဂုဏ်ထူးဝိသေသများဖြင့် ပြည့်စုံသည်။ ထိုပထဝီကို လက်ညွှန်ပြထားသော မုဒြာ၏ဆိုလိုရင်းမှာ ဤရုပ်ပွါးတော်သည်လည်း အထက်ပါဂုဏ်ထူး ငါးသေသများနှင့် ပြည့်စုံတော်မူသော အကျွောဘျ မြတ်စွာဘုရား ဈာနိဗုဒ္ဓ၏ပုံတော်ဖြစ်သည်ဟူ၍ နိမိတ်ပြထားကြောင်း တိဗက်ဘာသာ ကျမ်းရင်းများ၌ မိန့်ဆိုထားလေသည်။

ပုဗ္ဗေစ ကတပုညတာမင်္ဂလာ, အတ္တသမ္မာပဏိဓိမင်္ဂလာ, ခန္တီမင်္ဂလာ, ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိမင်္ဂလာတို့ကို သရုပ်သဏ္ဌာန် ဆောင်ပြထားပေသည်။

သစ္စာပါရမီ, အဓိဋ္ဌာနပါရမီ, ဥပေက္ခာပါရမီ စခန်းများသို့ ညွှန်ပြသည်။

ဝီရိယ, အဗ္ဘုတရသများကို ပေါ်လွင်စေသည်။

---

BHŪMISPARSHA MUDRĀ-BHŪSPARSHA MUDRĀ

DHI. p.262.; IBBS. p.17-30. IBI. p.433.

Tibetan Collectiona vol.i. p.24.; ITL. p.20.

F.T.M. p.108. Lokatheippan, plate 10.

Mudrā, Saunders. p.80 (Sokuchi-in)

OBEP. plate 294 a. Ananda.



ဘူပဿမုဒြာ (Bhūsparsa Mudrā)

လက်ျာလက်ဖမိုးကိုလှန်၍ ခြေခွင်ပေါ် တင်ထားပြီးလျှင် လက်ဝဲလက်ကို ပလ္လင်ပေါ်သို့ဖြစ်စေ, မြေကြီးကိုဖြစ်စေ, ထောက်ပြထားသော ဘူမိဖဿမုဒြာ ပြောင်းပြန်ပုံကိုလည်း တွေ့ရတတ်ပါသည်။

ပုဂံအာနန္ဒာစေတီတော်တွင်းမှ ပုံတော်များကို ဤဘူမိဖဿမုဒြာ ပြောင်းပြန်ပုံဖြင့် တွေ့ရှိနိုင်ပါသည်။

ပုံစံအားဖြင့် ရန်ကုန်မြို့ ကမ္ဘာအေးစေတီတော်တွင်းရှိ ဆင်းတုတော်ကြီးများသည် ဘူမိဖဿမုဒြာများဖြင့် ရှိတော်မူကြသည်။

ရန်ကုန်မြို့၊ ကမ္ဘာအေး ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပြတိုက်တွင် ဘူမိဖဿမုဒြာပုံတော် တဆူကို စာတမ်းထိုး၍ ပြသထားသည်ကို တွေ့ရပါသည်။

အမရပူရမြို့၊ ကျောက်တော်ကြီးဘုရား ရုပ်ပွါးတော်သည် ဘူမိဖဿမုဒြာဖြင့် ရှိပေသည်။

မြန်မာပြည်တွင် ဂေါတမဗုဒ္ဓ ဆင်းတု ရုပ်ပွါးတော်များနှင့် အကြွေဘုရား၏ ရုပ်ပွါးတော် အချို့ကို ဤ ဘူမိဖဿမုဒြာဖြင့် အများဆုံး တွေ့ရှိရသည်။ ပြည်ခရိုင် ခင်ဘားကုန်း ငွေခေါင်းပွဘုရား ပလ္လင်ခွေ ရုပ်ပွါးတော်သည်၎င်း, ပုဂံမြို့ လောကထိပ်ပန်စေတီတော်တွင်းမှ အဋ္ဌမဟာဋ္ဌာနရုပ်ပွါးတော်သည်၎င်း ဘူမိဖဿမုဒြာဟန်များဖြစ်ကြသည်။ မန္တလေးမြို့ မဟာမုနိ ရုပ်ပွါးတော်ကြီးသည် ဘူမိဖဿမုဒြာဟန် ဖြစ်ပေသည်။

ဤမုဒြာနှင့် ဝရဒမုဒြာတို့၏ ခြားနားချက်ကို နှိုင်းယှဉ်ကြည့်သင့်သည်။ ဝရဒမုဒြာတွင် လက်ဖျားတို့သည် ပလ္လင် မြေကြီးနှင့် မထိကြချေ။ လက်ဝါးကိုလည်း ဖပြင်ဘက်သို့ လှန်ထားသည်။ များသောအားဖြင့် ဘူမိဖဿမုဒြာနှင့် ရှိသော ရုပ်ပွါးဆင်းတုသည် ဝဇီရာပရိယင်္ကအနေအထားကိုယ်ဟန်ဖြင့်ရှိရလေသည်။ အထူးသဖြင့် ဘူမိဖဿမုဒြာသည် အောင်ခြင်းရှစ်ပါးတွင် တပါးအပါအဝင်ဖြစ်သောကြောင့် ယင်းရုပ်ပွါးဆင်းတုကို ကိုးကွယ်လျှင် တရားနိုင်ခြင်း, သက်သေအောင်နိုင်ခြင်း, စစ်ထိုးရာ၌ အောင်မြင်ခြင်း, ရန်သူတို့က မကြံစည် မတိုက်ခိုက်နိုင်ခြင်း ခန့်ညားတည်ကြည်၍ မတုန်မလှုပ် နောက်မဆုတ်ခြင်းစသော အနက်အဓိပ္ပါယ်ဘာဝတရားများကို ဆောင်လေသည်။ အကျိုးအာနိသင်ရှိသည်ဟုလည်း ယုံကြည်ကြလေသည်။

ထိုမှတပါး အခြားဘူမိဖဿမုဒြာပုံ မူကွဲများကို နောက်ဆက်တွဲတွင် ဆက်လက်ရှင်းလင်း ဖော်ပြထားပါသည်။

လောကီဂန္ထာရီအလိုအရမူကား—

ရန်သူတကာကို အောင်မြင်နိုင်ခြင်း, တရားအမှုတွင် မိမိဘက်မှ လွတ်လွတ်ကျွတ်ကျွတ် အနိုင်ရခြင်း, အစိမ်းသားရဲ သင်းကွဲပြိတ္တာ နတ်မိစ္ဆာတို့၏ ပယောဂ နှောက်ယှက်မှုကို နှိမ်နင်းနိုင်ခြင်း, သေလုမြောပါးဖြစ်နေသော လူနာအား အသက်မသေ ဝေဒနာမှ ချမ်းသာရာ ရစေခြင်း, ဆင်ကြမ်း, မြင်းကြမ်း, နွားကြမ်း, သူရဲကြမ်းတို့ကို အောင်နိုင်ခြင်း, မြို့ရာ, နယ်ရာ, အိမ်ရာ, မြေရာ, ကျောင်းရာ စသည်တို့ကို စတင်ရှင်းလင်းခုတ်ထွင်ရာ၌ မြေကြမ်းကို အောင်နိုင်ခြင်း, ရဲရင့်စေခြင်း, စစ်ထိုးစစ်ဆင်စစ်ချီရာ၌ ရန်သူတကာကို အောင်ပွဲရခြင်း, သုံ့ပန်းများကို အရှင်လတ်လတ် ဖမ်းဆီးရမိခြင်း, တနိုင်ငံ

လုံးကို စိုးမိုးလွှမ်းခြုံ၍ အာဏာတန်းခိုးထက်မြက်ခြင်း, ဘုန်းတန်းခိုးအာနုဘော်ကြီးခြင်း စသည့် အကျိုးထူးများကို မုချအောင်မြင် ရရှိနိုင်သည်။ မာရဝိဇယမုဒြာဟူ၍ရင်း,ဘူမိဖဿမုဒြာဟူ၍ရင်း ခေါ်တွင်အပ်သည်ဟူ၍ တန္တရာယာန, ဝဇီရာယာနကျမ်းများ၌ မိန့်ဆိုထားလေသည်။

## မဟာကရုဏာမုဒြာ

လက်ဝဲလက်ကိုဖြစ်စေ, လကျ်ာလက်ကိုဖြစ်စေ, ရင်ဘတ် သို့မဟုတ် ရင်အုံ အထက်ပိုင်းလောက်ဆီသို့ မြှောက်ချီထားကာ လက်ဝါးကို အတွင်းဘက်သို့ လှည့်၍ ရင်ပတ် ရင်အုံ ပခုံးစပ်ကို ဖုံးအုပ်ဖိနှိပ်ပြထားသော ပုံမျိုးဖြစ်သည်။ သနားကရုဏာ ဖြစ်ခြင်းသဘောကို ပုံဆောင်ပြထားခြင်း ဖြစ်သည်။ မြတ်စွာဘုရားပုံတော်တွင် တွေ့ရပါမူ မဟာကရုဏာတော်ရှင် ဖြစ်ကြောင်း ဖော်ပြလိုရင်းဖြစ်ပါသည်။

လက်ထဲတွင် သက်နံးစကို ကိုင်ဆုပ်ထားပါက စီဝရဟတ္ထပုံ ဖြစ်ပါသည်။ လက်ဝါးဖြန့်၍ အုပ်ဖုံးဖိနှိပ်ထားပါက မဟာကရုဏာမုဒြာ ဖြစ်ပါသည်။ လကျ်ာလက်က မဟာကရုဏာမုဒြာပြလျှင် လက်ဝဲလက်က ဘူမိဖဿမုဒြာဖြင့် ပြလေ့ရှိပါသည်။ မြတ်စွာဘုရားသခင်သည် သခင်များစွာ ကမ္ဘာများစွာပတ်လုံး သတ္တဝါအများအပေါ်၌ မဟာကရုဏာတော် ကြီးမားလှသဖြင့် ပါရမီတော်တို့ကို ဖြည့်ဆည်းခဲ့သည်မှာ အမှန်ပင်ဖြစ်ကြောင်း ဤသစ္စာစကားကို ပထဝီမြေကြီးက သက်သေအရာ၌ ရပ်တည်ပါစေသတည်း ဟူသော သစ္စာအဓိဋ္ဌာန် ပြုတော်မူခန်းအတွက် ရည်စူး ပူဇော်ထားခြင်း ဖြစ်ပါသည်။

ကရုဏာရသ, သန္တရသတို့ကို ပေါ်လွင်စေပါသည်။ ပညာပါရမီ, ခန္တီပါရမီ, မေတ္တာပါရမီ, သစ္စာပါရမီစခန်းများသို့ ရည်ညွှန်းပါသည်။

ဉာတကာနဉ္စ သင်္ဂဟမင်္ဂလာ, အပ္ပမာဒေါ စ ဓမ္မေသုမင်္ဂလာ, သမဏာနဉ္စ ဒဿနမင်္ဂလာ, ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိစသော မင်္ဂလာတရားတော်များကို ညွှန်ညွှန်းဖော်ဆောင်ထားပါသည်။

ဤမုဒြာကို မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းကြွတော်မူပုံများနှင့် ပူးဆွေးဒုက္ခသောကပရိဒေဝ ခံစားနေရသူများအား တရားဓမ္မ ဟောပြနေပုံများ စသည်တို့တွင် အများဆုံးတွေ့ရတတ်ပါသည်။

ပုံစံအားဖြင့် ပုဂံမြို့ အာနန္ဒာဘုရားတွင်းမှ ဒေဝေါရောဟန ပုံတော်များကို မဟာကရုဏာမုဒြာမျိုးဖြင့် တွေ့ရှိနိုင်ပါသည်။

ရင်းပြင်ဘက် စကြံလိုဏ်မုခ်များရှိ ရုပ်ပွါးတော်များတွင် ဥဏှိသ ဥသျှောင် မပါရှိသည့်ပြင် မဟာကရုဏာမုဒြာဟန်ကို လကျ်ာလက်ဖြင့် ပြတော်မူဟန်ကို တွေ့ရှိရပါသည်။


---

MAHĀKARUṆĀ MUDRĀ
OBEP. plate 396 a.b.c. 317 a.b.c.d. Ananda
plate 300 a.b.c.d. Ananda.

မဟာကာရုဏိကော နာထော၊ ဟိတာယ သဗ္ဗပါဏိနံ။ ပူရေတွာ ပါရမီ သဗ္ဗာ၊ ပတ္တော သမ္ဗောဓိမုတ္တမံ။



မဟာကရုဏာမုဒြာ (Mahā karuṇā Mudrā)



ယောဂမုဒြာ (Yoga Mudrā)

ဤ မဟာကရုဏာမုဒြာပုံတော်များကို ကိုးကွယ်ခြင်းအားဖြင့် ကယ်ဆယ် ကူညီစောင်မသူများ ပေါ်ပေါက်လာခြင်း, စိုးရိမ်ငိုကြွေး ပူဆွေးမှုမှ လွတ်ငြိမ်းချမ်းသာရ ရခြင်း, ရန်သူများကပင် မိမိအား သနားကြင်နာ ခွင့်လွှတ်လာခြင်း, ရန်ပြေမာန်ပြေ ဖြစ်ခြင်း, တရားတဘောင် အမှုအခင်းများ၌ အောင်နိုင်ခြင်း မင်းအာဏာ တန်ခိုးတေဇာ ကြီးမြင့်ထက်မြက်ခြင်း, ဘုန်းကြီးခြင်း, ကြည်ညိုလေးစားသူ များခြင်း မိမိအား ချီးမြှင့်မြှောက်စားမည့်ပုဂ္ဂိုလ်မြတ် ပေါ်ပေါက်လာခြင်းစသော အကျိုးထူးများကို ရရှိနိုင်အံ့သည်ဟု တန္တရာယာနကျမ်းများ၌ ပြဆိုထားပါသည်။

## ယောဂမုဒြာ

တရားအားထုတ်နေဟန် ဖြစ်သည်။

ဈာနမုဒြာ, သမာဓိမုဒြာတို့နှင့် ဟန်တူသည်။ ယောဂဟတ္ထဟုလည်း ခေါ်ကြသည်။

ခြေ တင်ပလ္လင်ခွေထိုင်ကာ လက်ျာလက်ဝါးသည် လက်ဝဲလက်ဝါးပေါ် ထပ်တင်ကာ တင်ပလ္လင်ခွေ ခြေပေါ် လက်နှစ်ဘက်ယှက်၍ တင်ထားသောဟန် ဖြစ်သည်။ ဈာနယောဂ ကျင့်နေဟန်ကို သင်္ကေတ ဆောင်ထားသည်။

တခါတရံ ယောဂီပုဂ္ဂိုလ်များ၏ ရုပ်ပွါးများတွင် လက်များကို တင်ပလ္လင်ခွေ ဒူးများပေါ်တွင် တင်ထားတတ်သည်။ လက်နှစ်ဖက်ကို ခွဲခြားထားသော်လည်း ယောဂမုဒြာပင် ဖြစ်ပေသည်။

အတ္တသမာပတ္တိမင်္ဂလာ, တပေါဓမင်္ဂလာ, ဗြဟ္မစရိယမင်္ဂလာ, ဓမ္မစရိယမင်္ဂလာများကို သင်္ကေတ သရုပ်ဆောင်ပြထားခြင်း ဖြစ်သည်။

ဈာနပါရမီ, ပညာပါရမီ, နိက္ခမ္မပါရမီ, ဝီရိယပါရမီ, အဓိဋ္ဌာနပါရမီ စခန်းများသို့ ညွှန်းပြထား ပေသည်။

သန္တရသနှင့် ဝိမုတ္တိရသကို ပေါ်လွင်စေသည်။

ပုံစံအားဖြင့် စမ္ပာပြည် အန္နန်မြို့တော်မှ ဆယ်ရာစုနှစ် အေဒီပုံ ၅၁၀-တွင် တွေ့ရှိနိုင်ပါသည်။ ပုဂံဆေးရေးပန်းချီများနှင့် အခြားရုပ်တုများတွင် ပစ္စေကဗုဒ္ဓါပုံများ, တောရပ်သောက်တည်နေသော ရသေ့ရဟန်းပုံများ, ယောဂီပုဂ္ဂိုလ်များ၏ ရုပ်ပုံများတွင် ဤ ယောဂမုဒြာဖြင့် တွေ့ရှိရတတ်ပေသည်။

ယောဂမုဒြာဖြင့် ရုပ်ပွါးဆင်းတုများကို ကိုးကွယ်လျှင် ဈာနမုဒြာမှာကဲ့သို့ပင် အကျိုးထူးများကို ရရှိနိုင်သည်ဟု ကျမ်းဂန်များ၌ မိန့်ဆိုထားပါသည်။

---

YOGA MUDRĀ–YOGA HASTA
Icons in Bronze p.30.
EHI. ii. p.18.
DHI. p.252.
Campa, Annam, X.C.A.D.. AIA. 510.

## လလိတခေပ မုဒြာ

အချို့ ပညာရှင်များက လလိတမုဒြာ ဟူ၍လည်း ခေါ်ကြသည်။

ရှေးမြန်မာ အနုပညာသဘင်တွင် နတ်သိကြားများ၏ ကကြိုး, ကကွက်တို့၌ လလိတ ကကွက်ကို တွေ့ရတတ်ပေသည်။ အထူးသဖြင့် အိန္ဒိယနွယ်သော အကများတွင် လလိတ ကကွက်ကို တွေ့ရှိနိုင်ပါသည်။ ယခုအခါ ဤ ဝေါဟာရမှာ ငုပ်ပျောက် တိမ်ကွယ်လျက် ရှိချေပြီ။

ပုံစံအားဖြင့် လောကနာထပုံကို လလိတခေပမုဒြာပုံဖြင့် တွေ့ရတတ်သည်။ အိန္ဒိယပြည် ဒက္ကာနယ် သာဘာဂ်ရာဇာသန္ဓမြို့ဟောင်းအရပ် စေတီကျောင်းပျက်ကြီးများတွင် တွေ့ရှိရပါသည်။

လလိတာသန ထိုင်ပုံဟန်ပန်နှင့် ဆက်သွယ်နီးနွယ်သော မုဒြာပုံတော်ဖြစ်ပါသည်။ ပုဂံဆေးရေးပန်းချီများတွင် တွေ့ရှိနိုင်ပါသည်။

## လောလဟတ္ထ

အလိုက်သင့် လက်ချထားဟန် ဖြစ်သည်။ မခို့တရို့ဟန်ဟုလည်း ခေါ်သင့်သည်။

လက်ကို ကိုယ်၏ ဘေးတွင် ခပ်ခွါခွါ ခပ်လျော့လျော့ ဆန့်ချထားသော မခို့တရို့ပုံမျိုး ဖြစ်သည်။ လက်ဝါးကိုလည်း အတွင်းဘက်လှည့်ကာ ဘာမျှမကိုင်ထားပဲ အလိုက်သင့် ဖြန့်ချထားသော ပုံဟန်ဖြစ်သည်။ အမျိုးသမီး ရုပ်တု ဆင်းတုများတွင် အများဆုံး တွေ့ရပါသည်။

ပုံစံအားဖြင့် ပုဂံနန်းတွင်းသူ အပျိုတော်များ၏ ရုပ်ပုံများ၌ လောလဟတ္ထပုံကို တွေ့ရတတ်သည်။ (၃၇)မင်း နတ်ရုပ်ပုံများတွင်လည်း ဤ ဟန်ပန်မျိုးကို တွေ့ရှိနိုင်ပါသည်။

ပဲခူးမြို့၊ ကျိုက်ပွန်ဘုရားမှ ရုပ်တော်မှ ရုပ်ပွါးတော်များကိုရင်း, ပုဂံမြို့ အာနန္ဒာဘုရားတွင်းရှိ ဗုဒ္ဓဝင် ရုပ်ပွါးတော်များအနက် မယ်တော်မာယာ ရပ်နေပုံနှင့် သိဒ္ဓတ္ထကုမာရ ရပ်နေပုံများတွင် လောလဟတ္ထပုံကို တွေ့ရသည်။

သိင်္ဂါရရသ, သန္တရသများကို ပေါ်လွင်စေသည်။

သန္တုဋ္ဌိ စ မင်္ဂလာ, ဂါရဝ နိဝါတ မင်္ဂလာများကို ဖော်ဆောင်ရည်ညွှန်းသည်။ မေတ္တာ ပါရမီ စခန်းသို့ ညွှန်ပြထားပါသည်။


ဤ လောလဟတ္ထပုံများကို အနုပ်ဿယ ကိစ္စများ ဆောင်ရွက်ရာ၌ရင်း, မေတ္တာဘာဝနာစီးဖြန်းသောအခါ အထောက်အကူဖြစ်ရန် ရည်သန်၍ရင်း, သူတပါးအား မေတ္တာခေတ် စေလွှတ်သောအခါ၌ရင်း အောင်မြင်စေနိုင်သည်ဟု ယုံကြည်ထားကြလေသည်။ ပညာလောကတွင် သူတပါးကို စွဲမက်စေနိုင်သော သဘ္ဘိထူးကို ရစေနိုင်သည့် မုဒြာဟတ္ထပုံ ဖြစ်ကြောင်းဖြင့် မှတ်ချက်ရေးသားထားပါသည်။

---

LALITAKSEPA MUDRĀ(LALITĀ MUDRĀ) See Lalitāsana.
IBBS. p.32,34.
DHI. p.465.
LOLA HASTA
Icons in Bronze, p.27



လလိတခေပမုဒြာ (Lalitakshepa Mudrā)



လောလဟတ္ထ (Lola Hasta)

## ဝဇီရာဟုက်ရမုဒြာ

ဝဇီရစိန်မိုးကြိုးလက်နက်ကိုင်ထားဟန် ဖြစ်သည်။

အတွင်းဘက်လှည့်ထားသော လက်နှစ်ဖက်ကို လက်ကောက်ဝတ်နေရာလောက်တွင် ကြက်ခြေခတ်၍ ရင်ဘတ်ရှေ့၌ထားသောဟန် ဖြစ်သည်။ လက်ျာလက်တဖက်တွင် မိုးကြိုးသွားကို ကိုင်ထား၍ လက်ဝဲဘက်လက်တွင် (ဆည်းလည်း) ဆွဲလဲ, သို့မဟုတ် ခေါင်းလောင်းငယ်ကို ကိုင်ဆောင်ထားသည်။

မိုးကြိုးသွား၏ အဓိပ္ပါယ်မှာ သုညတခေါ် ပရမတ္ထသစ္စာ ဖြစ်သည်။ (ဆည်းလည်း) ဆွဲလဲ ခေါင်းလောင်း၏ အဓိပ္ပါယ်မှာ ပညာဖြစ်သည်။ ဆည်းလည်းသံ ခေါင်းလောင်းသံ ဟူသည် မည်သည့်အခါမျှ မဆိတ်သုဉ်းပဲ ဝေးလံသော ခရီးသို့ပျံ့နှံ့၍ သွားနိုင်ဘိသကဲ့သို့ ပညာ၏အသံ အရှိန်အဝါသည်လည်း ဝေးနီးနှံ့စပ် အရပ်ရပ်သို့ ပျံ့လွင့်၍ သွားနိုင်သော အနက်သဘောရှိသည်ဟု ပညာရှိများက မိန့်ဆိုတော်မူကြသည်။

အရိယသစ္စာနုဒဿနမင်္ဂလာ, နိဗ္ဗာနသစ္ဆိကိရိယမင်္ဂလာ, ဗာဟုသစ္စမင်္ဂလာ, သိပ္ပဉ္စ မင်္ဂလာတို့ကို သရုပ်ဆောင်ထားခြင်း ဖြစ်သည်။

ပညာပါရမီ, သစ္စာပါရမီ, သီလပါရမီ, မေတ္တာပါရမီ စသည်တို့ကို ရည်ညွှန်းဖော်ဆောင်ထားသည်။

အဗ္ဘုတရသ, သန္တရသတို့ကို ပေါ်လွင် ထင်ရှားစေသည်။

ပုံစံအားဖြင့် ဝဇီရာဓရ ဆင်းတုတော်များ, သံဝရ ဆင်းတုတော်များ, တြိလောကဝိဇယနှင့် ယိဒမ်ဆင်းတုတော်များသည် ဤဝဇီရာဟုက်ရမုဒြာဖြင့် ရှိကက်ပေသည်။ ပုဂံဆေးရေးပန်းချီရုပ်များတွင်ရင်း, ဂန္ဓာရီ အင်းအိုင် အစီအရင်ပုံများတွင်ရင်း များ ပင် တွေ့ရတတ်ပေသည်။

သိဒ္ဓိအမျိုးမျိုး, သျှိုအမျိုးမျိုး ပေါ်သုံးဆယ် ပြီး ဘ်စေလိုသော် ဝဇီရာဟုက်ရ မုဒြာဖြင့် ရုပ်ပွါးဆင်းတုကို စီရင်၍ ကိုးကွယ်ရမည်ဟူ၍ ဝဇီရာယာ ကျမ်းဂန်များ၌ တိကျပြတ်သားစွာ မိန့်ကြား ထားလေသည်။

ဩဇာအာဏာ ထက်မြက်ခြင်း, ဘုန်းတန်ခိုးကြီးထွားခြင်း, လာဘ်သပ်ပကာ ပေါများခြင်း, ရန်သူကို ချေမှုန်းနိုင်ခြင်း, နတ်ဆိုး ပြိတ္တာ နတ်ယုတ်မာတို့၏ရန်ကို ချေဖျက် နှိမ်နင်းနိုင်ခြင်း, စုံတစ္ဆေ ကဝေ မင်စာ စသည့် အောက်တန်းစား အနှောက်အယှက် အမှောင့်အမည်းများကို နှင်မောင်းဟန့်တားနိုင်ခြင်း, ဆုံးမဒဏ်ခတ်နိုင်ခြင်း စသော သတ္တိအကျိုးထူးများကို ရရှိနိုင်စေကြောင်း ဝဇီရာယာနကျမ်းများက ပြဆိုထားသည်။

---

VAJRĀHUMKARA MUDRĀ (Buddha Supreme and Eternal)
IBI. p.440,43.
Tibetan Collections vol.i. p.25.
Ic-T.L. p.22.
Mudrā, Saunders. p.114. (Basaraunhongo-in)

မုဒြာ ၁၀—ပ-ပ-သ-၀·

## ဝန္ဒနီ မုဒြာ

ရှိခိုး ဖူးမြော်ဟန် ဖြစ်သည်။

အဉ္ဇလိမုဒြာ, နမက္ကာရမုဒြာတို့နှင့် တူသည်။ ယင်း မုဒြာများကို ရှင်းလင်းဖော်ပြချက်တို့တွင် ဖတ်ရှုပါ။

အချို့ပဋိမာသိပ္ပံ ပညာရှင်များ၏ အဆိုအမိန့်အရ အဉ္ဇလိနှင့် နမက္ကာရတို့မှာ တစုံတရာ မမြွက်ဆိုဘဲ လက်ယှက်ရှိခိုးရုံမျှပင်ဖြစ်၍ ဝန္ဒနီမှာမူ နှုတ်ကလည်း ပြောဟစ်ပြီးလျှင် လက်ကလည်းရှိခိုးဟန်ဖြစ်သည်ဟု လေ့လာသိရှိရပါသည်။ မြန်မာဝေါဟာရတွင်လည်း နမက္ကာရကို ရှိခိုးသည်။ အဉ္ဇလိကို လက်အုပ်ချီသည်။ ဝန္ဒနာကို ဖူးမြော်သည်ဟုလည်း ခွဲခြားကြသေးသည်။

သို့သော် နမက္ကာရ ဘုရားရှိခိုးကျမ်း, ဗုဒ္ဓဝန္ဒနာကျမ်းများမှာ ရွတ်ဖတ် သရဇ္ဈာယ်ရမည့် ဘုရားရှိခိုးများကို ရေးသားပြုစုထားခြင်း အဉ္ဇလိကျမ်း ဟူ၍ ယခုမတွေ့ရှိရသေးခြင်းများကြောင့် အထက်ပါ ဝိဝါဒကွဲပြားမှုများမှာ လေးလေးနက်နက် မရှိလှဟု ယူဆမိပါသည်။ သဒ္ဒါမှုညအားဖြင့် အဉ္ဇလိ=နမက္ကာရ=ဝန္ဒနာတို့မှာ သဘောသဘာဝခြင်း တူညီကြသည်ဟု ယူဆလိုပါသည်။

## ဝရမုဒြာ -ဝရဒမုဒြာ

ကောင်းချီးပေးဟန်, ဆုပေးဟန်ဟု ခေါ်သည်။

ဝရမုဒြာ, ဝရဒမုဒြာ, ဒါနမုဒြာ, ဝရဒဟတ္ထဟူ၍ ပရိယာယ်ပုဒ် အမျိုးမျိုးဖြင့် ခေါ်ဝေါ်တတ်ကြသည်။ ပါဠိဟာရိယ-ဝရဒမုဒြာမျိုးလည်း ရှိသေးသည်။

လကျာဘက်လက်ကို အောက်သို့ချကာ လက်ဝါးကို အပြင်ဘက်လှည့်ပြီး လက်ချောင်းများကို ဖြန့်ချထားသော ဟန်ဖြစ်သည်။ တခါတရံ လက်မနှင့် လက်ချောင်းကလေးများကို ခပ်ကွေးကွေးထားပြီးလျှင် ဖူးမြင်လာသူအား တစုံတခု ပေးတော့မည့်ဟန် ပြင်ထားသည်ကိုလည်း တွေ့ရသည်။လက်ဝဲလက်ကို ပေါင်ခွင်ပေါ်တွင် တင်ထားသည်။

ယိုသောဆုများနှင့် တလုံးတဝတည်း ပြည့်ပြည့်ပါစေဟု ဆိုလိုသော အနက်သဘောကို ဆောင်ပေသည်။ ထို့ကြောင့် ဆုတောင်းပြည့် ဘုရားများတွင် ဤဝရဒမုဒြာမျိုးကို တွေ့ရတတ်သည်။ သွားဆုတောင်းလျှင် ရရှိနိုင်သည်ဟု ကိုးကွယ်ယုံကြည်ထားကြသော နတ်များ, ဘုရားများ, သိကြား

---

VANDANĪ MUDRĀ (see also Añjali mudrā and Namaskāra Mudrā)
DHI. p.251.
VARA MUDRĀ-VARADA MUDRĀ (see also Varada Hasta, Dāna Mudrā)
IBI. p.441. DHI. p.251., Tibetan Collections vol.i. p.24.
IBBS. pp.57,116,18,48,; EHI. i.i. p.14.; ITL. p.22.
Mudrā, Saunders. p.51. (Segan-in)
ဝိနယမဟာဝဂ္ဂပါဠိ-နှာ-၂၉-(ပါဠိဟာရိယ,ဝရဒမုဒြာမျိုး)



ဝန္ဒနီမုဒြာ (Vandanī Mudrā)



ဝန္ဒနီမုဒြာ (Vandanī Mudrā)



ဝန္ဒနီမုဒြာ (Vandanī Mudrā)



ဝရမုဒြာ (ဝရဒမုဒြာ) Vara Mudrā-Varada Mudrā

မင်းစသည်များ၏ ရုပ်ပွါး ဆင်းတုတို့တွင် ဤမုဒြာကို တွေ့ရှိနိုင်ပေသည်။ ပါဠိဟာရိယ မုဒြာတွင် လက်မနှင့် လက်ညှိုးကြား၌ ဇမ္ဗူသပြေသီး, သျှစ်သျှားသီး, ဖန်းခါးသီး, သရက်သီး, ကသစ်ပွင့် တခုခုကို ကိုင်ထားသည်။

တခါတရံ လက်မနှင့်လက်ညှိုးကြားတွင် ရတနာ တခုခုကို ထည့်ပေးထားတတ်သည်။ ဤပုံမှာ ရတနသမ္ဘဝဘုရားပုံဖြစ်သည်။

ခဒိရဝဏီ၏ မဒဟာဗပုံတွင် ဤမုဒြာကို တွေ့ရတတ်သည်။ ရတနသံယုတ္တ ဝရဒမုဒြာဟု အထူး ဝိသေသအားဖြင့် ခေါ်ကြသည်။

တခါတရံ လက်ဝဲလက်ဝါးကို ဖူးမြင်သူအား လှန်ပြကာ အောက်သို့ ချ၍ လက်ချောင်းများကို ဖြန့်ချပြထားတတ်ပေသည်။ လက်ယာတွင် ဘာမျှမပါဘဲလျက်ငင်း, တစုံတခုကို ဆုအဖြစ် ကိုင်တွယ်လျက်ငင်း ပြထားတတ်သည်။

ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာ, ဒါန မင်္ဂလာ, ဘုတကာနံ သင်္ဂဟ မင်္ဂလာ, ပုတ္တဒါရဿ သင်္ဂဟ မင်္ဂလာများကို သချပ်ဆောင်ရသည်။

ကရုဏာရသ, ဟဿရသတို့ကို ပေါ်လွင်စေသည်။

ဒါနပါရမီ, ပေက္ခာပါရမီ စခန်းများသို့ ရည်ညွှန်းထားလေသည်။

ဝရဒမုဒြာကို ဝေါကာဇဇ္ဇဆင်းတုများ, မန်လချပ်ဟု, ကာဘုဖြူ တာရာစိမ်း ဆင်းတုရုပ်ပွါး များတွင် တွေ့ရှိနိုင်ပေသည်။

ဝရဒမုဒြာပါရှိသော ရုပ်ပွါးဆင်းတုများကို ကိုးကွယ်ပူဇော်သူသည် ကောင်းချီးမင်္ဂလာဆု လာဘ်များကို ရရှိခြင်း,ဆုတောင်းပြည့်ခြင်း, ဆန္ဒအတိုင်း ကိစ္စပြီးမြောက်ခြင်း,လိုအင်ဆန္ဒတလုံး တဝ တည်းပြီးပြည့်စုံခြင်း,သားဝုကို ရရှိခြင်း,သစ္စာအဓိဋ္ဌာန်ပြုရာ၌ ထိရောက်ခြင်း, ခဝတ်သက်ဝင်ခြင်း, ခဝတ် စည်းခြင်း, ရာထူးဌာနန္တရ တိုးတက်ခြင်း, စည်းစိမ် တိုးပွါးခြင်း, ကုန်ရောင်း ကုန်ဝယ် မြတ်စွန်းခြင်း, ကစား လောင်းကစားရာ၌ အောင်နိုင်ခြင်း, စစ်ချီ စစ်တက်ရာ၌ အောင်မြင်ခြင်း, ပူဇော်သက္ကာရကို ရရှိခြင်း, လက်ဆောင်ပဏ္ဏာ ခွန်တုပ်များ ရရှိခြင်း, ခြေရံသင်းပင်း ပေါများကြွယ်ခြင်း စသော အကျိုးထူးများကို ရနိုင်သည်ဟု ဟန္တရာယာန ကျမ်းဂန်များ၌ ဖွင့်ဆိုထားပါသည်။

## ဝိတက္ကမုဒြာ

ကြံစည်ဟန်, ဆွေးနွေးဟန်ဖြစ်သည်။

ဤဝိတက္ကမုဒြာသည် စိန္တမုဒြာ, ဈာနမုဒြာ, သမာဟိတမုဒြာတို့နှင့် မျိုးတူဖြစ်သော်လည်း ယင်းတို့၏အခြေခံပါဒ အနုစားသဘောမျှသာ ရှိသည်ဟု မိန့်ဆိုကြသည်။

လက်ျာလက်မောင်းကို ကွေး၍ လက်ဝါးကို ပြင်ဘက်သို့ လှန်ပြထားကာ လက်ညှိုးနှင့်လက်သူကြွယ်တချောင်း ချောင်းကို လက်မထိပ်နှင့် ထိထားသည်။

ကျန် လက်ချောင်းများကို အပေါ်သို့ ထောင်ထားသော ဟန်ဖြစ်သည်။ တြိပိတက ဟတ္ထပုံတွင် လက်သူကြွယ်ကို လက်မဖြင့်ဖိထား၍ ကျန်သုံးချောင်းကို ထောင်ပြထားသည်ကို နှိုင်းယှဉ်ကြည့်သင့်သည်။

သာဓနမာလာကျမ်းတွင် ဤမုဒြာကို ဖော်ပြထားခြင်းမရှိရကား နောက်မှ ပေါ်ပေါက်တီထွင်ထားသော မုဒြာဖြစ်ဟန် တူပေသည်။ တိဗက်ရုပ်ပွါးဆင်းတု ပဋိမာသိပ္ပံ လွှမ်းမိုးသော ဟန်မျိုးဖြစ်ပေသည်။

ဓမ္မသု အပ္ပမာဒမင်္ဂလာ, ဓမ္မသာကစ္ဆာ မင်္ဂလာများကို သရုပ်ပြထားသည်။

အဇ္ဈတ္တရသ, သန္တရသ တို့ကို ပေါ်လွင်စေသည်။

ဈာနပါရမီ, ပညာပါရမီ စခန်းများသို့ ညွှန်ပြ ရည်ဆောင်ပေသည်။

ပုံစံအားဖြင့် ဝေါလောကိတေ့ဿွ, မေတ္တေယျ, တာရာ, ဝေတ္တိဂဗ္ဘ, အာကာသဂဗ္ဘ စသောရုပ်ပွါးဆင်းတုများတွင် ဤမုဒြာပုံကို တွေ့ရသည်။

ရန်ကုန်မြို့၊ ကမ္ဘာအေး ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပြတိုက်တွင် ဝိတက္ကမုဒြာဖြင့် ဆင်းတုတော်တဆူကို ပြသထားပါသည်။

ပုဂံမြို့၊ အာနန္ဒာစေတီ၊ အပယ်ရတနာလိုဏ်ဂူဘုရားများ အတွင်းရှိ ရုပ်ပွါးဆင်းတုတော်နှင့် ဆေးရေးပန်းချီများတွင် ဝိတက္ကမုဒြာဟန်ကို တွေ့ရှိရပါသည်။

---

VITARKA MUDRĀ (see also Cin Mudrā, Dhyāna Mudrā, Samāhita Mudrā)
Tibetan Collections vol.i. p.25; Reflection
ITL. p.22.; IBI. p.441.; DHI. pp.254,260.
Mudra, Saunders. p.66 (An.i-in)
အပယ်ရတနာလိုဏ်ဂူဘုရား ဦးမြ–နှာ–၁၅၉
OBEP. Ananda.



ဝိတက္ကမုဒြာ (Vitarka Mudrā)



ဝိမ္ဟယဟတ္ထ (Vismaya Hasta)

ဝိတက္ကမုဒြာ ပုံဟန်ဖြင့် ရုပ်ပွါးဆင်းတုများကို ထုလုပ်စီရင် ကိုးကွယ်သောသူသည် အကြံအစည် ထိုးထွင်းအောင်မြင်ခြင်း, စိတ်ကူးဉာဏ် ဆန်းသစ်ပွင့်လင်းခြင်း, အဘိဓမ္မာ သဘာဝတရားကို ဟုတ်တိုင်းမှန်စွာ ပေါက်ရောက်သိမြင်ခြင်း, ဗဟုသုတ ကြွယ်ဝခြင်း, ဉာဏ်ပညာထက်မြက်ခြင်း, သမာဓိဈာန် အဘိညာဉ်ရရှိခြင်း, အယူဝါဒထူးခြား ဆန်းပြားချက်များကို သိရှိနားလည်ခြင်း, တီထွင်မှု အောင်မြင်ခြင်း စသော အကျိုးထူးများကို ရရှိနိုင်သည်ဟူ၍၎င်း, ဤမုဒြာဖြင့် ရုပ်ပွါးတော်ရှိသော ရပ်ရွာဒေသပြည်နယ်တွင် ပညာရှိသူတော်စင်များ ပေါ်ပေါက်ထွန်းကားတတ်သည် ဟူ၍၎င်း, ပဋိမာ သိပ္ပံကျမ်းများ၌ မြွက်ဆိုဖော်ပြ ထားလေသည်။

## ဝိမှယ မုဒြာ

ဝိမှယဟတ္ထဟုလည်း ခေါ်သည်။

အံ့သြနေပုံ, ရင်သပ်ရှုမော ဖြစ်နေပုံ, အထိတ်တလန့်ဖြစ်နေပုံ, ပဖြစ်ဘူးမြဲ အံ့သြဘွယ် အထူးအဆန်းဖြစ်နေပုံများ၏ သဘောအနက် အဓိပ္ပါယ်ကို သရုပ်ဆောင်နေသည့် ဟန်မျိုးဖြစ်ပေသည်။

လက်မောင်းကို မြှောက်ချီ၍ လက်ဝါးကို နောက်သို့လှန်ပြီးလျှင် လက်ချောင်းများကို ကားဖြန့်၍ ထောင်ပြထားသော ဟန်ဖြစ်သည်။ များသောအားဖြင့် လက်ဝါးသည် ပုခုံးထက် မြင့်နေတတ်ပေသည်။

တခါတရံ လက်ကိုမြှောက်၍ လက်ဝါးကို နောက်သို့လှန်ပြီးလျှင် လက်ညှိုးနှင့် လက်ခလယ်နှစ်ချောင်းကို မေးစေ့တွင် ထောင်ပြထားသည်။ မျက်လုံးများကို အပေါ်သို့ လှန်ပြထား၍ မျက်နှာအမူအရာကိုလည်း အံ့သြနေပုံဆောင်စေသည်။ ဤလက်ဟန်ကိုလည်း ဝိမှယမုဒြာ, သို့မဟုတ် ဝိမှယဟတ္ထမျိုး ဖြစ်သည်ဟု ပညာရှင် သုတေသီများက အဆုံးအဖြတ် ပေးထားကြသည်။

အစ္ဆရိယဓမ္မ, အဗ္ဘုတဓမ္မ, မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေသည်။

အဗ္ဘုတရသကို ပေါ်လွင် ထင်ရှားစေသည်။

သစ္စာပါရမီ, အဓိဋ္ဌာနပါရမီ စခန်းများသို့ ရည်ညွှန်းပြသည်။

ပုံစံအားဖြင့် မြတ်စွာဘုရား၏ တန်းခိုးပြာဋိဟာရိယ ပြတော်မူခန်း ရုပ်တုများတွင်၎င်း, တရားဓမ္မ ဟောပြနေပုံများတွင်၎င်း, ရဟန္တာများနှင့် မာရ်နတ်စသည်တို့ တန်းခိုးပြိုင်ကြသော အခန်းများတွင်၎င်း, ဤမုဒြာကို တွေ့ရှိရတတ်သည်။

ဝိမှယဟတ္ထ, သို့မဟုတ် အစ္ဆရိယမုဒြာ, သို့မဟုတ် အဗ္ဘုတမုဒြာ ပုံဟန်ဖြင့် ရုပ်ပွါးဆင်းတုတော်များကို ထုလုပ်စီရင် ကိုးကွယ်သော သူတို့သည် တန်းခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံ၍၎င်း, အံ့ဘွယ်သရဲ

---

VISMAYA-MUDRĀ(VISMAYA HASTA)
Astonishment and Wonder, Awe.
Icons in Bronze p.29.
EHI.ii. p.16. DHI. p.250.

လူရှင်ရဟန်းတို့၏ ချီးမွမ်းထောမနာပြုခြင်းကိုခံရခြင်း၊ တန်းခိုးကြီးခြင်း၊ သစ္စာဓိဋ္ဌာန်ပြုရာ၌ လေးနက်အောင်မြင်ခြင်း၊ ဂုဏ်ရှိန်းသတ္တိထက်မြက်ခြင်း စသော အကျိုးကျေးဇူးများကို ရရှိနိုင်ကြောင်း ပဋိမာသိပ္ပံပညာဆိုင်ရာကျမ်းများ၌ ဖွင့်ဆိုထားပါသည်။

## ဝေနာယကိ မုဒြာ

ဆင်မင်းဟန်ဖြစ်သည်။

ဝိနာယကပြဟ္မာမင်း၏ ဆင်ဦးခေါင်းမှ နှာမောင်းကို ထောင်ထားသည့်သဏ္ဍာန်ကို ပုံဆောင်ပြထားခြင်းဖြစ်သည်။

ဟိန္ဒူဘာသာအယူဝါဒနှင့်နွယ်သော ရုပ်ပွါးဆင်းတုမျိုးဖြစ်ပေသည်။ တန္တရာယာန ဗုဒ္ဓဘာသာရုပ်ပွါးများ၌ ကခါတရံသာ တွေ့ရတတ်သည်။

အပယ်ရတနာလိုဏ်ဂူဘုရား၊ နန်းဘုရား စသည့်ပုဂံဒေသရှိ စေတီဘုရားများအတွင်းတွင် ရုပ်ပွါးဆင်းတုနှင့် ဆေးရေးပန်းချီများကို ဤမုဒြာဖြင့် အနည်းအကျဉ်းမျှ တွေ့ရှိရပါသည်။

ဝိရုရှသကို ဒေပါ လွှင်စေသည်။

ဝိရိယပါရမီ စခန်းသို့ ညွှန်ပြလိုရင်းဖြစ်သည်။

ဝေနာယကိမုဒြာကို ဟိန္ဒူဗြာဟ္မဏဘာသာဝင်တို့က အလေးအမြတ်ပြု၍ ကိုးကွယ်ခဲ့ကြသည်။ နောက် နှောင်းခေတ်တွင်မှ တန္တရာယာန ဗုဒ္ဓဘာသာဆိုင်ရာ ရုပ်ပွါးတော်များကို အတုလိုက်၍ ထုလုပ် ကိုးကွယ်လာကြသည်။ ကိုးကွယ်သူများသည် ရဲစွမ်းသတ္တိနှင့် ပြည့်စုံခြင်း၊ ဗြဟ္မာမင်း၏ဓာတ်ကို ရရှိခြင်း၊ ထာမ ဗလ သတ္တိကို ရရှိခြင်း၊ တိုးပွါးစေနိုင်ခြင်း အကျိုးများကို ရရှိစေနိုင်သည် ဟူ၍ အရိပ်အမြွက်မျှ ဖော်ပြထားပါသည်။

## သန္တိဒမုဒြာ

ငြိမ်းချမ်းသာယာမှုကို ပေးဟန်ဖြစ်သည်။

အဘယမုဒြာနှင့်တူသည်။

လက်ကိုဖူးမြင်ဘူးထားက်သို့ (ရှေ့သို့) လှန်ပြကာ လက်ချောင်းများကို အပေါ်သို့ ထောင်ထားသော လက်ဟန်မျိုး ဖြစ်သည်။

ပုံစံအားဖြင့် ကူသျှန်ခေတ် မထုရာ ဗုဒ္ဓရုပ်ပွါးတော်ကိုကြည့်ပါက ဤသန္တိဒမုဒြာဖြင့် တွေ့ရှိနိုင်ပေသည်။

---

VAINAYAKI MUDRĀ
DHI. p.249.
အပယ်ရတနာလိုဏ်ဂူ ဘုရား–ဦးမြ။
SANTIDA MUDRĀ (see also Abhaya Mudrā)
DHI. p.250.



ဝေနာယကီမုဒြာ (Vainayakī Mudrā)



သန္တိဒမုဒြာ (Shantida Mudrā)



သန္ဒဿနမုဒြာ (Samdarshana Mudrā)

မန္တလေးတောင်ပေါ်တွင် ဤမုဒြာဖြင့် ရုပ်ပွါးတော်များကို တွေ့ရှိနိုင်ပါသည်။ ပုဂံခေတ်ဆင်းတုများနှင့် ဆေးရေးပန်းချီများတွင်လည်း ဤသန္တိဒမုဒြာကို ရော့သာတွေ့ရှိနိုင်ပါသည်။

အဿောက ဝိရဇ ခေမမင်္ဂလာများကို သရုပ်ဆောင်ထားသည်။

ဝီရ ရသနှင့် သန္တရသတို့ကို ပေါ်လွင်စေသည်။

ဝီရိယပါရမီ, ခန္တီပါရမီ, ဥပေက္ခာပါရမီ, မေတ္တာပါရမီစခန်းများသို့ ရည်ညွှန်း ပုံဆောင်ပြထားခြင်းဖြစ်ပါသည်။

ဤသန္တိဒမုဒြာပါရှိသော ရုပ်ပွါးဆင်းတုကို ကိုးကွယ်လျှင် ဘေးရန်ကင်းခြင်း, ငြိမ်းချမ်းသာယာခြင်း, စည်းစိမ်ကျက်သရေတိုးပွါးခြင်း, ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း, တရားထူးကိုရရှိခြင်း, သိဒ္ဓိပေါက်ခြင်း, ဆုတောင်းပြည့်ခြင်း အကျိုးထူးများကို ရရှိနိုင်သည်ဟု တန္တရာယာန ကျမ်းဂန်များ၌ ပြဆိုထားပါသည်။

## သန္ဒဿနမုဒြာ

ဘုရားဆုံးမြွက်ခြင်း ... ဟန်ဖြစ်သည်။

လက်ဝဲလက်ကို ဒူးပေါ်တင်ထားလျက် လက်ျာလက်ကိုမူ ရင်ဘတ်ဆီသို့ မြှင့်တင်ထားကာ လက်မနှင့် လက်ညှိုးတို့ကို ပြင်ဘက်သို့ ဖြန့်ပြထားပြီးလျှင် ကျန်လက်ချောင်းများကို အတွင်းဘက်သို့ ကွေးထားသောဟန်ဖြစ်သည်။ လက်မနှင့် လက်ညှိုးတို့မှာ မထိထားချေ။

စိန္တမုဒြာနှင့် ဉာဏမုဒြာ, ဗျာချာန မုဒြာတို့နှင့် ပုံတူသည်။

ဗာဟုသစ္စမင်္ဂလာ, သိပ္ပမင်္ဂလာ, ဝိနယ်သုသိက္ခိတမင်္ဂလာ, ပဏ္ဍိတာနံ သေဝနမင်္ဂလာများကို သရုပ်ဆောင်ထားခြင်းဖြစ်သည်။

ဝီရရသ, ကရုဏာရသ, သန္တရသများကို ပေါ်လွင်စေသည်။

ပညာပါရမီစခန်းသို့ ရည်ဆောင်ညွှန်ပြသည်။

ပုဂံမြို့ အပယ်ရတနာလိုဏ်ဂူ ဘုရားစသည်တို့တွင် ဆေးရေးပန်းချီပုံများအချို့ကို သန္ဒဿနမုဒြာဟန်ဖြင့် တွေ့ရှိရပါသည်။

တမိတ်ရဲ့လက်နှစ်ဖက်စလုံး သန္ဒဿနမုဒြာဖြင့် ပြထားသောပုံများကိုလည်း တွေ့ရှိရတတ်ပါသည်။

ဤမုဒြာပါသော ရုပ်တုကို ကိုးကွယ်သူသည် ကျမ်းဂန်စာပေ တတ်မြောက်ခြင်း, အမှားကို ကျော်လွှန်၍ အမှန်ကိုသိမြင်နိုင်ခြင်း, အမြင်ပေါက်ခြင်း, ရဲရင့်ခြင်းစသော အကျိုးတရားများကို ရရှိနိုင်သည်ဟု တန္တရာယာနဂိုဏ်းဝင်များက ယုံကြည်ကြလေသည်။

---

SANDARSANA MUDRĀ
DHI. p.255. (see also Cin, Jñāna, and Vyākhyāna mudrās)
အပယ်ရတနာလိုဏ်ဂူဘုရား--ဦးမြ။

## သဗ္ဗရာဇိန္ဒြမုဒြာ

သိဝ–ရုဒြနတ်မင်းကြီးဟန်ဖြစ်သည်။

အဉ္ဇလိမုဒြာပုံမျိုးဖြစ်သည်။

သိဝ–ရုဒြနတ်၏ အမည်ကို သဗ္ဗရာဇ, သို့မဟုတ် သဗ္ဗရာဇိန္ဒြဟု ခေါ်သည်။ သို့ဖြစ်၍ ယင်း ရုဒြနတ်၏ လက်ဟန်ပုံကိုပင် အမည်အစွဲပြု၍ သဗ္ဗရာဇိန္ဒြမုဒြာဟု ပဋိမာသိပ္ပံ ပညာရှင်များက ယူဆကြသည်။

မြန်မာ့ရိုးရာ ရုပ်ပွါးများတွင် အလွန်ရှားပါးသည့် ဟိန္ဒူဆန်သော ဆေးရေးပန်းချီများ၌သာ တွေ့ရှိနိုင်ပေသည်။

ဟိန္ဒူပြာဟ္မဏဘာသာတွင် ဤရုပ်တုမျိုးကို ကိုးကွယ်သူသည် ပင်းအပေါင်းတို့၏ ရိုသေလေးစားမှုကိုခံရခြင်း, ရန်အပေါင်းကိုနိုင်ခြင်း, စစ်မက်ရေးရာတွင် မိမိကသာအောင်နိုင်ခြင်း, ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံခြင်းစသော အကျိုးများကို ရရှိသည်ဟု မြွက်ဆိုထားပါသည်။ ဗုဒ္ဓသာသနာဆိုင်ရာ ပဋိမာသိပ္ပံကျမ်းများတွင် ဤမုဒြာအကြောင်းကို အကျယ်ဖွင့်ဆိုထားခြင်း မတွေ့ရသေးပါ။ သို့သော် ဆေးရေးပန်းချီများ၌ ဗုဒ္ဓဘာသာဝင်တို့က လက်ခံကျင့်သုံးခဲ့သော မုဒြာတမျိုးဖြစ်ကြောင်း သုတေသနပြုစုလေ့လာခဲ့ရဘူးပါသည်။ အထူးသဖြင့် ဗြဟ္မာမင်းကြီး၏ ပုံများကို ဤ သဗ္ဗရာဇိန္ဒြမုဒြာဖြင့် ထုလုပ်ရေးဆွဲလေ့ရှိကြပါသည်။

## သမာဓိမုဒြာ=သမာဟိတမုဒြာ

ယောဂမုဒြာ, ဈာနမုဒြာနှင့် တူသည်။

စိတ်တည်ငြိမ်၍ သမာဓိရနေဟန် ဖြစ်သည်။

ခြေနှစ်ဖက်ကို ထက်ဝယ်ဖွဲ့ခွထိုင်ကာ ဖနောင့်နှစ်ခု အပေါ်သို့ ခြေဖဝါးလှန်ကာ ထိုင်၍ လက်ဝါးနှစ်ခုကိုလှန်ပြီး ခြေဖဝါးပေါ် တင်ထားသည်။

တခါတရံ လက်ျာလက်ဝါးကို လက်ဝဲလက်ဝါးပေါ် ထပ်၍ လက်မချင်းထိကာရင်း, တခါတရံ လက်ညှိုးနှစ်ခုကို ကွေး၍ လက်မနှင့်ထိကာ တွေ့ဆိုင်လျက်ရင်း ထားသော ဟန်မျိုးဖြစ်သည်။

---

SARVARĀJENDRA MUDRĀ
DHI. p.449, n.((see also Añjali Mudrā)
Saunders. Mudrā.
OBEP. plate 416 a.b.c. Brahma stone images
Sabbarājendra mudrā

IBI. p.435.
Tibetan Collection vol.i. p.25.
IBBS. p. 42,18.
DHI. p.252. Samādhi Mudrā
OBEP. Ananda: Sabbaññu.



သဗ္ဗရာဇိန္ဒြမုဒြာ (Sarvarājendra Mudrā)



သမာဟိတမုဒြာ (Samāhita Mudrā)



သိဟကဏ္ဏမုဒြာ (Simhakarṇa Mudrā)



သိဟကဏ္ဏမုဒြာ (Simhakarṇa Mudrā)

ဟုဂ်မြို့၊ အာနန္ဒာဘုရား၊ သဗ္ဗညုဘုရားများတွင် သမာဓိမုဒြာ ပုံတော်များကို ဖူးတွေ့ရပါသည်။ ဂျပန်ပြည်ရှိ ဒိုင်ဗုစု ရုပ်ပွါးတော်ကြီး၏ ပုံတော်မျိုးဖြစ်သည်။

အမိတာဘာဘုရား ရုပ်ပွါးတော်ကိုလည်း ဤမုဒြာဖြင့် တွေ့ရသည်။

အပ္ပမာဒမင်္ဂလာ, တပေါစမင်္ဂလာ, ဗြဟ္မစရိယမင်္ဂလာ, အရိယသစ္စာန ဒဿနမင်္ဂလာ, နိဗ္ဗာနသစ္ဆိကိရိယမင်္ဂလာများကို သရုပ်ဆောင်ထားသည်။

သန္တရသကို ပေါ်လွင်စေသည်။

ပညာပါရမီ, ဈာနပါရမီ, နိက္ခမပါရမီ, ဝီရိယပါရမီ, အဓိဋ္ဌာနပါရမီ စခန်းများသို့ ညွှန်ပြလျက် ရှိပေသည်။

သမာဓိမုဒြာ, ယောဂမုဒြာ, ဈာနမုဒြာပါသော ရုပ်ပွါးဆင်းတုကို ကိုးကွယ်သူသည် တည်ကြည်ငြိမ်သက်ခြင်း, စိတ်အပြည့်အဝရခြင်း, စိတ်ဝေဒနာကင်းခြင်း, သောကပရိဒေဝငြိမ်းအေးခြင်း, ဉာဏ်ပညာတိုးခြင်း, သမထပေါက်ခြင်း, သိဒ္ဓိပြီးခြင်းစသော ကောင်းကျိုးချမ်းသာများကို ရရှိနိုင်ကြောင်း ကန္တရာယာန ဂိုဏ်းဝင် ကျမ်းများ၌ ဖွင့်ဆိုထားပေသည်။

## သိဟကဏ္ဏမုဒြာ

ခြင်္သေ့နားပုံသဏ္ဌာန် လက်ကွင်းဟန်ဖြစ်သည်။ ကဋကဟတ္ထဟုလည်း တခါတရံခေါ်သည်။

လက်ချောင်း ထိပ်ဖျားများကို လက်မနှင့်ထိကာ ခြင်္သေ့၏နားရွက် ပုံသဏ္ဌာန်ကဲ့သို့ လက်ကွင်း၍ ပြထားသော ဟန်မျိုးဖြစ်သည်။

ယောကျ်ားမြတ်ဘို့၏ လက္ခဏာတော်ကြီး (၃၂)ရပ်ကို ရည်ညွှန်းဟန် တူသည်ဟု အချို့ကယူဆကြသည်။

ဝီရရသကို ပေါ်လွင်စေသည်။

ဝီရိယပါရမီကို ညွှန်ပြသည်။

သိဟကဏ္ဏမုဒြာပုံပါသော ရုပ်ပွါးဆင်းတုတော်များကို စီရင်ထုလုပ် ကိုးကွယ်သူများသည် ခြင်္သေ့မင်းကဲ့သို့ ရဲရင့်ခြင်း သတ္တိကို ရသည်။ ရန်အပေါင်းကို အောင်မြင်သည်။ ဒိဗ္ဗသောတအဘိညာဉ်ကို ရစေနိုင်သည်။ သူတပါး ပြောဆိုသမျှကို မည်မျှပင် ဝေးလံသော်လည်း ကြားနိုင်သည်။ စစ်မက်ရေးရာတွင် တဖက်ရန်သူကို ချေမှုန်းအောင်မြင်နိုင်စွမ်းရှိသည်။ အစိမ်း သားရဲ သင်းကွဲပြိတ္တာ နတ်မိစ္ဆာများကို နှင်ထုတ် နှိမ်နင်းနိုင်သည် စသည်ဖြင့် အကျိုးများစွာရရှိနိုင်ကြောင်း ပဋိပါသိပ္ပံကျမ်းများ၌ မြွက်ဆိုဖွင့်ဟထားပါသည်။

---

DHI. p.258 Kataka or Simhakarna-hasta
EHI. ii. p.15.

## သူစိမုဒြာ

အင်စိုက်ပြဟန်ဖြစ်သည်၊ သူစိဟတ္ထဟုလည်း ခေါ်သည်။

တဇ္ဇနီဟတ္ထဟန်နှင့် လက်ညှိုးညွှန်ပုံ ပြောင်းပြန်ဖြစ်သည်။

သူစိမုဒြာ၌ လကျ်ာလက်ညှိုးကို အောက်သို့စိုက်၍ ညွှန်ပြနေဟန် ဖြစ်သည်။ အပ်နှင့်စိုက်ပြသည့်ဟန်မျိုးဖြစ်၍သာ သူစိဟတ္ထ=သူစိမုဒြာဟူ၍ ခေါ်သည်။ အပ်ကို ကိုင်ဆောင်ထား၍ကား မဟုတ်ချေ။

များသောအားဖြင့် ကနေသော ရုပ်ပွါး ရုပ်လုံးများတွင် တွေ့ရသည့် လက်ချောင်းကလေးများကို အဖျားထိပ်တွင်စု၍ ဆန့်ထားသဖြင့် အပ်ပုံသဏ္ဍာန်ဖြစ်နေ၍ သူစိမုဒြာဟု ခေါ်သည်ဟုလည်း အချို့သုတေသီများက ယူဆကြသည်။

ကရုဏာရသကို ပေါ်လွင်စေသည်။

ပညာပါရမီ, မေတ္တာပါရမီစခန်းသို့ ရည်ညွှန်းထားပေသည်။

အချို့အယူအဆအရ ငရဲပြည်သို့ ညွှန်ပြ၍ သတိပေး ဆုံးမနေဟန်ဖြစ်သည်ဟု ဆိုသည်။ လက်တဖက်က ကောင်းကင်သို့ ညွှန်ပြ၍ လက်တဖက်က မြေကြီးအောက်သို့ စိုက်ပြထားပါက ကုသိုလ်နှင့် အကုသိုလ်တရား နှစ်ပါးကို ခွဲခြား ဟောကြားနေဟန်ဖြစ်သည်ဟု ဆိုကြသည်။ မကောင်းမှုပြုသူ အပါယ်လားလိမ့်မည်ဟု ဆိုဟန်ရှိပါသည်။

ဤရုပ်ပွါးတော်မျိုးကို ကိုးကွယ်ပါက ကုသိုလ် အကုသိုလ်အမှုကို ခွဲခြားနိုင်စွမ်းရှိခြင်း, တရားမန်တရားများကို အဂုတ်အကယ် ခွဲခြားသိရှိခြင်း, လူဆိုးလူကောင်း ခွဲခြားနိုင်ခြင်း, ရန်သူ မိတ်ဆွေ ခွဲခြားသိနိုင်ခြင်း, ပညာထူးချွန်ခြင်း, တည်ကြည်ခြင်း,သမထပေါက်မြောက်ခြင်းစသည့် အကျိုးများကို ရရှိနိုင်ကြောင်း မိန့်ဆိုကြပါသည်။

အချို့သုတေသီများက ဤပုံမှာ ဘုရားလောင်းဖွားမြင်တော်မူစဉ်ပုံ ဖြစ်သည်ဟု အမြွက်မျှ ကောက်ချက်ချသွားသည်ကိုလည်း တွေ့ရှိရပါသည်။

IBI. p.439.
DHI. p.259.
EHI.ii., p.15 Sūci Mudrā
DHI. p.263-264, and plate V.
**Mudrā, Saunders, p.102 (Chi Ken-in).**



သူစိမုဒြာ (Sūci Mudrā)

## အခြားမုဒြာအထူးများ

ရှေးမြန်မာ ဗိသုကာ သရေခေတ္တရာခေတ်နှင့် ဟန်လင်းကြီး၊ ပျူခေတ်များတွင် ထွန်းကားခဲ့သော ရုပ်လုံး ရုပ်ကြွ ရုပ်တုများတွင် အချို့ထူးခြားသော မုဒြာများကို တွေ့ရှိနိုင်ပါသေးသည်။ အလွန်တရာ ရှားပါး၍ တွေ့ရခဲလှပါသော်လည်း နောင်အခါ ရှေးဟောင်း သုတေသနဌာနများမှ မြေကြီးကို တူးဆွ ရာမှ ပေါ်ထွက်လာနိုင်စရာ အလားအလာများ ရှိသေးရကား ယခုကပင် ကြိုတင်၍တွေ့ရှိ နိုင်ကောင်းသော အခြားမုဒြာအထူးများကိုလည်း အကျဉ်းမျှ တင်ပြလိုပါသည်။

သာဓကများက ယင်းတို့၏ သာနေတို့ကို စီရင်ရာ၌၎င်း၊ ဘက္တများက ကိုးကွယ်လိုသော ဒေဝါ ဒေဝီများကို ပူဇော်လိုကြရာ၌၎င်း အသုံးပြုလေ့ရှိသော မုဒြာများရှိလေသည်။ ၎င်းတို့အနက် ထင်ရှား သောမုဒြာများမှာ ၎င်းပုဂ္ဂိုလ်များ ရွတ်ဆိုလေ့ရှိသော ဂါထာမန္တရားများ ရှစ်ပုဒ်ပေါ်တွင် အမှီပြု၍ အနက်အဓိပ္ပါယ်ပေါက်နိုင်ပေသည်။ မန္တရားရှစ်ပုဒ်၏ တခုစီသော ရုပ်တု (ရှစ်ဆူ)ကို အောက်တွင် အမြွက်မျှ ရှင်းလင်းတင်ပြပါသည်။

၁။ ဥုမ် ဝဇီရာနလဟန္ဒဘ ပထမဘဥ္စန ဟုမ်

၂။ ဥုမ် ဝဇီရာပါသ ဟြိမ်

၃။ ဥုမ် ဝဇီရာပုပ္ဖေ သွာဟာ

၄။ ဥုမ် ဝဇီရာဒီပေ သွာဟာ

၅။ ဥုမ် ဝဇီရာကုသ ဇ

၆။ ဥုမ် ဝဇီရနေဝေဇ္ဇ သွာဟာ

၇။ ဥုမ် သဗ္ဗတထာဂတသိဒ္ဓိ ဝဇီရသမယ တိဋ္ဌသေတ္တ ံ ဓာရယာမိ ဝဇီရသတ္တ ံ ဟိဟိ ဟိဟိ ဟုမိတိ

၈။ ဥုမ် သဗ္ဗဝိတဝဇီရဓူမေ တြာမ်

ဟူ၍ မန္တရားရှစ်ပုဒ် ရှိလေသည်။

### ၁။ အနုလမုဒြာ

ပထမမန္တရားဖြင့် ထုထားသော ရုပ်တုတွင် လက်နှစ်ဖက်ကို အတွင်းသို့ လှန်၍ လက်ညှိုးနှစ် ချောင်းကို ကြက်ခြေခတ်ပြီး လျှင် လက်ျာလက်ချောင်းသုံးခုပေါ် လက်ဝဲလက်ချောင်းသုံးခုကို တင်ထား သည်။ လက်မတခုစီကို ပြင်ဘက်သို့ ကားထုတ်၍ ပြထားသည်။ လှုပ်ရှားနေသော မီးလျှံ၏ အသွင်ကို ဆောင်နေပေသည်။ မီးလျှံလက်ထားဟန်ဟု ခေါ်ရပေမည်။ အနုလမုဒြာဟု ခေါ်ကြသည်။

## ၂။ ဝဇီရပါသမုဒြာ

ဒုတိယမန္တရားဖြင့် ထုထားသော ရုပ်တု၏ လက်နှစ်ဖက်မှာ လက်ဝဲလက်ကို လကျာ်လက်ကောက် ဝတ်ပေါ်တင်ကာ ကွန်ယက်နှောင်ကြိုးဖြင့် ဖွဲ့နှောင်ပြီးလျှင် လက်ခုပ်နှစ်ခုကို မှောက်ပြထားသောပုံ ဖြစ်သည်။ နှောင်ကြိုးတည်းထားဟန် ဖြစ်သည်။ ဝဇီရပါသမုဒြာဟု ခေါ်သည်။

## ၃။ ဝဇီရပုပ္ဖမုဒြာ

တတိယမန္တရားဖြင့် ထုလုပ်ထားသော ရုပ်တုမှာ လက်နှစ်ဖက်ကိုလှန်လျက် လက်ခုပ်သဏ္ဌာန် ပြု၍ ပန်းများကို ပူဇော်ဟန်ပြသော မုဒြာဖြစ်သည်။ နတ်ဒေဝါအားဖြစ်စေ, ဘုရားအားဖြစ်စေ တလက်ခုပ်စာ ပန်းများကို ပူဇော်ပါ၏ဟူသော အနက်အဓိပ္ပါယ် ဆောင်[illegible]သည်။ ပန်းလှူဟန် ဖြစ်သည်။ ဝဇီရပုပ္ဖမုဒြာဟု ခေါ်သည်။

## ၄။ ဝဇီရဒီပမုဒြာ

စတုတ္ထမန္တရားဖြင့် ထုထားသော ရုပ်တုမှာ လက်နှစ်ဖက်ကို ပြင်ဘက်သို့ လှန်ကာ လက်သီး ဆုပ်ချင်း ပူးကပ်ထိပြထားသော ဆီမီးပူဇော်ဟန် ဖြစ်သည်။ ဝဇီရဒီပမုဒြာဟု ခေါ်သည်။

## ၅။ ဝဇီရအင်္ကုသမုဒြာ

ပဉ္စမ မန္တရားဖြင့် ထုလုပ်ထားသော ရုပ်တုမှာ လကျာ်လက်ကို ပြင်ဘက်သို့ လှန်၍ လက်မနှင့် လက်ညှိုးကို ကွင်းတားပြီးလျှင် အတွင်းဘက်သို့ လှန်ထားသော လက်ဝဲလက်၏ လက်သန်းဖြင့် ချိတ်ပြ ထားသည့်လက်ဟန် ဖြစ်သည်။ ဆင်ကိုပေါက်သော ချွန်းတောင်းပုံမျိုး ဖြစ်သည်။ ဝဇီရအင်္ကုသမုဒြာဟု ခေါ်သည်။

## ၆။ ဝဇီရနေဝေဇ္ဇမုဒြာ

ခြောက်ခုမြောက် မန္တရားဖြင့် ထုလုပ်ထားသောရုပ်တုမှာ လက်နှစ်ဖက်ကို အတွင်းဘက်လှန်၍ လက်ချောင်းအချင်းချင်း ယှက်တင်ထားပြီးလျှင် လက်ညှိုးနှစ်ချောင်းကို ကြက်ခြေခတ် ပြထားသော မုဒြာပုံဖြစ်သည်။ ဘုရားအား ပူဇော်သော နေဝေဇ္ဇလှူဘွယ်ဝတ္ထုပေါ်သို့ ကြက်ခြေခတ် ပြထားသော လက်ညှိုးနှစ်ခုဖြင့် ပန်းပွင့်ကို ညှပ်ယူပြီး တင်ကာတင်ကာဖြင့် ပူဇော်၍ မန္တရားကို ရွတ်ဆိုလေ့ရှိကြသည်။ လက်ဟန်မှာ လှူဘွယ်ဝတ္ထုထည့်ထားသော အိုးပုံဖြစ်သည်ဟု အချို့ပညာရှင်တို့က မိန့်ဆိုကြသည်။ ဝဇီရနေဝေဇ္ဇမုဒြာဟု ခေါ်သည်။

## ၇။ ဝဇီရာသမယမုဒြာ

ခုနစ်ခုမြောက် မန္တရားဖြင့် ထုလုပ်ထားသော ရုပ်တုမှာ လကျာ်လက်ကို လှန်ချ၍ လက်ထဲတွင် မိုးကြိုးသွားကို ကိုင်ထားသည်။ အတွင်းဘက်သို့ လှည့်ဆောင်ထားသော လက်ဝဲလက်တွင် ဆွဲလွဲ (ဆည်းလည်း) ခေါင်းလောင်းငယ်ကို ကိုင်ထားသောဟန် ဖြစ်သည်။ သိဒ္ဓိပြီးပုံဟု ခေါ်ကြသည်။ ဝဇီရာသမယမုဒြာဟု ခေါ်ကြသည်။

## ၈။ ဝဇီရာစူမမုဒြာ

ရှစ်ခုမြောက် မန္တရားဖြင့် ထုလုပ်ထားသော ရုပ်တု၏ လက်ဝဲလက်သည် အတွင်းဘက်သို့လှည့်၍ အမွေးတိုင်ရိုးတန်ကို ကိုင်ထားသည်။ လကျာ်လက်ကလည်း အတွင်းဘက်လှည့်၍ လက်မနှင့်လက်ညှိုးဖြင့် ထိုလက်ဝဲလက် အထက်တွင် အမွှေးအိုးအရင်းကို ကိုင်ကာ ပြထားသော အမွှေးတိုင်လှူဟန် ဖြစ်သည်။ ဝဇီရာစူမမုဒြာဟု ခေါ်ကြသည်။

အထက်ဖော်ပြပါ မုဒြာရှစ်မျိုးမှာ ဘုရား, ဒေဝါဒေဝီတို့အား ဝတ်ပြုကြရာမှ လှူဒါန်းပူဇော်သက္ကာရပြုကြရာမှ ဖြစ်ပေါ်လာကြသော မုဒြာလက်ဟန်များ ဖြစ်ကြသည်။

ယင်းတို့၏ အနှစ်သာရ အနက်သဘောမှာ အလွန်နက်နဲ၍ လျှို့ဝှက်ထားကြသဖြင့် ဝဇီရာဂိုဏ်းသားများမှတပါး အခြားသူတို့ သိရှိနားလည်ရန်မှာ မလွယ်ကူလှချေ။ ဆက်လက် သုတေသနပြုသင့်သော အချက်တရပ်ပင် ဖြစ်ပါသတည်း။

ဤတွင် မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာရပ်တွင် အရေးပါလှသော မုဒြာများအကြောင်းကို အခြေခံအမြွက်မျှ ရှင်းလင်းတင်ပြအပ်ပြီး ဖြစ်ပါသတည်း။

## မုဒြာ ဟူသော ဝေါဟာရ (နောက်ဆက်တွဲ)

မုဒြာဆိုသည်မှာ လက်ဟန်အမူအရာ အမျိုးမျိုးဖြင့် ထုတ်ဖော်ပြောဆိုလိုသော သဘောတရား အနက်အဓိပ္ပါယ်ကို အရိပ်နိမိတ် လက္ခဏာ ဝိညတ္တိပြခြင်းပင် ဖြစ်ပေသည်။ ကာယဝိညတ္တိ တမျိုးပင် ဖြစ်လေသည်။ သို့သော် မုဒြာကို အခြေခံအားဖြင့် နှစ်မျိုး ခွဲခြားအပ်ပေသည်။

(က) အထက်လမ်းသုံ့ပြညာ ဂန္ဓာရီဝိဇ္ဇာအတတ် တန္တရာယာနဆိုင်ရာ လျှို့ဝှက်သဘင်အခန်းအနားများ, မှော်ပွဲများ, သိဒ္ဓိတင်ပွဲများ, စသည်တို့၏ အဘိဓမ္မာသဘောတရားများကို သင်္ကေတ နိမိတ်ပြသော အမျိုးအစား မုဒြာဟူ၍၎င်း၊

(ခ) ပဋိမာသိပ္ပံရုပ်ပွါးဆင်းတု ရုပ်လုံးရုပ်ကြွများဆိုင်ရာတွင် ဇာတ်ဝတ္ထုနိပါတ်တော်အဖြစ်အပျက် အရုပ်ရုပ်ကို ဖြစ်စေ, နတ် သိကြား ဗြဟ္မာ စသည့် ပုဂ္ဂိုလ်တဦးဦး၏ အသွင်သဏ္ဌာန်ကို ဖြစ်စေ, သရုပ်ဆောင် ဖော်ပြလိုသော သင်္ကေတနိမိတ်ပြ အမျိုးအစား မုဒြာဟူ၍၎င်း နှစ်မျိုးနှစ်စား ခွဲခြားထားပေသည်။

ပထမမုဒြာမျိုးကိုမူ ပုဏ္ဏားတော်ကြီးများ, မှော်ဆရာ, ပါမောက္ခ, ပုရောဟိတ်ကြီးများ, ယစ်ပူဇော်ပေးကြသော ဗြာဟ္မဏကြီးများနှင့် ဂိုဏ်းချုပ်ဆရာတော်ကြီးများက ပွဲလမ်းသဘင် အစီအရင် အခမ်းအနားများတွင် သရုပ်ဆောင် ပြသကြရလေသည်။ အထူးသဖြင့် တိဗက်ဘုန်းတော်ကြီးများနှင့် ဂျပန်ဘုန်းတော်ကြီးများသည် ယနေ့အထိတိုင်ပင် ဤအခမ်းအနား အစီအရင် မုဒြာများကို ကျင့်သုံးလျက်ရှိနေသေးပေသည်။ ပုံစံအားဖြင့် ဂျပန်ပြည် ရှင်းဂွန်းဂိုဏ်းတွင် လက်ခံကျင့်သုံးလျက်ရှိသော မုဒြာများမှာ (တိုင်ဇိုးကိုင်) ခေါ် ပဋိသန္ဓေလောက (ဂဗ္ဘလောက) အတွက် (၁၆၄) မျိုးနှင့် ဝဇီရလောက ခေါ် (ကုန်ဂိုးကိုင်) အတွက် (၁၃၀)မျိုးရှိလေသည်။ စုစုပေါင်း မုဒြာ (၂၉၅)မျိုး ရှိလေသည်။

ဒုတိယ အမျိုးအစားဖြစ်သော ပဋိမာသိပ္ပံဆိုင်ရာ မုဒြာများကိုမူ ပန်းပုပန်းချီဇသော အနုပညာနယ်ပယ်တွင် ရုပ်လုံးရုပ်ပွါး ရုပ်ကြွရုပ်ထွင်း ရုပ်တုဆေးရေး ကားချပ်စသည်များ၌ အသုံးပြုလေ့ရှိကြသည်။ မဏ္ဍလ ခေါ် ရုပ်တုမဏ္ဍိုင်များတွင် ထုထွင်း ရေးဆွဲလေ့ ရှိကြသည်။

ခုနစ်ရာစုနှစ်လောက်က ပေါ်ပေါက်ခဲ့သော မုရိမဏ္ဍလသုတ္တြာ ကျမ်းတွင် မုဒြာပေါင်း (၁၆) မျိုးကိုသာ ဖော်ပြထားလေသည်။ ရှစ်ရာစုနှစ်လောက်တွင် ရေးသားခဲ့သော ဓရဏီကျမ်း တွင်မူ မုဒြာပေါင်း သုံးရာကျော်မျှ ဖော်ပြထားလေသည်။ ၎င်းတို့အနက် ဗုဒ္ဓသာသနာရေးဆိုင်ရာ ပဋိမာသိပ္ပံအတွက် အသုံးဝင်သော မုဒြာ (၁၅)မျိုးလောက်ကိုသာ လေ့လာတွေ့ရှိ မှတ်သားရပေသည်။

---

MUDRĀ, by E.Dale Saunders; A study of Symbolic Gestures (IN).
Japanese Buddhist Sculpture. Routledge & Kegan Paul Ltd. London
Murimandara jukyo
Dharanijukyo
Ugyo-with form, and Mugyo.without form.
In-implements in hand;Gyo-colour and shape
MUDRĀ, see Classification.

ဂျပန်ဗုဒ္ဓသာသနာ ပဋိမာသိပ္ပံပညာသည် အရှေ့ဖျားဒေသတွင် နောက်ဆုံးထွန်းကားခဲ့သော ယဉ်ကျေးမှု ဖြစ်လေသည်။ ဤသို့လျှင် အိန္ဒိယပြည် မဇ္ဈိမဒေသမှ အစပြု ထွန်းကားခဲ့သော ပဋိမာသိပ္ပံပညာ လက်ရာများသည် အရှေ့ဘက်ဒေသ ရပ်ရွာများသို့ တရွေ့ရွေ့ ကူးစက် ပျံ့ပွါးလာကာ နောက်ဆုံး ဂျပန်ဗုဒ္ဓဘာသာလောကတွင် နိဂုံးသပ်၍ သွားသည်ဟု ဆိုထိုက်လှပေသည်။ တနည်းအားဖြင့် ဆိုရပါသော် ပဋိမာသိပ္ပံပညာသည် ဤတွင် ပြီးပြည့်စုံခြင်းသို့ ရောက်ခဲ့လေပြီဟု ဆိုအပ်လှပေသည်။

(ဂ) ရာစုခေတ်မှ (၁၁) ရာစုခေတ်အထိ မြန်မာပြည် အထက်ပိုင်းနှင့် ပုဂံညောင်ဦး ဒေသများတွင် ထွန်းကားခဲ့သော မြန်မာ့ရှေးရာ ပဋိမာသိပ္ပံပညာရပ်သည် အရည် ကြီးဂိုဏ်း (အရိယာသမဏ)နှင့် အတူတကွ ရှမ်းကုန်းပြင်မြင့်ဒေသ, လောဝ်, ကမ္ဘောဒီးယား, ဗီယက်နမ် နယ်ပယ်ဒေသများကို ဖြတ်ကျော်၍ တရုပ်တောင်ပိုင်း ဗုဒ္ဓဘာသာ ယဉ်ကျေးမှုများနှင့် ရောနှောကာ ကိုရီးယား ဂျပန်တို့သို့ ရွှေလျား ရောက်ရှိသွားကြသည်ဟုလည်း ခန့်မှန်းတွက်ဆနိုင်ပါသည်။ အကြောင်းမူကား ပုဂံခေတ်ကြို လောက်ကဟု ယူဆရသော မုဒြာအာသနစသည် ပဋိမာသိပ္ပံဆိုင်ရာ သာဓကများကို ယခုပုဂံခေတ်နှောင်း မြန်မာ့ရှေးရာတွင် ငုပ်ပျောက်လျက်ရှိပြီး ဂျပန်အနုပညာလောကတွင် ပေါ်ပေါ် ထွန်းကားလျက်ရှိသောကြောင့် (မိဂပဒဝလဥ္ဇနနည်း) သမင်ခြေရာ ပျောက်ဆုံးနည်းအားဖြင့် ခန့်မှန်းတွက်ဆရခြင်း ဖြစ်ပေသည်။

သို့ဖြစ်ရကား ပုဂံခေတ်မတိုင်မီက ရုပ်ပွါးဆင်းတုများ၏ ပဋိမာသိပ္ပံဆိုင်ရာ အချက်အလက်များကို ဝေဘန်လေ့လာသုံးသပ်ရာ၌ အရှေ့ဖျားဒေသ ရပ်ရွာများရှိ ဗုဒ္ဓယဉ်ကျေးမှု ဆက်နွယ်သော အနုပညာလက်ရာများတို့နှင့် ညှိနှိုင်းဆက်စပ်၍ သုံးသပ်ရမည်ပင် ဖြစ်ပါသတည်း။

## မုဒြာအမျိုးအစားများ

ပဋိမာသိပ္ပံပညာအရ မုဒြာကို အခြေခံအားဖြင့် ဒြပ်ရှိ မုဒြာပုံနှင့် ဒြပ်မဲ့ မုဒြာပုံဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားလေ့ရှိသည်။

မုဒြာ ဒြပ်ဆိုရာ၌လည်း—

(က) လက်တွင်ကိုင်ဆောင်ထားသော ဓား, လှံ, မိုးကြိုးသွား စက်ဘီးစသည့် ပစ္စည်းဒြပ်များ၊

(ခ) ပြူနီပြာဝါစိမ်းနက် စသော အရောင်ဒြပ်များ၊

(ဂ) အဝိုင်း လေးထောင့် သုံးထောင့် စသော ပုံသဏ္ဌာန် ဒြပ်များ၊
ဟူ၍ သုံးမျိုး သုံးစား ကွဲပြားပြန်သည်။

(ဃ) အချို့ပညာရှိများက ဂုဏ်ဒြပ်များကိုလည်း ကသိုဏ်းဝန်းအဖြစ် အသုံးပြု ရနိုင်ကောင်းသောကြောင့် ဒြပ်ဟူ၍ပင် လက်ခံထားကြသည်။ ထို့ကြောင့် မုဒြာဒြပ်လေးမျိုးဟု ဆိုကြသည်။

တဖန် ရုပ်ခ ါတ်မဟုတ် နာမ်ဓာတ် သဘောဖြစ်ကြသည့် စိတ်ကူး အကြံအတွေးနှင့်တကွ ဘိသိက်မင်္ဂလာသတ္တိ, ဓာရဏီပရိတ် ဂါထာမန္တရား စသည်တို့မှာ ပုံပန်းသဏ္ဌာန်မရှိကြချေ။ ထို့ကြောင့် ဒြပ်မဲ့မုဒြာ အမျိုးအစားတွင် ပါဝင်ကြရလေသည်။

ဤ ဒြပ်မဲ့ သဘောအနှစ်သာရကို ပုံဆောင်ထားသည့် သရုပ်ပြသမှု လက်ဟန် ခြေဟန် မုဒြာများ၏ အကူအညီဖြင့် ဗုဒ္ဓရုပ်ပွါး ဆင်းတုတော်များကိုရင်း, ဗြာဟ္မဏ ပုရောဟိတ်ပုဏ္ဏား အထက်ဂိုဏ်း ဆရာတော်ကြီး၏ ဂန္ဓာရီဝိဇ္ဇာ မှော်ပညာဆိုင်ရာ ဝတ်သဘင် အခမ်းအနားများတွင် ပြသကြရသည့် လက်ဟန်အမူအရာများကိုရင်း နားလည် သဘောပေါက်နိုင်မည် ဖြစ်ပေသည်။

ယင်း မုဒြာများကို လူတို့၏ ပကတိ မျက်စိဖြင့် တွေ့မြင်နိုင်ကောင်းရကား ဒြပ်ရှိ မုဒြာဟူ၍ ခေါ်ရပေသည်။

ရုပ်ပွါးဆင်းတုများရှိ ဤဒြပ်ရှိ မုဒြာများကို လေ့လာ သုံးသပ် ဆင်ခြင်ကြည့်ပါက ထိုရုပ်ပွါးတော်ကို ထုလုပ်စီရင်ထားသူ၏ ဆိုလိုရင်းအနက်သဘော အဓိပ္ပါယ်ကို ဟုတ်တိုင်းမှန်စွာ သိရှိနားလည်နိုင်ပေသည်။

ယောဂီပုဂ္ဂိုလ်များအနေဖြင့် ဤရုပ်ပွါးဆင်းတုဆိုင်ရာ မုဒြာကို ပြုလုပ်ကျင့်ကြံပါက ထိုမုဒြာဟန်၏ မူလအရင်း ဇာမြစ်ဖြစ်သော ဘုရားနှင့် ယောဂီသည် တသားတည်း တထပ်တည်း တပေါင်းတည်း ဖြစ်သွားနိုင်ငွမ်းရှိသည်။ သို့မဟုတ် မှော်ဝင်သည်ဟု ယုံကြည်ကြလေသည်။

ဘုရားနှင့် ယောဂီ, ယောဂီနှင့်ဘုရား တသားတည်း ကျစေသည်ဟု ဆိုလိုသည်။

ဇင်း မုအီဆန်ဇိုး ၏ ဝါဒအရ မုဒြာနှစ်မျိုးရှိလေသည်။

(က) လက်ညှိုး လက်ချောင်းများဖြင့် အမျိုးမျိုး အဖုံဖုံပြသော လက်ဟန် မုဒြာများ၊

( ခ ) ကြာပန်း, ထား, သန်လျက် စသော နိမိတ်လက္ခဏာများဖြင့် ပြသော မုဒြာများဟူ၍ နှစ်မျိုးရှိလေသည်။ ဤဒုတိယ မုဒြာမျိုးကိုမူ ကသိုဏ်းရှုရာ၌ ဝတ္ထုအဖြစ် အသုံးပြုလေ့ရှိကြသည်။

တဖန် မုဒြာလေးမျိုးကို ပြပြန်သည်။

(၁) မဟာမုဒြာ–ယောဂီပုဂ္ဂိုလ်သည် အင်းဆန်ဗိဇကို ဖြစ်စေ, ဂုဏ်တော်တခုခုကို ဖြစ်စေ, ရုပ်ပွါးဆင်းတု တဆူဆူကို ဖြစ်စေ, ကသိုဏ်း ရှုရသည်။ ထိုအခါ ဉာဏ်စဉ် ငါးဆင့်တက်လာသည်။

ပထမဆင့်တွင် – ဗောဓိစိတ်ဝင်လာအောင် အားထုတ်ရသည်။

ဒုတိယဆင့်တွင် – ရထားသော ဗောဓိစိတ်ကို ထိန်းသိမ်းထားရသည်။


တတိယဆင့်တွင် – ဝဇီရစိန် စိတ်ဓာတ်ရအောင် အားထုတ်ရသည်။

စတုတ္ထဆင့်တွင် – ဝဇီရစိန် ဓာတ်အဖြစ်သို့ ရောက်လာသည်။

ပဉ္စမအဆင့်တွင် – ဗုဒ္ဓအဖြစ်သို့ အကြွင်းမဲ့ ရောက်သည်။

---

**"Butus-nyū-Ga; Ga-nyū-Butsu."**
**Zen-mui San-zo—**



ဤကား ဝေရောစန ဗုဒ္ဓ၏ ဉာဏ်စဉ်တက်ပုံဖြစ်သည်။ ထိုဉာဏ်စဉ်တက်အောင် အသုံးပြုရသော အင်းဆန်များ ဂုဏ်တော်များနှင့် ရုပ်ပွါးဆင်းတုများသည် မုဒြာများ ဖြစ်ကုန်၏။

(၂) **သမ္မယမုဒြာ** (သမုတိမုဒြာ)–ထား, လှံ, ကြာပွင့်, ကြာဖူး စသောပညတ် ဝတ္ထုများကို အသုံးပြုလျက် အရိပ်နိမိတ်လက္ခဏာများကို ပြသခြင်းဖြစ်သည်။ဤသည်တို့လည်း မုဒြာအမျိုးအစားပင် ဖြစ်ကုန်၏။

(၃) **ကမ္မ မုဒြာ**–မြတ်စွာဘုရား၏ စရိယာကျင့်စဉ်များနှင့် ထိုဘုရားရှင်များအား ရည်စူး ပြုလုပ်သော ဟန်ပန် လက္ခဏာများကို ကမ္မမုဒြာဟုခေါ်သည်။

(၄) **မန္တရာဓာရဏီမုဒြာ**–ဂါထာမန္တရာများ, ဓာရဏီပရိတ်များ, အင်းများကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း, မန်းမှုတ်ခြင်းများကို ဓာရဏီမုဒြာဟုပင် ခေါ်သည်။ မန္တရာမုဒြာဟုလည်း ခေါ်ကြသည်။

ဤသို့လျှင် ဝဇီရာယာနဂိုဏ်း, တန္တရာယာနဂိုဏ်း စသော အထက်လမ်း ဂိုဏ်းဆရာကြီးများက မုဒြာလေးမျိုး လေးစား ခွဲခြားခဲ့ကြပြန်လေသည်။ ပုဂံ အပယ်ရတနာဘုရားတွင် ကိန္နရာများ၊ တာရာ ဒေဝီနှင့် ရသေ့ ကြီးများပုံတွင် မန္တရာမုဒြာခေါ် မန္တရာဓာရဏီမုဒြာများကို တွေ့ရှိရပါသည်။

## လက်သီးဆုပ်ခြောက်မျိုး

အာရှတိုက်ဒေသ အရပ်ရပ်တွင် လက်ခံယုံကြည်အသုံးပြုလျက်ရှိသော ပဋိမာသိပ္ပံပညာနယ်ပယ် ဆိုင်ရာ လက်သီးဆုပ်ပုံစံ ခြောက်မျိုးရှိလေသည်။

(၁) ကြာဖူးလက်သီးဆုပ်,
(၂) မိုးကြိုးသွား စိန်လက်သီးဆုပ်,
(၃) အပြင်ချုပ်လက်သီးဆုပ်,
(၄) အတွင်းချုပ် လက်သီးဆုပ်,
(၅) ဒေါသအမျက်ထွက်ဟန် လက်သီးဆုပ်,
(၆) တထာဂတမြတ်စွာဘုရား လက်သီးဆုပ်
ဟူ၍ ခြောက်မျိုး ဖြစ်လေသည်။

---

Zen mui Sanzo:-Vairocana Mudrās
Shu-in-Hand signs
Keii-in-Pact signs
Kongo-cho-kyo
Mahāmudrā
Sammaya mudrā
Karma mudrā
Mantrā dhāraṇī mudrā, Pagan Abeyadaaa, OBEP. pl. 231. g. 232. c., 234.c.
1. Renge ken in - tai kon - Lotus fist
2. Kongo ken in - Diamond fist
3. Gebaku ken in - kongobaku - Outter Bond fist
4. Naibaku ken in - Inner Bond fist
5. Funnu Ken in - Anger fist
6. Nyorai Ken in - Tathāgata fist

## (၁) ကြာဖူးလက်သီးဆုပ်

ဤပုံတွင် လက်ချောင်းများကိုဆုပ်၍ လက်မကို လက်ညှိုးပေါ်တင်၍ ဖိဆုပ်ထားသောဟန် ဖြစ်သည်၊ ကြာဖူးပုံသဏ္ဍာန်ရှိသည်၊ တခါတရံ ဂဗ္ဘဟတ္ထဟူ၍လည်း ခေါ်သည်။

## (၂) မိုးကြိုးသွား ဝဇိရ စိန်လက်သီးဆုပ်

လက်သီးဆုပ်များအနက် အရေးကြီးဆုံး အခိပ္ပါယ်အနက်နဲဆုံးပုံ ဖြစ်သည်။ လက်မကို လက်ခလယ် လက်သူကြွယ်နှင့် လက်သန်းများဖြင့် ဆုပ်ထားပြီးလျှင် လက်ညှိုးကိုကွေး၍ လက်မအဆစ်ပေါ် ထောက်ပြထားသောပုံဖြစ်သည်၊ မိုးကြိုးသွားပုံ စိန်ဖူးပုံ ဖြစ်နေသည်။ တထာဂတမြတ်စွာဘုရားများ၏ ကာယ,ဝစီ, မနော ခုတ်သုံးရပ်ကို စည်းရုံးပေါင်းစုလိုက်သောသတ္တိကို သရုပ်ဆောင်ပြသည့် လက်ဟန် ဖြစ်သည်။ အတိုချုပ်အားဖြင့် စိန်လက်သီး ဟု ခေါ်ကြသည်။

ကမ္ဘမုဒြာပုံများသည် ဤစိန်လက်သီးကို အခြေခံပြီးမှ ထွက်ပေါ် ပွါးများလာသည့်ဟန်များ ဖြစ်ကြသည်။

## (၃) အပြင်ချုပ် လက်သီးဆုပ်

လက်နှစ်ဖက်ကို လက်ဖဝါးချင်းကပ်၍ လက်ချောင်းကြားထဲသို့ လက်ဝဲလက်ျာ လက်ချောင်းများ ယှက်ဘင်ကာ အပြင်သို့ ထုတ်၍ အုပ်ပြထားသောလက်သီးပုံ ဖြစ်လေသည်။ ဤလက်နှစ်ဖက်ကြားရှိ အာကာသသည် လ နှင့်တူသည်ဟု ဆိုသည် (သမ္မယ) သမုတိမုဒြာသည် ဤအပြင်ချုပ်လက်သီးဆုပ်ပုံမှ ပြန့်ပွါးထွက်ပေါ်လာခြင်း ဖြစ်လေသည်။

အချို့ပညာရှိများက ဤလက်ပုံသည် ကြာရွက်သဏ္ဍာန်လက်ညှိုးရှစ်ချောင်းပေါ်တွင် လပြည့်ဝန်း [illegible] ကဲ့သို့ ရှိသည်ဟူ၍ ကြာဖူးလက်သီးနှင့် ဆက်စပ်၍ တွေးကြံကြသည်။

လ [illegible] ဝန်း [illegible] ဖြစ် ရှုရသော ယောဂီလုပ်ငန်းများတွင် ဤလက်သီးဆုပ်ပုံစံကို ပြကြသည်၊ လက်ညှိုး ဝယ်ချောင်းသည် လရောင်ဖြာထွက်နေဟန် ဖြစ်သည်ဟု ထင်မြင်ကြသည်။


## (၄) အတွင်းချုပ်လက်သီးဆုပ်

လက်နှစ်ဖက်ကို လက်ဖဝါးချင်းကပ်၍ ဆုပ်ထားသည်၊ လက်ချောင်းလက်မများကို အတွင်းဖက်သို့ကွေး၍ထားပြီးမှ ဆုပ်ထားသဖြင့် လက်ချောင်းများ၏ ထိပ်ဖျားတို့ကို မမြင်ရချေ။


လက်နှစ်ဖက်ကြားကို လစန္ဒာနှင့်တူသည်ဟု ဆိုသည်။ ဗောဓိဟဒယဝတ္တုကို ပုံပြသရုပ်ဆောင်သည်။ လက်ချောင်းများသည် လရောင်ခြည်များ ဖြာထွက်နေသည့်ဟန် ဖြစ်ကြောင်း မိန့်ဆိုထားကြသည်။ အနက်အဓိပ္ပါယ်အတွင်းငုပ်လျှက်ရှိကြောင်း မိန့်ဆိုကြသည်။

---

MUDRĀ, Six Types of Fists, p.39.




၁။ သန္ဓိအဉ္ဇလီ




၂။ သမ္ဖုတအဉ္ဇလိ




၃။ ကမလာအဉ္ဇလီ



၄။ ပုဏ္ဏအဉ္ဇလီ




၅။ ဥတ္တာနဇ မုဒြာ




၆။ အာဓါရအဉ္ဇလီ




၇။ ပဏာမအဉ္ဇလိ




၈။ ဝိပရီတအဉ္ဇလိ




၉။ ဝိပရိယတ္ထအဉ္ဇလိ



၁၀။ ဥပထမ္ဘကအဉ္ဇလီ



၁၁။ အဓရအဉ္ဇလီ



၁၂။ လက်ဝါးမှောက်

(၅) ဒေါသအမျက်ထွက်ပုံလက်သီးဆုပ်

လက်မပေါ်တွင် လက်ခလယ်နှင့် လက်သူကြွယ်ကိုခေါက်၍ ဖိနှိပ်ထားကာ လက်ညှိုးနှင့် လက်သန်းကိုသာ ထောင်ပြထားသည်၊ ဒေါသထွက်နေဟန်ကိုပြသော လက်သီးဖြစ်သည်။

(၆) တထာဂတလက်သီးဆုပ်

လက်ဝဲလက်ကို ကြာဖူးပုံဆုပ်ထား၍ လက်ျာလက်ကို စိန်လက်သီးပုံ ဆုပ်ပြထားသည်။ လက်ဝဲလက်၏လက်မကို လက်ျာလက်၏ လက်သန်းကလေးဘက်မှ သွင်းလျှို၍ထားသည်။

## လက်အုပ်ဆယ့်နှစ်မျိုး

အာရှတိုက် ပဋိမာသိပ္ပံပညာနယ်ပယ်တွင် အခြေခံအားဖြင့် လက်ခံထားသော လက်အုပ် လက်ဝါးထားဟန် ဆယ့်နှစ်မျိုးခန့်ရှိလေသည်။

(၁) လက်နှစ်ဖက်ကို လက်မချင်း, လက်ညှိုး လက်ချောင်းများချင်း ထိတင်လျက် လက်ဝါးချင်းပူးကပ်ထားသော ကြားမှစေ့နေသည့် လက်အုပ်မျိုးဖြစ်သည်။ မတုန်မလှုပ် မယိမ်းမယိုင် မြဲခိုင်သော သဒ္ဓါတရားရှိဟန်ကို ဖော်ပြလိုရင်းဖြစ်သည်။

(၂) **သမ္ပုတအဉ္ဇလိ** တွင်၊ လက်နှလက်ချောင်း အသီးသီးကို အချင်းချင်းထိအောင် လက်နှစ်ဖက်ကို ပူးကပ်ထားသည်။ သို့သော် လက်ဝါးနှစ်ခုကြားတွင် ခပ်ခွါခွါကလေး ပြုလုပ်ထားသည်။ ကြာဖူးပုံကဲ့သို့ဖြစ်အောင် ပြုလုပ်ထားသော လက်အုပ်မျိုးဖြစ်သည်။ ဟဒယ နှလုံးသားတွင် ဘာမျှချန်လှပ်ထိမ်ဝှက်၍ မထားခြင်းသဘောကို ပြသည်။

(၃) **ကမလာအဉ္ဇလိ** ခေါ် ကြာဖူးပုံဟန် လက်အုပ်ဖြစ်သည်၊ သမ္ပုတအဉ္ဇလိကဲ့သို့ပင် လက်ဝါးနှစ်ခုကို ခပ်ဖွဖွပူးကပ်ပြထားသော လက်အုပ်ပုံမျိုးဖြစ်သည်။ သို့သော် ကမလာသည် သမ္ပုတထက်ပို၍ လက်ဝါးနှစ်ခုကြား နေရာလပ်များနေပေသည်။ လက်ညှိုး လက်ချောင်းများ ထိရုံမျှသာရှိတော့သည်။

(၄) **ပူဏအဉ္ဇလိ** ခေါ် ကြာပန်းပွင့်ခါစ သဏ္ဌာန်ပြုလုပ်ထားသော လက်အုပ်ပုံဖြစ်သည်၊ လက်နှစ်ဖက်ကို ပူးကပ်ထားသော လက်ညှိုးလက်ခလယ်နှင့် လက်သူကြွယ်များကို အနည်းငယ်ခွါ၍ထားသည်။ အပေါက်အဝကဲ့သို့ ဖွင့်ပေးထားသည်။

Twelve Hand clasps: MUDRĀ, by Saunders, p.40-41

1. Nebina gassho or kenjisshin
2. Samfuta Gassho-Samputa añjali
   see also Toganoo's Himitsu jiso pp.279-281.
3. Kamala añjalī
4. Boda or Pūna añjalī

(၅) ဥတ္တာနဇ အဉ္ဇလိ လက်အုပ်မျိုးဖြစ်သည်။ လက်ဝါးနှစ်ခုစလုံးကို ဖွင့်လှန်၍ ပြထားကာ လက်သန်းချင်းပူးကပ်ပြထားသောပုံဖြစ်သည်။

(၆) အာဓာရအဉ္ဇလိ တွင် ရေခပ်တော့မည့်ဟန်ဖြင့် လက်ခုပ်ပြုလုပ်ထားပုံဖြစ်သည်၊ လက်မ နှစ်ဖက်ကို သာ ဘေးတဖက်တချက်စီသို့ ခွဲထုတ်ထား၍ လက်ချောင်းများ၏ထိပ်ဖျားချင်း ထိဆက်ထားသည်၊ လက်ဝါးနှစ်ခုကြားသည် ရေခွက်သဏ္ဍာန် ဖြစ်နေလေသည်။

(၇) ပဏာမအဉ္ဇလိ လက်ျာလက်ချောင်း လက်မများနှင့် လက်ဝဲလက်ချောင်း လက်မများတို့ကို တခုနှင့်တခုယှက်တင်၍ လက်ဝါးနှစ်ခု ပူးကပ်ထားသည်။ လက်ျာလက်မကိုအပေါ်ဆုံးတွင် တွေ့မြင်ရသည်၊ ရိုသေလေးမြတ်စွာ ရှိခိုး ကိုးကွယ်သည့် လက်အုပ်ချီပုံဖြစ်ပေသည်။

ဤလက်အုပ်မျိုးကိုပင် ဝဇီရစိန် လက်သီးဆုပ် အမျိုးအစားတွင် ထည့်သွင်းတားတတ်ကြသည်။

(၈) ဝိပရိတ အဉ္ဇလိ လက်ဖမိုးချင်းကပ်၍ လက်ညိုးလက်ချောင်းများ ချိတ်ထားသောပုံဖြစ်သည်။ လက်ဝါးအပြင်ဘက် ထုတ်ထားသော ပြောင်းပြန်လက်အုပ်ချီဟန်ဖြစ်သည်။

(၉) ဝိပရိယတ္တ အဉ္ဇလိ လက်ဝါးမှောက်ထားသောလက်ဝဲလက်၏ လက်ဖမိုးပေါ်တွင် အခြားလက်ျာဘက်က လက်ဝါးလှန်ပြီး လက်ဖမိုးချင်း ထိကပ်တင်ပြထားသော ပုံဖြစ်သည်။

(၁၀) ကမ္မပစ္စယအဉ္ဇလိ လက်ဝါးနှစ်ဖက်ကို တေ့ဆိုင်ထားပြီးလျှင် လက်ခလယ်ချင်း ထိပ်ဖျား၌ ထိထားသည်။ အခြားကျန်သော လက်မ လက်ချောင်းများကိုခွါ၍ ထောင်ထားသည်၊ အာဓာရအဉ္ဇလိပုံ ခပ်ဆန်ဆန်ဖြစ်သည်၊ လက်ချောင်းများထိပုံခွါပုံသာထူးသည်၊တစုံတခုပြုလုပ် တည်ဆောက်ရာ၌ အထောက်အပံ့ကျေးဇူးပြုပေးသော လက်အုပ်ချီဟန်ဖြစ်သည်ဟု ဆိုသည်။

(၁၁) အဓရအဉ္ဇလိလက်ဝါးတခြမ်းမှောက်ပုံ လက်ဝါးနှစ်ဖက်ကို ပူးကပ်ကာ လက်မနှစ်ချောင်း လက်ခလယ်နှစ်ချောင်းတို့ကိုသာ ထိထားသည်၊ ကျန်လက်ချောင်းများကို ခွါထားသည်။ ထိုလက်ဝါးကို အောက်သို့ မှောက်ထားသည့်ပုံမျိုးဖြစ်လေသည်။

---

5. Uttānaja añjalī
6. Ādhāra añjālī
7. Praṇāma añjalī (Haranama gassho)
8. Viparita añjalī (Niharita gassho)
9. Viparyasta añjalī
10. Kamma-paccaya añjati (Tei riei gassho)
11. Adhara (Fukushukoge gassho)
12. Fukushu

(၁၂) လက်ဝါးမှောက်ပုံ လက်နှစ်ဖက်ကို မှောက်ချထား၍ လက်မချင်း ထိထားကာ လက်ဝါးများကို အစွမ်းကုန် ကားဖြန့်ချထားသော ပုံဖြစ်သည်။

ဤသို့ပင် ပဋိမာသိပ္ပံတွင် အခြေခံအားဖြင့် လက်အုပ်ချီဟန် ဆယ့်နှစ်မျိုးရှိကြောင်းဖြင့် ဂျပန် အနုပညာပါရဂူကြီးများက မိန့်ဆိုထားကြပေသည်။

## မုဒြာသမိုင်းလမ်းကြောင်း

အိန္ဒိယယဉ်ကျေးမှုတွင် ပဋိမာသိပ္ပံအနုပညာရပ်၌ ပါဝင်လျက်ရှိသော မုဒြာစသည့် လက်ဟန် ခြေဟန် ကိုယ်ထားဟန်တို့သည် မဟာဗြဟ္မာကြီးမှ ဆင်းသက်လာကြောင်းဖြင့် လက်ခံယုံကြည် ထားကြသည်။

"....ဝေဒလေးပုံကို ပြုစုပြီးနောက် ပဉ္စမမြောက်ဖြစ်သော နစ္စဝေဒ (နာဋျဝေဒ) ကျမ်းကို ပြုစုတော်မူ၏။ ထိုနစ္စဝေဒကျမ်းကို ပြုစုရာ၌ ယခင်ပြုစုခဲ့ပြီးသော ဝေဒလေးပုံမှ အဆီအနှစ်များကို ထုတ်နှုတ်ကောက်ယူ၍ ပြုစုတော်မူ၏။ ရိုဂဝေဒကျမ်းမှ ဝေါဟာရစကားလုံးများကိုရင်း၊ သာမဝေဒကျမ်းမှ တေးဂီတကိုရင်း၊ ယဇုရ်ဝေဒ ကျမ်းမှ ကိုယ်လက် ခြေဟန်များကိုရင်း၊ အထရဝဝေဒကျမ်းမှ(အာထဗ္ဗန-ဝေဒ) အမွှမ်းအမံ အချယ်အလှယ်ကိုရင်း ထုတ်ယူ၍ စည်းရုံးပေါင်းစုကာ ဤပဉ္စမကျမ်းကို ပြုစုတော်မူ၏...."စသည်ဖြင့် မိန့်ဆိုထားလေသည်။

ဤစကားရပ်ကိုထောက်ရှု၍ မုဒြာစသော လက်ဟန်ခြေဟန် ထိုင်နေဟန်စသည်များကို ယဇုရ်-ဝေဒကျမ်းမှ ထုတ်နှုတ်ကောက်ယူခဲ့ကြောင်းမှာ ထင်ရှားလျက် ရှိပေသည်ဟု မှတ်ချက်ချနိုင်ပါသည်။

ဤသို့လျှင် မုဒြာအစ ယဇုရ်ဝေဒကဟု ဆိုအပ်လှပေသည်။

ထိုနစ္စဝေဒ အာကကျမ်းမှ လက်ဟန်ခြေဟန်များသည်၊ ဟိန္ဒူဗြာဟ္မဏ ဘာသာမှုများနှင့် ဗုဒ္ဓ သာသနာတော် ယဉ်ကျေးမှုများတွင် ရောယှက်ပါဝင်၍ လာခဲ့ရာမှ ရုပ်ပွါးဆင်းတု၊ ရုပ်လုံး၊ ရုပ်ကြွ ဆေးရေးပန်းချီ စသည့် အနုပညာလက်ရာများတွင် မုဒြာအာသနစသော ပဋိမာသိပ္ပံပညာရပ်အနေဖြင့် အရေးပါ အရာရောက်လာခဲ့ရလေသည်။

မပိမပြင် ဝိုးတဝါးဖြစ်နေခဲ့သော ရှေးဟောင်း အိန္ဒိယယဉ်ကျေးမှု၏ ကဟန်များကို ဗုဒ္ဓ ယဉ်ကျေးမှုက ပီပီပြင်ပြင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာအောင် မုဒြာအာသနများအဖြစ်သို့ မွှမ်းမံ ချဲ့ထွင်၍ အသုံးပြုခဲ့ခြင်း ဖြစ်လေသည်။

ဗုဒ္ဓယဉ်ကျေးမှု အထွတ်အထိပ်သို့ ရောက်စပြုခဲ့သော ဂန္ဓာရ ပန်းပု ပန်းချီခေတ်တွင် တန္တရ-ယာန သဘောတရားများနှင့် မုဒြာအာသန ကျင့်ထုံးများ ရောထွေးယှက်တင်ဖြစ်လာကာ ပိုမိုကျယ်

---

MUDRĀ, by Saunders, p.43. see Generalities.
Choreography
Tantras: D.N.Bose. p.179.

ပြန့်၍ နက်နဲသိမ်မွေ့သော မုဒြာအာသန ပဋိမာသိပ္ပပညာရပ်အဖြစ်သို့ တွန်းတင် ပို့ဆောင်လိုက်ခြင်း ဖြစ်လေသည်။

သို့သော် ထိုခေတ်ဦး ဗုဒ္ဓယဉ်ကျေးမှု၏ ရုပ်ပွါးဆင်းတုများကို ပြည့်စုံလုံလောက်စွာ မတွေ့ရှိနိုင်ခဲ့သဖြင့် သုတေသနပြုစုရာ၌ များစွာပင် အခက်အခဲ ဖြစ်ခဲ့ရလေသည်။ မုဒြာ၏ သမိုင်းအစပိုင်းမှာလည်း မရေမရာ မသေမချာဖြင့် ဒဏ္ဍာရီဆန်ဆန် ရပ်တည်ခဲ့ရလေသည်။

ယေဘုယျအားဖြင့် အိန္ဒိယ ပန်းပုပညာရပ်ကို ခရစ်မပေါ်မီ သုံးရာစုခေတ်လောက်မှစ၍ ထွန်းကားခဲ့သည်ဟု မှတ်ယူကြသည်။ အထူးသဖြင့် မထူရာ နယ်မှ အစပျိုးခဲ့သည်ဟု အဆိုရှိခဲ့သည်။

ဗုဒ္ဓမြတ်စွာဘုရားကို လူသားရုပ်ပုံဖြင့် စတင်ထုလုပ် ကိုးကွယ်မှုမှာ ခရစ်သက္ကရာဇ် ဒုတိယရာစု ခေတ်လောက်ကျမှ စတင်ခဲ့ကြောင်း သုတေသီများက မှတ်တမ်းတင်ခဲ့ကြသည်။ ထိုခေတ်မတိုင်မီ ဗုဒ္ဓရုပ်ပွါး ဆင်းတုအစား ပလ္လင်–ညောင်ပင်၊ စကြ်ဝိုင်း၊ တံခွန်တိုင်၊ ထီး၊ စာအုပ်စသည့် သင်္ကေတ တခုခုကိုသာ ဘုရားအမှတ်ပြု၍ ကိုးကွယ်ခဲ့ကြကြောင်း လေ့လာ သိရှိရပေသည်။

သို့ဖြစ်လျှင် ဗုဒ္ဓရုပ်ပွါးဆင်းတုတော်များသည် အေဒီဒုတိယ ရာစုခေတ် နောက်ပိုင်းကျမှ ပေါ်ပေါက်ထွန်းကားခဲ့သည်ဟူ၍ပင် မှတ်ယူရမည် ဖြစ်ပါသည်။

အိန္ဒိယပြည် အနောက်မြောက်ဒေသရှိ ဂန္ဓာရပြည်သည်၎င်း ဇမ္ဗုနာ (ယမုနာ) မြစ်ကမ်းပေါ်ရှိ မထူရာပြည်သည်၎င်း, ဗုဒ္ဓရုပ်ပွါး ဆင်းတုတော်များကို စတင်စီမံ ကိုးကွယ်မှုကို ပြုခဲ့ကြသော တိုင်းပြည်များ ဖြစ်ခဲ့ကြလေသည်။

ကုသျှာန်နိုင်ငံတော်၏ ဗဟိုမြို့တော်ဖြစ်သော ဂန္ဓာရအရပ်တွင် ဗုဒ္ဓရုပ်ပွါးဆင်းတုတော် များကို ဂရိ (ခေါ်မ)နှင့် ရောမ အနုပညာသည်ကြီးများ၏ အဆက်အနွယ်တို့က စတင် ထုလုပ်ခဲ့ကြလေသည်။ အစ ပထမတွင် (အပိုလို) နေ ဘုရားပုံအတိုင်း ခေါ်မ ဂရိ ယဉ်ကျေးမှု ပန်းပုပညာဖြင့် ဗုဒ္ဓရုပ်ပွါးတော်ကို ထုလုပ်ခဲ့ကြသည်။ ဤသို့လျှင် ဂန္ဓာရလက်ရာများတွင် ဂရိ၊ ရောမနှင့် အိန္ဒိယ ယဉ်ကျေးမှု အနုပညာ သုံးရပ်စုပေါင်းလျက် ရှိသည်ကို တွေ့ရှိနိုင်ပေသည်။

ဂရိ (ခေါ်မ)မှ လူ၏ ခန္ဓာကိုယ် တည်ဆောက်ပုံ ဟန်ပန်အချိုးအဆစ်ကို အတုယူ၍ ရောမမှ အဝတ်အစား ဆင်ယင်ထုံးဖွဲ့မှုကို အတုယူသည်။ အိန္ဒိယယဉ်ကျေးမှုမှ အရိပ်နိမိတ် လက္ခဏာများ သရုပ်ဆောင်ခြင်း သဘောတရားကို ခံယူခဲ့လေသည်။ သို့ဖြစ်ရကား ပထမ ရာစုနှစ်တွင် အိန္ဒိယ၌ ထွန်းကားခဲ့သော ဂရိယဉ်ကျေးမှုနှင့် အိန္ဒိယရှေးဟောင်း ယဉ်ကျေးမှုများကို ဗုဒ္ဓပဋိမာသိပ္ပ ပညာရပ်က ဂဟေစပ်ပေးနိုင်ခဲ့လေသည်။ ထိုမျှသာမက ဂန္ဓာရ အနုပညာသည် ဗုဒ္ဓပဋိမာသိပ္ပ ပညာကို အရှေ့ဖျား တိုင်းပြည်နိုင်ငံများ အားလုံးသို့လည်း ပျံ့နှံ့ ရောက်ရှိသွား စေနိုင်ခဲ့လေသည်။

ဂန္ဓာရလက်ရာသည် ဂရိအနုပညာ၏ "တကယ့်အဖြစ်မှန် သဘောတရား"နှင့် အိန္ဒိယ အနုပညာ၏ သဘာဝကျကျ အဘိဓမ္မာ နှစ်ရပ်ကို ပေါင်းစပ်ပေ"လိုက်နိုင်ခဲ့လေသည်။ သို့သော် ကာလ အတန် ကြာလတ်သောအခါ အိန္ဒိယအနုပညာက လွှမ်းမိုးနိုင်ခဲ့သဖြင့် ဗုဒ္ဓ၏ ရုပ်ပွါးဆင်းတုတော်များသည် လူသားပကတိတွင် ရှိကြရမည့် ခန္ဓာကိုယ်အင်္ဂါ အဆစ်အပိုင်းများအတိုင်း အချိုးကျကျ ရှိရမည့် ဥပဒေသကို အတိအကျ မလိုက်နာတော့ချေ။ အိန္ဒိယ အတွေးအခေါ် အဘိဓမ္မာဘက်သို့ အတင်း ဆွဲယူကာ အိန္ဒိယ ယဉ်ကျေးမှု၏ နိမိတ်လက္ခဏာ သရုပ်ဆောင်ပြခြင်းသဘောကိုသာ ဦးစားပေး လာခဲ့ကြလေသည်။

ဤသို့လျှင် ကာလ အတန်ကြာသောအခါ လူသားစင်စစ် ပကတိရုပ်ရည် ခန္ဓာကိုယ် အင်္ဂါနှင့် အတိအကျ ချွတ်စွပ်တူရအောင် ပုံဆောင်ထုဆွင်းရသော(ခေါ်မ)ဂရိ အနုပညာလက်ရာမှာ တိမ်ကောလာခဲ့လေသည်။ အဘိဓမ္မာဝေဒကျမ်းများ၏ ဉာဏ်ကွန့်မြူးချက် အဆိုအမိန့်အရ ရုပ်ပွါးဆင်းတုများကို ပုံစံအမျိုးမျိုး ဟန်ပန်လက္ခဏာ အဖုံဖုံတို့ဖြင့် ထုလုပ် ကိုးကွယ်လာကြသည်။ ဤကား ပဋိမာသိပ္ပံ၏ တိုးဘက်ထွန်းကားရာဖြစ်သော ရေသောက်မြစ်ကြီးသည် အာရှတိုက်တခွင်တွင် အခြေတွယ်လိုက်နိုင်ခြင်းဖြစ်လေသည်။

ခရစ်သက္ကရာဇ် ငါးရာကျော်လောက်မှစ၍ ဂန္ဓာရ အနုပညာတွင် ဗုဒ္ဓရုပ်ပွါး ဆင်းတုတော်များ၌ မုဒြာများကို အသုံးပြုလာလေသည်။ ဝဇီရယာန ဗုဒ္ဓဘာသာဂိုဏ်း ပေါ်ပေါက်လာပြီး နောက်ပိုင်းတွင်မူကား မုဒြာအာသနစသော အရိပ်နိမိတ် လက္ခဏာများကို အလျှံပယ် အကျယ်အပြန့် အသုံးပြုလာကြလေသည်။ အိန္ဒိယပြည် အနောက်မြောက်ဖက် ဒေသရပ်ရွာများတွင် ဂရိဆန်သော ဗုဒ္ဓသာသနာဆိုင်ရာ ရုပ်ပွါးဆင်းတုများတွင် မုဒြာအမျိုးမျိုးကို အသုံးပြုလာခဲ့ကြလေသည်။ မုဒြာ တမျိုးတည်းကိုပင်လျှင် အဓိပ္ပါယ်အနက်သဘော အမျိုးမျိုးအတွက် အသုံးပြုခဲ့ကြပေသေးသည်။

ပုံစံအားဖြင့် အဘယမုဒြာကို အလှူလက်ခံရာ၌ရင်း,ပူဇော်ခံရာ၌ရင်း, ဝမ်းပန်းတသာ ခရီးဦးကြိုပြုခြင်း၌ရင်း, ဆင်ရိုင်းကို နှိမ်နင်းရာ၌ရင်း, တရားဓမ္မ ဟောပြရာ၌ရင်း, ဓမ္မစကြာ သုတ်ဒေသနာကို ဟောပြရာ၌ရင်း အသုံးပြုခဲ့ကြလေသည်။

ထိုဂန္ဓာရ အနုပညာ၌ပင်လျှင် ပုဂ္ဂိုလ်တဦးစီအတွက် သီးသန့် မုဒြာတခုစီ သတ်မှတ်ထားသည်လည်း ရှိခဲ့လေသည်။ ဤသို့သျှင် ကာလအတန်ရှည်ကြာလာသောအခါ မုဒြာတခုစီ၏ အသုံးအနှုန်းများကို သတ်မှတ်လာခဲ့ကြလေသည်။

တန္တရယာန ဗုဒ္ဓသာသနာ ထွန်းကားလာပြီး နောက်ပိုင်းတွင်မူ မုဒြာတို့၏ အနက်အဓိပ္ပါယ်သဘော စသည်တို့မှာ နက်နဲ ကျယ်ပြန့် လာခဲ့ရလေသည်။

---

Greek Realism and Indian Naturalism
**Apollo, the Sun God**

## မုဒြာ၏အနက်သဘောနှင့် အနှစ်သာရ

အစ ကနဦးတွင် ဗုဒ္ဓရုပ်ပွါးဆင်းတုတော်၌ ပါရှိသည့် မုဒြာဟန်များတွင် တိကျပြတ်သားသော အနက်အဓိပ္ပါယ်ဟူ၍ သတ်မှတ်ထားချက် မရှိသေးချေ။ ဂန္ဓာရ အမရာဝတီနှင့် မထုရာအရပ်ဒေသများ၌ ပေါ်ပေါက်ထွန်းကားခဲ့သော ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ ရုပ်လုံးရုပ်ပွါး ရုပ်ကြွဆင်းတု ရုပ်ထွင်း စသည်များတွင် အသုံးပြုခဲ့သော မုဒြာ အမျိုးအစားများမှာလည်း အရေအတွက်အားဖြင့် နည်းပါးလှသေးပေသည်။

သို့သော် ခုနစ်ရာစုနှစ် (အေဒီ) နောက်ပိုင်းသို့ ရောက်လာသောအခါ မုဒြာအာသန စသော ပဋိမာသိပ္ပပညာရပ်ဆိုင်ရာ သင်္ကေတလက္ခဏာများ ကျယ်ပြန့်စွာ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ရလေသည်။ ယခင် ပထမ ရာစုနှစ်လောက်က စက်ဝိုင်းလှည်းဘီးပုံ ကြာဖူး ကြာပွင့်ပုံ ဗောဓိညောင်ပုံ သစ်ပင်ပုံ ထီးပုံ စသည်ဖြင့် ကိုယ်စားပြုကာ ကိုးကွယ်ခဲ့ကြသော်လည်း ဤ ခုနစ်ရာစုခေတ်ပိုင်းတွင်မူ လူတို့၏ ခန္ဓာကိုယ် အင်္ဂါနှင့် တူညီသော ဗုဒ္ဓရုပ်ပွါးဆင်းတုတော်ကို ထုလုပ်ကိုးကွယ်လာကြလေသည်။ ထို ရုပ်ပွါးများတွင် ထုလုပ်ကိုးကွယ်သူတို့၏ ဖြစ်စေလိုသော ဆန္ဒအတိုင်း မုဒြာများ အာသနများကို ထည့်သွင်း ထုလုပ်ခဲ့ကြလေသည်။

ဂန္ဓာရ အနုပညာတွင် ဗုဒ္ဓရုပ်ပွါး ဆင်းတုတော်များ၌ အသုံးများသော မုဒြာဟန်ပန်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

လက်ဝဲလက်က သင်္ကန်းစကို ဆွဲကိုင်ထားသည်၊ လကျာ်လက်က အပေါ်သို့ ချိမြှောက်ထားကာ လက်ဝါးကို ပြင်ဖက်သို့ လှန်ပြထားသည်၊ တရားဟောပြနေဟန် လက်ပုံ မုဒြာဖြစ်သည်။

ဤ မုဒြာဖြင့်ပင် အရက်ကိုးမောင်း တိုက်ထားသဖြင့် မူးယစ်နေသော ဆင်ရိုင်းကို နှိမ်နင်း ချေချွတ်တော်မူဟန်အဖြစ်လည်း အသုံးပြုသည်၊ ထို လက်ဟန်ကိုပင် အဘယမုဒြာဟူ၍ အမည်ပေး လာကြသည်။

ဂန္ဓာရအနုပညာတွင် ဤ မုဒြာကိုပင် တရားဟောပုံ၊ ပွင့်တော်မူပုံ၊ မာရ်နတ် ဖြားယောင်း လာသည်ကို ပယ်တော်မူပုံ၊ ဓမ္မစကြာဟောတော်မူပုံ ဟူ၍ အမျိုးမျိုးသော အနက်သဘောများကို ပုံဆောင်ရာ၌ အသုံးပြုခဲ့လေသည်။

ဤ ဓမ္မစကြာပုံ မုဒြာကိုပင် အဇန္တာနှင့် ဆာရ်နာသ်ဒေသ အနုပညာခေတ်သို့ ရောက်လာသော အခါ တရားဟောတော်မူပုံ မုဒြာတခုအတွက်သာ အသုံးပြုခဲ့ကြလေသည်။

အခြား ပွင့်တော်မူပုံမုဒြာနှင့် မာရ်နတ်ဖြားယောင်းမှုကို ပယ်ရှားတော်မူဟန်များကို သီးခြား ထုတ်ဖော်ခဲ့ကြလေသည်။ ထို့ကြောင့် ဈာနမုဒြာ အဘယမုဒြာစသည်တို့ ပေါ်ထွက်လာခဲ့ကြလေသည်။

စတုတ္ထနှင့် ပဥ္စမရာစုနှစ်များတွင် အိန္ဒိယပြည်၌ လက်မြှောက်ထားသော မုဒြာကို ဗုဒ္ဓမြတ်စွာ တရားဟောတော်မူဟန်အဖြစ် အသုံးပြုများခဲ့လေသည်။

တရုပ်ပြည်နှင့် ဂျပန်ပြည်တို့တွင် ထင်ရှားသော မြောက်ပိုင်း ဝေးအိ ရုပ်ပွါးတော်များနှင့် ဆွီကော ရုပ်ပွါးတော်များ၌ ဤ လက်မြောက်ပြသော မုဒြာကို အသုံးများခဲ့လေသည်။ တရုပ်ပြည်တွင် တန် မင်းဆက်ခေတ်အတွင်းမှ အစပြု၍ ဆွန် မင်းဆက်ခေတ် ဖြစ်သော (၁၁–၁၂) ရာစုနှစ်များတိုင်အောင်ပင် ဤ မုဒြာကို အသုံးများခဲ့ကြလေသည်။

အိန္ဒိယပြည်တွင် ဓမ္မစကြာမုဒြာပုံသည် ပဉ္စမနှင့် သတ္တမရာစုနှစ်များအတွင်း ထင်ရှားခေတ်စားခဲ့လေသည်။ ဂုပ်တာနှင့် ၎င်းနောက်ပိုင်းခေတ်များတွင် ရုပ်ပွါးဆင်းတုများ၌ ဤ ဓမ္မစက္ကမုဒြာကိုပင် အသုံးများခဲ့လေသည်။

တရုပ်ပြည်၌ တန် မင်းဆက်ခေတ်တွင်၎င်း, ဂျပန်ပြည်တွင် (၉–၁၀) ရာစုနှစ်များတွင်၎င်း ဤ မုဒြာကိုသာ သုံးစွဲထုလုပ်ကြကြောင်းဖြင့် ဆွန်စန် နှင့် ဝင်ဆွန်ဆေး ဆရာတော်များက မိန့်ဆိုရေးသားခဲ့ကြသည်။

မုဒြာအကြောင်းကို ကျွမ်းကျင်စွာ နားလည်ထားပါက ထို ရုပ်တုသည် မည်သည့်ဘုရား ဖြစ်ကြောင်း, မည်သည့်ဗောဓိသတ္တဖြစ်ကြောင်း စသဖြင့် ခွဲခြားဖော်ပြနိုင်ပေသည်။ ဂန္ဓာရခေတ် ရုပ်ပွါးဆင်းတုများတွင် မုဒြာဆိုင်ရာ စည်းကမ်းဥပဒေ သတ်မှတ်ချက်များ အလွန်ပင် နည်းပါးလှသေးသည်။ သို့ဖြစ်၍ ဘုရားတဆူစီအတွက် မုဒြာသတ်မှတ်ချက်မှာ ယေဘုယျအားဖြင့် ရှုပ်ထွေးမှု မရှိခဲ့ချေ။

သို့သော် သကျမုနိ မြတ်စွာဘုရားအတွက် သီးခြားမုဒြာဟူ၍ သတ်မှတ်ရန်မှာ မတိကျလှ, မလွယ်ကူလှချေ၊ အကယ်စင်စစ် မုဒြာတမျိုးတည်းကို အခြေခံ အထောက်အထားပြု၍ ဤရုပ်တုသည် သကျမုနိဘုရား, အမိတာဘာဘုရား, ဝေရောစနဘုရား ဟူ၍ အတိအကျခွဲခြား သတ်မှတ်ပေးရန်မှာ မလွယ်ကူလှချေ။ အခြားအာသနများ ဘင်္ဂများ ပရိက္ခာရ ယာန ဝါဟနစသည့် ပဋိမာသိပ္ပံပညာဆိုင်ရာ အင်္ဂါလက္ခဏာများကိုလည်း ထောက်ဆတွက်ချက်ရပေဦးမည် ဖြစ်ပါသည်။

အာရှတိုက်တခွင်လုံးပျံ့နှံ့ရောက်ရှိလာခဲ့သော ဗုဒ္ဓသာသနာတော်နှင့်တကွသော ဗုဒ္ဓယဉ်ကျေးမှု အနုပညာရပ်သည်လည်း နေရာဒေသအလိုက် အနက်အဓိပ္ပါယ် ပုံပန်းသဏ္ဌာန်သရုပ်များ ကွဲပြားခြားနားမှု ရှိလာခဲ့ကြလေသည်။ သရုပ်ပြုအမွန်းတင် မှုများကြောင့် ပုံပန်းသဏ္ဌာန် ကွဲပြားခြားနားကြသော်လည်း အတွင်းသဘော အနှစ်သာရအားဖြင့်မူကား မူလ ပဌမရင်းမြစ်၏ အနက်အဓိပ္ပါယ်နှင့် နောက်ဆုံးဆင့်ပွါး အနက်အဓိပ္ပါယ်တို့မှာ အတူတူပင် ဖြစ်ကြကုန်၏။

မြန်မာပြည် တရုပ်ပြည် ဂျပန်ပြည်များတွင် (၇)ရာစုနှစ် မတိုင်မီက ဗုဒ္ဓရုပ်ပွါး ဆင်းတုများကို ပန်းပုဆရာ၏ စိတ်ကြိုက်ဆန္ဒအတိုင်း ထုလုပ်ခဲ့ကြလေသည်။ အချိုးအစားသတ်မှတ်မှု နည်းဥပဒေသဟူ၍

Northern Wei and Suiko States
Hsuan-tsang and Wang Hsuan-ts'e
Tang dynasty
Sung dynasty

မရှိခဲ့ချေ။ (၇) ရာစုနှစ် နောက်ပိုင်းကျသောအခါမှ အိန္ဒိယဘုရားဖူးပြန် ဗိသုကာဆရာကြီးများ အနုပညာရှင်များ၏ ချမှတ်ပေးသော ပဋိမာဆိုင်ရာ စီရင်နည်းများကို တိကျစွာ လိုက်နာခဲ့ကြသည်ကို တွေ့ရှိရပေသည်။ ထိုသို့ပင် ဖြစ်သော်ငြားလည်း အိန္ဒိယရုပ်ပွါးဆင်းတုနှင့် တရုပ် ဂျပန်ဆင်းတုတို့၏ ယေဘုယျသဘာဝလက္ခဏာများမှာ ထူးခြားကွဲပြားမှု အမျိုးမျိုး ရှိခဲ့ကြလေသည်။

ပုံစံအားဖြင့် အိန္ဒိယရုပ်ပွါးတော်၏ လက်ထဲတွင် ပရိက္ခရာလက်နက် တခုခုစွဲကိုင်ထားဟန် ဖြစ်သော်လည်း မြန်မာ့တရုပ် ဂျပန်ရုပ်ပွါးတော်မှာမူ ထိုပရိက္ခရာများ မပါရှိတော့ပဲ လက်ချည်းသက်သက် ဟန်နှင့်မုဒြ မျှသာ ကျန်ရစ်ခဲ့သည်ကို လေ့လာတွေ့ရှိရပေသည်။ တရံတခါ ထိုမုဒြာ၏ အနက်သဘောမှာ မူလပရိက္ခရာ လက်နက်ပစ္စည်းကိုင်ထားသော လက်ဟန် ခြေဟန်၏ အနက်သဘောရင်းနှင့် ကွဲပြာ ခြားနား နေတတ်ပေသည်။

မြန်မာ့ရိုးရာ ပဋိမာသိပ္ပံအရ ထုလုပ်ထားသော ရုပ်ပွါးဆင်းတုများနှင့် တရုပ် ဂျပန်ရုပ်ပွါးဆင်းတုများသည်ငင်း, မူလရင်းမြစ်ဖြစ်သော အိန္ဒိယရုပ်ပွါး ဆင်းတုများသည်ငင်း, ကွဲပြားခြားနားမှုများ ရှိနေလေသည်။ အဓိပ္ပါယ်ကောက်ယူပုံလည်း ထူးခြားကွဲပြားမှု ရှိနေကြလေသည်။ ကျောထောက်နောက်ခံလူနေမှုစနစ် မတူကြခြင်း, အတွေးအခေါ် အဘိဓမ္မာမတူကြခြင်း, ယဉ်ကျေးမှုပုံစံ ကွဲပြားခြားနားခြင်း, ဘာသာစကားနှင့်တကွ လက်ခံယုံကြည်မှု အတိမ်အနက် အကျဉ်းအကျယ်စသည်အားဖြင့် ကွဲပြားခြားနားမှု ရှိနေကြခြင်းတို့ကြောင့် ဤကဲ့သို့ မတူမညီကြခြင်းပင် ဖြစ်ကြလေသည်။

သို့ဖြစ်ရကား မြန်မာ့ရိုးရာ ပဋိမာသိပ္ပံ၏ ရုပ်လုံး ရုပ်ပွါး ရုပ်ကြွ ရုပ်ထွင်းဆင်းတု စသည်တို့ကို လေ့လာလိုသူတိုင်းသည် ရုပ်ပွါးဆင်းတု၏ အစ ပထမ လမ်းကြောင်းမူလဖြစ်သော အိန္ဒိယပဋိမာသိပ္ပံကို ၎င်း, လေ့လာရပေသည်။ ထိုနောက် ပဋိမာသိပ္ပံ ခရီးလမ်းဆုံးဖြစ်သော ဂျပန်ပဋိမာသိပ္ပံကိုလည်း လေ့လာရပေမည်။ ၎င်းနောက် ထို နှစ်ခု၏အလယ်ခရီးတွင် ရပ်တည်နေသော မြန်မာ့ရိုးရာ ပဋိမာသိပ္ပံကို လေ့လာရပေမည်။ သို့မှသာ အစ အလယ် အဆုံးသုံးပါးသော လေ့လာခြင်းနှင့် ပြည့်စုံကာ ပြည့်ဝစုံလင်သော သုတေသန ရလဒ်ကို ရရှိနိုင်မည် ဖြစ်ပေသည်။

အကယ်စင်စစ် အိန္ဒိယပြည် ဂန္ဓာရ အနုပညာလက်ရာဖြစ်သော ဒုတိယရာစုခေတ် ဗုဒ္ဓရုပ်ပွါးတော်မှ ဓမ္မစက္ကမုဒြ ပုံသည်၎င်း, မြန်မာနိုင်ငံတော်၌ စတုတ္ထရာစုခေတ်လောက်တွင် ထုလုပ်ခဲ့သော ဓမ္မစက္ကမုဒြာပုံတော်သည်၎င်း, တရုပ်ပြည် စတုတ္ထရာစုနှစ် ဝေး မင်းလက်ထက်က ထုလုပ်ခဲ့သော ဓမ္မစက္ကမုဒြာပုံတော်သည်၎င်း, ဂျပန်ပြည် ဖူဂျီဝါရာခေတ် (၁၁)ရာစုခေတ်က ထုလုပ်ခဲ့သော (ဟဲမ်ဗိုးရင်းအင်းခေါ်) ဓမ္မစက္ကမုဒြာပုံတော်သည်၎င်း တခုနှင့်တခု မတူဘဲ ဒေသရပ်ရွာ ခေတ်ကာလအလျောက် ပြောင်းလဲပြုပြင်လာခဲ့သည်ကို လေ့လာတွေ့ရှိရပေသည်။ ဤမုဒြာအာသနဆိုင်ရာ တိုးတက်မှု ရေစီးကြောင်းကို နောင်အခါတွင် သုတေသနပြုလုပ်ရန် အလွန်လိုအပ်လှပေသည်။

မုဒြာအာသနစသော ပဋိမာသိပ္ပံပညာကို လေ့လာလိုက်စားသူပုဂ္ဂိုလ်တိုင်းသည် မုဒြာအမျိုးအစားပင် တူညီငြားသော်လည်း အသုံးပြုသောဂိုဏ်းဂဏ အလျောက် ဒေသရပ်ရွာအလျောက် ခေတ်ကာလအလျောက်အားဖြင့် အနက်အဓိပ္ပါယ် အယူအဆခြင်း မတူညီကြဘဲ အမျိုးမျိုးအဖုံဖုံကွဲပြားခြားနားလေ့ရှိကြောင်းတည်းဟူသော သဘောသဘာဝကို ရင်ဝယ်ပိုက်ထားသင့်လှပေသည်။

အလားတူပင် အဓိပ္ပါယ် အနက် သဘောတခုအတွက် အသုံးပြုကြသော မုဒြာများလက်ဟန် ခြေဟန်ကိုယ်ထားဟန်များ စသည်တို့မှာလည်း ထွေလာဆန်ပြား အမျိုးအစား ကွဲပြားလျက်ရှိနေတတ်သည့် သဘောတရားကိုလည်း မျက်ခြည်မပြတ်သင့်ချေ။

သို့ဖြစ်ရကား မုဒြာတခုကို လေ့လာသုံးသပ်ရာဝယ် ထိုမုဒြာ၏ ပင်ရင်းဇစ်မြစ်ကိုရင်း, ထိုမုဒြာကို လက်ရှိအသုံးပြုနေသော ဂိုဏ်း,ဂဏဝါဒကိုရင်း ထိုမုဒြာကိုအသုံးပြုအပ်သော အစီအရင် သဘင် အခမ်းအနားဝတ်ပြုခြင်းများကိုရင်း, ထိုမုဒြာနှင့်ဖက်စပ်ယှဉ်တွဲလျက်ရှိသော ရုပ်တုရုပ်ပွါးဆေးရေးပန်းချီပုံကိုရင်း အသေးစိတ်လေ့လာကြရမည် ပင်ဖြစ်ပါသည်။ အခြေခံသဘောတရားအားဖြင့် ပန်းပုပညာ အနုလက်ရာသည် သာသနာရေးအစီအရင် ပွဲလမ်းသဘင် အခမ်းအနားများကို သရုပ်ဖော်သဏ္ဌာန်ပြခြင်း ပင် ဖြစ်လေသည်။

ပဋိမာသိပ္ပံဆိုင်ရာ မုဒြာတမျိုးစီကို ယတိကျအဓိပ္ပါယ် အနက်ပေးထားရန်မှာ မသင့်လျော်လှချေ။ ထိုမုဒြာတမျိုးတည်းပင်လျှင် ဂိုဏ်းဂဏဝါဒ ကွဲပြားသည်နှင့်အမျှ အနက်သဘောပေါက်ပုံမှာလည်း ကွဲပြားခြားနားလျက်ရှိသည်ကို သတိမူသင့်လှပေသည်။ ထိုဂိုဏ်းတဂိုဏ်းတည်းမှာပင် ရာစုနှစ်ခေတ် ပြောင်း၍ ဆရာသမား ပြောင်းလဲသည်နှင့်အမျှ အယူအဆ အနက်ကောက်ပုံမှာလည်း ကွဲပြား ပြောင်းလဲရကြောင်း အထောက်အထားများ ရှိနေသည်ကိုလည်း သတိချပ်သင့်လှပါသည်။

မုဒြာတခုပါသော ရုပ်ပွါးဆင်းတုတဆူဆူကို လေ့လာသုံးသပ်သောအခါ ယင်းဝတ္ထုပစ္စည်း၏ အမျိုးအစားကိုသော်ရင်း, ဂုဏ်အင်္ဂါကိုသော်ရင်း ဦးစားပေးသုံးသပ်ထင်ဟပ်ခြင်း နည်းနိဿယသည် မတိကျမမှန်ကန်နိုင်ချေ။ အလွန်မခိုင်လုံသော မရေမရာသော ဆုံးဖြတ်ချက်ကောက်ချက်ကို ချမိတတ်ပေသည်။ အကောင်းဆုံး ဥပဒေသမှာ ကိုယ်ဘက်ဆိုင်ရာ (ပဋိမာသိပ္ပံ) မုဒြာ၏ပင်ရင်း ဂါထာမန္တရား ကိုရင်း, မူလတည်ထွင်ခဲ့သော ခေတ်ကာလပယောဂနှင့် ဒေသရပ်ရွာမှ ပင်ရင်းအနက်အဓိပ္ပါယ်ကိုရင်း စတင်လေ့လာသုံးသပ်သင့်ပါသည်။ ထိုနောက်မှသာ အမျိုးအစား ဂုဏ်အင်္ဂါ ပတ်ဝန်းကျင်ရုပ်လောကနှင့် နာမ်ဘက်ဆိုင်ရာပတ်ဝန်းကျင် အခြေအနေများတို့ကို ဆက်လက်လေ့လာ၍ စိစစ်သုံးသပ် အကဲဖြတ်သင့်ပေသည်။

အထူးသဖြင့် ထိုမုဒြာတခုစီ၏ အဘိဓမ္မာသဘောတရားကို အနှစ်သာရအားဖြင့် အလေးအနက်ထား၍ လေ့လာကြပါမူကား ပိုမိုတိကျ ခိုင်လုံသောအဖြေကို ရရှိနိုင်မည်ဖြစ်ပါသတည်း။

## မုဒြာမှုကွဲပုံစံကွဲများ

### ဝရဒမုဒြာ၏ မှုကွဲပုံစံကွဲများ

အိန္ဒိယမူလ ဝရဒမုဒြာ၏ နည်းဥပဒေသအရ ဝရဒမုဒြာ လက်ဟန်ကို လက်ဝဲလက်ဖြင့်သာ ပြရသည်၊ လကျာလက်ဖြင့်ပြပါက အဘယမုဒြာဖြစ်သည်ဟု ဆိုသည်။

တဖန် အောက်ကို လက်ဝဲလက်ချ၍ ပြထားလျှင် ဝရဒမုဒြာဖြစ်၏၊ အထက်သို့မြှောက်ချီ၍ လကျာလက်ဖြင့်ပြက အဘယမုဒြာဖြစ်၏ဟု ဆိုသည်။

သို့သော် အိန္ဒိယရုပ်ပွါးဆင်းတု အချို့၌ရင်း၊ တရုပ်ဂျပန်မြန်မာ ရုပ်ပွါးဆင်းတုများ၌ရင်း ဝရဒမုဒြာကို လက်ဝဲလက်ဖြင့်ဖြစ်စေ လကျာလက်ဖြင့်ဖြစ်စေ ပြသထားသည်ကို တွေ့မှိုရပေသည်။ ဤသည်ကိုထောက်၍ ပန်းပုဆရာအနုပညာသမားတို့သည် ကျမ်းဂန်စာပေမှ မိန့်မှာချက် ဥပဒေသကို တိကျစွာ လိုက်နာကြခြင်း မရှိကြောင်းကို သိရှိနိုင်ပေသည်။

လက်ဟန်ခြေဟန်များကို ထောက်ဆ၍ အလွန်တောင့်တင်း ခက်မာနေပါက ရှေးကျသော ရုပ်တုများဖြစ်ကြောင်း လက်ချောင်းလက်ညှိုး လက်ထားဟန်တို့မှာ ပျော့ပြောင်းကျနလာပါက နောက်နှောင်း လက်ရာများဖြစ်ကြောင်း သိရှိအပ်ပေသည်။

တရုပ် ဂျပန် ပဋိမာသိပ္ပံလောကတွင် ဝေးမင်းလက်ထက်နှင့် ဆွီကောလက်ထက်များမှ ရုပ်ပွါးများသည် တောင့်တင်းခက်မာ၍နေကြသည်၊ထို(ဝေးဆွီ) ခေတ်နောက်ပိုင်း ကျလာသောအခါမှ ထုလုပ်သည့် ရုပ်ပွါးများ၏ မုဒြာဟန်ပန်များမှာ ပျော့ပျောင်းကျနလာသည်ကို တွေ့ရှိနိုင်ပေသည်။ အထူးသဖြင့် လက်မောင်း လက်ရုံးများ အချိုးအဆစ်တို့ကို လေ့လာသုံးသပ်ပါက သိသာနိုင်ပေသည်။
ဝရဒမုဒြာတွင်ပင်လည်း ပုံစံကွဲများ ရှိနေသေးပေသည်။

လက်ဝါးကို ဖြန့်ပြထားပြီးလျှင် လက်မ လက်သူကြွယ်နှင့် လက်သန်းများကို အနည်းငယ် ကွေးထားပြီး လက်ညှိုးနှင့် လက်ခလယ်နှစ်ချောင်းကို ဆန့်ပြီး အောက်သို့ ချပြထားသော ဝရဒမုဒြာပုံဟန်ကိုလည်း တွေ့ရှိနိုင်ပေသည်။ ဤပုံစံကွဲ မှုကွဲကို တရုပ် ပြည် ဆွီ ခေတ်ရုပ်ပွါးတော်များတွင်ရင်း၊ ဂျပန်ပြည် ဆွီကောဟေယန်ခေတ်မှ ဂဠုန်ရုပ်ပွါးများတွင်ရင်း များစွာတွေ့ရှိရပေသည်။ ဂျပန်ဆင်းတုများ၏ လက်ချောင်းများမှာ တရုပ်ဆင်းတုများထက် ပိုမိုပျော့ပြောင်း ဟန်ကျလာသည်ကို တွေ့ရသည်။ အမိဒ ရုပ်ပွါးတော်မှ လက်များသည် သဘာဝပုံ၍ ကျနလာသည်ကို တွေ့ရပေသည်။


---

The Principal Symbolic Gestures p.49...MUDRĀ.
Varada Mudrā
Jap. Segan-in
Ch. Shih-yuan-yin
Kannon. Sho Kannon


51
ဝရဒ


55
အဘယ


58
ဝရဒ – အဘယ


ဝိတက္က / ဗျာ


69
ဝိတက္က


71
မဟာသိရိ


74
အမိဒ


74
အမိဒ


74
အမိဒ


74
အမိဒ


74
အမိဒ



74
အမိဒ



75
တိလောကဝိဇယ



76
အဥ္ဇလိကမ္မ



76
နမက္ကာရ


ဘူမိဖဿ


80
ဘူမိဖဿ


81
ဘူဖဿ / သေလဖဿ
ပထဝီဇယ


85
ဈာန ( ၁ )


ဈာန ( ၁


86

ဈာန (က)


86

ဈာန (ခ)


87

အမိဒ္ဒဈာန (ဂ)


87


အမိဒ္ဒဈာန (


87


အမိဒ္ဒဈာန (ဂ)


94

ဓမ္မစက္က (နီပေါလ်)


94

ဓမ္မစက္က (ဂန္ဓာရ)


94


ဓမ္မစက္က (တိဗ


95

ဓမ္မစက္က (ဂျပန်)


95


ဓမ္မစက္က (တိဗက်)


102

ဝဇီရ/ ဥါဏ/ ဗုဒ္ဓသိရိ


111


အဘိသေက


113

ဗုဒ္ဓပတ္တ


114

ဝဇီရဟုင်္ကာရ


114

ဝဇီရဟဿ


114

တြိလောကဝိဇယ


115


အနန္တဝိဇယ
(သမ္ဗုရာဇိန္ဒြ)


117

မရိစိ


119

ဗဟိဒ္ဓ မုဒ္ဒိ
(အပြင်လက်ဆုပ်)


119

အဇ္ဈတ္တ မုဒ္ဒိ
(အတွင်းလက်ဆု

အိန္ဒိယပြည် ဝရဒမုဒြာကို အဝလောကိတေသွာရပုံတော်တွင် အများဆုံးတွေ့ရသည်။စတုတ္ထရာစုနှစ် ဂုပ်တာခေတ်မှ စ၍ အဋ္ဌမရာစုနှစ် တသျှောက် ဘင်္ဂလားပါလသေန အနုပညာ တိမ်ကောလာသည့် ခေတ်တိုင်အောင် အသုံးများခဲ့ကြသည်။

ဂျပန်ပြည် ဝရဒမုဒြာကို ကန္နုန်း၊ ရှီးကန္နုန်း ခေါင်းဆယ့်နှစ်လုံးကန္နုန်း ရုပ်တုများတွင် တွေ့ရသည်။ လက်ဝဲလက်ဖြင့် ဝရဒမုဒြာကို ပြလေ့ရှိသည်။

တဖန် ဤဝရဒမုဒြာကို ရတနသမ္ဘဝပုံတော်၌၎င်း၊ ဝေရောစနပုံတော်၌၎င်း၊ သကျမုနိပုံတော်၌၎င်း၊ အမိဒပုံတော်၌၎င်း၊ မိရောကု၊ ယကုချိ၊ မွန်းဂျူနှင့် ကီချိဂျိုးတန်းဘုရားလောင်းများ နတ်များ၏ ပုံတော်တို့တွင်၎င်း တွေ့ရှိနိုင်ပေသည်။

ဝရဒမုဒြာကို တရုပ်ဘာသာဖြင့် ရှီးယွန်ယင်ဟု ခေါ်သည်။ ဂျပန်ဘာသာဖြင့် ဆေးဂန်အင်း ဟု ခေါ်သည်။

## အဘယမုဒြာ၏ မူကွဲ ပုံစံကွဲ အထူးများ

ဂန္ဓာရရုပ်ပွါး ဆင်းတုများတွင် လက်ျာလက်ကို မြှောက်ချီ၍ ပြထားသော အဘယမုဒြာဟန်များကို အများဆုံးတွေ့ရှိရလေသည်။ ရောမအနုပညာများတွင် ဆေဗီရစ်ခေတ် (၂၀၀၀-ခုနှစ်ခန့်) လောက်က ဘုရားရုပ်တုများကိုလည်း အဘယမုဒြာဟန်မျိုးဖြင့် တွေ့ရှိရလေသည်။

လက်ျာဘက်လက်သည် တန်ခိုးသတ္တိနှင့် ပြည့်စုံသည်ဟူသော ယုံကြည်ချက်မှာ မြေထဲပင်လယ်ဒေသ ပါရှားနိုင်ငံများမှစ၍ အရှေ့အလယ်ပိုင်း ဒေသများ၌ပင်လည်း ပျံ့နှံ့ လျက်ပင် ရှိခဲ့လေသည်။

လက်ျာလက်ဝါးကို ဖြန့်ထားကာ လက်ချောင်းငါးချောင်းစလုံးကို ပခုံးနှင့် အညီလောက်နေရာတွင် ထောင်၍ပြထားသည်။ မျက်နှာကို ရှေ့တည့်တည့်သို့ မူထားသည်။ အဘယမုဒြာဟု ခေါ်သည်။ အေးငြိမ်းချမ်းသာမှုနှင့် ဘေးကင်းမှုကို ပေးစွမ်းနိုင်သော သတ္တိရှိသည်ဟုဆိုသည်။

အဘယမုဒြာကို တဦးနှင့်ဘဦး နှုတ်ဆက်ရာ၌လည်း အသုံးပြုကြသည်။

အချို့ဂျပန်ရုပ်ပွါးများတွင် လက်ချောင်းများကို စိုက်၍ ဖြန့်ပြထားသော်လည်း အဘယမုဒြာဟုပင် သတ်မှတ်ကြသည်။

အဘယမုဒြာနှင့် ဝရဒမုဒြာတို့ကို မကြာခဏ ရောထွေး အသုံးပြုတတ်ကြသည်။

လက်ညှိုးများ ထောင်ထားလျှင် အဘယမုဒြာဖြစ်၍ လက်ချောင်းများ အောက်စိုက်ပြထားပါက ဝရဒမုဒြာဖြစ်သည်ဟုလည်း အဆိုရှိကြသည်။

---

Amida, Miroku, Yakuchi, Monju, Kichijoten
Abhaya Mudrā
Jap:Semui-in
Ch: Shih-wu-weiyin

ပဋ္ဌမရာစုနှစ်လောက်ကျသောအခါ လက်မြှောက်ထားသည်မှာ ပခုံးနှင့်အညီ မဟုတ်တော့ဘဲ တင်ပါးဆုံ အထက်နားလောက်အထိသာ မြင့်လာတော့ပေသည်။

တခါတရံ ဝရဒမုဒြာနှင့် အဘယမုဒြာနှစ်ခုကို လက်တဖက်ဆီတွင် ပြထားသော ရုပ်တုများကို တရုပ် ဂျပန်ပြည်တွင် များစွာပင် တွေ့ရှိနိုင်ပေသည်။

အဘယလေးမျိုးရှိကြောင်း ဖွင့်ဆိုထားကြသည် —

(၁) သဗ္ဗညုဘဉာဏ်ကော်မှလာသော အဘယ၊

(၂) အဝိဇ္ဇာကို အကြွင်းမဲ့ပယ်ပြီးသော ဉာဏ်မှလာသော အဘယ၊

(၃) ဝိစိကိစ္ဆာများကို ပယ်ဖျောက်ရာမှ ထွက်ပေါ်လာသော အဘယ၊

(၄) ဒုက္ခသစ္စာအဆုံးကို ပြုခြင်းမှ ပေါ်လာသော အဘယ၊

ဟူ၍ဖြစ်လေသည်။

ရှင်းဂွန်းဂိုဏ်းဝါဒအရ အဘယ ခြောက်မျိုး ရှိသည်—

(၁) ကုသိုလ်ဘရားကြောင့်ရသော အဘယ၊

(၂) အသုဘကာယကမ္မဋ္ဌာန်း ရှု၍ရသော အဘယ၊

(၃) အနတ္တလက္ခဏာကို ရှု၍ရသော အဘယ၊

(၄) ရူပက္ခန္ဓာဓမ္မသဘောကိုသိ၍ ရရှိသော အဘယ၊

(၅) သဗ္ဗေ ဓမ္မာ အနတ္တာသဘောကို သိ၍ရသော အဘယ၊

(၆) ဓမ္မဓာတ်အားလုံးကို သိ၍ရသော အဘယ၊

ဟူ၍ အဘယခြောက်မျိုးရှိလေသည်။

အဝလောကိတေသွာရအား ပေးထားသော မုဒြာများအနက် ရှေးအကျဆုံးမှာ အဘယမုဒြာဖြစ်၍ မထူရာဒေသကုသျှာန် အနုပညာလက်ရာဖြစ်လေသည်။

အိန္ဒိယပြည် အဇန္တာအရပ်နှင့် ဩရင်္ဂဗာဒ်ဒေသတွင်ရှင်း, သတ္တမရာစုနှစ် ပါလသေန အနုပညာ ထွန်းကားသော ဘင်္ဂလားနယ်တွင်ရှင်း အဘယမုဒြာနှင့် ဝရဒမုဒြာတို့မှာ တလှည့်စီ လွှမ်းမိုးခဲ့လေသည်။

ဂျပန်ပြည်တွင် ဆိုကောခေတ်ဦးပိုင်းမှစ၍ အဘယမုဒြာနှင့် ဝရဒမုဒြာတို့မှာ ရောထွေးယှက်တင်ဖြစ်လာခဲ့လေသည်။ ဆယ်ရာစုနှစ်လောက်တွင် တန်ဆွန်ယဉ်ကျေးမှု လွှမ်းမိုးချက်ကြောင့် တရုပ်ဗောဓိသတ္တဟန်ဆန်ဆန် ပုံများ ထွန်းကားလာခဲ့လေသည်။

ထို အဘယမုဒြာ ဝရဒမုဒြာတို့၏ နေရာတွင် တဖြည်းဖြည်း မဟာရာဇလီလာသနနှင့် အဘယမုဒြာများ ဝင်ရောက်လွှမ်းမိုးလာခဲ့လေသည်။ ဂျပန်ပြည်တွင် လက်နှစ်ဖက်စလုံး အဘယမုဒြာသက်သက်သာပြသော ရုပ်တုဟူ၍ မရှိသလောက်ပင် ရှားပါးလေသည်။

ဂျပန်ပြည်တွင် ဤအဘယ ဝရဒမုဒြာ နှစ်မျိုးကွဲဟန်ကို သကျမုနိပုံ, ဝေရောစနဗုဒ္ဓပုံ, မိရောကုပုံ, မွန်ဂျုပုံ, ဂျိဇိုးပုံများတွင် အများဆုံး တွေ့ရှိရသည်။ (၉)မှ (၁၂)ရာစုနှစ်များတွင် ဂျိဇိုးပုံတော်ကို လက်ဝဲလက်၌ ပုလဲရတနာကို ကိုင်လျက်ရင်း, လက်ျာလက်တွင် အဘယမုဒြာကို ပြလျက်ရင်း တွေ့ရှိခဲ့ရသည်။ သို့သော် (၁၂)ရာစုနှစ် နောက်ပိုင်းမှစ၍ ယခုအခါတွင် လက်ဝဲလက်၌ ပုလဲရတနာကို ကိုင်ထားပြီးလျှင် လက်ျာလက်၌ မိုးကြိုးသွား ကိုင်ထားဟန်ဖြင့် တွေ့ရှိနေရပေသည်။

## ဝိတက္ကမုဒြာနှင့် ဗျာချာနမုဒြာမူကွဲများ

လက်ျာလက်ဝါ ကို ပြင်ဘက်သို့လှန်ကာ လက်ချောင်းများကို ဖြောင့်ဖြောင့်ဆန့်ထားပြီး လက်မကိုမူ လက်ညှိုးထိပ်ကိုဖြစ်စေ, လက်ခလယ်ထိပ်ကိုဖြစ်စေ, လက်စွပ်ကွင်းကိုဖြစ်စေ ထိထားသောပုံဖြစ်သည်၊ သို့ဖြစ်ရကား ဝိတက္ကမုဒြာဟန်သည် အဘယဝရဒမုဒြာနှင့် ခပ်ဆင်ဆင်တူနေတတ်သည်။
အချို့ ဝိတက္ကမုဒြာများတွင် လက်ျာလက်ကို မြှောက်ပြပြီး လက်ဝဲလက်ကို နှိမ့်ချထားကာ လက်မနှင့် လက်သှိုးထိပ်ကိုထိပြီး စက်ကွင်းပုံ ပြထားလေ့ရှိပေသည်။ လက်ဝဲလက်ျာ လက်နှစ်ဘက်ကိုလည်း နီးနီးကပ်ကပ် ပြထားသည်လည်း ရှိသည်။

ဤဝိတက္ကမုဒြာကိုပင် အိန္ဒိယ ပင်္ဂမာသိပ္ပံ၌ ချင်းမုဒြာ (စိန္တမုဒြာ) ဟူ၍ရင်း, ဗျာချာနမုဒြာ ဟူ၍ရင်း အမျိုးအစားခွဲ၍ ခေါ်ကြပြန်သေးသည်။

ဂျပန်ပြည် ပင်္ဂမာသိပ္ပံတွင် ဝိတက္ကမုဒြာမျိုးကွဲတခု ရှိသေးသည်၊ လက်ဝါးကိုဖြန့်ကာ လက်ချောင်းလေးချောင်းကို ထောင်ထားပြီး လက်မကိုမူ လက်ဝါးထဲသို့ ခေါက်၍ ပြထားသောဟန် ဖြစ်သည်။

ဤဝိတက္ကမုဒြာနှင့် ဆင်တူယိုးမှားဖြစ်သော အခြားလက်ဟန်များမှာ သန္တဿနမုဒြာ – လက်ဝါးကို ရှေ့သို့တိုးဖြန့်၍ ပြထားသောဟန်။

ဥတ္တရဗောဓိမုဒြာ – လက်ညှိုးနှင့် လက်မရင်းကို ထောက်ပြထားသောဟန် (ဤဟန်တွင် လက်နှစ်ဖက်စလုံးကို ရင်အုပ်ဆီသို့ မြှောက်ချီကာ နှလုံးသားရှိရာလောက်တွင် ထပ်ပြထားလေ့ရှိသည်။) စသည်တို့ ဖြစ်ကြသည်။

တရုပ်ပြည် ပင်္ဂမာသိပ္ပံမှ အန်ဝေးရှေးချူးယင်း ဂျပန် ပင်္ဂမာသိပ္ပံတွင် အန်အိရှိုးရှူးအင် ခေါ် မုဒြာတွင် လက်ဝဲလက်ကို ဝိတက္ကမုဒြာဟန် ပြ၍ လက်ျာလက်ဝါးကို ပြင်ဘက်သို့ လှန်ပြကာ လက်မနှင့် လက်ညှိုးကို ချိ၍ လက်ချောင်းများကို မသိမသာ ကွေးထားသောဟန် ဖြစ်သည်။ ဤမုဒြာတွင် လက်ဝဲလက် ဝိတက္ကမုဒြာဟန်ဖြင့် သတ္တဝါများကို နှစ်သိမ့်စေ၍ လက်ျာလက်ဟန်ဖြင့် သတ္တဝါများကို ဘေးကင်း ရန်ရှင်းရာ နိဗ္ဗာန်သို့ ပို့ဆောင်တော်မူမည့် အနက်သဘောကို ဆောင်ထားပေသည်။

---

Vitarka Mudrā or Vyakhyana Mudrā
Jap: An-i-in (Seppo-in)
Ch: An-wei-yin
Jap: An-i-syoshu-in
**Ch: An-wei-sho'ch'u-yin**

ဝိတက္ကဟူသော မူလသက္ကတဝေါဟာရမှာ ကြံစည်ခြင်း အချီအချ ဝေဖန်စိစစ်ခြင်းစသည့် အနက်များသာ ရသော်လည်း တရုပ် ဂျပန် ဝေါဟာရအဖြစ်သို့ ရောက်လာသောအခါ နှစ်သိမ့်စေခြင်း, ချော့မော့ခြင်း, သိဉ်ခြင်းအနက်တို့ကို ဆောင်လေသည်။

ဤဝိတက္ကမုဒြာပုံကွဲ အမျိုးမျိုးရှိသည်—

(၁) ဥဘ္ဘရဗောဓိ ဝိဘက္ကမုဒြာတွင် လက်နှစ်ဖက်ကို ရင်အုပ် ရှေတည့်တည့်လောက်တွင် မြှောက်ချီ၍ လက်ဝါးချင်းဆိုင်၍ လက်မ လက်ညိုး ကွင်းပြထားသော ဟန်။

(၂) လက်တဖက်ကို လက်ဝါးလှန်ကာ ပေါင်ခွင်တွင် တင်ထားပြီး အခြား လက်တဖက်ကိုသာ လက်မ လက်သိုး ကွင်းပြီး မြှောက်ချီပြထားသောဟန် (ပေါင်ခွင်ပေါ်မှလက်တွင် လက်မနှင့် လက်သူကြွယ်ထိ ပြထားလေ့ရှိသည်။)

(၃) လက်တဖက်ကိုလက်မ လက်ညှိုး ကွင်းကာ ထောင်ပြထားပြီး ကျန်လက်တဖက်ကိုမူ အောက်သို့ နှိမ့်ချကာ အဘယ ဝရဒမုဒြာဟန်ဖြင့် ပြထားသောမုဒြာဟူ၍ ကွဲပြားပြန်သည်။

ဤ အန်အီအင် သို့မဟုတ် ဆက်ပိုးအင်ခေါ် ဝိတက္ကမုဒြာဟန်ကို ဂန္ဓာရအနုပညာခေတ်မှ စတင်အသုံးပြုခဲ့ကြသည်။ ၄–၅ ရာစုနှစ်မှစ၍ မြောက်ပိုင်းဝေးမင်းဆက်ခေတ်တွင် ဤမုဒြာမျိုးကို တရုပ်ပြည်တွင်ရင်း, ဂျပန်ပြည်တွင်ရင်း စတင်အသုံးပြုခဲ့ကြလေသည်။ သို့သော် ဂျပန်ပြည်တွင် (၆)ရာစုနှစ်လောက်ကျမှ ဤဝိတက္ကမုဒြာကို ဓမ္မစက္ကမုဒြာနှင့် ရောထွေးအသုံးပြုလာသည်ကို တွေ့ရသည်။

ဈာနမုဒြာတွင် လက်မနှင့်လက်ချောင်း တခုခုကိုထိ၍ ပြထားသဖြင့် စက်ကွင်းပုံသဏ္ဍာန်ဖြစ်နေခြင်းကြောင့် ဤ ဝိတက္ကမုဒြာနှင့် ရောမှားလေ့ရှိကြသည်။ သို့ဖြစ်ရကား ဂျီးအင်းခေါ် ဈာနမုဒြာနှင့် ဆက်ပိုးအင်းခေါ် ဝိတက္ကမုဒြာတို့ကို အမျိုးအစားတူ အုပ်စုတခုတည်းတွင် ဖော်ပြလေ့ရှိတတ်သည်။

ဝိတက္ကမုဒြာမူကွဲတွင် လက်မနှင့်လက်သူကြွယ်ထိ၍ စက်ကွင်းပြသော မုဒြာ, မဟာသိရိမုဒြာဟု အထူးခေါ်သေးသည်၊ ဂျပန်တွင် ကီချိဂျိုအင်းဟု ခေါ်သည်၊ ကြီးစွာသော ကျက်သရေမင်္ဂလာရစေသော မုဒြာ ဟုဆိုသည်။ တဖန် လက်မနှင့် လက်ညှိုးကြားတွင် ပန်းခိုင်ကို ထည့်ထားသော မုဒြာကို ဂျပန်တွင် ဂျိကဲနိုအင်း ဟုခေါ်သည်၊ သို့သော် ဤမုဒြာမှာ ဝိတက္ကမုဒြာ အစစ်မဟုတ်ချေ။

လက်မ လက်ညှိုး စက်ကွင်းပြထားသော အနက်အဓိပ္ပါယ်မှာ မြတ်စွာဘုရား၏ တရားဒေသနာတော်သည် အပက်ဖက်မှ ဝန်းဝိုင်း ပြည့်စုံကြောင်း, ပရမတ္ထဖြစ်၍ ထာဝရနိစ္စဖြစ်ကြောင်းတရားဓမ္မစကြာပုံကို သရုပ်ဆောင်ကြောင်း မှိန့်ဆိုကြသည်။ သုညတခေတ်ကို ရည်ညွှန်းကြောင်းလည်း မိန့်ဆိုကြသေးသည်။ လက်မနှင့်အခြား လက်ချောင်းကိုထိပြထားပုံကို တြိဂံပုံဟု ခေါ်ကြသေးသည်။ ဝိဇ္ဇာဂန္ဓာရီအတတ်တွင် အရေးပါသော မှော်ပညာသင်္ကေတ ဖြစ်လေသည်။

---

Mahas'ri Mudrā
Jap: Ki-chi-jo-ih
Jap. Ji-ke-no-in

လက်ဝဲလက်မှ ဝိတက္ကမုဒြာပြလျှင် သမထ သုညတ ပရမတ္ထအနက်ဆောင်သော လက်မသည် တေဇောဓာတ်နှင့် သစ္စာအနက်ဆောင်သော လက်ခလယ်နှင့် ထိခြင်းကြောင့် ယင်းနှစ်မျိုးနှင့် စပ်ဆိုင်ရာ အနက်အဓိပ္ပါယ်သဘောများကို သရုပ်ဆောင်သဏ္ဌာန်ပြုခြင်း ဖြစ်လေသည်။

လကျာ်လက်မှ ဝိတက္ကမုဒြာကိုပြလျှင် ဝိပဿနာဟူသောအနက်ကို ဆောင်သည့် လက်မသည် ဝါယောဓာတ် ဝီရိယပါရမီအနက်ကို ဆောင်သည့် လက်ညှိုးနှင့် ထိခြင်းကြောင့် ဤအဓိပ္ပါယ်နှစ်ရပ်ပေါင်းစပ်သော အနက်သဘောကို ရရှိနိုင်လေသည်။

အထက်ဖော်ပြပါ ဝိတက္ကမုဒြာများကို ဂျပန်ပြည် အထက်ဂိုဏ်းဆရာတော်ကြီးများက အမိဒဘုရားရှင်၏ အလယ်အလတ်အဆင့် ဘဝသုံးပါးနှင့် အောက်အဆင့် ဘဝသုံးပါးပုံများတွင် အသုံးပြုထားကြကြောင်း လေ့လာတွေ့ရှိရပေသည်။

(၁) **အလယ်ဆင့်အောက်ဘဝ** မုဒြာပုံတွင် လက်နှစ်ဘက်ကို ရင်အုပ်ထိ မြှောက်ချီ၍ လက်မနှင့် လက်ညှိုးများ ထိပြထားသည်။

(၂) **အလယ်ဆင့်အလယ်ဘဝ** မုဒြာပုံတွင် လက်မလက်ခလယ်ကို ထိကွင်း၍ ပြထားသည်။

(၃) **အလယ်ဆင့်အထက်ဘဝ** မုဒြာပုံတွင် လက်မနှင့် လက်သူကြွယ်ကိုထိကွင်း၍ ပြထားသည်။

(၄) **အောက်အဆင့် အောက်ဘဝ** မုဒြာပုံတွင် လကျာ်လက်ထောင်၍ရင်း၊ လက်ဝဲလက်ကို ချ၍ရင်း လက်မနှင့်လက်သူကြွယ်ကို ထိ၍ ကွင်းပြထားသည်။

(၅) **အောက်ဆင့်အလယ်ဘဝ** မုဒြာပုံတွင် လကျာ်လက်ကိုထောင်၍ရင်း၊ လက်ဝဲလက်ကို ချ၍ရင်း လက်မနှင့် လက်ခလယ်ကိုထိ၍ ကွင်းပြထားသည်။

(၆) **အောက်အဆင့်အထက်ဘဝ** မုဒြာပုံတွင် လကျာ်လက်ကိုထောင်၍ရင်း၊ လက်ဝဲလက်ကို ချ၍ရင်း လက်မနှင့် လက်ညှိုးထိ၍ ကွင်းပြထားသည်။

**နိဝအင်းခေါ်** မုဒြာသည် **တြိလောကျ ဝိဇယရာဇာ**ပုံတွင် အများဆုံး **တွေ့ရသည်**။ ထို့ကြောင့် တြိလောကဝိဇယ မုဒြာဟုပင် ခေါ်တွင်သည်။

**လက်နှစ်ဖက်ကို** ရင်ဘတ်လောက်ဆီတွင် ယှက်တင်ထားသည်၊ လကျာ်လက်ကို အတွင်း လက်ဝဲလက်ကို အပြင်ဘက် ထားလေ့ရှိသည်၊ လက်သန်း နှစ်ခုကို ချိတ်ထားသည်။

**လက်မကို** လက်ခလယ်များနှင့် ထိကွင်း၍ ပြထားသည့် ဟန်ဖြစ်သည်။ ဤမုဒြာသည် ဝိတက္ကမုဒြာမျိုးကွဲတခုပင်ဖြစ်ကြောင်း မိန့်ဆိုထားလေသည်။

---

An-i-in p.74, Mudrā; Six Classes of Amida
Niwa-in((Trailokya vijayarāja Mudrā) p.75, MUDRĀ.

## ဘူမိဖဿမုဒြာပုံစံအမျိုးကွဲများ

လက်ဝဲလက်ကို ပေါင်ခွင်ပေါ် လက်ဖဝါး လှန်တင်ထားပြီးလျှင် လကျာလက်ကို မြေကြီး သို့မဟုတ် ထိုင်ခုံပလ္လင်ကို ထောက်ပြထားသော ဟန်ကို မြေကြီးသက်သေညွှန်းဟန် ဘူမိဖဿမုဒြာ သို့မဟုတ် ဘူဖဿမုဒြာဟု ခေါ်သည်။

(၂) လကျာလက်ကို ပလ္လင်နှင့်မထိဘဲ ဖော်ညွှန်းနေသောပုံလည်းရှိသည်၊ လက်ညှိုးများသည် လကျာဒူးပေါ်တွင်သာ ရှိနေကြသည်။

(၃) လကျာလက်ချောင်းများသည် အတိုအရှည် တညီတညွတ်တည်း ဖြစ်နေသောပုံလည်း ရှိသည်။

(၄) လူသာမန်၏ လက်ချောင်းများကဲ့သို့ တိုရှည် နိမ့်မြင့် ဖြစ်နေသောဟန်လည်း ရှိသည်။

(၅) လကျာလက်ညှိုးဖြင့်သာ မြေကြီးကို ညွှန်ပြနေသောပုံလည်း ရှိသည်။

(၆) လကျာလက်ဖဝါးကို ကြမ်းပြင် မြေကြီး ပလ္လင်ပေါ်တွင် ပြားဝပ်နေအောင် ထောက်ထားသော ဟန်လည်း ရှိသည်။

(၇) လက်ဝဲလက်ဝါးကို ပြားချပ်နေအောင် ဖြန့်ပြီး လက်ဖမိုးနှင့် လက်ဝဲပေါင်ခွင်ထိကပ်ထားသော ဟန်လည်း ရှိသည်။

(၈) လက်ဝဲလက်ကို တစုံတခု လက်ခံကိုင်ထားသကဲ့သို့ ခပ်ခုန်းခုန်းခွက်၍ ထားသော ဟန်လည်း ရှိသည်။

ဤသို့လျှင် ဘူမိဖဿမုဒြာ မူကွဲ ရှစ်မျိုးခန့် ရှိနေပေသည်။

လကျာလက်ကိုပင်လည်း လကျာဒူးပေါ် တင်ထားသောဟန်၊

ဒူးနှင့် မထိဘဲ ခွါ၍ချထား ထောက်ပြထားသောဟန် ဟူ၍ ကွဲပြားပြန်သည်။

အချို့ ဂျပန်ပဋိမာသိပ္ပံတွင် လက်ဝဲလက်ကို လက်ဝဲပေါင်ပေါ်, ဒူးပေါ်တင်ထားပြီး လကျာလက်ကို မြေကြီးညွှန်းဟန် ပြထားသော ဘူမိဖဿဟန်လည်း ရှိသေးသည်။

လက်ဝဲလက်ကို သင်္ကန်းစ ကိုင်ထားသောပုံ၊

လက်ဝဲလက်ကို လက်သီးဆုပ် ပြထားသောပုံ၊

---

Bhūmiphassa Mudrā (Bhūmisparsa Mudrā)
Jap: Sokuchi-in
Ch: Ch'u-ti-yin
Anzıu-in-Subjugation of mountain
Goma-in
Hama-in
Seifuku shema-in
Cho-hachijin-in

ရပ်တော်မူလျက် ဘူမိဖဿမုဒြာပုံ၊

ထိုင်လျက် ဘူမိဖဿမုဒြာပုံ၊

စသည်ဖြင့် အမျိုးမျိုး ကွဲပြားနေလေသည်။

ဂျပန် ရုပ်ပွါးဆင်းတုများတွင် အန်ဇန်အင်း ခေါ် မုဒြာသည် ဘူမိဖဿမုဒြာမျိုးပင် ဖြစ်၍ တောင်ကြီးကို ဖိနှိပ်ထားဟန်ဖြစ်သည်။လကျာ်လက်ဝါးကို မြေကြီးပေါ် ခင်း၍ ဖိနှိပ်ထားပုံ ဖြစ်လေသည်။ လက်ဝဲလက်ကမူ လက်ဝဲပေါင်ခွင်ပေါ်တွင် လက်ဝါးလှန်၍ တင်ထားလေသည်။

အလားတူပင် ဂိုးမအင်း သည် နတ်ဘီလူးများကို နှိမ်နင်းတော်မူသော မုဒြာ၊

ဟမအင်း သည် မာရ်နတ်ကို နှိမ်နင်းတော်မူသော မုဒြာ၊

ဆိုင်ဖူကူရှိုးမအင်း အစိမ်းသရဲ၊ သင်းကွဲပြိတ္တာ နတ်မိစ္ဆာဟူသမျှကို နှိမ်နင်းတော်မူသော မုဒြာ၊

ချိုးဟာချိဂျင်းအင်း မြေစောင့်နတ်များအား ထိတ်လန့်အံ့သြစေသော မုဒြာ

စသည်အားဖြင့် များစွာပင် ရှိလေသည်။

ဘူမိဖဿ ပြောင်းပြန်ပုံလည်း ရှိသေးသည်၊ လကျာ်လက်ကိုလှန်လျက် ခြေခွင်ပေါ်တင်ထားပြီးလျှင် လက်ဝဲလက်ဖြင့် မြေကြီး သို့မဟုတ် ပလ္လင်ကို ထောက်ပြထားသောပုံတော်ဖြစ်သည်။

ပုဂံမြို့ အာနန္ဒာဘုရားတွင်းရှိ လိုဏ်အကွက် ၆၅-အရှေ့ဘက်နှင့် အရှေ့တောင်ထောင့်များရှိ ရုပ်ပွါးတော်များကို ရှုပါ။

## ဈာနမုဒြာမှုကွဲ ပုံစံကွဲအမျိုးမျိုး

သမထ စခန်း အားထုတ်နေပုံ ဈာန်သမာပတ် ဝင်စားနေပုံ သမာဓိတည်နေပုံဟူ၍ အမျိုးမျိုး တင်စား ခေါ်ထားအပ်သော မုဒြာဟန်ဖြစ်လေသည်။ ဈာနမုဒြာဟူ၍၎င်း, သမာဓိမုဒြာဟူ၍၎င်း ခေါ်သည်။

အထူးအားဖြင့် ထိုင်လျက်ပုံများတွင်သာ ဈာနမုဒြာကိုတွေ့ရသည်၊ ထိုင်ရာတွင်လည်း ပဒုမာ-သနပုံဖြင့်ဖြစ်စေ, ဝဇီရာသနပုံဖြင့်ဖြစ်စေ တွေ့ရှိရပေသည်။

ထိုင်ရာတွင် လက်ဝဲခြေဖဝါးကိုလှန်၍ လကျာ်ပေါင်ပေါ်တွင် ချိတ်၍၎င်း, လကျာ်ခြေဖဝါးကိုလှန်၍ လက်ဝဲပေါင်ပေါ်တွင် ချိတ်၍၎င်း (ပဒုမာသနဟန်ဖြင့်) ထိုင်လေ့ရှိသည်။

ဤတွင် ဂျပန်ဈာနမုဒြာများကို အမျိုးအစား သုံးခု ခွဲခြားထားပေသည်။

---

OBEP plate 294 a. Niche 65. E.wall near S.E. corner Ānanda
316 a.b.c. Ānanda

(က) အမျိုးအစားစျာနမုဒြာ

လက်ဝဲဘက် လက်ချောင်းလက်ဖဝါးခုံကို ချက်ရှိရာလောက်တွင် ဖြန့်၍လှန်ချထားသည်၊ ၎င်း အပေါ်တွင်လက်ျာဘက်လက်ချောင်းများ ဖြန့်၍လှန်ပြီးထပ်တားသည်၊ လက်ဝါးပေါ်လက်ဝါးထပ်ထား ပုံကို ဂန္ဓာရစျာနမုဒြာဟုခေါ်သည်၊ လက်ဝါးနှစ်ခုမှာ တထပ်တည်း အလျားလိုက်ကျနေသည်။ ဤ(က) အမျိုးအစားမှာပင် မူကွဲရှိသည်၊ တရုပ်ပြည်တွင် (၈-၁၀) ရာစုနှစ်အထိ ဝေးမင်းဆက်ခေတ်တွင် ဤ (က) အမျိုးအစား မုဒြာကိုတွေ့ရသည်၊ ဂျပန်ပြည်တွင် ဆယ်ရာစုနှစ်ပိုင်း နောက်ကျမှ (ခ) နှင့် (ဂ) အမျိုးအစားများ ပေါ်ပေါက်လာခဲ့သည်။

ဒုတိယ (က) အမျိုးအစားတွင် ပဒုမာသနဖြင့် ထိုင်နေသော ခြေများပေါ်တွင် လက်နှစ်ဖက် ကို လက်ဝါးတခုပေါ်တခု လှန်၍ ထပ်ထားသည်၊ သို့သော် လက်ဝါးချင်း ညီညာစွာ ထပ်မနေဘဲ ကြက်ခြေစတ်သဘော လက်ဝါးလှန်၍ ထပ်ထားခြင်းဖြစ်သည်။

အိန္ဒိယ တရုပ်နှင့် အရှေ့တောင်အာရှတိုက်များရှိ ရုပ်ပွါးဆင်းတုများတွင် အများဆုံး တွေ့ရှိ နိုင်ပေသည်၊

(ခ) အမျိုးအစား စျာနမုဒြာ

လှန်ထားသော လက်ျာလက်ဝါးပေါ်တွင် လက်ဝဲလက်ဝါးကို လှန်ထားပြီးလျှင် ထောင်ထား သော လက်မချင်း ထိထားသည်၊ ကျန်လက်ချောင်းလေးခုသည် အခြားလက်ချောင်း လေးခုပေါ် တွင် ထပ်လျက်ရှိနေရသည်။ လက်မနှင့် လက်ချောင်းများပုံသည် တြိဂံပုံဖြစ်နေရသည်၊ တြိဂံအပိတ် ပုံဟုခေါ်သည်။

မူကွဲတွင် လက်မချင်း မထိတထိပုံဖြင့် ရှိနေတတ်သည်။ တြိဂံအဖွင့်ဖြစ်သည်၊ ဂန္ဓာရီဝိဇ္ဇာအတတ် တွင် အရေးကြီးသောပုံဖြစ်သည်။ လက်ဝဲလက်က အပေါ်မှနေသောပုံဟူ၍ရှင်း လက်ျာလက်က အပေါ် မှနေသောပုံဟူ၍ရှင်း ကွဲပြားပြန်သည်။

ဤ (ခ) အမျိုးအစား စျာနမုဒြာကို အိန္ဒိယပြည်တွင် မတွေ့ရှိရချေ။ တရုပ်ပြည် ဝေး ခေတ်ရုပ်ပွါးများနှင့် ရှေးအကျဆုံး ဂျပန်ရုပ်ပွါးများတွင်သာ တွေ့ရှိရလေသည်။

အိန္ဒိယယဉ်ကျေးမှု အနုပညာတွင် လက်ျာလက်ကသာ ထာဝစဉ်အပေါ်မှနေရမည်ဖြစ်ပေသည်။

(ဂ) အမျိုးအစားမုဒြာပုံ

လက်ျာလက်ပေါ်တွင် လက်ဝဲလက်ဝါးကို လှန်၍ထပ်တင်ထားသည်။

(၁) လက်ညိုးနှစ်ချောင်းကို လက်မနှစ်ချောင်းနှင့် ထိထားကာ လက်ညှိုးကျောဘက်ချင်း ထိတင်ထားသော စျာနမုဒြာပုံ။

(၂) လက်ခလယ်နှစ်ချောင်းကို လက်မနှစ်ချောင်းနှင့် ကွင်း၍ထိထားကာ လက်ခလယ် ကျောဘက်ချင်း ထိကပ်ထားသော စျာနမုဒြာ။

(၃) လက်သူကြွယ်နှစ်ချောင်းကို လက်မနှစ်ချောင်းနှင့် ကွင်း၍ထိထားကာ လက်သူကြွယ်ကျော့ဘက်ချင်းထိကပ်ထားသော ဈာနမုဒြာ။

ဟူ၍ မူကွဲသုံးမျိုးရှိလေသည်။ ဂျပန်ရုပ်ပွါးများတွင်သာ အသုံးများသည်။ ဈာနမုဒြာများတွင် ဤ (ဂ) အမျိုးအစားသည် နောက်ဆုံးပေါ်ပုံစံများ ဖြစ်ကြသည်။

ပထမ အမျိုးအစား (က) ဈာနမုဒြာပုံတွင် လောကီယ သမာဓိပုံနှင့် လောကုတ္တရာ သမာဓိပုံ ဟူ၍ နှစ်မျိုးကွဲပြားသည်။ လောကီဈာန်နှင့် လောကုတ္တရာ ဈာန်စခန်းများသို့ ရောက်အောင် ရည်ညွှန်းထားသော ပုံများဖြစ်ကြသည်။

ဒုတိယ အမျိုးအစား (ခ) ဈာနမုဒြာ ပုံတွင် လက်မ နှစ်ချောင်းထောင်၍ ထိထားသဖြင့် လက်မနှင့် လက်ညှိုးကြားထွင် တြိဂံပုံဖြစ်နေလေသည်။ တြိဂံ၏ ပဋိမာသိပ္ပံ အနှစ်သာရမှာ ရတနာသုံးပါး, လက္ခဏာရေးသုံးပါး, သာသနာသုံးရပ်, လောကသုံးပါး, ဘုံသုံးပါး,သီလသမာဓိ ပညာစသော ဗုဒ္ဓသာသနာတော် အခြေခံတရားများ ဖြစ်ကြသည်။ လောကီဝိဇ္ဇာရေ အယူအဆအားဖြင့် မိခင်၏ သားအိမ်ဖြစ်၍ ခပ်သိမ်းသော တရားဓာတ်တို့၏ အရင်းအစဖြစ်ကြောင်း သင်္ကေတပြခြင်းဖြစ်သည်။

တေဇောဓာတ်၏ သင်္ကေတမှာ တြိဂံဖြစ်သည်။ လောကအညစ်အကြေး အမှိုက်သရိုက် များကို လောင်ကျွမ်းစေတတ်သော သတ္တိရှိသည်။ ကိလေသာကို ရှို့မြှိုက်ရန် ပြင်ဆင်နေသော သမာဓိ လုပ်ငန်းဖြစ်သည်။

ဈာနပါရမီကို ရည်ညွှန်းသည်။

တတိယ အမျိုးအစား (ဂ)မုဒြာပုံမှာ လက်ချောင်းများကို ကွင်း၍ ပြထားသည်။ စက်ကွင်းပုံသည် ဓမ္မစကြာ လှည်းဘီး၏ သင်္ကေတဖြစ်သည်။ သံသရာစက်လည်ပုံကိုလည်း ရည်ညွှန်းသည်။ သုညတဓာတ်ကိုလည်း ရည်ညွှန်းသည်။ လကျ်ာလက်မှ စက်ကွင်းမှာ နတ်ဒေဝါနှင့်ဆိုင်သော ဗုဒ္ဓဓမ္မစကြာကို ဖော်ပြပုံဆောင်သည်။ လက်ဝဲလက်မှစက်ကွင်းမှာ လူလောကနှင့် ဆိုင်သော ဓမ္မစက်ကို ပုံဆောင်သည်။ လူ့ လောကနှင့် နတ်လောကတို့ကို ညှိနှိုင်းစေစပ်သော သဘောဖြင့် စက်ကွင်းနှစ်ခုကိုထိပြသည်။ ပုထုဇဉ် သတ္တဝါ လောကနှင့် လောကုတ္တရာ ဘုံနှစ်ခုကို ညှိနှိုင်းစေစပ်ပြသည်။ လက်ဝဲလက်မှ လက်ငါးချောင်းမှာ လောကီခန္ဓာငါးပါးကိုရင်း, လကျ်ာလက်မှ လက်ငါးချောင်းမှာ လောကုတ္တရာ ခန္ဓာငါးပါးကိုရင်း ပုံဆောင် ပြသည်။

တနည်းအားဖြင့် စက်ကွင်းနှစ်ခု၏ အဓိပ္ပါယ်မှာ စကြဝဠာ လောကဓာတ် နှစ်ခုဖြစ်ကြသော ဝဇီရစိန်လောကဓာတ်နှင့် ဂဗ္ဘဓာတ်တို့ကို ပေါင်းစပ်ပြလိုရင်း ဖြစ်သည်။ ဝဇီရစိန်ဓာတ်နှင့် ဂဗ္ဘဓာတ် နှစ်ခုသည် မူလအားဖြင့် ကွဲပြားသော်လည်း ဤလောကတွင် တခုတည်း ပေါင်းစပ် ဖြစ်ပေါ်လျက်ရှိသည်ဟူသော အဘိဓမ္မာကို သရုပ်ဆောင် ပြထားသည်။

ရုပ်လောကနှင့် နာမ်လောက နှစ်ရပ်ပေါင်းစပ်၍ ဖြစ်ပေါ်နေသော သတ္တလောကကို ပုံဆောင် ပြထားသည်ဟုလည်း ဆိုသည်။

ဤသို့လျှင် ဈာနမုဒြာအမျိုးမျိုး ကွဲပြားသလောက် အနက်အဓိပ္ပါယ် ကောက်ယူပုံလည်း အမျိုးမျိုး ကွဲပြားကြပြန်သည်။ အမိဒဘုရားတဆူတည်း၏ ဈာနမုဒြာအမျိုးမျိုးကို အဓိပ္ပါယ်အမျိုးမျိုး ကောက်ယူကြသဖြင့် အလွန်နက်နဲကျယ်ဝန်းသော ပညာရပ်ဖြစ်လာရသည်။

### ဓမ္မစက္ကမုဒြာမူကွဲပုံစံကွဲများ

ဤ ဓမ္မစက္ကမုဒြာပုံသည် မူကွဲ ပုံစံကွဲများဖြင့် များစွာပင် ရှိလေသည်။ မူလအခြေအခံအားဖြင့် လကျ်ာလက်ကို ရင်ညွန့်ဆီလောက်ထားပြီးလျှင် လက်ဝါးကို ရှေ့သို့ထုတ်ပြထားသည်။ လက်ညှိုးနှင့် လက်မကို ထိပ်ချင်း ထိထား၍ စက်ဝိုင်း(လှည်းဘီး)သဏ္ဍာန်ပြထားသည်။ လက်ဝဲလက်မှ လက်ချောင်း တချောင်းနှင့် ထိထားသည်။ လက်ဝဲလက်ဝါးမှာမူ အတွင်းဘက်သို့ လှည့်နေသည်။ ဤမုဒြာဟန်မျိုး ကို အိန္ဒိယပြည် ဆာရ်နသ်ရုပ်တုများတွင် စတင်အသုံးပြုခဲ့သည်ကို လေ့လာ တွေ့ရှိရပေသည်။

အဇန္တာဂူ ရုပ်ပွါးရုပ်ကြွများတွင်မူ လက်နှစ်ဖက်စလုံးကို ရင်ညွန့်ဆီလောက်ထွင် ထား၍လက်ဝဲ လက်က သင်္ကန်းစကို ဆွဲကိုင်ထားသည်။ လကျ်ာလက်၏ လက်ညှိုး လက်မများကို ထိထားပြီးလျှင် လက်ဝဲလက်၏ လက်သန်းကလေးကို ဖိနှိပ်ထားသည်။

အဇန္တာဂူမှ ရုပ်ကြွတခုတွင်မူ လက်နှစ်ဖက်စလုံးကို ပူး၍ မြှောက်ထားသော်လည်း လက်ချောင်း များ တခုနှင့်တခု မထိထားကြချေ။ ဤဓမ္မစက္ကမုဒြာပုံမျိုးကို ဂျပန်တိုးရယူဂျိရှိ အမိဒ ရုပ်ပွါးတော်တွင် တွေ့ရှိရပေသည်။ လကျ်ာလက်မနှင့် လက်ညှိုးကို စက်ကွင်းဟန် ပြထားသော်လည်း ထိပ်ဖျားချင်း မထိကြချေ။ လက်ဝဲလက်မနှင့် လက်ညှိုးတို့ကလည်း သကျ်ာလက်မရင်းကို မထိတထိပြထားသည်။

ဂန္ဓာရလက်ရာတွင် လကျ်ာလက်၏လက်ဝါးကို အတွင်းဘက်သို့ လှည့်ထား၍ လက်ချောင်းများကို ပူးကပ်၍ ဆုပ်ထားသည်။ လက်ဝဲလက်၏ လက်မနှင့် လက်ညှိုး ထိထားသည့်အဖျားပိုင်းကို လကျ်ာ လက်က ဆုပ်ထားသည်။ လက်ဝဲလက်၏ ကျန်လက်ချောင်းများကိုလည်း ကွေး၍ဆုပ်ထားသည်။

တိဗက်မှ ဓမ္မစက္ကမုဒြာတွင် လကျ်ာလက်ကို ရင်ညွန့်ဆီလောက်တွင် တည့်တည့် ထောင်ထား၍ လက်ညှိုးနှင့် လက်မကို ထိကွင်း၍ ပြထားသည်။ လက်ဝါးကို အပြင်ဘက်သို့ လှန်ပြထားသည်။ လက်ဝဲ လက်ဝါးကို အတွင်းဘက် လှန်ထားပြီး လက်မနှင့် လက်ညှိုး ထိထားသည်။ လကျ်ာစက်ကွင်းနှင့် လက်ဝဲ စက်ကွင်းကို ထိ၍ ဆက်၍ထားသောပုံ ဖြစ်သည်။ တခါတရံ လက်ဝဲလက်သည် လကျ်ာလက်ကို ဖုံးအုပ် ထားသည်။

တခါတရံ လက်ဝဲလက်က လကျ်ာလက်အောက် အနည်းငယ် လျှောချ၍ ထိပြထားသည်။

တရုပ်ပြည် ဟန် မင်းဆက် လက်ထက်တွင် ဆူအန်စန်နှင့် ဝန်ဆူအန်ခေ့တို့က ရင်းမုဒြာပုံ များကို သယ်ဆောင်လာခဲ့ကြသည်ဟု သမိုင်းများက ဆိုထားကြလေသည်။

---

Dhyāna Madrā
Jap: Jo-in
Ch: Ting yin
see MUDRĀ, by Saunders, p.85.
Vajra dhātu and Garbha dhātu

ဂျပန်ပြည် တိုးရယူဂျီဓမ္မစက္က မုဒြာပုံတွင်မူ လက်ဝဲလက်၏ လက်မနှင့် လက်ခလယ်ကို ထိကွင်း၍ ထားပြီးလျှင် အတွင်းဘက် လှည့်ထားသည်၊ လက်ဝဲလက်ညှိုးကို လကျ်ာလက်၏ လက်မလက်ညှိုး ကွင်းထားသည့်အရင်းကို ထိထားသည်။ လက်ဝဲလက်သန်းကို လကျ်ာလက်မရင်းတွင် ဖိကပ်၍ ထားသည်။ လက်ဝဲလကျ်ာ စက်ဝိုင်း (လှည်းဘီး)နှစ်ခုကို လက်ဝဲလက်ညှိုးက ဆက်ချိတ်၍ ထားသကဲ့သို့ ပုံရှိသည်။

အထူး ဓမ္မစက္ကမုဒြာပုံတခု ရှိသေးသည်။ လက်နှစ်ဖက်ကို လက်ဖမိုးချင်း ကပ်ထားပြီးလျှင် လက်ဝဲလက်ဝါးကို ပြင်ဖက်သို့ လှန်ထား၍ လကျ်ာလက်ဝါးကို အတွင်းဖက်လှန်ထားသည်။ လက်သန်းကို လက်သန်းချင်း, လက်သူကြွယ်ကို လက်သူကြွယ်ချင်း, လက်ခလယ်ကို လက်ခလယ်ချင်း, လက်ညှိုးကို လက်ညှိုးချင်း လက်မကို လက်မချင်း ထိပ်ဖျားများတွင် ချိတ်၍ ယှက်ထားသည်။ ဤမုဒြာဟန်မှာ အလွန်ရှားပါးလှပေသည်။

## ဝဇီရမုဒြာ ဉာဏမုဒြာ မူကွဲ ပုံစံကွဲများ

ဂျပန်ပြည် ဒိုင်နီချီမှ ရုပ်ပွါးတော်ကြီးကို ဤဝဇီရမုဒြာဖြင့် တွေ့ရှိရပေသည်။ ခြေဖနောင့်များကို အပေါ်သို့ လှန်လျက် ပဒုမာသနဟန်ဖြင့် ထိုင်လျက်ရှိသည်။ လကျ်ာလက်မကို အတွင်းအလယ်၌ထားပြီး အခြားလက်ချောင်းများဖြင့် ဖုံးအုပ်၍ ဆုပ်ထားသည့် ဝဇီရလက်ဆုပ်ဟု ခေါ်သည်။ တဖန် လက်ဝဲလက်၏ လက်ဝါးကို လကျ်ာလက်သီးဆုပ် ဖက်သို့လှည့်၍ အောက်မှ နေပြီး လက်ညှိုးထောင်ကာ ထိုလက်ညှိုးကို လကျ်ာလက်သီးဆုပ်၏ လက်သန်းဘက်မှ ထိုးသွင်းထားသည်။ လက်ညှိုးအဆစ်ရင်းထိအောင် မြုပ်နေသည်။ ထိုလက်ဝဲလက်ညှိုးကို လကျ်ာလက်သန်းက ဆုပ်ထားသည့်ပုံပေါ်နေသည်။ လကျ်ာလက်သီး ဆုပ်က လက်ဝဲလက်အပေါ်တွင် ရှိနေသောပုံဖြစ်သည်။ လက်ဝဲလကျ်ာ နှစ်ဖက်စလုံး ဝဇီရမုဒြာပုံ ပေါ်နေသဖြင့် ဝဇီရမုဒြာ ဟုခေါ်သည်။

တခါတရံ ဉာဏမုဒြာဟုလည်းခေါ်သေးသည်။ ထိုအခါ လကျ်ာလက်ညှိုးရင်းကို လကျ်ာလက်မဖြင့် ဖိ၍ထားသည်။ ၎င်း စိန်လက်သီး ဆုပ်ထဲသို့ အောက်မှ လက်ဝဲလက်၏ လက်ညှိုးကို ထိုးသွင်းထားသည့်ပုံ ဖြစ်သည်။

တခါတရံ လက်ဝဲလက်သီး ဆုပ်က ဝဇီရဟတ္ထပုံဖြင့် လကျ်ာ လက်ညှိုးကို ဆုပ်ကိုင်ထားသောဟန်လည်းရှိသေးသည်။

တခါတရံ လကျ်ာစိန် လက်သီးတွင် လကျ်ာလက်ညှိုးများက လကျ်ာလက်မရင်းကို ဖိနှိပ်ထားသည်လည်း ရှိသည်။

တခါတရံ လက်ဝဲ လက်ညှိုးအစား လက်ဝဲလက်မကိုသာ လကျ်ာလက်သီးဆုပ်ကို အောက်မှ နေ၍ ထိုးသွင်းထားသော ပုံဖြင့် ရှိတတ်သည်။

---

Dharmacākra Mudrā
Jap: Temborin-in
Ch: Chuan-fa-lan-yin
see MUDRĀ, Saunders, p.94.

အထက်ပါ ဝဇီရမုဒြာမျိုးကို ဂျပန်ပြည်တွင် (၉)ရာစုနှစ်မတိုင်မီ မတွေ့ရှိရသေးချေ။ မစ်ချိုးခေါ် အလယ်လမ်းဂိုဏ်းဝါဒများ ရောက်ရှိလာကာ ဝေရောစနရုပ်ပွါးတော်များ တွင်သာ အသုံးပြုကြသည်ကို တွေ့ရသည်။

ဂျပန်တိုးရယူးဂျီစေတီရှိ အမိဒတြိဂုဏပုံတော်တွင် ဤဝဇီရမုဒြာ ဉာဏမုဒြာဟန်မျိုးကို တွေ့ရှိရသည်။ အကယ်စင်စစ် ဤရုပ်ပွါးတော်မှာ ဂန္ဓာရအနုပညာလက်ရာမျိုး ဖြစ်ပေသည်။

ဝေရောစန ရုပ်ပွါးတော်တွင် မမ္မစက္ကမုဒြာဖြင့် တွေ့ရှိပါက ဈာနိဗုဒ္ဓအဖြစ် အဓိပ္ပါယ်ကောက်ရသည်။ ဝဇီရမုဒြာဖြင့် တွေ့ရပါက ဝေရောစန အာဒိဗုဒ္ဓအဖြစ် အနက်ကောက်ယူရသည်။ ထိုအခါ ဉာဏမုဒြာဟုလည်း ခေါ်တွင်သည်။

ဗုဒ္ဓရုပ်ပွါးတော်များတွင် ဝဇီရဓာတ်ရှိကြောင်း ဖော်ပြလိုသောအခါ ဤမုဒြာကို သုံးကြသည်။

သဗ္ဗညုတဉာဏ ရှိတော်မူကြောင်းကို ဖော်ပြပုံဆောင်လိုသောအခါ၌လည်း ဤ မုဒြာကိုပင် အသုံးပြုကြသည်။

လက်ဝဲလက်ညှိုးသည် သတ္တလောကဖြစ်သည်၊ ၎င်းကို ဆုပ်ကိုင်ထားသည့် လက်ျာလက်ချောင်းများမှာ ဗုဒ္ဓလောကက ကာကွယ်စောင့်ရှောက်ထားသည်ဟု ဆိုလိုသည်။ လက်ျာလက်ငါးချောင်းမှာ လက်သန်းက ပထဝီ, လက်သူကြွယ်က တေဇော, လက်ခလယ်က အာပေါ, လက်ညှိုးက ဝါယော, လက်မက အာကာသ ဟူသော ဓာတ်ကြီး ငါးပါးကို သရုပ်ဆောင်သည်။

အချို့ပညာရှင်များက လက်ငါးချောင်းသည် အာယတနများ ဣန္ဒြိယငါးပါးတို့ကို သရုပ်ဆောင်သည်ဟု ဆိုကြသေးသည်။

လက်ျာလက်ငါးချောင်းတွင် လက်ဝဲလက်ညှိုး ထိုးပြပုံမှာ ဆဠာယတနခေါ် မနသစိတ်ကို ညွှန်ပြခြင်း ဖြစ်သည်။ ဓာတ်ကြီးခြောက်ပါးတွင် ဓာတ်ငါးပါးက သတ္တလောကမှလာ၍ မနောဓာတ်မှာ ဗုဒ္ဓလောကမှ လာသည်ဟု ဆိုသည်။

ဤ ဝဇီရမုဒြာခေါ် ဉာဏမုဒြာဖြင့် လက်ဝဲလက်ညှိုးတော် ဟူသော ဗုဒ္ဓဉာဏ်တော် စိတ်တော်သည် လက်ျာလက်သီးဆုပ် တည်းဟူသော သတ္တလောက ပဥ္စက္ခန္ဓာတွင်းသို့ ဝင်ရောက်လာဟန်ကို သင်္ကေတပြသည်ဟုလည်း ရှင်းလင်းမိန့်ဆိုထားပါသည်။

တိဗက်တွင် တန္တရယာနအလိုအားဖြင့် ဖိုဓာတ်နှင့် မဓာတ်ပေါင်းစပ်ကာ သတ္တဝါဖြစ်လာပုံ ဉာဏ်ဝင်လာပုံဟူသောသရုပ်ကို ဆောင်ကြောင်း လောကတည်ဆောက်ပုံကို သရုပ်ပြခြင်းဖြစ်ကြောင်းဖြင့် အနက်ဖွင့်ဆိုထားပေသည်။

---

Vajra Mudrā (Jñāna Mudrā) see MUDRĀ, p.102.
Jap: Chi ken-in
Ch: Chin-ch'uan-yin
Mikkyo-Esotericism

မဟာယာန ဗုဒ္ဓအဘိဓမ္မာတွင် ဥပါယနှင့် ပညာတို့ပေါင်းစပ်လာပုံကိုပြခြင်း ဖြစ်သည်ဟု ဆိုသည်။

တန္တရယာန ဝဇီရယာန စသော အယူအဆများမှ ပေါက်ဖွားလာသော ဗုဒ္ဓသျှတ္တိခေါ် ဘုရားနှင့် ကြင်ယာတော်ကို ပူးတွဲကိုးကွယ်မှုကို ဤဝဇီရမုဒြာက ပုံဖော်ပေးခဲ့သည်ဟုလည်း အဆိုအမိန့် ရှိလေသည်။ လကျာ် လက်ဆုပ်သည် သျှတ္တိဖြစ်၍ လက်ဝဲလက်ညှိုးက ဗုဒ္ဓဓာတ်ဖြစ်သည်ဟု ဆိုကြသည်။

အခြေခံအားဖြင့် ဝဇီရမုဒြာကို ဉာဏမုဒြာဟူ၍လည်း ခေါ်ကာ အနက်ကောက်ယူကြကြောင်းကို မှတ်သားရပါသည်။

## အဘိသေက မုဒြာ

ရေသွန်း အဘိတ်သိက်ခံ မင်္ဂလာများ၌ အသုံးပြုသော လက်ဟန်ကို အဘိသေကမုဒြာဟု ခေါ်သည်။လက်နှစ်ဖက်ကို လက်ဝါးခြင်း ပူးကပ်ထားသော လက်မနှင့်လက်ညှိုးများကို ဆန့်ထားပြီး ကျန်လက်ချောင်းများကိုမူ ယှက်၍ အတွင်းဘက်သို့ ခေါက်ကွေးထားသောပုံဖြစ်သည်။ ထိပ်ချင်း ပူးထားသော လက်မနှစ်ချောင်းနှင့် လက်ညှိုးနှစ်ချောင်းကိုသာ တွေ့မြင်ရသည့်ပုံ ဖြစ်သည်။

ဗုဒ္ဓရုပ်ပွါးကို ဤမုဒြာဖြင့် မတွေ့ရသေးချေ။ဤမုဒြာဖြင့် ဗောဓိသတ္တပုံများကိုသာ အများဆုံးတွေ့ရသည်။နတ်ဗြဟ္မာများ ရုပ်ပွါးကိုလည်း ဤမုဒြာဖြင့် မကြာခဏ တွေ့ရတတ်ပေသည်။

## ဗုဒ္ဓပတ္တမုဒြာ မူကွဲများ

ခြေဖနောင့်နှစ်ဘက်ကို အထက်သို့လှန်ထိုင်လျက် ယောဂါသနဟန်ဖြင့်ရှိရသည်။ လက်နှစ်ဖက်ကို ချက်လောက်တွင်ထားရသည်၊ လက်ဝဲလက်ကို အောက်မှ လက်ဝါးလှန်ကာ လကျာ်လက်ကို အထက်မှ လက်ဝါးမှောက်ပြီး ဖုံးထားသည်၊ ကြားတွင် သပိတ်ရှိနေသည့်ဟန်မျိုးပုံ ပေါ်နေရသည်။

တခါတရံ လက်ဝဲလက်မှ သက်န်းစနှစ်ခုကို ကိုင်ထားလျက် လကျာ်လက်ဝါးက အပေါ်မှမိုးထားသော ဟန်လည်းရှိသည်။

သကျမုနိ ဒိုင်ဟချီအင်ဟုလည်း ဂျပန်ပဋိမာသိပ္ပံတွင် ခေါ်ကြသေးသည်။

## ဝဇီရဟုက်ရမုဒြာမူကွဲများ

ရင်ပတ်ရှေ့တွင် လက်နှစ်ဖက်ကိုကြက်ခြေခတ်ထားပြီး လကျာ်လက်သီးဆုပ်ကအပြင်ဘက်, လက်ဝဲလက်သီးဆုပ်က အတွင်းဘက်မှထားပါက ဝဇီရဟုက်ရမုဒြာဟုခေါ်သည်။ လကျာ်လက်တွင် မိုးကြိုးသွား

---

Abhiseka Mudrā
Jap: Kanjo-in
Ch: Kuan-Ging-yin
Buddhapatta Mudrā
Jap: Buppatsu-in
Ch: Fo-puo-yin

ကိုင်ထားလျှင် ပို၍သေချာသည်။ လက်ဝဲလက်က တခါတရံ ခေါင်းလောင်းကြေးစည်ကို ကိုင်ထားတတ်သည်။

အချို့ပုံတွင် လက်ဝါးကို ပြင်ဘက်မှ လှည့်၍ လက်သီးဆုပ်သည်၊ အချို့ပုံတွင် လက်ဖမိုးကို ပြင်ဘက်လှည့်၍ လက်သီးဆုပ်ထားတတ်သည်။ ဂျပန်တွင် ဆန်ကိုင်ဆိုင်ရှိုးအင်းဟု ခေါ်သည်။

အချို့ပုံတွင် လက်ျာလက်သီးဆုပ်ကို အပေါ်တွင် မြှင့်တင်ထားပြီး လက်ဝဲလက်သီးဆုပ်ကို အောက်ဘွင် နှိမ့်ထားသည်။ လက်သီးဆုပ်ကိုလည်း လက်မအတွင်း လျှိုထားပြီး လက်ချောင်းအပေါ်မှ အုပ်ထားသည့် စိန်လက်သီးဆုပ်ပုံ ဖြစ်ကြသည်။

ထာဝရပျက်စီးနိုင်သောသဘော ထက်မြက်သော ဉာဏ်ပညာဟူသော အနက်ကို ဆောင်လေသည်။

လက်နှစ်ဖက်၏ လက်ဝါးများကို ပူးကပ်၍ထားသည်။ လက်သန်း လက်သူကြွယ်နှင့် လက်ခလယ်များကို အဖျားချင်း ထိ၍ ထောင်ထားသည်။ လက်ညှိုးများကိုချိုး၍ အဖျားချင်း ထောက်ထားသည်။ လက်မနှစ်ခုကို ပူးကပ်ထောင်ထားပြီး လက်ညှိုးထိပ်များနှင့် လက်မထိပ်များကို ထိထားသည်။

ရှေ့မှနေကြည့်လျှင် လက်မလက်ညှိုးကြားတွင် တြိဂံနှစ်ခုရှင်းတို့အပေါ်တွင် လက်ချောင်းများ ပူးထိရာတွင် တြိဂံတခုပုံပေါ်နေသည်။ တြိဂံသုံးခုပုံ ပေါ်နေသည်။

ဂျပန်ပဋိမာသိပ္ပံတွင် မုရှိုး ဖုရှိအင်းဟုခေါ်သည်။ သဗ္ဗတ္ထဂူ နေရာတကာ အနှံ့ ရောက်ရှိသော ဓာတ်သုံးပါးဟု အနက်ရသည်။ လက်ခြောက်ချောင်းသည် အာယတနခြောက်ပါး, ဓာတ်ခြောက်ပါး (ပထဝီ တေဇော အာပေါ ဝါယော အာကာသ မန) အနက်ကိုဆောင်သည်။ လက်ညှိုးလက်မ လေးချောင်းသည် မဏ္ဍလလေးခုကို သရုပ်ဆောင်သည်၊ တြိဂံသုံးခုသည် ကာယကံ ဝစီကံ မနောကံ သုံးပါး သရုပ်ဆောင်သည်၊ ဤဓာတ် မဏ္ဍလ ကမ်သုံးမျိုးသည် နေရာအနှံ့ ရောက်တတ်သောသတ္တိရှိရကား ဂုဏ္ဍတ္ထသုံးပါးဟုခေါ်သည်။

ဤမုဒြာကိုပင် စေတီပုံ မုဒြာဟုလည်း ခေါ်ကြသေးသည်။

## မရီစိမုဒြာ

လက်ဝဲလက်သီးပေါ်တွင် လက်ျာလက်ဝါးက မိုးအုပ်ထားသောပုံ မုဒြာမျိုး ရှိသေးသည်။ ဂျပန်ပဋိမာသိပ္ပံတွင် အုံးဂျိုးအင်းဟု ခေါ်သည်။ လျို့ဝှက်ဖုံးလွှမ်းထားသော လက်ဟန်ဟူ၍ အနက်ရသည်။ ကိုယ်ရောင်ဖျောက် မုဒြာဟုလည်း ခေါ်သည်။ တံလျှပ်မုဒြာဟုလည်း ခေါ်သည်။

မာရ်နတ်ရုပ်တုများတွင် အများဆုံးတွေ့ရသည်။ မရီစိမုဒြာဟုလည်း ခေါ်သည်။

---

Vajra-humkara Mudrā
Jap: Basara-un-kongo-in
Ch: Chuan-yueh-lo-hung-chin-kang-yin
Jap: Muchofushin
Marici Mudrā
Jap: Ongyoin

ဂျပန်တွင် မရီစိနတ်သမီးသည် ဝက်ဝံတာရာကြီး ခုနစ်လုံးအနက် တလုံးပေါ်တွင်နေကြောင်း, သူရိယ နေနတ်သား၏ အခြွေအရံဖြစ်ကြောင်း အဆိုရှိသည်။

တရုပ်ပြည်တွင် မရီစိ နတ်သမီးသည် ကောင်းကင်ကို ပိုင်စိုးသည်၊ တံလျှပ် နေရောင်လရောင်၏ အရှင်မဖြစ်သည်။

တိဗက်ပြည်တွင် မရီစိသည် နံနက်အရုဏ်ဘာက်ခြင်း၏ အရှင်သခင်မ ဖြစ်သည်။

ဤမရီစိမုဒြာကို ကျင့်သော ယောဂီသည် ကိုယ်ရောင်ပျောက်နိုင်စွမ်းသတ္တိကို ရရှိနိုင်သည်ဟု ယုံကြည်ကြသည်။ ရှိန်းဆာယာပိုမောက်=ကိုယ်ပျောက်သောအတတ်တွင် အရေးပါသော မုဒြာဟန် ဖြစ်လေသည်။

## အတွင်းလက်ဆုပ်နှင့် အပြင်လက်ဆုပ်မုဒြာများ

လက်နှစ်ဖက်ကို လက်ဝါးချင်း ပူးကပ်၍ထားသည်။ လက်ချောင်းများကို တချောင်းနှင့်တချောင်း ယှက်ထားပြီး လက်ဝဲလက်မပေါ်တွင် လက်ျာလက်မက ဖိထားသည်။ လက်ချောင်းထိပ်များသည် လက်ဖမိုးပေါ်တွင် တွယ်နေသဖြင့် ပြင်ပလက်ဆုပ် မုဒြာဟန်ဖြစ်သည်။ ဂျပန်တွင် ဂေဗကုကဲန် အင်းဟု ခေါ်သည်။

လက်နှစ်ဖက်ကို လက်ဝါးချင်းတေ့ဆိုင်၍ ထားသည်။ လက်ချောင်းများကို အတွင်းဘက်သို့ ခေါက်သွင်းထားပြီးမှ တေ့ထားသည်။ လက်ျာလက်မက လက်ဝဲလက်မပေါ်တွင် ဖိထားသည်။ လက်ချောင်းများအတွင်း၌ ငုပ်ပျောက်နေသောကြောင့် ဤမုဒြာကို အတွင်းလက်ဆုပ်မုဒြာဟု ခေါ်သည်။ ဂျပန်တွင် နိုင်ဗကုကဲန်းအင်း ဟု ခေါ်သည်။

ဤမုဒြာများကို ဘုရားရုပ်ပွါးဆင်းတုများတွင် မတွေ့ရှိရသေးချေ။ သာမန်ပုဂ္ဂိုလ်များ၏ ရုပ်ပွါးဆင်းတုများ၌သာ တွေ့ရှိရပေသည်။

## အဥ္စလိမုဒြာ ပုံစံကွဲများ

လက်အုပ်ချီပုံအမျိုးမျိုးရှိလေသည်။ လက်ဝါးနှစ်ခု ပူးကပ်ထားပြီးလျှင် လက်ချောင်းချင်း ယှက်ထင်၍ လက်ဝဲလက်မပေါ် လက်ျာလက်မဖိထားသော အဥ္စလိမုဒြာလည်းရှိသည်။

လက်ဝါးနှစ်ခုကို လက်ချောင်းလက်မများ အညီအညွတ် ပူးကပ်ထားသော အဥ္စလိမုဒြာရိုးရိုး ပုံလည်းရှိသည်။ ပဏာမအဥ္စလိဟုလည်း ခေါ်သည်။

လက်ဝါးနှစ်ခုကို ခပ်ခွါခွါထားပြီး လက်အုပ်ချီထားသော အဥ္စလိမုဒြာလည်း ရှိသည်။

---

Gebakukenin and Naibakukenin
Mariel, Mirage light, lightening.

လက်ဆယ်ချောင်းသည် ပါရမီတာဆယ်ပါးကို သရုပ်ဆောင်သည်။ ဓမ္မဓာတုဆယ်ပါးကို သရုပ်ဆောင်သည်။

သို့ဖြစ်၍ လက်အုပ်ချီရာတွင် ယှက်ထားသော လက်မလက်ညှိုး လက်ချောင်းများ၏ ပုံပန်းပေါ် မူတည်၍ အမျိုးအစား ကွဲပြားလာလေသည်။

အဥ္စလီကို ရင်ညွန့်တွင်ရင်း, ရင်ပတ်အထက်တွင်ရင်း, မေးစေ့အောက်တွင်ရင်း, မျက်နှာရှေ့ နှာယောင်လောက်တွင်ရင်း, နဖူးပေါ်တွင်ရင်း, ခေါင်းပေါ်တွင်ရင်း အမျိုးမျိုးတင်ကြသဖြင့် မူအမျိုးမျိုး ကွဲပြားလာခဲ့ရလေသည်။ အထက်၌ လက်အုပ်ဆယ့်နှစ်မျိုးရှိကြောင်း တင်ပြခဲ့ပြီး ဖြစ်ပါသည်။

ဤသို့လျှင် မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာလောကတွင် ယခု နှစ်ဆယ်ရာစုခေတ် ပစ္စုပ္ပန်ကာလ၌ မတွေ့ရှိရသေးသော်လည်း သုတေသနပြုစု ရှာဖွေလေ့လာကြသောကြောင့် နောင်တခေတ်တွင် တွေ့ရှိ လာကြရဦးမည်ဖြစ်သော ရုပ်လုံး၊ ရုပ်ပွါး၊ ရုပ်ကြွ၊ ရုပ်ထွင်း၊ ဆင်းတု၊ ဆေးရေးပန်းချီများ၌ မုဒြာ ဟတ္ထ လက်ဟန်ပုံစံများကို ကြိုတင်သိရှိ နားလည်ထားသင့်ပေသည်။ သို့ဖြစ်၍ အရှေ့တောင်နှင့် အရှေ့ဖျားဒေသ အာရှနိုင်ငံများရှိ ပဋိမာသိပ္ပံပညာနယ်ပယ်တွင် လက်ခံကျင့်သုံးလျက်ရှိသော မုဒြာ အာသနများ၏ အကဲဖြတ်ပုံ ဥပဒေသအချို့ကို အမြွက်မျှ ဆက်စပ် တင်ပြအပ်ပါသတည်း။

မြန်မာ့ရိုးရာပဋိမာ သိပ္ပံပညာသည် ပြည့်စုံလုံလောက်သော အနုပညာရပ်တခုအဖြစ် အဓွန့် ရှည်ကြာစွာ ရပ်တည်ပါစေသတည်း။

## လက်များ၏ သင်္ကေတအနက်သဘော

မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာရပ်တွင် မုဒြာတို့၏ မူလရင်းမြစ်ဖြစ်သော လက်ဝဲလက်နှင့် လက်ျာ လက်တို့၌ရှိသော လက်ညှိုး လက်ဆစ် အသီးသီးတို့၏ သင်္ကေတအနက်အဓိပ္ပါယ် အနှစ်သာရများကို တန္တရာယာန, မန္တရာယာန, ဝဇီရာယာန စသော နက်နဲလျှို့ဝှက်သည့် (အဘိဓမ္မာ) သို့ မှော်ဝိဇ္ဇာပညာ ရပ်ဆိုင်ရာ ဂိုဏ်းဆရာကြီးများက ဆရာစဥ်ဆက် ပို့ချသင်ကြားခဲ့ကြလေသည်။


ထိုလက်နှစ်ဖက် အင်္ဂါအစိတ်အပိုင်းများ၏ သင်္ကေတအနက်များကို စုပေါင်းစိစစ်ကြည့်လိုက်ပါက အောက်ပါအတိုင်း သိရှိနားလည်အပ်ပေသည်။ မုဒြာဆိုင်ရာ အကဲဖြတ်စိစစ်မည့် သုတေသီတိုင်း ဤ အခြေခံသင်္ကေတအနက်သဘောများကို ရင်ဝယ်ပိုက်ထားမိရန် အလွန်အရေးကြီးလှပေသည်။


လက်နှစ်ဖက်ဖြင့် လောကသုံးပါးစလုံး၏ သဘောသရုပ်ကို သဏ္ဌာန်ဆောင်ရမည် ဖြစ်သော ကြောင့် လောကသုံးပါးသည်ပင်လျှင် လက်နှစ်ဖက်ဖြစ်သည်ဟု အခြေခံအားဖြင့် ခံယူအပ်ပေသည်။

ဤတွင် လက်ဝဲလက်ျာ ခွဲဝေလိုက်ပြန်သည်ရှိသော်——

၁။ လက်ဝဲလက်သည် လ (စန္ဒာ)၏ သင်္ကေတဖြစ်၍ လက်ျာလက်သည် နေ (သူရိယ)၏ သင်္ကေတဖြစ်သည်။

**မူကြံသွား နှင့် လက်သင်္ကေတ**



၂။ လက်ဝဲလက်သည် သမထစခန်း၊ စိတ်တည်ငြိမ်မှုလုပ်ငန်း၏ သင်္ကေတဖြစ်၍ လက်ျာလက်သည် ဝိပဿနာစခန်း ပညာဉာဏ်ပွါးများ ပွင့်လင်းမှုလုပ်ငန်း၏ သင်္ကေတဖြစ်သည်။

၃။ လက်ဝဲလက်သည် သတ္တလောက၏ သင်္ကေတဖြစ်၍ လက်ျာလက်သည် ဝဇီရလောက၏ သင်္ကေတဖြစ်သည်။

၄။ လက်ဝဲလက်သည် နီဝရဏတရားငါးပါးကို ပယ်ရှားနိုင်သည့် သဘောဖြစ်၍ သီလနှင့် သမာဓိ၏ သင်္ကေတဖြစ်သည်။ လက်ျာလက်သည် အရာခပ်သိမ်းကို သိမြင်နားလည်နိုင်သည့် သဘောဖြစ်၍ ပညာ၏ သင်္ကေတဖြစ်သည်။

၅။ လက်ဝဲလက်သည် တုန်လှုပ်ပြေးလွှား မနေမနားသည့် စိတ်ကို ချုပ်ကိုင် အုပ်ထိန်းသည့် သဘောကို ပြသည်။ လက်ျာလက်သည် အရာခပ်သိမ်းကို လေ့လာရှုမြင် ဆင်ခြင်တတ်သောသဘောကို ပြသည်။

၆။ လက်ဝဲလက်သည် မဂ်လာ၏ သင်္ကေတဖြစ်သည်။ လက်ျာလက်သည် ဗဟုသုတ အသိဉာဏ်၏ သင်္ကေတဖြစ်သည်။

၇။ လက်ဝဲလက်သည် သမုတိသစ္စာ၏သင်္ကေတဖြစ်သည်။ လက်ျာလက်သည် ပရမတ္ထသစ္စာ၏ သင်္ကေတဖြစ်သည်။

၈။ လက်ဝဲလက်သည် ကြည်ညိုတတ်သော သဒ္ဓါသဘောကိုပြသည်။ လက်ျာလက်သည် ဒါန ပေးကမ်းခြင်းသဘောကို ပြသည်၊

၉။ လက်ဝဲလက်သည် အဇ္ဈတ္တအတွင်းသဏ္ဌာန်ကို သရုပ်ဆောင်သည်။ လက်ျာလက်သည် ဗဟိဒ္ဓပြင်ပသဏ္ဌာန်ကို သရုပ်ဆောင်သည်။

၁၀။ လက်ဝဲလက်သည် သမထ၏သင်္ကေတဖြစ်သည်။ လက်ျာလက်သည် ပညာ၏ သင်္ကေတဖြစ်သည်။

၁၁။ လက်ဝဲလက်သည် မေတ္တာ၏ သင်္ကေတဖြစ်သည်။ လက်ျာလက်သည် ကရုဏာ၏ သင်္ကေတဖြစ်သည်။

၁၂။ လက်ဝဲလက်သည် ဖလအကျိုးတရား၏ သင်္ကေတဖြစ်သည်။ လက်ျာလက်သည် ဟေတုအကြောင်းတရား၏ သင်္ကေတဖြစ်သည်။

၁၃။ လက်ဝဲလက်သည် ပညာလောက၏ သင်္ကေတဖြစ်သည်။လက်ျာလက်သည် အဝိဇ္ဇာလောက၏ သင်္ကေတဖြစ်သည်။

---

Dictionary of Buddhism, Mochisuki Shinkyo, p.177, Tokyo, 1954.
Mudrā, Saunders, pp.30,31,32, London, 1960.
ibid. p.211 (Tagano - - - 0)
Symbolic Gestures Indicated by Two Hands. (Mudrā).

၁၄။ လက်ဝဲလက်သည် ပုထုဇဉ်သတ္တဝါတို့၏ သင်္ကေတဖြစ်သည်။ လကျ်ာလက်သည် မြတ်စွာဘုရားစသော အရိယာပုဂ္ဂိုလ်တို့၏ သင်္ကေတဖြစ်သည်။

၁၅။ လက်ဝဲလက်သည် ငြိမ်သက်သော သန္တိသုခသဘော၏ သင်္ကေတဖြစ်သည်။ လကျ်ာလက်သည် လှုပ်ရှားပြေးလွှားနေသော သံသရာ၏ သဘောသင်္ကေတဖြစ်သည်။

ဤကဲ့သို့ လက်တဖက်စီ၏ လက်ဝဲ လကျ်ာ မုဒြာသင်္ကေတများကို အခြေခံအားဖြင့် ခွဲခြားကာ အနက်အဓိပ္ပါယ် ကောက်ယူခဲ့ကြလေသည်။

ထိုမှ တဆင့်တက်၍ လက်သန်း လက်သူကြွယ် လက်ခလယ် လက်ညှိုး လက်မ စသည်တို့ကိုလည်း လက်ဝဲ လကျ်ာ ခွဲခြားကာ အဓိပ္ပါယ် အသေးစိတ် ကောက်ယူလာကြပြန်လေသည်။

ဝဇီရယာနဂိုဏ်းမှ ပညာရှင်ကြီးများ၏ အသေးစိတ် နက်နဲစွာ ကြံဆ ကောက်ယူခဲ့ကြသော မုဒြာဆိုင်ရာ သင်္ကေတများကို ပဋိမာသိပ္ပံပညာလောက၌ ချဲ့ထွင်လက်ခံလာကြလေသည်။ ဤတွင် အိန္ဒိယပြည်၌ (၇)ရာစုနှစ် နောက်ပိုင်းတွင်၎င်း, ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ တိဗက်နှင့် တရုပ်ပြည်များတွင် (၁)ရာစုနှစ် နောက်ပိုင်းတွင်၎င်း, ဂျပန်ပြည်တွင် (၉)ရာစုနှစ် အစပိုင်းတွင်၎င်း, ကျန်အရှေ့ဖျားဒေသ ရပ်ရွာများတွင် (၉)ရာစုနှစ် နောက်ပိုင်းနှင့် (၁၀)ရာစု နှစ်ဦးပိုင်းများတွင်၎င်း, မုဒြာသင်္ကေတများကို အသေးစိတ် အနက်အဓိပ္ပါယ် ကောက်ယူလက်ခံလာကြသည်ကို တွေ့ရှိနိုင်ပေသည်။ သို့ဖြစ်၍ အခြေခံအားဖြင့် လက်ချောင်းတချောင်းစီ၏ မုဒြာသင်္ကေတများကိုအောက်တွင် ဆက်လက်ဖော်ပြထားပါသည်။

လက်ချောင်းတချောင်းစီကိုပင် ခန္ဓာအားဖြင့်၎င်း, ဗောဓိသတ္တအားဖြင့်၎င်း, ဗိုလ်အားဖြင့်၎င်း, ပါရမီအားဖြင့်၎င်း, ဓာတ်အားဖြင့်၎င်း, မြတ်စွာဘုရားအားဖြင့်၎င်း, ဘုံလောကအားဖြင့်၎င်း အသီးသီး ခုနစ်ပိုင်းစီ သင်္ကေတ ခွဲခြားထားရပေသည်။

၁၆။ လက်ဝဲလက်၏ လက်သန်းသည်—

(၁) ရူပက္ခန္ဓာကို၎င်း၊
(၂) ဇယအောင်ခြင်း မင်္ဂလာဗောဓိသတ္တကို၎င်း၊
(တေမိယဘုရားလောင်းကို၎င်း၊ အင်းဆန်တွင် သျှဟုရေးသည်) (တေ)။
(၃) သဒ္ဓါဗိုလ်ကို၎င်း၊
(၄) ပညာပါရမီကို၎င်း၊
(၅) ပထဝီဓာတ်ကို၎င်း၊
(၆) သကျမုနိမြတ်စွာဘုရားကို၎င်း၊ (နိမ္မာနကာယကို၎င်း)
(၇) ငရဲဘုံကို၎င်း

အမျိုးမျိုး သရုပ်ဆောင်သည့် မုဒြာသင်္ကေတဖြစ်သည်။

၁၇။ လကျ်ာလက်၏ လက်သန်းသည်—

(၁) ရူပက္ခန္ဓာကိုရင်း၊
(၂) ဇယမင်္ဂလာ ဗောဓိသတ္တကိုရင်း၊ (သျှ) ဘုရိဒတ္တဘုရားလောင်းကိုရင်း၊ (ဘူ)။
(၃) သဒ္ဓါဗိုလ်ကိုရင်း၊
(၄) ဒါနပါရမီကိုရင်း၊
(၅) ပထဝီဓာတ်ကိုရင်း၊
(၆) သကျမုနိမြတ်စွာဘုရားကိုရင်း၊ (နိမ္မာနကာယကိုရင်း)
(၇) နတ်ဒေဝါများဘုံကိုရင်း

အမျိုးမျိုး သရုပ်ဆောင်သည့် မုဒြာသင်္ကေတဖြစ်သည်။

၁၈။ လက်ဝဲလက်၏ လက်သူကြွယ်သည်—

(၁) ဝေဒနာက္ခန္ဓာကိုရင်း၊
(၂) ဝိကိဏ္ဏဗောဓိသတ္တကိုရင်း (အဝိဇ္ဇာ ကို ဖယ်ရှားနိုင်ခြင်းဟူသောအနက် အင်းဆန်တွင် ဟြီ ဟု ရေးသည်) ဇနကဘုရားလောင်းကိုရင်း(ဇ)။
(၃) ဝီရိယဗိုလ်ကိုရင်း၊
(၄) ဥပါယပါရမီကိုရင်း၊ (မေတ္တာပါရမီကိုရင်း)
(၅) အာပေါဓာတ်ကိုရင်း၊
(၆) အမိတာဘာမြတ်စွာဘုရားကိုရင်း၊
(၇) ပြိတ္တာဘုံကိုရင်း၊

အမျိုးမျိုး သရုပ်ဆောင်သည့် မုဒြာသင်္ကေတဖြစ်သည်။

၁၉။ လကျ်ာလက်၏ လက်သူကြွယ်သည်—

(၁) ဝေဒနာက္ခန္ဓာကိုရင်း၊
(၂) ဝိကိဏ္ဏဇမ္ဘာဓိသတ္တကိုရင်း၊ (ဟြီ) စန္ဒကုမာရဘုရားလောင်းကိုရင်း၊ (စန်)၊
(၃) ဝီရိယဗိုလ်ကိုရင်း၊
(၄) သီလပါရမီကိုရင်း၊
(၅) အာပေါဓာတ်ကိုရင်း၊
(၆) အမိတာဘာမြတ်စွာဘုရားကိုရင်း၊
(၇) သာဝကရဟန္တာများဘုံကိုရင်း၊

အမျိုးမျိုးသရုပ်ဆောင်သည့် မုဒြာသင်္ကေတဖြစ်သည်။

၂၀။ လက်ဝဲလက်၏ လက်ခလယ်သည်—
(၁) သညာက္ခန္ဓာကိုင်း၊
(၂) တေဇောရာသိ ဗောဓိသတ္တကိုင်း၊ သုဝဏ္ဏသာမ ဘုရားလောင်းကိုင်း၊ (အင်းဆန်တွင် ကြံ့ ဟုရေးသည်) (သု)
(၃) သတိဗိုလ်ကိုင်း၊
(၄) ပဏ္ဏိခေနပါရမီကိုင်း၊ (အဓိဋ္ဌာနပါရမီကိုင်း)
(၅) တေဇောဓာတ်ကိုင်း၊
(၆) ရတနသမ္ဘဝ မြတ်စွာဘုရားကိုင်း၊
(၇) တိရစ္ဆာန်ဘုံကိုင်း၊
အမျိုးမျိုးသရုပ်ဆောင်သော မုဒြာသင်္ကေတဖြစ်သည်။

၂၁။ လကျ်ာလက်၏ လက်ခလယ်သည်—
(၁) သညာက္ခန္ဓာကိုင်း၊
(၂) တေဇောရာသိဗောဓိသတ္တကိုင်း၊ (ကြံ့) နာရဒရသေ့ဘုရားလောင်းကိုင်း၊ (နာ)။
(၃) သတိဗိုလ်ကိုင်း၊
(၄) ခန္တီပါရမီကိုင်း၊
(၅) တေဇောဓာတ်ကိုင်း၊
(၆) ရတနသမ္ဘဝမြတ်စွာဘုရားကိုင်း၊
(၇) ပစ္စေကဗုဒ္ဓါဘုံကိုင်း၊
အမျိုးမျိုးသရုပ်ဆောင်သော မုဒြာသင်္ကေတဖြစ်သည်။

၂၂။ လက်ဝဲလက်၏ လက်ညှိုးသည်—
(၁) သင်္ခါရက္ခန္ဓာကိုင်း၊
(၂) ထီးဖြူရှင်သီတာဟာဗတ္တခေါ် အဝလောကိကေသွာရ ဗောဓိသတ္တကိုင်း၊
အင်းဆန်တွင် လံ ဟု ရေးသည်)
ဘုရားလောင်း နေမိစကြာဝတေးမင်းကိုင်း၊ (နေ)
(၃) သမာဓိဗိုလ်ကိုင်း၊
(၄) ဗလပါရမီကိုင်း၊ (သစ္စာပါရမီကိုင်း၊)
(၅) ဝါယောဓာတ်ကိုင်း၊
(၆) အက္ခောဘျ မြတ်စွာဘုရားကိုင်း၊

(၇) အသုရကာယဘုံကိုရင်း၊

အမျိုးမျိုးသရုပ်ဆောင်သော မုဒြာသင်္ကေတဖြစ်သည်။

၂၃။ လကျ်ာလက်၏ လက်ညှိုးသည်—

(၁) သင်္ခါရက္ခန္ဓာကိုရင်း၊

(၂) အဝလောကိတေသွာရ ထီးဖြူရှင် ဗောဓိသတ္တကိုရင်း၊ (လံ) ပညာရှိဝိဓူရဘုရားလောင်းကိုရင်း၊ (ဝိ)

(၃) သမာဓိဗိုလ်ကိုရင်း၊

(၄) ဝီရိယပါရမီကိုရင်း၊

(၅) ဝါယောဓာတ်ကိုရင်း၊

(၆) အက္ခောဘျ မြတ်စွာဘုရားကိုရင်း၊

(၇) ဗောဓိသတ္တဘုံကိုရင်း၊

အမျိုးမျိုးသရုပ်ဆောင်သော မုဒြာသင်္ကေတဖြစ်သည်။

၂၄။ လက်ဝဲလက်၏ လက်မသည်—

(၁) ဝိညာဏက္ခန္ဓာကိုရင်း၊

(၂) ဝိဇယဗောဓိသတ္တကိုရင်း၊ ဘုရားလောင်း မဟောသဓသုခမိန်ကိုရင်း၊ (အင်းဆန်တွင် သျှိ ဟု ရေးသည်) (မ)

(၃) ပညာဗိုလ်ကိုရင်း၊

(၄) ဉာဏပါရမီကိုရင်း၊ (နိက္ခမ္မပါရမီကိုရင်း)။

(၅) အာကာသဓာတ်ကိုရင်း၊

(၆) ဝေရောစန မြတ်စွာဘုရားကိုရင်း၊ (ဓမ္မကာယကိုရင်း)

(၇) မနုဿလူ့ဘုံကိုရင်း၊

အမျိုးမျိုးသရုပ်ဆောင်သော မုဒြာသင်္ကေတဖြစ်သည်။

၂၅။ လကျ်ာလက်၏ လက်မသည်—

(၁) ဝိညာဏက္ခန္ဓာကိုရင်း

(၂) ဝိဇယဗောဓိသတ္တကိုရင်း၊ (သျှိ)ဘုရားလောင်း ဝေဿန္တရာမင်းကြီးကိုရင်း၊ (ဝေ)

(၃) ပညာဗိုလ်ကိုရင်း၊

(၄) ဈာနပါရမီကိုရင်း (ဥပေက္ခာပါရမီကိုရင်း)

(၅) အာကာသဓာတ်–သုညဓာတ်ကိုရင်း၊

(၆) ဝေရောစနမြက်စွာဘုရားကိုင်း၊ (ဓမ္မကာယကိုင်း)
(၇) သမ္ဘုဒ္ဓ လောကကိုင်း
အမျိုးမျိုးသရုပ်ဆောင်သော မုဒြာသင်္ကေတဖြစ်သည်။

**အမှာလွှာ။** မြန်မာ့ရိုးရာပေါဟာရတွင် (တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ၊)
ဟူသော အက္ခရာဆယ်လုံး သုံးစွဲနေကြပုံကို သုတေသနပြုသင့်ပါသေးသည်။

ဤမျှလောက်သော စကားအစဉ်ဖြင့် မြန်မာ့ရိုးရာ ရုပ်တု ရုပ်ထွင်း ရုပ်ကြွ ရုပ်လုံး ရုပ်ပွါးဆင်းတု ဆေးရေးပန်းချီကားချပ် စသည်များတွင် တွေ့ရှိကြရသော လက်ထားဟန် မုဒြာအမျိုးမျိုး၏အတွင်း ငုပ်လျှက်ရှိသော ခက်ခဲနက်နဲသည့် ဒဿနပညာသဘောတရား အနှစ်သာရတို့ကို အခြေခံအားဖြင့် စိစစ်သိရှိနားလည်နိုင်ကြပါစေရန် ရည်သန်ညွှန်းထား၍ ရေးသားတင်ပြအပ်ပါသတည်း။

# နိဂုံးချုပ်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်အတွင်း၌ မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသား လူမျိုးများအားလုံး၏ ယဉ်ကျေးမှု ဓလေ့သုံးစံနှင့် ဘဝခံယူချက်သဘောတရားများကို လေ့လာသုံးသပ်ထင်ဟပ်ကျင့်သုံးလိုသော သုတေသီတို့သည် မြန်မာ့ရိုးရာယဉ်ကျေးမှု၏ ကြေးမုံမှန်ပြင်သဘွယ်ဖြစ်သည့် ပန်းပု ပန်းချီ ပန်းတိမ် ပန်းပဲ ပန်းတည်း ပန်းပွတ် ပန်းရန် ပန်းတမော့ ပန်းယွန်း ပန်းခတော့ ပန်းတျော ပန်းရွဲ တည်းဟူသော အနုပညာရပ်များကို ကြည့်တတ် ရှုတတ် အကဲဖြတ်တတ်၍ အမြတ်တနိုး တန်ဘိုးထားတတ်အောင် အခွခြခံအားဖြင့် လေ့လာသိ၍ သဘောပေါက်ထားရန်မှချလိုအပ်လှပေသည်။

ယဉ်ကျေးမှု အနုပညာရပ်များကို လေ့လာရန် ဆန္ဒရှိသူတို့သည် စာကြည့်တိုက်များသို့ချဉ်းကပ်၍ စာအုပ်စာတမ်းများကို ဖတ်ရှုလေ့လာကြရပေသည်။ စာအုပ်စာတမ်းများမှာ တဖက်မြင် (One Dimension) သဘောသွားရှိကြသဖြင့် ထိုစာလုံးအက္ခရာများကို သိမြင်နားလည်လျှင် ထိုအက္ခရာမှ ပေါ်ထွက်လာသော အနက်အဓိပ္ပါယ် သဘောတရားကို တဆင့်တက်၍ သိရှိနားလည်ကြရပေသည်။

ထိုမှတဖန် ပြတိုက်သို့ ချဉ်းကပ်ပြန်၍ ရုပ်လုံး ရုပ်ပွါး ရုပ်တွင်း ရုပ်ထု ရုပ်ခုံး ရုပ်ကြွ ဆေးရေး ပန်းချီကားချပ် ဝတ္ထုစသည်တို့ကို ကြည့်ရှုလေ့လာကြရပေသည်။ ယင်းပြတိုက်ပစ္စည်းများမှာ လေးဖက်မြင် ပတ်ပတ်လည် ထက်ဝန်းကျင်မှ မြင်ရသောသဘောသွား ရှိကြလေသောကြောင့် ဝဲယာရှေ့နောက် ထက်အောက်ဝန်းကျင်မှ ကြည့်ရှုလေ့လာသုံးသပ်ခွင့် ရရှိနိုင်ကြရလေသည်။ သုတေသီတို့သည် ရုပ်ပုံသဏ္ဍာန်အဆင်းသွင်ပြင် ကြန်အင်လက္ခဏာတို့ကို တိုက်ရိုက် မြင်တွေ့ကြရသဖြင့် ထိုမြင်ကွင်းရှုကွက်မှ ပေါ်ထွက်လာသော အနက်အဓိပ္ပါယ်သဘော ဆကာယကို တဆင့်တက်၍ သိရှိနားလည်နိုင်ကြပေသည်။

ဤသို့လျှင် စာအုပ်စာတမ်းကိုဖတ်ကာ အက္ခရာမှပေါ်ထွက်လာသော အနက်သဘောကို တွေးတောကြံဆ သိရှိနားလည်ခြင်း အတတ်နှင့် ရုပ်လုံး ရုပ်တု ရုပ်ပုံ ဝတ္ထုပစ္စည်းများကို ကြည့်ရှုကာ ယင်းဝတ္ထုရုပ်များမှ ပေါ်ထွက်လာသော အနက်အဓိပ္ပါယ် သဘောတရားတို့ကို တွေးကြံယူဆပြီးမှ သိရှိနားလည်ခြင်း အတတ်တို့မှာ ယဉ်ကျေးမှု အနုပညာ လောကတွင် မတတ်လျှင် မဖြစ်စကောင်းသော ချဉ်းကပ်ပုံ ချဉ်းကပ်နည်း ပညာရပ်များ ဖြစ်ကြလေသည်။ အချုပ်အားဖြင့် ဆိုရပါမူ စာကြည့်တိုက်သိပ္ပံပညာနှင့် ပြတိုက်သိပ္ပံပညာရပ်နှစ်ခုကို တတ်ကျွမ်းနားလည်ထားမှသာ ယဉ်ကျေးမှု အနုပညာကို လေ့လာရာ၌ များစွာအထောက်အကူ ရရှိနိုင်မည်ဖြစ်ပေသည်။

တဖန် ပြတိုက်သိပ္ပံပညာရပ်တွင်လည်း ဘာသာရပ်များစွာပင် ရှိပြန်လေသည်။ ယင်းတို့အနက် (Iconography) ပဋိမာသိပ္ပံပညာခေါ် ရုပ်ပွါး ရုပ်လုံး ရုပ်ခုံး ရုပ်ကြွ ရုပ်ထွင်း ရုပ်တုမှစ၍ ဆေးရေး ပန်းချီကားချပ်စသည်တို့၏ အနက်အဓိပ္ပါယ် သဘောသဘာဝကို ဖော်ထုတ်စိစစ် တင်ပြနိုင်သောပညာရပ်သည်လည်း တခု အပါအဝင်ဖြစ်လေသည်။

ယင်း ပဋိမာသိပ္ပံဘာသာရပ်၏ ပဓာန အင်္ဂါရပ်ကြီးများမှာ မုဒြာဟတ္ထခေါ် လက်ဟန် အမူအရာများ၊ ဌာနကာသနခေါ် ရပ်တည်ပုံ ကိုယ်ဟန် ခြေကားများ၊ အာသန-ပိဋ္ဌ ပလ္လင်ခေါ် ထိုင်ပုံဟန်ပန်နှင့် ထိုင်ခုံပလ္လင်များ၊ သယာနခေါ် လဲလျောင်းပုံဟန်ပန်များ၊ နိဋ္ဋတ္တခေါ် ကခုန်ပုံလှုပ်ရှား ပြေးသွားနေဟန်များ၊ ဘူသနခေါ် ဝတ်စား တန်ဆာအဆင်အယင်များ၊ မောလိ–ကေသဗန္ဓခေါ် ဦးခေါင်းပုံ သဏ္ဌာန်နှင့် ဆံထုံးဖွဲ့မှုများ၊ ဓောတိ-စိဝရခေါ် ဝတ်ရုံသင်္ကန်းစသည်များ၊ သီရစက္က–ပဘာဝလိခေါ် ရောင်ခြည် ဝန်းကျင်များ၊ အာယုဓ–ပရိဘောဂ-ပရိက္ခရာခေါ် လက်စွဲလက်ကိုင် အဆောင်အယောင်များ၊ ဝါဟန-ယာနခေါ် စီးနင်းသောယာဉ် သတ္တဝါများနှင့် အသုံးပြုလုပ်ထားသော ဝတ္ထုပစ္စည်းများ အတိုင်းအတွာ အလေးချိန်များတို့ပင် ဖြစ်ကြသည်။

ဤသုတေသနစာတမ်းတွင် မုဒြာဟတ္ထဆိုင်ရာ ပဓာနအချက်ကြီးများကို အခန်းလိုက်ခွဲခြားကာ ရှင်းလင်းချက်၊ ပြယုဂ်ပုံစံ၊ ကျမ်းညွှန်းများဖြင့် စနစ်တကျ ရေးသားတင်ပြခဲ့ပါသည်။

အဘယ်ကြောင့် ဤသုတေသနစာတမ်းကို ပြုစုရကြောင်းကိုလည်း နိဒါန်းပိုင်းတွင် အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါသည်။

ထို့နောက် သမိုင်းကြောင်းကို ကြိုတင်သိရှိထားစေရန်အတွက် မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာရပ်၏ ကျောခထောက်နောက်ခံသမိုင်းအကျဉ်းချုပ်ကိုလည်း တင်ပြခဲ့ပြီး ဖြစ်ပါသည်။

တဖန် မြန်မာ့ရိုးရာရုပ်ပွါးဆင်းတု စသည်တို့၏ အခြေခံသဘောတရားများကို ဆက်လက် လေ့လာ သုတေသနပြုနိုင်ကြစေရန်အတွက် ရည်ရွယ်၍ နောက်ဆုံးအခန်းတွင် ဒေဝါဒေဝီများနှင့် အတွင်းသုံးဆယ့်ခုနစ်မင်း၊ အပြင်သုံးဆယ့်ခုနစ်မင်း နတ်ကြီးများအကြောင်းကို အမြွက်မျှ ဆန်းစစ်ဝေဖန် ပြထားပါသည်။

ဤ သုတေသနစာတမ်းကို ဖတ်ရှုလေ့လာပြီးကုန်သော လုပ်သားပြည်သူ သုတေသီတိုင်းသည် ဗာဟုသစ္စဉ္စ သိပ္ပဉ္စ မင်္ဂလာတရားတော်များကို ရင်ဝယ်ပိုက်ကာ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာကို မတိမ်ကော မပပျောက်အောင် တတပ်တအား ဝိုင်းဝန်းစောင့်ရှောက် မြေတောင်မြှောက်လိုသောဆန္ဒ ဖြစ်ပေါ်ခဲ့ပါမူကား ဤ စာတမ်းပြုစုရကျိုးနပ်ပေပြီဟု အလေးအနက် ခံယူလျက်ရှိပါသည်။

ဤမျှလောက်သော မင်္ဂလာစကားအစဉ်ဖြင့် ကျွန်ုပ်တို့ လေ့လာ တတ်မြောက်ထားအပ်သည့် မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာ၏ အခြေခံ အကဲဖြတ် သုတေသနစာတမ်းပထမပိုင်းကို ပြီးဆုံးကမ္ပတ်နိဂုံးသတ်လိုက်ရပါသတည်း။ ဆက်လက်၍ အာသန-ပိဋ္ဌပလ္လင်အကြောင်းများ စသည့် ပဋိမာသိပ္ပံပညာဆိုင်ရာ ဘာသာရပ်များကို တင်ပြဦးမည်ဖြစ်ပါသတည်း။

၁၉၇၇-ခုနှစ်

စဝ်ထွန်းမှာ်ဝင်း
ညွှန်ကြားရေးမှူး (သုတေသန)
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေး ရန်ကုန်။

## ကိုးကားညွှန်းထားသော လက်ရွေးစဉ်ကျမ်းညွှန်းစာအုပ်စာတမ်းများ
## (အင်္ဂလိပ် ဘာသာ)


**The Art of Indian Asia,** Heinrich Zimmer, Pantheon Books, Bollingem Series XXXIX. 1954, U.S.A.

**Burma, The Golden Country,** Horizons Magazine, U.S.I.S. 1971.

**Dictionary of Buddhism,** Mochisuki Shinkyo. Tokyo, 1954.

**Dated Buddha Images of Northern Siam,** A.B. Griswold Artibus Asiae Publishers, Ascona, Switzerland, 1956.

**The Development of Hindu Iconography,** Jitendra Nath Banerjee, University of Calcutta, 1956.

**Elements of Hindu Iconography,** T.A. Gopinatha Rao, Madras. 2 vols.

**Foundation of Tibetan Mysticism,** Lama Anagarika Govinda. Rider and Company London, 1959.

**Iconography of Buddhist and Brahmanical Sculptures in the Decca Museum,** Bhattasali, Malini Kanta. 1929.

**The Indian Buddhist Iconography,** Benoytosh Bhattacharyya, Firma, K.L. Makhopadhyay, Calcutta, 1958 Second Edn.

**Icons in Bronze.** D.R. Thapar. Asia Publishing House, New York, 1961.

**Iconography of Tibetan Lamaism,** Antoinette K. Gordon.

**Light on Yoga,** B.K.S. Iyengar, George Allen and Unwin Ltd. London, 1965.

**Lokatheippam, Early Burmese Culture in a Pagan Temple,** Bohmu Ba Shin, Burma Historical Commission, Burma. 1962.

**Mudrā, A Study of Symbolic Gestures in Japanese Buddhist Sculpture,** E. Dale Saunders Routledge and Kegan Paul Ltd., London, 1960.

**Pictorial Guide to Pagan,** The Director of Archeological Survey, Burma, The Rangoon University Press, Rangoon, 1955.

**Survey of Indian Sculptures.** S.K. Sarasmati Firma K.L. Mukhopadhyay Calcutta, 1957.

**Tibetan Collections** Vol-1. Newark Museum. U.S.A.

**The Thirty Seven Nats. (A Phase of Spirit Worship prevailing in Burma),** R.C. Temple. W. Grigga London, 1906.

**The Upper Burma Gazetteer** Part.1. Vol.11.

**Yoga Physical Education for Women,** Sat. Sitadevī Yogendra, The Yoga Institute Bonbay, 1947.

**OLD BURMA - EARLY PAGAN,** Gordon H. Luce and Bo-Hmu Ba Shin, Three Voulmes: Artibus Asiae and the Institue of Fine Arts. N.Y. 1970. (L.C.No: 68-56006)

**Tantras: Their Philosophy and Occult Secrets.** D.N. Bose. Oriental Publishing Co, Calcutta-12. 1956. Enlarged, 3rd. Edition.

# ကျမ်းညွှန်းစာအုပ်များ

## (အင်္ဂလိပ်ဘာသာ)


| Abbreviation | Title and Author. |
|---|---|
| AIA | The Art of Indian Asia, Heinrich Zimmer. |
| B.G.C. | Burma, The Golden Country, Horizons. |
| D.B. | Dictionary of Buddhism, Mochisuki Shinkyo. |
| D.B.I.N.Siam | Dated Buddha Images of Northern Siam, A.B. Griswold. |
| DHI | The Development of Hindu Iconography, Jitemdra Nath Banerjee. |
| EHI | Elements of Hindu Iconography, T.A. Gopinatha Rao. |
| F.T.M. | Foundation of Tibetan Mysticism, Lama Anagarika Govinda |
| IBBS | Iconography of Buddhist and Brahmaincal Sculptures in the Decca Museum, Bhattasali. |
| IBI. | The Indian Buddhist Iconography, Benoytosh Bhattacharyya. |
| Icons. B. | Icons in Bronze, D.R. Thapar |
| ITL | Iconography of Tibetan Lamaism, Antoinette K. Gordon. |
| L.Y. | Light on Yoga. B.K.S. Iyenger |
| Lokatheippan | Lokatheippan, Early Burmese Culture in a Pagan Temple, Bohmu Ba Shin |
| Mudrā | Mudrā, A Study of Symbolic Gestures in Japanese Buddhist Sculpture, E. Dale Saunders. |
| O.B.E.P. | Old Burma Early Pagan. Gordon H. Luce. Artibus Asiae. 3 vols N.Y. |
| P.G. Pagan | Pictorial Guide to Pagan. The Director of Archeological Survey, Burma: |
| SIS | Survey of Indian Sculpturse, S.K. Sarasmati. |
| Tibetan. C, | Tibetan Collections Vol. 1. Newark Museum. U.S.A. |
| 37 Nats | The Thirty Seven Nats (A Phase of Spirit worship Prevailing in Burma) R.C. Temple |
| U.B.G. | The Upper Burma Gazetteer Part 1. Vol. 11. |
| Yoga | Yoga, Physical Education for Women. Sat. Sitadevi Yogendra |
| Tantras | Tantras: Their Philosophy and Occult Secrets. D.N. Bose. |

## ကိုးကားသော ကျမ်းညွှန်းစာအုပ်များ (မြန်မာဘာသာ)


ရှေးဦးမြန်မာပန်းချီ – ယဉ်ကျေးမှုဌာန–ရန်ကုန်။

သရေခေတ္တရာသာသနာနှင့် ပြူမင်းအဆက်ဆက် ကိုးကွယ်သော နန်းစဉ်ဘုရားများ – ဦးလူဖေဝင်း၊ ဗမာ့ခေတ်စာပုံနှိပ်တိုက်၊ ရန်ကုန် ၁၉၅၃။

သုတေသန သရုပ်ပြအဘိဓာန် – ဦးသြဘာသာဘိဝံသ–ပညာနန္ဒပုံနှိပ်တိုက်၊ ရန်ကုန် ၁၉၅၅။

ဆွမ်းဦး ပုညရှင်စေတီ သမိုင်း – ရွှေကိုင်းသား၊

ဒီဃနိကာယ—မဟာဝဂ္ဂအဋ္ဌကထာ – ဆဋ္ဌသံဂါယနာတင်မှု၊ ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ ရန်ကုန်–၁၉၆၀။

ဗုဒ္ဓဝံသ ပါဠိတော် – ဗုဒ္ဓပကိဏ္ဏက ကဏ္ဍ၊ ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ ရန်ကုန်–၁၉၅၉။

ပါဠိတော် မြန်မာပြန် ကျမ်းဦးမှတ်ဖွယ်များ – ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၆၀။

ပရိတ်ကြီးပါဠိတော် – (အာဠ္ဍာနာဋိယသုတ်) သုဓမ္မဝတီပုံနှိပ်တိုက်၊ ရန်ကုန်။

သုတေသနပြုစုနည်း အမျိုးမျိုး – စဝ်ထွန်းမှတ်ဝင်း၊ ယောဂီပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၆၈။

ဓမ္မစကြာပျို့တော်ကြီးနှင့် တရားဦး – စဝ်ထွန်းမှတ်ဝင်း (ဝဏ္ဏဓဇ)။ ခေတ္တရာပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၅၂။

တထာဂတဥဒါနဒီပနီကျမ်း – ဒီပဲ့ယင်း ဆရာတော်၊ အသျှင်သဒ္ဓမ္မသီရိ၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၅၈၊ ရန်ကုန်။

မုဒြာများ

## အက္ခရာဝလိအညွှန်း


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အဉ္ဇလိမုဒြာ | ၃၂၊၃၄၊၃၅၊၆၀ |
| အဉ္ဇလိမုဒြာပုံစံကွဲများ | ၁၁၅၊၁၁၆ |
| အချက်အလက်များကို စိစစ်ဝေဖန်၍ အဓိပ္ပါယ်ကောက်ယူခြင်း | ၂၊၁၂၊၁၃ |
| အချက်အလက်များ ရှာဖွေစုဆောင်းခြင်း | ၂၊၇၊၁၀ |
| အခြားမုဒြာအထူးများ | ၈၃ |
| အင်္ဂုကုသတိဏမုဋ္ဌိယော | ၄၄၊၅၅ |
| အတွင်းချုပ် လက်သီးဆုပ် | ၉၀ |
| အတွင်းလက်ဆုပ်နှင့် အပြင်လက်ဆုပ် မုဒြာများ | ၁၁၅ |
| အဒ္ဓစန္ဒြဟတ္ထ | ၃၂၊၃၅၊၃၆ |
| အဓရအဉ္ဇလိ | ၉၂ |
| အနလမုဒြာ | ၈၃ |
| အနုမာန ခန့်မှန်းယူဆချက် | ၂၅၊၆ |
| အနုသာသနပါဠိဟာရိယ | ၆၄ |
| အပိုလိုနေနတ်သား | ၉၄ |
| အပယ်ရတနာလိုဏ်ဂူဘုရား (ဦးမြ) | ၅၃၊၅၄ |
| အပြင်ချုပ်လက်သီးဆုပ် | ၉၀ |
| အဘယမုဒြာ | ၃၂၊၃၆၊၃၇၊၃၈ ၉၅၊၉၆ |
| အဘယမုဒြာမူကွဲပုံစံကွဲ အထူးများ | ၁၀၁၊၁၀၂ ၁၀၃ |
| အဘယလေးမျိုး | ၁၀၂ |
| အဘယခြောက်မျိုး | ၁၀၂ |
| အဘိသေကမုဒြာ | ၁၁၃ |
| အမောဃသိဒ္ဓိ | ၃၇ |
| အရိယာသမင္ဂ (အရည်းကြီးဂိုဏ်း) | ၈၇ |
| အရောင်ဖြပ်များ | ၈၇ |
| အလယ်အလတ်ဆင့် ဘဝသုံးပါးအမိဒ မုဒြာများ | ၁၀၅ |
| အဝလောကိတေသွာ | ၃၄ |
| အန်ဇန်အင်း | ၁၀၇ |
| အန်ဝေးရှေးချူးယင်း (အန်အိရှိုးရှူးအင်း) | ၁၀၃ |
| အုံဂျိုးအင်း | ၁၁၄ |
| အောက်အဆင့် ဘဝသုံးပါး အမိဒ မုဒြာများ | ၁၁၅ |
| အာဒေသနာပါဋိဟာရိယ | ၆၄၊၆၇ |
| အာဓာရ အဉ္ဇလိ | ၉၂ |
| အာလိင်္ဂဟတ္ထ | ၃၂၊၃၈၊၃၉ |
| အာဝုဓ ပရိဘောဂ | ၂၉ |
| အာသနပိဋ္ဌ | ၂၈ |
| ဣဒ္ဓိပါဋိဟာရိယ | ၆၄ |
| ဣန္ဒြ | ၂၀ |
| အီကိုနိုဂရပ်ဖ်စာအုပ်များ | ၁၀ |
| ဥတ္တရဗောဓိမုဒြာ | ၃၂၊၃၉၊၄၀၊၅၉ ၁၀၃၊၁၀၄ |
| ဥတ္တာနာ အဉ္ဇလိ | ၉၂ |
| ဦးဂေါ်ရာ (ဖခင်ကြီး) | ၁၁၊၁၂၊၁၃ |
| ကစ္ဆဝလမ္ဗိတဟတ္ထ | ၃၂၊၄၀၊၄၁၊၄၂ |
| ကဋကဟတ္ထ | ၃၂၊၄၁၊၈၁ |

အကြောင်းအရာ စာမျက်နှာ
ကဋိသဏ္ဍိတဟတ္ထ ၄၀၊၄၂
ကဋိဟတ္ထ ၃၂၊၄၀၊၄၂
ကမလာအဉ္ဇလီ ၉၁
ကမလာဟတ္ထ ၆၃
ကမ္မပစ္စယအဉ္ဇလိ ၉၂
ကမ္မမုဒြာ ၈၉
ကရဏမုဒြာ ၃၂၊၄၂၊၄၃
ကာရဏ္ဍဗျူဟာ ၂၃
ကိချိဂျိုးအင်း ၁၀၄
ကုသတိဏကိရဏမုဒြာ ၄၃
ကုသတိဏဟတ္ထ ၃၂၊၄၃၊၅၅
ကုသမုဒြာ ၃၂၊၄၃၊၅၅
ကုသဟတ္ထ ၃၂၊၄၃၊၅၅
ကေသဗန္ဓ ၂၉
ကေသမဿုပဟာနမုဒြာ ၃၂၊၄၄
ကေသဟတ္ထ ၃၂၊၄၄
ကန်ဂိုးကိုင်(ဝဇီရလောက)မုဒြာ ၈၆
ကိုယ်ရောင်ပျောက်မုဒြာ ၁၁၄
ကြာဖူးလက်သီးဆုပ် ၉၀
ခေပနမုဒြာ ၃၂၊၄၅
ခေါင်းစဉ်နယ်နိမိတ်သတ်မှတ်ခြင်း ၂၊၆၊၇
ချင်းမုဒြာ(စိန္တမုဒြာ) ၃၂၊၄၈၊၁၀၃
ချိုးဟချိဂျင်းအင်း ၁၀၇
ဂဇဟတ္ထ ၃၂၊၄၆၊၅၈
ဂဒါဟတ္ထ ၃၂၊၄၅၊၄၆
ဂန္ဓာရစျာနမုဒြာ ၁၀၈
ဂဗ္ဘဓာတု ၁၀၉
ဂုဏ်ဒြပ်များ ၈၇
ဂေဗာ.ကန်အင်း ၁၁၅
ဂိုးမအင်း ၁၀၇
ဂျိကဲနိုအင်း ၁၀၄

အကြောင်းအရာ စာမျက်နှာ
လျှင်ဒဏ်ခံ ပုဂံညောင်ဦးရှိ ရွှေဟောင်းဘုရား စသည် ၉၊၁၅
ငှက်မြတ်နား ၁၁
စပေဋဒါနမုဒြာ ၃၂၊၃၆၊၄၇၊၄၈
စာအုပ်စာတမ်းများမှ အချက်အလက်စုဆောင်းခြင်း ၁၀၊၁၁
စာမူကို အချောကိုင်တင်ပြခြင်း ၂၊၁၇
စာမူကြမ်းရေးသားခြင်း ၂၊၁၆၊၁၇
စိန္တမုဒြာ ၃၂၊၄၈၊၁၀၃
စိန္တာမုနိ ၄၈
စီဝရ ၂၉
စီဝရဟတ္ထ ၃၂၊၄၉၊၇၀
စေတီပုံမုဒြာ ၁၁၄
စစ်ထွက်ခါနီးအဆောင်အယောင်ခါးလှည့်လက်ဖွဲ့များ ၅၇
ဆန်ကိုင်ဆိုင်ရှိုးအင်း ၁၁၄
ဆူအန်စန်ဆရာတော် ၁၁၀
ဆိုင်ဖူကူရှိုးမအင်း ၁၀၇
ဆန့်စန့်ဆရာတော် ၉၇
ငင်းမူအီဆန်ငိုးဝါဒ ၈၈
ဇိန်းဘာသာ ၁၉၊၂၀
ဈာနမုဒြာ ၃၂၊၅၀၊၅၁၊၇၁၊၁၀၁
ဈာနမုဒြာမူကွဲများ ၁၀၇၊၁၀၈၊၁၀၉
ဉာဏမုဒြာ ၃၂၊၅၀၊၅၁
ဉာဏမုဒြာ မူကွဲပုံစံကွဲများ ၁၁၁
ဌာနကဘင် ၂၈
တဇ္ဇနီပါသဟတ္ထ ၃၂၊၅၄
တဇ္ဇနီမုဒြာ ၃၂၊၅၂၊၅၃၊၅၄၊၈၂
တဇ္ဇနီဟတ္ထ ၃၂၊၅၂၊၅၃၊၅၄၊၈၂
တထာဂတလက်သီးဆုပ် ၉၁
တပ္ပနမုဒြာ ၃၂၊၅၃

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| တိဏကိရဏမုဒြာ(တိဏဟတ္ထ) | ၃၂၊၄၃၊၅၄၊၅၅ |
| တိပတာကဟတ္ထ(တြိ ၊ ငှကဟတ္ထ) | ၃၂၊၅၅၊၅၆ |
| တိလောကဝိဇယမုဒြာ (တြိလောကျ ဝေဇယ) | ၃၂၊၅၆၊၅၇၊၆၇၊၁၀၅ |
| တံလျှပ်မုဒြာ | ၁၁၄ |
| တဲမ်ဗိုးရင်းအင်း(ဓမ္မစက္ကမုဒြာ) | ၅၁၊၉၀ |
| တိုင်ဇိုးကိုင်(ပဋိသန္ဓေလောကမုဒြာ) | ၈၆၊၈၄ |
| တြိဂံအပိတ်ပုံ(ဈာနမုဒြာ) | ၁၀၈၊၁၀၉ |
| တြိဂံအဖွင့်ပုံ(ဈာနမုဒြာ) | ၁၀၈၊၁၀၉ |
| ဒ၊ ္ခဏသ ာခါရုပ်ပွါးတော် | ၁၃ |
| ဒဏ္ဍဟတ္ထ | ၃၃၊၄၆၊၅၈ |
| ဒမရုဟတ္ထ | ၃၃၊၅၇ |
| ဒသဘူမိကသူတြာ | ၅၁ |
| ဒါနမုဒြာ | ၃၃၊၅၇၊၅၈ |
| ဒေါ သ ၂၂မျက်ထွက်ပုံလက်သီးဆုပ် | ၉၁ |
| ဒြပ်မဲ့မုဒြာပုံ | ၈၇၊၈၈ |
| ဒြပ်ရှိမုဒြာပုံ | ၈၇၊၈၈ |
| ဓဇဂ္ဂသုတ် | ၃၇' |
| ဓမ္မကောသျှသမ်ဂြဟကျမ်း | ၂၂ |
| ဓမ္မစက္ကပဝတ္တနမုဒြာ | ၅၁၊၇၉ |
| ဓမ္မစကြမုဒြာ | ၃၃၊၃၉၊၄၀၊၅၁၊၅၉၊၆၀ |
| ဓမ္မစက္ကမုဒြာမူကွဲပုံစံကွဲများ | ၁၁၀ ၁၁၁ |
| ဓရဏီကျမ်း | ၈၆ |
| ဓာရဏီမုဒြာ | ၈၉ |
| ဓောတိ | ၂၉ |
| နစ္စမုတ္တိ | ၂၉ |
| နဋရာဇ | ၃၅ |
| နမက္ကာရမုဒြာ | ၃၃၊၃၄၊၆၀၊၆၁ |
| နမဿကိရမုဒြာ | ၆၁ |
| နာဋျမာလာကျမ်း | ၃၀ |
| နာမသင်္ဂီတိ | ၃၃၊၆၁၊၆၂ |
| နိဒြတဟတ္ထ | ၁၁၊၂၂၊၂၃ |
| နိပ္ပန္နယောဂါဝလိ | ၁၀၅ |
| နိဝအင်း | ၂၇၊၂၈၊၃၀ |
| နီပေါလ်ပြည် | ၁၁၅ |
| နိုင်ဗကုကဲန်အင် | ၈၇ |
| ပစ္စည်းဖြပ်များ | ၂၃ |
| ပဉ္စရက္ခာကျမ်း | ၂၁၊၂၃ |
| ပညာပါရမီတာ | ၁၁၊၁၂ |
| ပညာရှင်ပုဂ္ဂိုလ်များထံ ချဉ်းကပ်လေ့လာခြင်း | ၇ |
| ပဋိမာသိပ္ပံပညာ | ၉၂၊၁၁၅ |
| ပဏာမအဥ္ဇလိ | ၃၃၊၆၂ |
| ပတ္တမုဒြာ | ၆၂ |
| ပတ္တဟတ္ထ | ၆၂ |
| ပဒုမသမ္ဘဝ | ၂၅ |
| ပဒုမာပါဏိ | ၆၃ |
| ပဒုမာဟတ္ထ | ၃၃၊၆၃ |
| ပဓာန ရည်ရွယ်ချက်နှစ်ရပ် | ၁၊၂ |
| ပဘာဝလိ | ၂၉ |
| ပရိက္ခာရ | ၂၉ |
| ပါကဋ လက္ခဏာ သုတေသန | ၁၅ |
| ပါဋိဟာရိယမုဒြာ (ပြာဋိဟာရ်ယမုဒြာ) | ၃၃၊၆၀၊၆၄၊၆၅ |
| ပါရမီခြောက်ပါး | ၅၁ |
| ပါရမီတဆယ့်ငါးပါး | ၅၁ |
| ပါရဝတီ (ပဘာဝတီ) | ၂၀၊၃၀ |
| ပုံသဏ္ဌာန်ဒြပ်များ | ၈၇ |
| ပူဏာအဥ္ဇလိ | ၉၁ |
| ပိုဒ္ဓဝါလ် (ပါမောက္ခ) | ၃၁ |
| ပေါတ္ထကဟတ္ထ | ၃၃၊၆၅ |
| ပျူ ယဉ်ကျေးမှု | ၃၇ |
| ပြဋိ ဝလိ | ၁၀ |
| ပြဿနာရပ်ကို ကြံဆခြင်း | ၂၄၊၅ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပြည်တွင်းသုတေသန ကွင်းဆင်း လေ့လာခြင်း | ၇၊၀၊၉ |
| ပြည်ပဒေသန္တရ ကွင်းဆင်း လေ့လာခြင်း | ၉၊၁၀ |
| ဗုဒ္ဓနာထ ပုထိုးတော် | ၂၅ |
| ဗုဒ္ဓပတ္တမုဒြာ | ၆၂ |
| ဗုဒ္ဓ ၊တ္တာ မုဒြာမူကွဲများ | ၁၁၃ |
| ဗုဒ္ဓသမဏမုဒြာ | ၃၃၊၆၆ |
| ဗုဒ္ဓသျှတ္တိ | ၁၃ |
| ဗောခ်ိခါရယာဝတာရကျမ်း | ၂၃ |
| ဗောဓိရိုး ထိုင်တော်မူပုံ | ၆၂ |
| ဗျာချာနမုဒြာ | ၃၃၊၅၉၊၆၄၊၆၆၊၆၇၊၁၀၃ |
| ဗျာဒိတ်တော်ညွှန်းပုံ | ၅၉ |
| ဘင် | ၂၀ |
| ဘတ္တများ | ၀၃ |
| ဘယ် ဝါ ဆမ္မိတတ္တံ ဝါ လောမဟံသော ဝါ န ဟောဿတိ | ၃၇ |
| ဘူတဒါမရမုဒြာ | ၃၃၊၅၆၊၆၇၊ |
| ဘူဖဿမုဒြာ | ၃၃၊၆၀၊၆၉၊၇၀ |
| ဘူမိဖဿမုဒြာ | ၃၃၊၆၀၊၆၉၊၇၀ |
| ဘူမိဖဿမုဒြာ ပုံစံအမျိုးကွဲများရှစ်မျိုး | ၁၀၆ |
| ဘူမိဖဿမုဒြာပြောင်းပြန်ပုံ (ဒါနမုဒြာ) | ၅၇၊၁၀၇၊ |
| ဘူသန | ၂၉ |
| မစ်ချီးအလယ်လမ်း | ၁၁၂ |
| မဏ္ဍနာ္ဒဝဖလ် | ၂၅ |
| မဏ္ဍိန္ဒြနာထ | ၂၅ |
| မဏ္ဍလ | ၀၆ |
| မန္တရာမာပုဏီမုဒြာ | ၀၉ |
| မန္တရာမုဒြာ | ၀၉ |
| မန္တရားရှစ်ပုဒ် | ၀၃ |
| မရိစိနတ်သမီး | ၁၁၅ |
| မရိစိမုဒြာ | ၁၁၄ |
| မဟာကရုဏာမုဒြာ | ၃၃၊၄၉၊၇၀ |
| မဟာကာဠမုက္ခကော နာထော ဟိတာယ [illegible] | ၇၀ |
| မဟာမုဒြာ | ၀၀ |
| မဟာသိရိမုဒြာ | ၁၁၄ |
| မုချီးဖုရှိအင်း | ၁၁၄ |
| မုဒြာအစ [illegible] | ၉၃ |
| မုဒြာအမျိုးအစားများ | ၁၇ |
| မုဒြာ၏ အနက်သဘောသည့် အနှစ်သာရ | ၃၆ |
| မုဒြာလေးအယောင်းပါး | ၃၁ |
| မုဒြာဝလိကျမ်း | ၃၀ |
| မုဒြာသမိုင်းလမ်းကြောင်း | ၉၃ |
| မုရိမဏ္ဍလသုတ္တြာကျမ်း | ၀၆ |
| မုဒြာဟတ္ထ | ၂၀၊၂၉၊၃၀ |
| မုဒြာဟူသော ဝေါဟာရ | ၂၉၊၀၆ |
| မိုးကြိုးသွား ဝဇီရစိန် လက်သီးဆုပ် | ၀၉ |
| မောလိ-ကေသဗန္ဓ | ၂၉ |
| မြန်မာ | ၆၇ |
| မြန်မာ့ရိုးရာပဋိမာသိပ္ပံ | ၁၉၊၂၆၊၃၁ |
| မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာ အကဲဖြတ် သုတေသနစာတမ်း | ၁၊၆၇ |
| မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာ သမိုင်းအကျဉ်းချုပ် | ၁၉ |
| ယဗ်ယုမ် | ၂၅ |
| ယာန | ၂၉ |
| ယောဂမုဒြာ | ၃၃၊၅၀၊၇၁၊၀၁ |
| ယောဂဟတ္ထ | ၃၃၊၅၀၊၇၁၊၀၁ |
| ရုပ်ပွါးဆင်းတုတော်များဆိုင်ရာ ဝေါဟာရများ | ၂၇ |
| ရိုးရာ | ၇ |
| ရှဉက်ရှရိလောကေသွာရ | ၂၅၊၃၄ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ရှင်အရဟံ (ဓမ္မဒဿီ) | ၃၄ |
| ရွှေသာလျှောင်း | ၈၊၁၄ |
| သလိတခေပမုဒြာ | ၃၃၊၇၂ |
| လလိတာသန | ၇၂ |
| လက်အုပ်ဆယ့်နှစ်မျိုး | ၉၁ |
| သက်တွေ့စမ်းသပ်စစ်ဆေးကြည့်ခြင်း | ၂၁၃ |
| လကျ်ာလက်ခလယ် | ၁၂၀ |
| လကျ်ာလက်ညှိုး | ၁၂၁ |
| လကျ်ာလက်မ | ၁၂၁ |
| လကျ်ာလက်သူကြွယ် | ၁၁၉ |
| သကျ်ာလက်သန်း | ၁၁၉ |
| လက်များ၏ သင်္ကေတ အနက်သဘော | ၁၁၆ |
| လက်ဝါးမှောက်ပုံ | ၉၃ |
| လက်ဝဲလက်ခလယ် | ၁၂၀ |
| လက်ဝဲလက်ညှိုး | ၁၂၀ |
| လက်ဝဲလက်မ | ၁၂၁ |
| လက်ဝဲလက်များနှင့် | |
| လကျ်ာလက်များ | ၁၁၆၊၁၁၇၊၁၁၈ |
| လက်ဝဲလက်သူကြွယ် | ၁၁၉ |
| သက်ဝဲလက်သန်း | ၁၁၈ |
| လက်သီးဆုပ်ခြေ ကျ်မျိုး | ၈၉ |
| လောကသုံးပါးနှင့် လက်နှစ်ဘက် | ၁၁၆ |
| လောလဟတ္ထ | ၃၃ |
| လဋ္ဌကဟတ္ထ | ၃၃၊၆၅ |
| လျှောင်းတော်မူလေးမျိုး | ၁၄၊၁၅ |
| ဝဇီရစိန်လောကဓာတု | ၁၀၉ |
| ဝဇီရဟုက်ရမုဒြာမူကွဲများ | ၁၁၃၊၁၁၄ |
| ဝဇီရာအကုံသမုဒြာ | ၈၄ |
| ဝဇီရာဒီပမုဒြာ | ၈၄ |
| ဝဇီရာဓူမမုဒြာ | ၈၅ |
| ဝဇီရာနေဝေဇ္ဇမုဒြာ | ၈၄ |
| ဝဇီရာပါသမုဒြာ | ၈၄ |
| ဝဇီရာပုပ္ဖမုဒြာ | ၈၄ |
| ဝဇီရာမုဒြာမူကွဲပုံစံကွဲများ | ၁၁၁ |
| ဝဇီရာယာန ဗုဒ္ဓဘာသာဂိုဏ်း | ၂၀၊၂၁၊၂၆ |
| ဝဇီရာသမယမုဒြာ | ၈၅ |
| ဝဇီရာဟုက်ရမုဒြာ | ၃၃ |
| ဝန္ဒနီမုဒြာ | ၃၃၊၃၄၊၆၀ |
| ဝရဒမုဒြာ(ဝရမုဒြာ) | ၃၃၊၃၆၊၅၇၊၆၄၊၆၉၊၁၀၀ |
| ဝရဒမုဒြာမူကွဲပုံစံကွဲများ | ၁၀၀၊၁၀၁ |
| ဝါဟန | ၂၉ |
| ဝိတက္ကမုဒြာ | ၃၃၊၁၀၃ |
| ဝိပရိတအဥ္စလိ | ၉၂ |
| ဝိပရိယတ္တ အဥ္စလိ | ၉၂ |
| ဝိမှယဟတ္ထ | ၃၃ |
| ဝေနာယကိမုဒြာ | ၃၃ |
| ဝေရောစန | ၃၉ |
| ဝင်ဆွန်ဆေးဆရာတော် | ၉၇ |
| ဝန်ဆူအန်စေ့ ဆရာတော် | ၁၁၀ |
| သကျမုနိဒိုင်ဟာချီအင်း | ၁၁၃ |
| သကၢန်းကိုးမျိုး | ၄၉ |
| သဒ္ဓကျွရိလောကေသွာရ | ၂၅၊၃၄ |
| သန္တိဒမုဒြာ | ၃၃၊၃၆ |
| သန္တဿနမုဒြာ | ၃၃၊၁၀၃ |
| သဗ္ဗရာဇိန္ဒြမုဒြာ | ၃၃၊၃၄ |
| သမုတိမုဒြာ | ၈၉ |
| သမ္ဗုဋ္ဌဥ္စလိမုဒြာ | ၃၄၊၉၁ |
| သမ္မယမုဒြာ | ၈၉ |
| သမုတိမုဒြာ | ၈၉ |
| သမာဓိမုဒြာ | ၃၃၊၅၈၊၇၁၊၈၁၊၁၀၇ |
| (သမာဟိတမုဒြာ) | ။ |
| သမိုင်းသုတေသနနည်း | ၁၃၊၁၅ |
| သယန | ၂၈ |
| သရုပ်ပြသုတေသနနည်း | ၁၅ |

# အက္ခရာဝလိအညွှန်း


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| သာဓက | ၂၉၊၇၃ |
| သာဓန | ၇၃ |
| သာဓနမာလာ | ၂၁၊၂၂၊၃၀ |
| သာဓနသမုစ္စယကျမ်း | ၂၁ |
| သီရိစက္က | ၂၉ |
| သီဟကဏ္ဏမုဒြာ | ၃၃၊၄၁၊၇၁ |
| သုတေသနနည်းနာ နိဿယများ | |
| လုပ်ထုံးလုပ်နည်းများ | ၂၊၁၅၊၁၆ |
| သုတေသန နည်းနာနိဿယဗေဒ | ၁ |
| သုတေသနပြုရန် လိုအပ်နေပြီဟု | |
| ထင်မြင်ယူဆခြင်း | ၂၊၃ |
| သုတေသနလုပ်ငန်းအစီအစဉ်များ | ၂၊၃၊၄၊၅ |
| သူစိမုဒြာ | ၃၃၊၇၂ |
| သူစိဟတ္ထ | ၃၃၊၇၂ |
| သူရဿတိ | ၂၀ |
| ဟတ္ထ | ၂၇၊၂၉၊၃၀ |
| ဟတ္ထယောဂဆိုင်ရာ အာသနများ | ၁၁ |
| ဟ၁ အင်း | ၁၀၇ |
| ဟိန္ဒူဗြာဟ္မဏဘာသာ | ၁၉ |
| ဟိန္ဒူဘာသာ | ၅၊၂၀ |